www.burmeseclassic.com

ရွှေသမင်စာပေ

# လရောင်ကျေးရှင်

## ရင်ခုန်သံများရဲ့အမိန့်



BURMESE CLASSIC

Modern Digital Art : Wai Yan (200

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၃၈၃၀၃၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၄၇၉၀၄၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ ဇွန်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/-

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ-၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြဲ-၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


ရွှေသမင်စာပေ

မှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်
# ရင်ခုန်သံများရဲ့အမိန့်


ရွှေသမင်စာပေ

အမှတ် (၃၇/၃၉)၊ ၄၄–လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း– ၂၉၆၁၁၀


www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀



## အခန်း (၁)

ကားထဲမှာ အကျအန ထိုင်လိုက်ပြီးကာမှ ပြေးလွှားရောက်လာကြသည့် ရောင်စုံအရိပ်တွေကို မြင်လိုက်ရသဖြင့် စိတ်ပျက်သွားမိ၏။

လူတွေအများကြီးနှင့် စုပြုံတိုးကြိတ်မစီးချင်လို့ လိုင်းကားတိုးစီးဖို့ အတန်တန်ဖြစ်ခဲ့သည့် စိတ်ကူးတွေကို မနည်းရိုက်ချိုးခဲ့ရသည်။

တစ်ရာ၊ တစ်ရာ့ငါးဆယ်လောက်နှင့် ရောက်မည့်ခရီးကို ငွေငါးထောင်တိတိပေးဖို့ ဆုံးဖြတ်လိုက်မိတာ နောင်တမရဖို့ ကိုယ့်ကိုယ်ကို ဆုံးမနေရဆဲဖြစ်သည်။

အရေးထဲမှာ အလိုက်ကမ်းဆိုးမသိသည့် ကားဆရာက နောက်လှည့်လာပြီး ...

"ညီလေး ကျောက်မြောင်းဆိုတော့ လမ်းအတူတူလေ၊ ဝါညီကားခသက်သာအောင် သူတို့နဲ့ မျှစီးလိုက်ပါလား"

"ဟာဗျာ ..."

သူ့မျက်လွှာပင့်ကြည့်လိုက်တော့ ဖျတ်ခနဲ ငုံ့ကြည့်သွားသည့် မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာလေးတစ်ခုနှင့် ဆုံမိလိုက်သည်။ မှတ်မိလွယ်စေသော ငါးမူးစေ့သာသာလောက်ရှိသည့် အပြာရောင်နားကွင်းဝိုင်းကြီးနှင့် နှုတ်ခမ်းမှာ ခရမ်းပြာရောင်ဆိုးထားသည့်မိန်းကလေး . . .

"မှူစီးဖို့မလိုဘူး။ ဒီမှာ ကျောက်မြောင်းတိ ရှင် အလကား လိုက်စီးလို့ရတယ်"

ကြည့်စမ်း ...

သူ့မျက်နှာ မည်းခနဲဖြစ်သွားသည်။ ငွေနှင့်လူ ဘာက အဓိကလဲ။ ကိုယ့်ဟာကိုယ် သေချာရွေးချယ်ပြီးမှ ငွေကုန်ခံလိုက်ဖို့ ဆုံးဖြတ်ခဲ့တာ။

"မဖြစ်ဘူး ကားဆရာ၊ ကျွန်တော် တစ်ယောက်တည်းစီးချင်လို့ ငှားထားတာ၊ ငါးထောင်ဖြစ်ဖြစ်၊ ခြောက်ထောင်ဖြစ်ဖြစ် မောင်းတော့"

"အံမာ"

"အေးလေ ပေါက်ကျိုးကြီးဖြစ်ပြီးတော့ ..."

"ဘောက် ..."

မေတ္တာသံတွေ စုပြုံထွက်လာကြ၏။

သူ လက်ပိုက်ထားရင်း မကြားသလိုနေလိုက်၏။

"ညီမတို့ ဟိုဘက်နားက သွားစောင့်လိုက်ပါ။ အဲဒီမှာ ကားတွေပေါ်တယ်"

ကားဆရာက မေတ္တာဖြင့် လမ်းညွှန်နေပါသေးသည်။ ကားထွက်လာတော့ တစ်ယောက်က သူ့ဘေးကမှန်ကို လက်ဝါးဖြင့်ပုတ်သည်။

တစ်ယောက်က လွယ်ထားသည့်ကြိုးသိုင်းအိတ်ကို ပြန်မကာ ပေါင်နှင့် ဗုန်းခနဲမြည်အောင်ရိုက်ပစ်၏။

သူပြုံးလိုက်သည်။ သူက ယောကျ်ားလေးမို့ မိန်းကလေးတွေကို ဦးစားပေးသင့်တာမှန်ပေမယ့် မိန်းကလေးတွေပါလားဆိုပြီး ငဲ့ညှာစာနာချင်စရာ ရှိလို့လား။





လိုက်ခဲ့ပါဆိုပြီး ကိုယ်က ခေါင်းညိတ်လိုက်ပြန်လျှင် ကတ်ဖဲ့ထွက်ချက်ပြီး ကားအတွက် ရေသာခိုတဲ့ကောင် အချောင်ဖြစ်ရဦးမည်။

ကိုယ့်မှာ ထွက်ချက်သုံးစွဲနေရတာက ငွေကို နမြောလွန်းလို့မဟုတ်။ ကိုယ့်အတိုင်းအတာနဲ့ကိုယ်သုံးလို့မဖြစ်လို့ ဒုက္ခတာနေရတာ ဖြစ်သည်။

အဝေးပြေးကားစီးတာတောင်မှ ဆိုဖာနှင့် လေအေးစက်နှင့် မှန်လုံကားကိုမစီးဘဲ ထိုင်ခုံကြမ်းနဲ့ကားကိုပဲ စီးခဲ့ရသည်။

ထိုင်ခုံ ကြမ်းကြမ်း နုနု ဒါက ပြဿနာ သိပ်မရှိသေးပေ။ ရန်ကုန်မှာ လိုင်းကားတိုးစီးဖို့က သူ့အတွက် ဘယ်လိုမှမဖြစ်နိုင်။ ထို့ကြောင့် တက္ကစီငှားခဲ့ရသည်။

အတတ်နိုင်ဆုံး သီးသန့်ဆန်ချင်ခဲ့သည့် ကိုယ့်အကျင့်ကြောင့် ကားဆရာဘေးမှာတောင်မထိုင်ဘဲ နောက်မှာထိုင်လိုက်သေးသည်။

ဒီမိန်းကလေးလေးယောက် ဝင်လာရင် ဘယ်လိုထိုင်မလဲ။ သူတွေးနေတုန်း ကားဆရာက နောက်ကြည့်မှန်ထဲကနေ သူ့ကို လှမ်းပြုံးပြကာ . . .

"ဟိုကောင်မလေးတွေ ကားရဖို့ မလွယ်ဘူးကွ။ မနေ့က မီးပျက်တော့ ဒီနေ့ ကားတွေ တော်တော်များများ ဆီဆိုင်မှာ တန်းစီနေကြတာ။ လာတဲ့ကားတွေကျတော့ နှစ်ယောက်၊ သုံးယောက်တွေတင်ပြီးသားဖြစ်နေတော့ သူတို့လေးယောက်ကြီး ဘယ်တတ်ရမလဲ"

ကောင်မလေးတွေကို သနားနေတာလား။ ဒါမှမဟုတ် သူ့ကိုပဲ ဖြစ်တင်ကဲ့ရဲ့နေသည်လား ဘာမှန်းမသိပါ။

သူက ခပ်သဲ့သဲ့ပြုံးပြီး လမ်းပေါ်ကို ငေးနေလိုက်ကာ ...

"မတတ်နိုင်ဘူးဗျာ၊ ကားပေါ်မှာ နေရာတွေ လွတ်နေပေမယ့် ကျွန်တော့်အတွက်က ကျဉ်းတောင်ကျဉ်းနေသေးတယ်"

"ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာက ဘာကိုရယ်လိုက်မှန်းမသိ၊ ပြီးတော့မှ ရှေ့ကိုကြည့် မောင်းနေရင်း ...

"အေးလေ ကားဟားပြီ ဆိုကတည်းက လွတ်လွတ်လပ်လပ်စီးချင်လို့ ငှားကြတာပဲ၊ ညီလေးလဲမှန်ပါတယ်"

ဆိုတော့ သူတို့လည်းမှန်တယ်လို့ ပြောလိုက်ခြင်းလား ...

ဘာပဲဖြစ်ဖြစ် သူ လိုက်ခွင့်မပြုနိုင်တာ လူမှုရေးရှုထောင့်အရ မဖွယ်ရာသလို ရှိပေမယ့် အပြောမတတ်တော့ ဆဲသလိုပဲတဲ့။

ဟိုကောင်မလေး ပြောချလိုက်တာ သင်း မကြားလို့လား။

"အစ်ကိုတို့ကတော့ လူနည်းနည်းများများ ငွေပိုရတာမှမဟုတ်တာ၊ အကြောင်းမဟုတ်ပါဘူး"

အမိပွာယ်သည် မိန်းကလေးတွေကို စာနာစိတ်နှင့် ပြောပေးတာဆိုသည့်သဘော။

"ဟ"

ပြေးနေသည့်ကားက တစ်ချက်နှစ်ချက်တုံ့၍ ထိုးရပ်သွား၏။ သူ့ခေါင်းထဲဝင်နေသော စိတ်ကူးတွေ၊ အတွေးတွေလည်း ပြတ်တောက်သွားလေသည်။

"ဘာဖြစ်လို့လဲ"

"အေးကွ ခဏလေး အစ်ကို ဆင်းကြည့်လိုက်ဦးမယ်"

ကားဆရာက ရှေ့ကိုဆင်းသွားပြီး စက်ဖုံးဖွင့်နေသည်။ သူ ကားပေါ်ကနေ ရှေ့နောက် လှည့်ကြည့်လိုက်တော့ လိုင်းကားရပ်သည့်နေရာလည်းမဟုတ်၊ တက္ကစီတားလို့ရမည့်ပုံလည်း မပေါ်။

လမ်းဘေးနှစ်ဖက်မှာ စိုက်ပျိုးခြံကြီးတွေနှင့် လူနေအိမ်ခြေလည်း အဆက်ဝေး၏။ ကားတွေကော လူသွားလူလာကော ဘာမှလည်းမရှိပေ။ ဒီကားသာ အချိုးကြီးပျက်တာဆိုရင် သွားပြီ။





သူ့ သက်ပြင်းမချအားသေးမီ နောက်က တက္ကစီတစ်စီး လာနေတာကို မြင်လိုက်ရ၏။ ဘာရယ်မဟုတ်ဘဲ သူ ကားထဲကနေ လှည့်မငဲ့ လိမ်ကြည့်နေမိစဉ် ...

"ဟိုမှာ ပိုလှ ..."

ကားက အနားကနေ ကပ်ဖြတ်တက်သွားသည်။ ကားပေါ်မှာ မိန်းကလေးအုပ်စုတစ်စု မုပ္ပြုတွန်းထိုးသံလေးတွေ ထွက်သွားသည်။

ထို့ပြင် ကားသည် တော်တော်ရောက်သွားမှ ရပ်တန့်သွားကာ နောက်ကို ခပ်ဖြည်းဖြည်း ပြန်ဆုတ်လာ၏။

ကားနှစ်စီး ဘေးချင်းယှဉ်လိုက်ပြီး ရပ်၏။ သူ့လိုပဲ ဒီဘက်အခန်းမှာ ထိုင်နေသည့် နားကွင်းတိုင်းအပြာရောင်နှင့် မျက်နှာလေးက ခရမ်းပြာရောင်ဆိုးထားသည့်နှုတ်ခမ်းသားတို့ကို အကျည်းတန်သွားအောင် မဲ့ရွဲ့ပစ်ကာ ...

"စေတနာဆိုတာ အကျိုးပေးတယ်ဆိုတာ နားလည်သွားပြီလား။ ဟွန်း လူပုံက တိုက်ပုံနဲ့ ဘိုကေပြောင်ပြောင်နဲ့၊ စိတ်ဓာတ်က..."

"အို -မပြောပါနဲ့ ကူးရယ် သနားပါတယ်။ ဒီမှာ ဒီမှာ ကားပြင်ရင်း ထမင်းငတ်နေဦးမယ်၊ လိုက်ခဲ့မလား ပို့ပေးမယ်"

"ဟဲ့ ဘယ်ကို ပို့ပေးမှာလဲ"

"ရေဝေးကို"

"နင်တို့နော် ဟိုမှာ မျက်နှာကြီးနီနေပြီ၊ တော်ကြာ ဒေါသတွေဖောင်းပွဖြစ်ပြီး ကတ္တရာလမ်းပေါ် ဒိုင်ဗင်ထိုးချသွားဦးမယ်၊ ခစ် ခစ်"

"မသနားပါဘူး"

"ဟား ဟား ဟား"

ဟိုဘက်က ကားဆရာကြီးကလည်း ဖြုံးဖြုံးကြီးနှင့်မည်တော် ယွန်း၍ ထွက်သွား၏။ ရယ်သံတွေက နောက်မှာ လွင့်ပျံကျန် ခဲ့သည်။

www.burmeseclassic.com



လူသားသာအရ ချေးချင်းကိုက်တောင် ကိုယ့်ခွေးနိုင်မှ ကြိုက် တတ်သည်ဆို စက်ပြင်နေသည့် ကားဆရာက မှုန်ကုပ်ကုပ်လိုက် ကြည့်ကာ ...

"တော်တော်မရက်ကျတဲ့ဟာလေးတွေ၊ တောက် ..."

ဒေါသဖြင့် တကယ်ထွက်နေသည်။ ကားပြင်နေရတာကိုလား၊ ကောင်မလေးတွေ ပြောဆိုသွားတာကိုလား၊ ဘာမှန်းတော့ မသိပါ။

သူ့ ကိုက်ပုံအကျိုးကျတ်၍ ကားပေါ်က ဆင်းလိုက်သည်။

"ဟင် ..."

မျက်နှာ ပြန်ငုံ့မကို ပြင်နေသည့် ကားဆရာ မျက်ခုံ ပြန်မော့လာ၏။ ရုပ်အကျီအဖြူ လက်ရှည်နှင့် ချည်ခိမ်းရောင် ချည်ချောပုဆိုး ဝတ်ထားသည့် သူ့ကိုကြည့်ရင်း ...

"မိန်းကလေးတွေ ဂရုတ်သုဘ်ခ ပြောသွားတာနဲ့ ဘာဖြစ်လို့ ကိုက်ပုံနှုတ်ပစ်လိုက်တာလဲ ညီလေးရေ ဖုံညီရဲ့ ညမိရုပ်က ကိုက်ပုံနဲ့ အရမ်းစမတ်ကျတာ"

စိတ်ညစ်သည့်ကြားထဲမှ သူ ပြုံးလိုက်ပါသည်။ စမတ်ကျတယ် ဆိုတာကို သဘောကျလို့မဟုတ်ပေ၊ ကောင်မလေးတွေကြောင့် အကျႌ ချွတ်သည်တင်တာကို ပြုံးမိခြင်းဖြစ်၏။

ရုပ်အကျႌကို ဘယ်တော့မဆို လည်ပင်း၊ လက်ဖျား ကြယ်သီးအစုံ တပ်ဝတ်တတ်သည့် အကျင့်ကြောင့် ညာဘက်လက်ကောက်ဝတ်က ကြယ်သီးကို ဖြုတ်နေရင်း ...

"အစ်ကို ခဏဖယ် ကျွန်တော် ကြည့်မယ်"

"ဟင် ..."

ထိုအခါကျမှ ကားဆရာက သဘောပေါက်သွားကာ . . .

"ဖုံညီက ကားပြင်တတ်သလား၊ စောစောက ဆင်းလာ ရောပေါ့





ကွား လေပါ ကြည့်ပေးစမ်းပါ"

မျက်ကြသလဲ နေရာမှုယ်ပေးခါ။

ပြော် ။ သိတ..တွေကော ဘယ်ကာတွေတော အားလုံးကို မေ့ ပေးလိုက်ချင်တာ ရှိပါလား ...

တကယ်ဆို သူဟာ ...

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

"ဟင် ... ဘာ ...ဟား ဟား ...အိုးခေ ..."

ဖုန်းကိုင်ရင်း ခွေ့ခနဲ ထခုန်ပစ်လိုက်တာ ဆိုဖာပေါ် ရောက်၏။

"ဝေးဟေး ... ဘာရမလဲ ငါကွ ..."

ဆိုဖာပေါ်မှာ နှစ်ခွေ့၊ သုံးခွေ့ ခုန်ပေါက်ရင်း လက်သီးလက်မောင်းတန်း၍ အော်လိုက်သေးသည်။ ပြီးတော့ ကြမ်းပေါ်ကို ခုန်ချပစ်လိုက်လျှင် ...

"အမယ်လေး ကျိုးပဲ့ကုန်တော့မှာပဲ ကူးရယ်၊ ဘာဖြစ်လို့ ဒီလောက် ခုန်ပေါက်နေရတာလဲ၊ တကတည်း ဖားပျံလေးကျနေတာပဲ"

"ကြီးကြီးစု"

မိန်းမဖြစ်ပြီး နဖူးပြောင်ပြောင်ကြီးနှင့် လူကဝဝ၊ အရုပ်မြင့်မြင့်ရှိသော ကြီးကြီးစုက ကူးအတွက် ခွယ်တာလေး တိုးပြီးလာတာကို ပြမလို့ ဝင်လာတာဖြစ်သည်။

ကူးက အနားပြေးသွားကာ ပြည့်တွဲ့သော ပါးပြင်ကြီး တစ်ဖက်ကို ရှုတ်ခနဲနမ်းပစ်လိုက်၏။

"ဒီနေ့ ဆရာ မလာဘူးတဲ့ ကြီးကြီးစုရဲ့၊ ပျော်စရာ မကောင်း





ဘူးလား ဟား ဟား၊ သူ့ မိန်းမ ဆေးရုံတင်လိုက်ရလို့ဆိုတော့ အနည်းဆုံး ဆယ့်ငါးရက်၊ ကြာရင် တစ်လ ...ဝှး ..."

ပြောနေရင်း ဒေါ်စုမိကို ပခုံးဖက်၍ ခြေဖျားထောက်ခုန် နေသည်။

"ဩော် . . .ငါ့နှယ် သူများတကာ မကျန်းမမာဖြစ်နေတာကို သူက ဝမ်းသာနေတယ်၊ ဝဋ်လိုက်တော့မှာပဲ"

"သူများ မကျန်းမမာတာက ကိုယ်နဲ့မဆိုင်တဲ့ ကြီးကြီးစုရယ်၊ ကူးနဲ့ဆိုင်တာက စာသင်နေရတဲ့အချိန်တွေ တတ်နိုင်သမျှ နည်းသွားဖို့ပဲ၊ ဟား ဟား ပွတာပဲ၊ အိမ်မှာ အင်တာနက်ချိတ်ပေးပါ ဆိုတာ မလိုက်လျောချင်တဲ့ ဖေဖေ ကူးအပီအပြင် ကဲပြမယ် ကြည့် ..."

"ဟဲ့ ဟဲ့"

ပြေးထွက်သွားဖို့ ပြင်နေသည့် ကူးလက်ကို ဒေါ်စုမိ အမိအရ လိုက်ဆွဲထားကာ ...

"နေစမ်းပါဦး၊ ဒီမှာ ခွယ်တာလေး အဆင်ပြေရဲ့လား ဝတ်ကြည့်စမ်းပါဦး"

ခွယ်တာ အဝါရောင်လေးဆီ ကူးမျက်လုံးရောက်ခနဲတစ်ချက်ရောက်၏။ ပြီးတော့ ဒေါ်စုမိဆွဲထားသည့်လက်ကို ချော့မော့သည့် အပြုံးလေးနှင့် ဖြေချပစ်ခဲ့ပြီး ...

"ညကျတော့ ဝတ်ကြည့်မယ် ကြီးကြီးစုရယ်၊ အခု ဆရာ မလာနိုင်တာ ဖေဖေ မသိသေးဘူး၊ ဖေဖေ ပြန်မလာခင် လိမ့်ရမှာ၊ ကလေးက လိမ္မာတယ်"

ပါးကိုလည်း ဆွဲပစ်ခဲ့သေးသည်။ ဒေါ်စုမိ ပြုံးရတော့မလိုလို သက်ပြင်းချလိုက်ရမလို ကျန်ခဲ့သော ခွယ်တာလေးကိုပြန်၍ ကြည့်မိ၏။

တကယ့်အရင်းအချာဆိုလျှင် ဒီအိမ်မှာ ဦးသိန်းထိပ်နှင့် သူ့ရယ်၊ ကူးရယ် ဒါပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းထိပ်က ဒေါ်စုမိ၏ မောင်ဝမ်းကွဲတော်တာ ဖြစ်ပေမယ့် အိမ်ထောင်သစ်ထူလိုက်တာကြောင့် မိသားစုဝင် ဖြစ်လာရသည့် ပပလွှင်ကတော့ သွေးသားမတော်ခဲ့ပေ။

ဦးသိန်းထိပ်နှင့် ပပလွှင် လက်ထပ်ခဲ့တာလည်း သိပ်မကြာသေးပါ။

ဟိုအစကတော့ ကူးကို မိတဆိုးလေးမို့ အလိုလိုက်ခဲ့ ကြသည်။ မိထွေးနှင့်နေရတော့လည်း ကရုဏာတွေပိုကာ သာ၍အလိုလိုက်ခဲ့ကြ၏။

ထို့ကြောင့် ကူး တကယ်ဆိုးပါသည်။ ယခင်ကတည်းက တောက်လျှောက်မှာ စာအလွန်တော်ခဲ့ပြီး တက္ကသိုလ်ရောက်တော့မှ စာမေးပွဲကျ၏။

ဟိုတုန်းကဆို 'ဟိုမှာ မောင်သိန်းတော်ပြီ' လို့ ပြောလိုက်တာနှင့် ချက်ချင်းလိုပဲ မျက်နှာပိုးသပ်သွားရတာတွေ ရှိခဲ့သေးသည်။

နောက်အိမ်ထောင်ပြုပြီးကာမှ ပြောလို့ဆိုလို့ မကောင်းချင်တော့ပေ။

"ကြီးလာလို့ ဖေဖေက ကူးကို မချစ်တော့ဘူး။ အဖေ တွေဆိုတာ နောက်သင့်မိန်းမမျက်နှာမြင်လိုက်တာနဲ့ အားလုံး အကုန်ပြောင်းလဲ သွားတာပဲတဲ့။ ဒီစကားတွေ ကူး သူငယ်ချင်းတွေဆီက ကူး အမြဲကြား နေရတာပါ။ အဲဒီတုန်းကတော့ ကူးတို့ဖေဖေက ကူးအတွက် သူရဲ ကောင်းပါ။ သူတို့အဖေတွေ လို နောက်အိမ်ထောင်ပြု မပြုခဲ့ဘူး။ အခုကျ တော့ သူကို ကူးက ဘာတွေတွေ ဖြစ်သွားပြီ တွေ့ဖူးကြုံဖူးတဲ့သူတွေ ပြောကြတာကို လက်ခံရမှာပဲ။ မှန်လဲမှန်နေတာပဲ ကြည့်ပါလား။ သူ မိန်းမကို ကူးထက်ချစ်တယ်။ ကူးထက် အရေးပေးတယ်"

လူကြီးစကား နားထောင်ရတယ်လို့ ဆုံးမလိုက်တိုင်း ဟိုတုန်းက နားထောင်ခဲ့ရသေးသည်၊ အခု မရတော့ပေ။

"ဖေဖေကျတော့ ....."





ဟု အစချီပြီး ဖအေဖြစ်တဲ့သူကို ထောက်ပြတာတွေ၊ ဝေဖန်တာ တွေနှင့် ဆုံးဖို့အကြောင်းတွေ ပိုများလာ၏။ တော်တော်လည်း ခက်ပါ သေးသည်။

ဒေါ်စုမိ ဆွယ်တာလေးကို ရင်ခွင်ထဲမှာ လုံးထွေးပိုက်ကာ အိမ်ထဲ လှည့်ဝင်လိုက်လျှင် အပေါ်ထပ်လှေကားမှ လက်ကိုင် ဖုန်းကိုင်ရင်း ဆင်းလာသည့် ပပလွှင်နှင့် မျက်နှာချင်းဆိုင် လိုက်မိ၏။

"မမစု ကူး၊ ဘယ်သွားတာလဲ"

"ဟင် ...ကူးလား ..."

ဖုန်းကို နောက်ထပ် လှမ်းကြည့်ဖြစ်ကာ ဒေါ်စုမိ ထိတ်ခနဲ ဖြစ် သွား၏။ ဦးသိန်းထိပ်ဆီက ဖုန်းလာနေပါပြီ။ 'မမစုကိုက ဒီကလေးကို အလိုလိုက်လွန်းတာ' ဟု အမြဲတမ်း အပြောခံနေရလျှက်နှင့် သူမကိုယ် တိုင် ဒီလိုပဲ အမြဲဖြစ်တတ်ခဲ့တာ ဘယ်သူ့အပြစ်လဲ။

မေးလိုက်တိုင်း 'အေး ငါ့ကိုပြောသွားတယ်၊ ဘယ်သွားတယ် ဘာညာ' သူမ ဘာမှမပြောနိုင်ခဲ့ပေ။

မေးချိန်မရှိလောက်အောင် ကူးခြေထောက်တွေက လှစ်လှစ်ပါနေ သည်။ မေးလည်း ပြောချင်မှပြောတတ်သော ကူးကို မမစုက မေးတာ မျိုး သူမ ဘယ်တုန်းက လုပ်ခဲ့ဖူးသလဲ။

ထို့ကြောင့် ဦးသိန်းထိပ် ခဏခဏ ပြောဖူးသည်။

"မမစု အဲဒီလောက် အလိုမလိုက်ပါနဲ့၊ ကလေးဆိုတာ ကြောက် ရွံ့တာ မရှိသွားမှာရယ် ကြည့်ရင် အရိုအသေ တန်လာလိမ့်မယ် စော်ကား တက်လာမယ်" တဲ့။

ဟုတ်သလား။ မဟုတ်ဘူးလားတော့ မသိပါ။ ကိုယ့်ရင်ထဲမှာ ဒီ ကလေးလေးကို မျက်နှာညှိုးသွားမှာစိုး မဆူရက်၊ မငေါက်ရက်ခဲ့တာ အနှံ့ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘတိုင်းဟာ သားသမီးအပေါ်မှာ အချိုးတူ ညီမျှခြင်း တွေနှင့် ချစ်ခဲ့ကြတာမှမဟုတ်ဘဲ။

တစ်စုံတစ်ရာသောအဖြေအတွက် ဆွံ့အရင်း မျက်နှာပျက်သွားသည့် ဒေါ်စုမိကို မှုန်ကုတ်ကြည့်၍ ပပလွင်က လှေကားရင်းကို ရောက်လာသည်။

"သူ့အဖေ မေးနေတယ်၊ အောက်မှ မမစုနဲ့ အတူရှိနေတာပဲ မသိဘူးလား"

ထပ်မေးတော့ ဒေါ်စုမိ ခေါင်းညိတ်လိုက်ကာ ...

"စောစောက ရှိပါတယ်၊ သူ့ဆရာ မလာဘူးလို့ ဖုန်းဆက်တာနဲ့ သူငယ်ချင်းအိမ်သွားမယ်ဆိုပြီး ထွက်သွားတာ"

"သူငယ်ချင်းအိမ်သွားတာ စကိတ်စီးသွားတာလား"

"ဟင် ..."

ပပလွင်က အပေါ်ထပ်ကနေ မြင်လိုက်ပြီးဖြစ်သည်။ ခြံထဲမှာ တစ်ပတ်ပတ်နေတုန်းက ကိုယ့်ခြံထဲမှာပဲ စီးမည်မှတ်လို့ ကြည့်နေခဲ့၏။

ကြည့်နေရင်း ခြံပြင်ကို လျှောထွက်သွားလိုက်တာ လေဟုန်စီးသွားသလိုပင်။ အဲဒီတစ်ယောက်ဟာ မသိတာလည်းမရှိ၊ မကြောက်တာလည်း ဘာမှမရှိ၊ အပေါင်းအသင်းတွေ ပုံးသလောက် နေတတ်တာက ပေါ့တန်သည်။

သူမ ဒီခြံထဲကို ဝင်လာကတည်းက ဒီလိုပဲ စကိတ်စီးလျက် တွေ့ခဲ့တာဖြစ်၏။ လက်ထပ်ပြီး လိုက်လာခဲ့သည့်နေ့က ဖြစ်သည်။

ကားပေါ်ဆင်းတယ်ဆိုဦးသိန်းထိပ်က သူကလက်ကို ဆွဲ၍ တွဲခေါ်သည်။ စကိတ်စီးလျက် ဘွားခနဲပေါ်လာသည့်ကူးသည် အရှိန်လွန်သလိုလို၊ တမင်တကာလိုလိုနှင့် တွဲထားသည့် လက်နှစ်ဖက်ကြားထဲ ရိပ်ခနဲ ဖြတ်ဝင်ပစ်၏။





"ဟာ သမီး ..."

"ဆောရီး ဖေဖေ"

ကူးက အရှိန်နှင့်ဝင်လာတာကို ဦးသိန်းထိပ်က စိုးရိမ်တကြီး ဆွဲထားလိုက်တော့ သားအဖနှစ်ယောက် ပွေ့ဖက်မိသွားသည်။

ဖအေကလည်း သူ့သမီး အနာတရမဖြစ်အောင် တားဆီးလိုက်နိုင်သည်ဆိုသော ပီတိဖြင့် ပြုံးပြုံးကြီး ဖက်ထား၏။

သမီးကလည်း ဖအေကိုဖက်၍ နှစ်ပတ်သုံးပတ်လည်ရင်း ဟက်ဟက်ပက်ပက် ရယ်မောနေခဲ့သည်။

ပပလွင်၏ ပထမခြေလှမ်းဟာ အိမ်ပေါ်မတက်ရသေးခင် ပေါ်တီကိုအောက်မှာကတည်းက အေးစက်စွာ ကျရှုံးခဲ့ရလေသည်။

ထိုနေ့ကို သူမ ဘယ်တော့မှ မမေ့နိုင်သလို ကူး စကိတ်စီးတိုင်း မုန်းတီးစွာ ကြည့်ဖြစ်ခဲ့သောအကြောင်းရင်းကလည်း ဒါကြောင့်ပဲဖြစ်သည်။

ဘယ်အချိန် ထကြည့်ကြည့် ကူး စကိတ်စီးကျွမ်းတာကို သိလာ၏။

ထိုအခါ ထိုနေ့က တမင်တကာလုပ်ခဲ့တာကလည်း ကွင်းကွင်းကွက်ကွက်ကြီး ပေါ်လာနေခဲ့သည်။

ဦးသိန်းထိပ်နှင့်သူမ အသက်ချင်း ဆယ်နှစ်နီးပါးကွာသည်။ သူမအပေါ်မှာ အလိုလည်းလိုက်၏။ ဒါပေမယ့် လက်မထပ်မီက တည်းက 'သမီးလေးကိုတော့ သည်းခံမှဖြစ်မယ်' ဟု စကားခံ ထားခဲ့တာကြောင့် နေရာတကာ ဝင်မပြောမိအောင် ချုပ်ထိန်းနေခဲ့ရ၏။

မိတွေးပီသတယ်ပဲပြောပြော၊ ဘာပဲပြောပြော ကူးကို သူမ ကြည့်လို့မရ။ ဒေါ်စုမိကလည်း ရိပ်မိနေသူပါ။ သူမအပေါ်မှာ ဦးသိန်းထိပ်၏ ဇနီးအဖြစ် အရာထား ဆက်ဆံနေပေမယ့် ဂရုစိုက်ခဲ့တာတွေ အများကြီး။



www.burmeseclassic.com

www.burmeseclassic.com



ပပလွင်က ဒေါ်စုမိ မျက်နှာလွှဲနေတာကို စိုက်ကြည့်ပြီး ခပ်ထေ့ထေ့ပြုံး၏။

"လွင်ကတော့ မြင်တဲ့အတိုင်း ပြောလိုက်မှာပဲ"

"ပြောလိုက်ပေါ့ လွင်၊ ဆရာမလာဘူးဆိုပြီး လည်မိုးပတ်ဖို့ ထွက်သွားတာ သူ့စိတ်ကူးသက်သက်လို ဖြစ်သွားမှာပေါ့။ ကိုလဲလိုက်မကြည့်လိုက်မိတော့ မသိဘူး"

"လွင်ကလဲ လိုက်ကြည့်နေတာ မဟုတ်ပါဘူး"

ပပလွင်က ပက်ခနဲ ဝင်ထောက်သည်။

"မျက်စိအောက်ကို ဝင်လာလို့ ကြည့်မိတာ။ တိုက်တိုက်ဆိုင်ဆိုင် မှန်ဝင်လာတော့ ဝေ့ဆိုနိုးတွက်သွားတယ်လို့ ပြောလိုက်မလို့ပဲ၊ ဟိုနား ဒီနားသွားတာဖြစ်နေရင် ဟုတ်တယ်၊ ထောင်တယ် ဖြစ်မှာစိုးလို့"

"ဖြစ်ချေလာကွယ်၊ မြင်တာကို မြင်တဲ့အတိုင်းပြောတာ ဘာဖြစ်လဲ၊ သူ့အဖေအတွက်က ဒါမျိုးတွေ ရိုးနေပါပြီ"

ဆက်ချင်လည်းဆက်ပေါ့ ဒေါ်စုမိ လှည့်ထွက်လာခဲ့သည်။

ပပလွင်ကလည်း ခေါင်းမတွေဘဲ မြန်ဆက်နေပါသည်။

ကျောနောက်မှာ ကပ်ပါလာသည့် စကားသံတွေကို ဒေါ်စုမိ အတိုင်းသား ကြားနေရ၏။

* * *





အခန်း (၃)

ပြန့်ရင် နိုးနိုးလေးပဲဆိုပြီး သက်မွန်တို့လမ်းထဲ ဝေဝင် လိုက်တာ နောက်ချင်း မပြန်ဖြစ်ခဲ့ဘဲ ကြာသွားသည်။

လမ်းက တစ်လမ်းကျော်လေးပါပဲ။ အဲဒီမယ့် တစ်ပတ်ကြီး ပြန်ကွေ့နေရသဖြင့် စိတ်ကအရင်လိုက ခြေထောက်က လျှော့ခနဲ လျှော့ခနဲ ပြေးနေ၏။

"ဟင် ...ဟိုမှာ ဖေဖေကား ..."

ဘယ်ကကြည့်ကြည့် ထင်းနေသည့် ပါဂျဲရိုကားကြီးကို ဖူဖူအလေး လှမ်းမြင်လိုက်တာနှင့် ကျူး ချက်ချင်းသိ၏။

မီးပွိုင့်က တစ်ဖက်အနီးဆိုင်းမှာမို့ ငွိုငွိုလွတ်တာနှင့် ဖေဖေ ဒီဘက် လှည့်ဝင်တာတော့မှာ ဖြစ်သည်။

လိမ့်စမ်း မိကျူး မြန်မြန်၊ ကိုယ့်လမ်းထဲကို အလျှင်ဖလို ကွေ့ဝင်ခဲ့လိုက်၏။

"ဟယ် ..."

"အမယ်လေးတော်"

အသက်ငါးဆယ်ကျော်ခန့် မိန်းမကြီးတစ်ယောက် ...။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲမှာ လူတစ်ယောက်ဆိုသည့်အမြင်က လူထက် နောက် ကျစွာ သတင်းပို့သဖြင့် ဘယ်လိုမှ မရှောင်သာတော့ပေ။

ကူးလည်း ယိမ်းထိုးဝေ့ဝိုက်သွားသည်။ အမျိုးသမီးကြီးမျော လေးလံပုံရသော ကြီးမားသည့်ဆွဲခြင်းကြီးနှင့် ခွေခနဲ လဲကျ ကျန်ခဲ့၏။

ကူး လွန်သွားပြီးမှ ပြန်လှည့်လိုက်သေးသည်။ သို့သော် နောက်မှာ ဖေဖေ့ကား ပါလာတာကို သတိရကာ ပြန်ကျုံးထနေပြီဖြစ်သော မိန်းမ ကြီးကိုလည်း မြင်သောကြောင့် ရှေ့ပြန်လှည့်သည်။

"ဟော ..."

"အား ..."

ရှေ့ကနေ လျှောက်လာနေသူတစ်ယောက်က အသံပေးခြင်းနှင့် တစ်ပြိုင်နက် ကူးလက်တစ်ဖက်ကို ဆောင့်ဆွဲထားလိုက်ရာ ...

"ခင်ဗျားကြီး ...အား"

မြမြသည့် သူ့လက်ထဲမှာ လက်တစ်ဖက်ဆုံးပါးသွားခဲ့ပြီး ကိုယ်လုံး သည် ကွန်ကရစ်လမ်းပေါ်မှာ ဘိုင်းခနဲ ဖင်တိုက်လဲလေသည်။

"အား သေပါပြီ"

ခါးကိုထောက်၍ ခြေထောက်ကစကိတ်တွေကို အရင်ဖြုတ်သည်။ ထို့နောက် ရှုံ့ရှုံ့မဲ့မဲ့နှင့်ပဲ မရမက ကုန်းကွထရပ်ကာ နောက်ကိုလှမ်း ကြည့်၏။

"ဟင် ..."

ဖေဖေ့ကား ကူး ဘာမှစဉ်းစားမနေတော့တဲ့ အနီးဆုံးက သစ်ပင်ကြီး ဆီ ခြေတပေါင်ကျိုးပြေးခဲ့သည်။

"ဒါက ဘယ်ပြေးမလို့လဲ၊ လာခဲ့ လမ်းပေါ်မှာ စကိတ်တွက် စီးတာ ဘယ်လောက်အန္တရာယ်များသလဲ မင်းနားမလည်ဘူးလား၊ ဟိုမှာ ဘာဖြစ်ကျန်ခဲ့သလဲ ပြန်ကြည့် ..."





"အို ...လွှတ်စမ်းပါ"

"မင်း ပြေးလို့ရမလား"

ကူးမျက်လုံးတွေက နောက်ကိုပဲကြည့်ကာ အသည်းအသန်ရုန်း၍ သစ်ပင်ဆီကိုပဲ သွားသည်။ ထိုသူသည် လက်ကိုမလွှတ်ဘဲ ကူးသွားတဲ့ နောက်တိုးကပ်ပါလာခဲ့ပြီး ...

"ရပ်နေစမ်း၊ မပြေးနဲ့လို့ပြောနေတယ်နော်"

"ပြေးမလို့မဟုတ်ဘူး ဟိုမှာတွေ့လား၊ အဲဒါ ကူးရဲ့ဖေဖေ၊ ဖယ် စမ်းပါ ဖေဖေတွေ့မှာစိုးလို့"

ထိုသူ နောက်လှည့်ကြည့်လိုက်စဉ် ကူး သစ်ပင်နောက်ကို အမြန် ဆုံးပြေးကပ်လိုက်၏။ ဖေဖေသည် လဲကျနေသည့် မိန်းမကြီးအနီးမှာ ကားရပ်၍ တွဲထူကူညီနေပြီဖြစ်၏။

ချောင်းကြည့်နေသည့် ကူး ရင်တွေက ဒိတ်ဒိတ်ခုန်နေခြင်းဟာ ကြောက်တာသက်သက်မဟုတ်ဘဲ မောလည်းမောနေသောကြောင့် ဖြစ်၏။

ပြီးတော့ ဟိုလူ . . .ဖေဖေနှင့် မိန်းမကြီးဆီ လှမ်းကြည့်နေသည့် ကျောပြင်ကို ပစ်ပစ်နှစ်နှစ် မျက်စောင်းထိုးမိသည်။

ဟွန်း. .တွေ့မယ်၊ သူ့ကြောင့် ခါးက မတ်မတ်ရပ်လို့ မကောင်း တော့ပေ။ လမ်းလျှောက်တော့ ဒူးဆစ်ထဲက မျက်နေ၏။ အဲဒါ သူ့နဲ့ ဘာဆိုင်လို့လဲ။

လူမှုရေးစိတ်ဓာတ်နဲ့မို့ ဝင်ပြောတယ်ပဲထားဦး၊ သူ့ကိုယ်သူ မော် တော်ပီကယ်ဖမ်းသလို မိန်းကလေးတစ်ယောက်ကို ဒီလို ပိုင်စိုးပိုင်နင်း လုပ်းဝပြီး ...

"ထွက်သွားတာ မင်းအဖေလား"

ထိုသူ သူမရှိနေသည့်ဘက်ကို ပြန်လှည့်လာ၏။ ကူးလည်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို အစွမ်းကုန် ရှုံ့တင်းမာထားရင်း သာစံလင်အကျယ်က ထွက်ခဲ့သည်။

"ဟုတ်တယ် အဲဒါ ကျွန်မပြောပြော ဘာလဲ ကျွန်တော့်ကိုလဲ ကိုကိုပါတယ်ဆိုပြီး ရှင် လိုက်အလျှော်တောင်းဖို့ စိတ်ကူးမိသွားသလား"

ထိုသူသည် ရုတ်တရက် စကားမဆိုဘဲ ရှေ့ကိုတိုးလျှောက်လာ၏။

"ငါက အလျှော်မလိုပါဘူး။ လိုတဲ့သူကိုတော့ မင်းပေးရမှာပဲ။ ဒါပေမယ့် မင်းအဖေ ဟုတ်မဟုတ် မသိတဲ့ ဟိုကားနဲ့လူကြီးက အမြင်မတော်တာကို ပင်ရှင်းသွားတော့ မင်း သွားချင်ရာသွားလို့ရပြီ"

စကားတွေပြောနေသည့် ထိုမျက်နှာကို ကူးက သေချာစိုက်ကြည့်နေခဲ့၏။ ဒီမျက်နှာ . . ဒီမျက်နှာကို ငါ သိနေသလိုပဲ။ စဉ်းစားစမ်း . .

စူးစူးစိုက်စိုက်ကြည့်နေရင်း မျက်လုံးတွေက ကိုက်ပုံအကျီဆီမှာ ရောဝဲပြေးလွှားကာ ...

"ပွင့်သွားချင်သွားတော့ ဟုတ်လား။ ခင်ဗျားကြီး ခွဲလိုက်လို့ လဲကျသွားတာ ဒီမှာ ခါးမျက်သွားပြီ အဲဒါ ထမ်းပို့ စဉ်းစား။ ဒါမှမဟုတ် ကိုရီးယားကားတွေထဲကလို ကုန်းပိုးထမ်းမလား"

ထိုသူသည် ဒေါသမျက်နှာနှင့် ရှုံ့ရှုံ့ရှားရှားဖြစ်သွားတာမျိုးမရှိ။

"ပြောရဲတယ်နော်၊ ဘာကယ် မင်း လိုက်ရဲသလား"

ကူး မျက်နှာလေးကို စေ့စေ့ကြည့်မေးသည်။ ဘယ်လိုမျက်လုံးမျိုးလဲမသိပါ။ ကူးမျက်နှာ ဖွေးခနဲဖြစ်သွား၏။

နောက်တစ် ပြဿနာရှာဖို့ စကားလုံးတွေကို အသားလေး ပြန်ဆည်ပြီး လစ်ဖို့ပြင်သည်။ တစ်ခါတလေ နောက်ဆုတ်လိုက်ဖို့လည်း လိုလိမ့်မည်။

ထိုအခါ သဝဲဘာပေါက်သွားပြီလားဆိုသည့် ခပ်မိန့်မိန့်အပြုံးနှင့် ...

ထိုသူက ...





"မင်းစကိတ်ဘော့ကော"

"ဟိုသစ်ပင်နောက်မှာ ထားခဲ့ပြီ လိုချင်သွားယူလိုက်လေ၊ ရောင်းစားလို့ရတယ်"

ပက်ခနဲပြောပစ်ခဲ့ပြီး ခပ်သော့သော့ လျှောက်လာခဲ့မိသည်။ စကိတ်စီးပြန်ဖို့က မြန်ပေမယ့် ခြေထောက်နှင့်ဆိုတော့ မောပြီ။

ဒါပေမယ့် ဒီတိုင်းပြန်ဖို့ပဲ အဆင်ပြေတာမို့ မီးဆွဲဘောင်းဘီ အပြာရောင်ကို ဒူးဆစ်အောက်ထိ ငုံ၍ခေါက်တင်ထားလိုက်သည်။

ခါးမတ်မတ်ပြန်ဆန့်ပြီး ပျော့ခွေနေသည့် ဆံပင်တိုတိုလေးတွေကို နဖူးထက်ကနေ ထိုးသိပ်တင်၏။

ပင်ပန်းမင်ခဲ့ဖူးသည့် ကိုယ်ဟာ ခုတော့ စိတ်လည်းပင်ပန်း၊ တစ်ကိုယ်လုံးလည်းနွမ်း၊ ဒေါသဖြစ်ဖြစ်နှင့် ခြေလှမ်းမြန်သွားလိုက်၊ နာလာတော့ ပြန်နှေးသွားလိုက်နှင့် ဟိုသူ့မျက်နှာကိုလည်း ဘယ်လိုဖျောက်လို့မှမရ။

ဘယ့်နှယ် ဒီလောက်ထိပဲ ဆုံပဲဆုံတတ်ပါ့။ တကယ်တော့ ဟိုမိန်းမကြီးကို တိုက်မိခဲ့တာ မှန်ပေမယ့် ကူး လစ်ထွက်ပြေးခဲ့တာ မဟုတ်ပေ။

မေမေ့ကားနှင့် ဟိုးမိမှာစိုး၍ လွတ်အောင်ပြေးရတာကလည်း ကြောက်လွန်းလို့တော့မဟုတ်ပါ။ ပထမတစ်ချက်က စကိတ်စီး၍ လမ်းပေါ်ထွက်ခဲ့မှုကြောင့် ကူး ခုနစ်တန်းကျောင်းသူအရွယ်တုန်းကလည်း ကားနှင့်တိုက်မိခဲ့ဖူးသည်။

ကံကောင်းထောက်မ၍ အသက်မသေခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းမှာ လမ်းပေါ် စကိတ်ထွက်မစီးရဟု မေမေ ပြင်းပြင်းထန်ထန် ဟားမြစ်ခဲ့သည်။ ဒါပေမယ့် တခါခါမှ စီးခဲ့ဖူးသည်။ ဒါလည်း လွတ်ခဲ့ပါသေးသည်။ မိသွားလည်း ရိုက်ရိုက်ဆူဆူ လုပ်ချင်တာလုပ်နိုင်ရပြီးလျှင် ကူးက မကြောက်တတ်တဲ့သူ ဖြစ်သည်။ ပြီးတော့ ကူးအသက်မှာ ကြီးကြီးရ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လုံး ရှိသည်။

အခုက ဒီလိုမဟုတ်ပေ။ ဖေဖေ့ဘေးမှာ ပပလွင်ဆိုသည့် မိန်းမ ရှိနေသည်။ ထိုမိန်းမသည် ကူးကို ဖေဖေဆူနေလျှင် ကျေနပ်နေလိမ့်မည်။ ဖေဖေက ကူးကိုရိုက်လိုက်စမ်းပါစေလို့လည်း ကြိတ်၍ဆုတောင်းနေနိုင်၏။

သူမ မကျေနပ်စေရ၊ ဆုတောင်းမျှော်လင့်နေသမျှ လွဲပါစေ။ ထို့ကြောင့် ဖေဖေ ဘယ်လိုပုံစံ ဆုံးမပါစေ ကူး ဂရုစိုက်ပေမယ့် ဒီမိန်းမ ရှေ့မှာ နည်းနည်းလေးမှ ကျရှုံးခြင်း အဖြစ်မခံနိုင်ပေ။

သူမရှေ့မှာ၊ သူမအသိထဲမှာ ဖေဖေနှင့်ကူးက သိပ်ချစ်နေကြရမည်၊ နားလည်မှုတွေ ရှိကြမည်။

"ဟင် ..."

ခြံရှေ့ရောက်ကာမှ အမှတ်တမဲ့ နောက်လှည့်ကြည့်လိုက်မိသည်။

ဟိုလူ ...

မျက်နှာမူပြီးသည့် ခြံကို ကျောခိုင်းရပ်လိုက်ပြီး ကူးက လက်ပိုက်ကြည့်၏။

"ခင်ဗျားက ဘာလဲ၊ လူနောက်ကို ထပ်ကြပ်မကွာလိုက်ပြီး ဘာလုပ်တာလဲ"

လူက တိုက်ပုံအင်္ကျီ အညိုရောင်၊ ရှပ်အင်္ကျီလည်ကတုံးအဖြူနှင့် ပလက်စတစ်အကြည်စားနှင့် အိတ်လေးထဲမှာ စာအုပ် နှစ်အုပ် သုံးအုပ် ထည့်ထားတာ တွေ့သည်။

ကူးက မေးတော့ သူကလည်း အံ့သြဟန်နှင့် ပြန်ကြည့်၏။

"ငါက မင်းနောက်ကို ဘာဖြစ်လို့ တကောက်ကောက် လိုက်နေရမှာလဲ၊ ကိုယ့်ကိစ္စနဲ့ကိုယ်"

ပြောပြီး သူက ကူးရပ်နေသည့်နောက်က လှမ်းကြည့်၏။





"ဒီခြံနံပါတ်က ဦးသိန်းထိပ်ခြံ ဟုတ်တယ်လား"

"ဟုတ်တယ်၊ ဘာလုပ်မလို့လဲ"

"ဘာလုပ်လုပ် မင်းအပူ မပါပါဘူး"

သူက လျှောက်လာပြီး လူခေါ်သံဘဲလ်ကို လိုက်ရှာ၍ သက်လှမ်း၏။

"နေဦး"

ကူးက သူ့ရှေ့က ရပ်လိုက်သည်။ ခြံက သံပန်းတံခါးမဟုတ်ပေ။ အစိမ်းရောင်တံခါးချပ်ကြီးတွေ တပ်ထားသည်မို့ ဘဲလ်နှိပ်ခေါ်မှ တံခါးလာဖွင့်မည်ဖြစ်သည်။

ဒီလူ ဘာလာလုပ်တာလဲဆိုတာ ကူး သိရမှဖြစ်မည်။ ဒီလောက်ထိ တိုက်တိုက်ဆိုင်ဆိုင် စကိတ်ခိုးစီးပါတယ်ဆိုမှ လူမိသည်။

ကိုယ့်ကို အမိဖမ်းတဲ့လူက ကိုယ့်အိမ်ကိုလာတဲ့ ဧည့်သည်တဲ့။

ပိုသေချာတာတစ်ခုက ဖေဖေနှင့်တွေ့ရင် ကူး စကိတ်စီးရင်း လူ တိုက်မိတဲ့အကြောင်း ဒီလူ မပြောဘဲနေမှာမဟုတ်ပေ။

"ခင်ဗျား ဘယ်သူ့ဆီလာတာလဲ"

"ဘာလုပ်မလို့လဲ၊ မင်းက ဒီအိမ်ကလား၊ ဒါဆို မင်းက ..."

သူသည် ပြောရင်း တစ်စုံတစ်ခုကို သတိရသွားသလိုဖြစ်လျက်.

"မင်းက စိတ်ကူးရင့် ဆိုတဲ့ ချာတိတ်လား"

အံမာ ချာတိတ်တဲ့။ ကူး မျက်ဝန်းလေးတွေ အေးခဲသွား၏။

သူ့ကိုယ်သူကျတော့ တိုက်ပုံအင်္ကျီ၊ ချည်ချောပုဆိုးဝတ်ပြီး လူကြီးလူကောင်းပုံ ဖမ်းထားတာ ဘယ်လောက်များ ပီပြင်နေလို့လဲ။

ရင်ထဲမှာ စကားတွေ အများကြီးပြောလိုက်မိသော်လည်း တကယ် ပြောဖို့လိုသည့် အမိကကိုပဲ မေးဖို့လိုသည်မို့ ...

"ခင်ဗျား ဒီကိုလာတဲ့ကိစ္စကို ပြောစမ်းပါ၊ ဖေဖေ့ဧည့်သည်လား"

"မဟုတ်ဘူး၊ မင်းကို စာသင်ပေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ..."

"ဖော်နအသင် မလာနိုင်ဘူးလေ၊ အဲဒီအတွက် ငါ အစားလာတာ ဟဲ့ တံခါးဖွင့်"

သွားပြီ ယခုမှ တကယ့်ကို သွားတာပါ။ ကူး ဖျက်လုံးအကိုင်းသားနှင့် ကြောင်တောင်တောင်ဖြစ်သွားခဲ့တာ ဘာပြောရမှန်းပင်မသိတော့ပေ။

အလေးပြုံးကြီးတံခါးမှာ ရပ်နေသည်။ သူ့က မချောမွေ့ရုပ် ရှိသည့်အ ကို ပြန်ဖွင့်ပေးမိတာက ကူးကိုယ်တိုင်ပဲဖြစ်၏။

ဒါကို သူက ပုဆိုးအပေါ်လေး လှည့်ပတ်ပြည်ပြုံး၊ ကူးက နှုတ်ခမ်း နီရောင်စုံဆိုးကာ နားအဲ့ဒေသ၊ နားကွင်းတွေ ထည့်လဲဝတ်နေတဲ့အမူ။

အကျီအို ကျပ်ကျပ်ဖြစ်လိုက်၊ ဖွဲ့ဖြစ်ငြိုက်၊ စကတ် ဘောင်းဘီ ရောင်နဲ့ ဒီဇိုင်းနဲ့၏။ သူကျလေ မြင်လိုက်ရတိုင်း ပိုက်ပုံအကျီကြီးနှင့် ခပ်တုံးတုံး။

မြင်တာနှင့် ကူးက မှတ်မိသည်။ တမင်မပြောဘဲ နေလိုက်တာက မလိုအပ်တော့ဘူး ထင်လို့ဖြစ်သည်။ အခု သူက ကိုယ့်ကို စာသင်မယ့် ဆရာတဲ့။

"ခင်ဗျား ... ခင်ဗျားကို ဆရာ လွှတ်လိုက်တာ ..."

ကူးက ထပ်မေးလိုက်၏။ သို့သော် သူ မဖြေမီမှာပဲ ခြံဝါးတံခါးကြီး ရွှေ့လျားခဲ့၏။

"ကူး ..."

"ဦးလေးမြင့်"

ခြံစောင့် ဦးမြင့်ဆွေက ကူးကိုမြင်လိုက်ရသဖြင့် အံ့သြသွားသလို ဖြစ်ကာ ထိုသူကို တစ်ချက်ကြည့်လိုက်၏။

"ကူး သူက သမီးကို စာသင်ပေးမယ့်ဆရာ မဟုတ်လား"

"ဟင် ..."





"ဆရာကြီး မှာထားလို့ ဦးမြင့် စောင့်နေပေမဲ့ တကယ်ရောက်လာနေသူ မဟုတ်ကြောင်းပြီး လူမမြင်ဖူးဘာနဲ့ ဖွင့်ကြည့်တာ"

ခြံဝြောပြောနှင့်ပင် ဘေးဘယ်သားသည့် တံခါးချပ်ကြီးကို ဦးမြင့်ဆွေက လွတ်လွတ်လပ်လပ် ဝင်သာအောင် တွန်းဖွင့်ပေးလိုက်၏။

"ဒီမှာ ..."

သူကလည်း အေးဆေးပဲ လှမ်းဝင်လိုက်သည်။ ကူး ခြေထောက် နာနေတာကိုတောင် မေ့သွား၏။ ဘာမှ သေချာမမေးဘဲ ဦးမြင့်ဆွေက လည်း တံခါးဖွင့်ပေးသည်။ ဒီလူကလည်း ရဲတင်းစွာ။

"ဒီမှာ ဒီမှာ ..."

သူက လှည့်ကြည့်သည်။

"ဦးလေးမြင့်ကလည်း တကယ်ဟုတ်တာ မဟုတ်တာ သေချာ ဝမ်းမေးတာ မဟုတ်ဘဲနဲ့ ခုနဦး ခင်ဗျားကို ဆရာ လွှတ်လိုက်တာ ဆာ အထောက်အထားပါသလဲ"

သူက စိတ်မရှည်တတ်သည့် နှုတ်ခမ်းနှင့် မျက်ခုံးအစုံကို တစ်ပြိုင် တည်း တွန့်မဲ့ပစ်ကာ ကူးကို ခပ်ချဉ်ချဉ်ပုံနှင့် ကြည့်သည်။

"ဘာအထောက်အထားမှ မပါဘူး။ ဒီထဲမှာ မင်းကိုသင်ပေးဖို့ သူ ကိုင်နေကျစာအုပ်တွေ ထည့်ပေးလိုက်တယ် ဒါပဲ၊ ယုံနိုင်ဘူး ဆိုရင်လည်း လှည့်ပြန်သွားရုံပဲ၊ ငါ့က စာသင်ပေးဖို့လာတာ၊ ဟာလီလုပ်ဖို့ လာလျှောက် တာမဟုတ်ဘူး"

"ဟုတ်တယ် သမီး၊ ဆရာကြီးကိုယ်တိုင် သေချာမှာထားတာ။ အိမ်မှာ ကူးမရှိဘူးဆိုတာတောင် စိတ်ဆိုးနေတယ် ထင်တယ်။ ဆရာ မောင်ဇော်အောင်ကိုယ်စား တစ်ယောက်လာ ပေးလိမ့်မယ်တဲ့၊ စောင့်နေဖို့ မှာခဲ့ပြီး ဝင်သွားတာ"

"ဟင် - ဦးလေးမြင့်က ကူး ဝကီတစ်ခီးထွက်သွားတာ ခြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပေါ့"

ကူး ထိတ်ထိတ်ပျာပျာဖြစ်သွားတာကို သူက မျက်မှောင်ကြုတ်ကြည့်နေသည်။

"မပြောပါဘူးကွယ်၊ ဒါလောက်တော့ ဦးလေးမြင့် သိတာပေါ့။ တံခါးဖွင့်တယ်ဆို ဝင်လာလာချင်း မေးတော့ ခုလေးတင် ထွက်သွားတယ်လို့တော့ ပြောလိုက်ရတာပေါ့"

"ဟဲ ဟဲ"

ကူး မျက်နှာလေး ကြုတ်သွား၏။

"ဆရာလေး အထဲကိုကြွပါ၊ အထဲမှာ ဆရာကြီးရှိပါတယ်"

ဆရာလေးတဲ့။ သီလရှင်တစ်ပါးလို စိတ်ထဲမှာ ဇတ်ပေးကြည့်ကာ ကူးက လှစ်ခနဲပြုံး၏။ သူ လှည့်ဝင်သွားတာကို မြင်တော့မှ သတိတရ နောက်ကလိုက်၍ ...

"ဒီမှာ ခဏနေပါဦး"

သူ ခြေလှမ်းကျဲတွေကို အမီလိုက်ရင်း နာနေသည့်ဒဏ်ရာ ပြန်ပေါ်လာသည်။ သို့သော် ဖေဖေ့ရှေ့မှာ ထော့ကျိုးဖြစ်လို့မရ၊ အရေးထဲမှာ 'နေပါဦး' ပြောနေရက်နဲ့ နည်းနည်းမှ တုံ့ရပ် မသွားခဲ့သည့် ထိုသူကို ဒေါသတွေ ဖြစ်လာမိသည်။

"ခင်ဗျား ကူး စကိတ်စီးရင်းဖြစ်ခဲ့တာကို ဖေဖေ့ကို သွားမပြောနဲ့နော်"

သူက စကားပြန်မပြောပေ။ ခေါင်းလည်းမငုံ့၊ မော့နေတာလည်း မဟုတ်ဘဲ ရှေ့သုံးကိုက်လောက်မှာ မျက်လုံးတွေထားလျက် လျှောက်နေ၏။

"ကူးပြောနေတာ ကြားရဲ့လား၊ ဒီမှာ ..."

ကူးက သူ့ကို မီအောင်လိုက်နေရင်း အိမ်နှင့်နီးလာလို့ လှမ်းကြည့်





ရ၊ သူ့မျက်နှာ မော့ကြည့်ရနှင့် ခလုတ်တိုက်မတတ်ဖြစ်နေသည်။

"ခင်ဗျား သွားပြောရင် ကူးနဲ့ ဘယ်တော့မှတည့်မှာမဟုတ်တော့ဘူး သိလား၊ ခြိမ်းခြောက်တာမဟုတ်ဘူးနော်၊ တကယ်ပြောတာ"

ပေါ်တီကိုအောက်ကို လှမ်းမြင်ရတော့ တံခါးဝမှာ ဖေဖေက ရပ်နေ၏။ ကူး ချက်ချင်း ကိုယ်ကိုမတ်သည်။ သူ့ဘေးမှာ ရှေ့နောက်မတိမ်းမယိမ်းလေးပါအောင် ဟန်လုပ်လျှောက်ရင်း ဒူးဆစ်က မျက်နေတာကို မိုက်ကြိတ်ခံသည်။

သူလာနေတာမြင်တော့ ဖေဖေက ကိုယ်တိုင်ဆင်းကြိုရင်း ကူးကို တစ်ချက်လှမ်းကြည့်၏။ အကြည့်တစ်ချက်မှာပဲ ကူး သိလိုက်ပါသည်။ စကိတ်စီးထွက်သွားသည့်ကိစ္စ ဖေဖေ သိနေပြီဟု ...

ဘယ်လိုဘယ်ပုံ သိသွားသည်ဆိုတာ မေးဖို့မလိုတော့ပေ။

"လာပါ မောင်ဇော်အောင် ဖုန်းဆက်ကတည်းက ဦးက မျှော်နေတာ"

သူ့ကိုကြိုပြီး ဖေဖေက ဧည့်ခန်းမှာ အတူတူထိုင်ကြ၏။

ကူး အိမ်ထဲအရောက် တောက်လျှောက်ဝင်ခဲ့ရင်း မျက်လုံးက ခြံထဲက နေ လှလှပပလေး တက်လာသည့် ပပလွင်ထံ တန်းခနဲရောက်သွားသည်။

ပပလွင်က ဘေးတံခါးပေါက်ကနေ ဒေလီယာပန်းပွင့်ကြီးတွေကိုင်လျက် ကူး ကြည့်နေတာကို ခပ်ရဲရဲပြန်ကြည့်သည်။

ပြီးတော့ လှေကားကြီးဆီ နွဲ့နှောင်းစွာ လျှောက်ထွက်သွားပုံက လိုတာထက်ပိုနေသည်။

ကူး အံကလေးကြိတ်နေရင်း နေရာမှာပဲ ပေစောင်းစောင်းလေး ရပ်ခနေမိလေသည်။

"သမီး လာဦး"

ဖေဖေ့ခေါ်သံကို ကြားလိုက်ရသည်။ ခေါ်မှာပဲဆိုတာကိုလည်း သိပါသည်။ သိလို့ တမင်ဟကာ ရှေ့မတိုးဖြစ်ခဲ့တာဖြစ်သည်။ ကူး ပြန်



www.burmeseclassic.com

www.burmeseclassic.com



လှည့်နေရသည်။

ဖေဖေ့ဘေးမှာ ခပ်တည်တည်လေးထိုင်၍ နားထောင်တာမဟုတ်ဘဲ ရှုပ်ပုပ်မျက်နှာနှင့် မျက်လွှာချနေလိုက်သည်။

"တကယ့်တကယ်တော့ မောင်ဇော်အောင်က အားနာတတ်လွန်း တာပါ။ နာမကျန်းဖြစ်နေတဲ့အချိန်ကို ဦးက နားလည်ပါတယ်ကွယ်။ သူ့ဇနီးမှာ အိမ်ထောင်ကျပြီးကာ သိပ်မကြာသေးတဲ့အပြင် ကိုယ်ခွဲလက် ရှိနေတော့ ဒီလိုဖြစ်တဲ့အခါ ဒုက္ခများမှာပဲဆိုတာလည်း နားလည်ပါတယ်"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒီက ပြန်စောင့်နေတယ်ဆိုတာကလဲ အဲဒါ ပြောချင်လို့ပါ။ သမီး အတွက် ကိုက်ဒီထားတာကို ဦးအရမ်းရွေးခဲ့တာမှန်းသိတော့ သူက တာဝန်ကျေချင်သလို ဦးကလဲ လူမှုရေး ခေါင်းပါးတဲ့သူ မဟုတ်ပါဘူး ကွယ်။ ဒါတွေကို သူ ဘယ်လိုအကူအညီတောင်းထားသလဲ မသိဘူး။ အပန်းတကြီးလုပ်ပေးနေတာဆိုရင် မလိုပါဘူးလို့ ပြောပေးပါ"

"အပန်းတကြီး မဟုတ်ပါဘူး။ ကျွန်တော်က သူ့ သူငယ်ချင်းပါ။ လောလောဆယ် သူ့အိမ်မှာနေတာနဲ့ ဒါပေမယ့် ဦးအနေနဲ့ အကြောင်း တစ်ခုခုကြောင့် လက်မခံချင်တာ ဆိုရင်တော့ ..."

"ဟာ... နို နို လုံးဝ မဟုတ်ဘူး ဖို့ကွ ... ဦးက အဆင်မပြေဖြစ်နေကြတဲ့သူတွေကို လစ်ပြီး တာဝန်ပိစေတာမျိုး မဖြစ်စေချင်ဘူး။ မောင်ဇော်အောင်က သူ့ကိုယ်စား တာဝန်ယူပေးတယ် ဆိုကတည်းက မယုံကြည်လက်မခံနိုင်စရာ ဘာမှမရှိဘူး။ တစ်ခုတော့ စိုးရိမ်တယ်"

ဦးသိန်းထိုက်က ကူးဘက်ကို ငဲ့ကြည့်လိုက်ပြီးမှ သူ့ကို နူးညံ့ဖွယ် ရာ ပြုံးပြီး ...

"သမီးကတော့ သိပ်မလိမ္မာဘူးကွယ်။ သူက စာမရတာမဟုတ်ဘဲ





ဂရုမစိုက်ချင်တာ"

သူ့မျက်လုံးများက ကူးယံ မျက်စနဲ့ရောကာ ချက်ချင်း ပြန်လွှဲ သွား၏။

"ဇော်အောင်လဲ အနည်းအကျဉ်းတော့ ပြောပြထားပါတယ်"

ဘာအနည်းအကျဉ်းလဲ။ ကွယ်ရာမှာ ဘယ်လောက်ထိ ရှုတ်ချ ထဲ့လိုက်သလဲ မသိဘူးမှတ်လို့။ ဟွန်း ...ယောကျ်ားတွေ အတင်းမပြော တတ်ဘူးလို့ အသံကောင်းဟစ်တာက ရှိသေး။

ပြောစရာမရှိ ကိုယ့်နှမအကြောင်းပြောပြီး ယောက်ဖခေါ်၊ အောင် သွယ်တော်တွေ ဘယ်သွားထားမလဲ။

ကူး မျက်လုံးထဲမှာ မြားအစင်းပေါင်းများစွာ ပစ်လွှတ်၍ သူ့ မျက်နှာ ကို စိုက်ကြည့်ခဲ့သည်။ သိပါ့မေ၊ ငါပြောချင်တာတွေ၊ ငါ့ဒေါသတွေ ပြောတဲ့နဲ့ သိပါစေ။

ကူး ဖေဖေ့ကို မေ့သွားခဲ့မိ၏။

"အေးကွယ်၊ လူငယ်တွေဟာ ဘဝနဲ့အချော်ကို ဘယ်ဟာ အရေး ကြီးမှန်းမသိကြတာ သိပ်ကိုဆက်ပါတယ်။ ပြီးတော့ အပေါင်းအသင်းကို ... ပိုခင်တယ်။ ဒါ စကားအဖြစ်ပြောတာ မဟုတ်ဘူးနော်၊ ... ကယ်မှတ်တာ။ ညှိတဲ့ လူစားရင် ထိပ်ဆုံး ရောက်နိုင်တယ် မလိုချင်လို့ ... စားတဲ့သူကို ဘယ်လိုသင်မလဲ"

မသင်လည်း ကောင်းပါတယ်။ ကူး ခွက်မော်လေး ဟိုတ်ချီ ဒီဘက် ... တွန်းခနဲ မောင်ခင်အောင် သွားတာကို သူက ... ကြည့်သည်။

"မောင်ဇော်အောင်ကတော့ သူ့တာဝန်ကို ကိုင်စွဲရှိပါတယ်။ ... ဆရာ ခေါ် ခေါ် မသင်ချင်တဲ့ဘိုခွမှာ မောင်ဇော်အောင်ကတော့ ... သူငယ်ချင်းလိုလဲ ရင်းနှီးပါတယ်၊ ဆရာလိုလဲ သင်နိုင်တဲ့သူပါ။ ပြောရ ... ဦးရဲ့ သမီးကို သည်းခံပြီးသင်ပေးမိုပါ။ တသင်ပို့ပေးကောင်း...



www.burmeseclassic.com

www.burmeseclassic.com



ဆံရေးကအစ လိုအပ်သလို သင်ပေးပါ"

"ဟုတ်ကဲ့"

"သမီး"

လှည့်ခေါ်တော့ ကူးက မထူးဘဲ ကိုယ်လေးနည်းနည်းလှုပ်၍ မျက်နှာပဲမော့လိုက်၏။

"သူက မောင်ဇော်အောင်သူငယ်ချင်း၊ နာမည်က ခေါင်ရိပ်"

အံ့မယ်၊ ကူး တကယ်အံ့သြကာ ဖျက်ခနဲ ကြည့်လိုက်ပြီးမှ မျက်လုံးချင်းဆုံတော့ မြင်အောင်မဲ့ပြလိုက်သည်။ ဖေဖေ မမြင်နိုက်လေးမှာဖြစ်၏။

"ဘီအက်စီဘွဲ့ရပြီးသား၊ အင်္ဂလိပ်စာ အရမ်းတော်တယ်တဲ့။ မောင်ဇော်အောင် ဖုန်းဆက်ရင်း ပြောတယ်။ သမီးကို မောင်ဇော်အောင့် ကိုယ်စား သူစာသင်ပေးလိမ့်မယ်"

ဇော်အောင်ကတော့ သူကိုယ်ပိုင်ပုံနှိပ်တိုက်လေးနှင့် ကိုယ်ပိုင် အလုပ်မို့ စာသင်ချိန်ကို ဦးသိန်းထိပ် သတ်မှတ်သည့်အတိုင်း ဝင်ပေးခဲ့သည်။

တကယ်က လစာ မနည်းမနော ပေးထားတာလည်းပါသည်။ ဦးသိန်းထိပ်ကိုယ်တိုင်က ဇော်အောင်နှင့်ခင်မင်အသား တစ်စုံတစ်ယောက်၏ ညွှန်ပြချက်ဖြင့် ကိုယ်တိုင်တောင်းဆိုခဲ့၍သာလည်း ဖြစ်သည်။

ကူး စိတ်ထဲမှာ တွေးလိုက်မိ၏။

ဒီလူက ဘယ်လိုလူလဲ၊ ဆရာ့အိမ်မှာ ကပ်နေရတာဆိုတော့

အထင်မြင်သေးသောမျက်လုံးများနှင့် နောက်ထပ်အကြည့်မှာ ဖေဖေ့မျက်နှာကြီးနှင့်တိုးကာ ကူး ဖျက်ခနဲ လွှဲပစ်သည်။

ဟွန်း ...တွေ့ကြဦးမှာပါ။

★ ★ ★



အခန်း (၄)

"ဘယ့်နှယ်လဲ အိုခေလား"

ခေါင်ရိပ် မျက်နှာမဲ့ပစ်လိုက်ပြီးမှ ပြုံးပြသည်။

"ပြဿနာမရှိပါဘူး။ မင်းအလုပ် မင်းစိတ်ဖြောင့်ဖြောင့်လုပ်၊ မမော်နေကောင်းရဲ့လား"

သူ့မေး၊ ကိုယ့်မေးနှင့် ဇော်အောင့်မျက်နှာကြီး ညှိုးမှောင်သွားရှာသည်။

သူသည် ခေါင်ရိပ်ဘေးမှာ ဝင်ထိုင်လိုက်ရင်း တပ်လက်စ အင်္ကျီကြယ်သီးတွေကို ပြီးအောင်တပ်နေကာ ...

"မော်က လူမမာကြီးမှမဟုတ်တာကွာ၊ ရတ်တရက် သွေးရူးတင်သိုက်ရတာပဲရှိတာ"

"ဒါဆို အခု ကောင်းသွားပြီပေါ့။ မင်းကလဲ သတင်းကောင်းပြောတာကို ရုပ်ကဖြစ်နေလိုက်တာ"

"သတင်းမကောင်းလို့ပေါ့ ခေါင်ရိပ်ရာ"

"ဟင် ..."

ခေါင်ရိပ် ကိုင်ထားသည့်စာအုပ်ကို ချလိုက်ကာ ဇော်အောင့် ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစောင်းလှည့်ထိုင်လိုက်၏။

"ဘယ်လို ...မမော် ဘာဖြစ်လို့လဲ"

ဖော်အောင် ဖြေမလို့ပြင်နေဆဲ ပုံနှိပ်တိုက်ထဲက အလုပ်သမား ကောင်လေးတစ်ယောက် ရောက်လာကာ ...

"ဆရာဖော် မေဖြိုးစာပေက လျှို့ဝှက်သည်းဖို ဖောင်ကျော်တွေ အားလုံး ပြန်ပို့လိုက်တယ်"

"ဘာ ..."

ဖော်အောင့်မျက်နှာ ခရမ်းချဉ်သီးမှည့်လို ရဲကွတ်သွား၏။ အဆင် မပြေပါဘူးဆိုမှ ကျန်းမာရေးကစပြီး ဖြစ်လာလိုက်တာ စီးပွားရေး၊ လူမှု ရေးအကုန် ...

"ဖောင်ကျော်တဲ့ အုပ်နှစ်ဆယ်က ပြန်လုပ်ပေးလိုက်တယ် မဟုတ် လား"

"ဟုတ်တယ် ဆရာဖော် ပြန်လုပ်ပေးထားတာတွေလဲ မမှန်သေး ဘူးတဲ့၊ ကျန်တာတွေလဲ မှားနေတယ်တဲ့။ နေ့လယ် မေဖြိုးက ဦးဖြိုး ထွန်း ကိုယ်တိုင်လာမယ်တဲ့"

"အေး ကောင်းတာပေါ့ကွာ လာပါစေ လာကြပါစေ၊ အဲဒီမှာ စိုး အောင် ဘာလုပ်နေသလဲ"

ဖော်အောင် ဒေါသထွက်နေတာကို ကြည့်ကာ ခေါင်ရိပ် သက်ပြင်း ချနေမိသည်။

မလွယ်ပါလား။

"ငါတော့ ဘာတွေဖြစ်နေမှန်းကို မသိတော့ဘူး ခေါင်ရိပ်ရာ၊ မင်း လဲ ငါ့ဆီလာပြီး စိတ်ချမ်းသာမှုလာရှာဟာ လဲသေချင်စိတ်တွေ ပေါက် ကုန်ပြီလား"

ခေါင်ရိပ်က ပြုံးလိုက်ပြန်သည်။





"ငါ့ကို ထည့်မတွက်ပါနဲ့လို့ ပြောထားတယ်မဟုတ်လား၊ စိတ် ချမ်းသာစရာမဟုတ်ပေမယ့် ငါ့အတွက် အတွေ့အကြုံသစ်ပေ့ လို့ပဲ ခံယူပါတယ်"

ဖော်အောင်က ခေါင်ရိပ်ကြည့်၍ ခေါင်းတခါခါ ဖြစ်နေသည်။

"မင်းကို ငါက ရှင်ဘုရင် ခမ္မးမောင်းနိုင်းသလိုဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"မင်းက ငါ့ကို အစစအရာရာ ကူညီထားတာလေ၊ မင်းကြောင့် ငါမိဘလက်ထက်က ပုံနှိပ်တိုက်လေးကို ငါပြန်ပြီး ထူထောင်နိုင်ခဲ့ တယ်။ ရန်ကုန်မှာ အခြေချနိုင်တဲ့အထိ မင်းပဲကူညီခဲ့တာ"

"အဲဒါတွေ ဘာလို့လျှောက်ပြောပြောနေတာလဲ ဖော်အောင်၊ မင်းနဲ့ ငါက ငယ်သူငယ်ချင်းတွေ၊ တစ်မြို့တည်းသားတွေ မဟုတ်ဘူးလား။ ငါ့အတွက်လဲ ဘာမှအပေမ်းကြီးတာမဟုတ်ဘူး။ ငါတစ်ခု စိတ်မကောင်း ဖြစ်နေတာက မင်း ငါတားတဲ့ကြားက ရန်ကုန်မှာ အခြေချချင်တာပဲ။ ပထမက ကိုယ်ရင်းနှီးတဲ့ဒေသ မဟုတ်ဘူး၊ ဒုတိယက ပုံနှိပ်လုပ်ငန်း ဟာ ကိုယ်ကျွမ်းကျင်တာ မှန်ပေမယ့် ဒါက စီးပွားရေးဖြစ်နေတယ်။ တစ်ရွာမပြောင်း သူကောင်း မဖြစ်ဆိုတာရှိပေမယ့် သေချင်တဲ့ကျား တောပြောင်း ဆိုတာ ကိုလဲ မင်း မေ့လို့မရဘူးလေ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့်ကွာ ငါတို့မြို့မှာထက် ရန်ကုန်မှာ စီးပွားရေးနယ်ပယ် ကျယ်ပြန့်ကြတယ်လို့ ငါတွက်ခဲ့တာ။ ပြီးတော့ မော်က ငယ်ငယ်ကတည်းက ရန်ကုန်မှာ နေခဲ့တဲ့သူ သူက ရန်ကုန်မှာပဲနေချင်ဘာကွဲ"

ခေါင်ရိပ်က ပြုံး၍ ခေါင်းညိတ်သည်။ တကယ်က ဒါအဓိက အကြောင်းပဲဖြစ်နေသည်။

"ဘာပဲဖြစ်ဖြစ်ကွာ မင်းလဲ ဖြစ်မလားလို့ လုပ်ကြည့်တာပဲ။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာကို အပြစ်တင်နေတာထက် ဘာပိုကောင်းမလဲဆိုတာကိုပဲစဉ်းစားတွေးပါ။ ဘယ်လို အပြေးသမားကောင်း ဖြစ်ဖြစ် တာထွက်ပြီဆိုကတည်းက ထိပ်ဆုံးက ဖြစ်မနေပါဘူး။ အဆင်မပြေတာရှိသလို ပြိုလာလဲ လာမှာပေါ့။ မင်းမိန်းမကိုပဲ ဂရုစိုက်ပါ။ အခု သူက ဘာဖြစ်နေလို့လဲ"

"အစကတော့ သားအိမ်ပဲကွ၊ ဒါပဲဆိုရင် မသကာကွာ သားအိမ်ထုတ်ပစ်လိုက်ရတာပဲ ရှိမှာပေါ့။ အခုဟာက နှလုံး လိုလို သွေးတိုးလိုလို ဖုံးနေတာပဲ။ နေ့တိုင်းပဲ စမ်းသပ်ခန်းတွေ ဝင်ရ၊ ဟိုဟာစစ်ရ၊ ဒီဟာစစ်ရ သွေးဖောက်ရလွန်းလို့ မော့လက်ကလေးတွေလဲ အကောင်းနေရာကို မကျန်တော့ဘူးထင်တယ်။ သနားပါတယ်ကွာ၊ သူကလဲ မင်းကို အားနာနေတာ"

"မဟုတ်တာကွာ"

"ဟုတ်တယ်ကွ၊ မိန်းမသားဆိုတော့ မင်းလာတော့ အကြွေးလာတောင်းတယ်လို့ထင်နေတာ"

"မဟုတ်တာကို မင်းက ပြောပါလား"

"ပြောပေမယ့် မရဘူး၊ မင်းကို ဒီတိုက်နဲ့မြေ ဝယ်ထားတဲ့စာချုပ် ဂရုပေးထားလိုက်ဖို့ ငါ့ကိုပြောတယ်။ မင်း ဘာပြောပြော မပြောပြော သူ စိတ်ချမ်းသာအောင် ပေးပေးပါတဲ့"

"ကွတ်"

ခေါင်ရိုပ် စုတ်သပ်ရင်း လည်ပင်းတစ်ချက်ပွတ်သည်။

"လာမိတာ မှားပြီထင်တယ်"

ဟု တိုးတိုးညည်းတော့ ဇော်အောင် ဖျာဖျာသလဲဖြစ်သွားသည်။

"အဲဒီလိုလဲ မဟုတ်ဘူးလေ၊ ငါနဲ့မင်းကတော့ သိပြီးသားဟာကို သူ့စိတ်ထဲမှာရှိတာ ငါက ပြောပြတာ။ အခု မင်းကို ငါ့ကိုယ်စား စ





သွားသင်ပေးဖို့တောင် ငါက နိုင်းထားလိုက်သေးတယ်၊ ဒါက မော် သိရင် ဘာဖြစ်ဦးမလဲမသိဘူး"

"ငါက အလည်သက်သက်လာတဲ့သူပဲကွ၊ အချိန်တွေအားနေလို့ ဘူတဲ့သဘောပဲ၊ ပြီးတော့ ဦးသိန်းထိပ် ဆိုတဲ့ လူကြီးက ရည်မွန်ပါတယ်"

"ကူးကတော ..."

နှစ်ယောက်သား မျက်လုံးချင်းဆုံသွားသည်။ ခေါင်ရိုပ်က ပြုံး၍ အွန်းကုလားထိုင်နောက်မှီမှာ မှီချလိုက်၏။

စောစောက အဆင်ပြေလား မေးတော့လည်း သူ ဒီလိုပဲ ပြုံးပြီး ဘာမှမဖြေတာကို ဇော်အောင်က တွေးမိလိုက်ကာ ...

"ငါသိတယ်၊ ဒီကောင်မလေးက တကယ်ဆိုးတာ၊ ဒါပေမယ့်ကွာ ..."

"ပူမနေပါနဲ့၊ မင်းယူထားတဲ့ သုံးလစာဆိုတာ ငွေပြန်အမ်းလို့လဲ တောင်းတဲ့ကိစ္စမဟုတ်ဘူး မဟုတ်လား။ သူတို့က ဂရုစိုက်လို့တောင် ပေးအာပေးထားတာပဲ၊ မင်း ဒီမှာ သောကများနေတဲ့ ကာလအတွင်း သင်ဖို့ကိစ္စ ခေါင်းထဲမထည့်နဲ့"

"ဟင် ..."

"ပြီးသွားမှာပါ"

ခေါင်ရိုပ်မျက်နှာကိုကြည့်ကာ ဇော်အောင် စိတ်လက် ပေါ့ပါးစွာ ခေါင်းညိတ်၏။

ခေါင်ရိုပ်က ပြောပြီးရင် ဖြစ်အောင်လုပ်တဲ့သူ ...

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

"ကဗျာကျက်မှိုင်းထသွားတယ်ဆို ရပြီလား"

"ဟင် ...ဘာ ..."

အူကြောင်ကြောင်ပြန်မေးသည့် မျက်ဝန်းလေးတွေထဲမှာ ရယ်မြ
ရိပ်များနှင့် လှောင်ရယ်ဟန်အပြည့်။ ခေါင်ရိုပ်က မျက်လုံးတစ်ချ
စွေကြည့်ပြီး စာအုပ်ထဲမှာ စာမျက်နှာ အတိအကျလှန်ပြီးမှ သူမမျက်နှ
ရှေ့မှာ တိုးချလိုက်တာ ...

"ကြည့် ..."

ကူးက ကဗျာကို သေချာကြီး ငုံ့ကြည့်လိုက်ပြီး ခေါင်းကောကို
ကော လှုပ်ခါသွားအောင် ရှုံ့မဲ့ပစ်လိုက်သည်။

"ဘယ်လိုလုပ်ရမှာလဲ ဒီလောက်အရှည်ကြီး၊ ကဗျာဆို တိုး
ကဗျာတောင်မှ ဘူးက ဘာသာပြန်တတ်တာ မဟုတ်ဘူး"

"ဒါ တဂိုးကဗျာမှမဟုတ်ဘဲ၊ မင်းသင်ရမယ့် သင်ခန်းစာ"

"ပိုဆိုးပြီ၊ လုံးဝကို စိတ်မဝင်စားတာ အဲဒါပဲ၊ ရက်(စ်) အော်နီး
ပြီးနေတဲ့ကိစ္စကို ပိုရင်ပိုတယ်မှတ်၊ ရယ်ရင် ရယ်တယ် မှတ်ပေါ့၊ အင်္ဂလိ
စာဖြစ်ရတဲ့အထဲ ကဗျာက ဖြစ်လိုက်သေး။ ဘာကို စိတ်ဝင်စားစရာ





ရှိလို့လဲ"

ရှုံ့တွတွမျက်နှာလေးကို ခေါင်ရိုပ်က စိုက်ကြည့်၏။ ကူး ပြန်
ကြည့်ဖို့ ကြိုးစားလိုက်သေးသည်။ သို့သော် မျက်ဝန်းတို့သည် စူးရဲသော
သူ့အကြည့်များရှေ့မှာ ခြေမခိုင့်တခိုင် လမ်းလျှောက်စမ်းနေသည့်
ကလေးငယ်လေးတစ်ဦးနှယ် ...

အကြိမ်ကြိမ်အခါခါ ပြန်ထရင်း လဲပြိုရင်းနှင့် ...

"ပြောပါဦး ဘာကိုစိတ်ဝင်စားနေတာလဲ"

"ဟင် ..."

ကူး မျက်ဝန်းလေး ဟိုရွှေ့ဒီရွှေ့နှင့် ပခုံးတွန့်လိုက်၏။

"စိတ်ဝင်စားတာတွေ အများကြီးပဲ၊ အဲဒီကဗျာတွေ ကျက်ရဖို့က
လွဲရင်လေ ..."

"အဲဒီလောက် စာကြောက်ရင် ဘာလို့ အင်္ဂလိပ်စာ ယူထားသလဲ"

"အို မကြောက်ပါဘူး၊ ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ စိတ်မဝင်စား
ဘူးလို့ပြောတာ"

"မဝင်စားလဲ ကျက်ရမှာပဲ၊ အသက်ရှင်ဖို့အတွက် ဆေးဟာ ချိုချို
ခါးခါး မျိုချရမှာဖြစ်သလို မင်းဘဝအတွက် ဒါက ဆေးထက်ပိုပြီး
အရေးပါတယ်ဆိုတာ မင်း နားလည်ရမယ်။ ဆေးက အသက်ကိုပဲ
ကာကွယ်နိုင်တာ၊ ပညာမှာ မင်းဘဝအတွက် ဘာမဆို ကာကွယ်ပေး
နိုင်တဲ့ တန်ခိုးစွမ်းအင်တွေရှိတယ်။ မိန်းကလေးဖြစ်ပြီး ယောကျ်ား
လေးတစ်ယောက်လို ဆိုးနေတာ သိပ်ကို အကျည်းတန်တယ် စိတ်
ကူးရင့်။ မင်းရဲ့ဆရာလို ငါက သိပ်တော့ စိတ်မရှည်တတ်ဘူး။ ဘာဖြစ်
လို့လဲဆိုတော့ ကျွဲနားမှာ စောင်းတီးဖို့ထိ ငါမအားဘူး။ လူမှန်း ကြဲ်ပြီး
သိနေတာကို အမိုက်ခံဖို့လိုသလား။ မင်း ကလေးလေးမှမဟုတ်တော့ဟာ၊
ကြားဖူးနားဝ စကားတွေနဲ့ ငပေါကြီးလို ဆုံးမမနေနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။

နှုတ်ခမ်းလှုပ်ရုံလေးပြောပြီး ကူးက ပခုံးနှစ်ဖက် တွန့်ပစ်၏။ ထိုစဉ်မှာ တီးလုံးသံစဉ်လေးတွေ ထွက်ပေါ်လာသည်။

"ဟော ..."

ကူးမျက်နှာလေး ဝင်းခနဲဖြစ်သွားတာကိုကြည့်ကာ ခေါင်ရိပ် နှုတ်ခမ်းကို ခပ်ဖိဖိစေ့သည်။ စားပွဲပေါ်မှာတင်ထားသည့် အဖြူရောင်ကြိုးသိုင်းအိတ်လေးထဲကနေ လက်ကိုင်ဖုန်းကို ကူးက ထုတ်ယူလိုက်၏။

"ခဏနော်"

ပြုံးစိစိပြောပြီး နေရာမှ ထရပ်လိုက်၏။

"မရဘူး"

"ဟင် ..."

ဘယ်လိုမှ မထင်လိုက်သည့်အချိန်မှာ ခေါင်ရိပ်က လက်ကိုင်ဖုန်းကိုင်ထားသည့် ကူးရဲ့လက်ဖဝါးလေးကို ဖိဆုပ်ပစ်လိုက်၏။

သူ ဘယ်လိုလုပ်လိုက်မှန်းမသိဘဲ လက်မှာ ကျဉ်ခနဲဖြစ်သွားကာ လွှတ်ပေးလိုက်တော့ ဖုန်းက ခေါင်ရိပ်လက်ထဲပါသွား၏။

"ပြန်ထိုင်"

"မထိုင်နိုင်ဘူး၊ ကူးဖုန်း ပြန်ပေး၊ ခဏလေး စကားပြောမယ်လို့ ခင်ဗျားကို ခွင့်တောင်းခဲ့ပြီးသား"

"ခွင့်မပြုနိုင်ဘူး ဒါ စာသင်ချိန်"

ပြောပြီး ခေါင်ရိပ်က ဖုန်းကို ပိတ်ပစ်လိုက်၏။ ပြီးတော့ သူ့ဘက်ဘေးမှာ ချထားလိုက်၏။

ကူး ဒေါသတွေ သူ့မျက်နှာထက်မှာ စုပြုံသွားလေသည်။

"ခင်ဗျား ...ခင်ဗျားဟာလေ ..."

"ဘယ်သူ့ကိုလဲ ခင်ဗျားဆိုတာ၊ ကိုယ့်ကို စာသင်ပေးနေတဲ့ ဆရာကို





ခင်ဗျားလို့ပြောလိုက်တာလား။ သမီး ရိုင်းလှချေလား ...ဟင်"

ဟထားသည့်တံခါးက ဒေါသနှင့် တွန်းလိုက်လို့ထင်သည်၊ တစ်ဆုံးထိ ရုပ်ခနဲ ပွင့်သွားကာ ဦးသိန်းထိပ် ခြေလှမ်းကျဲကြီးများနှင့် လှမ်းဝင်လာ၏။ ကူးနံဘေးမှာ ရပ်လိုက်ပြီး စားပွဲပေါ်မှာ လက်ထောက်၍ မျက်နှာကိုငုံ့ကြည့်သည်။

"တစ်ရက်ပဲသင်သင်၊ တစ်နာရီပဲသင်သင် ဆရာပဲ။ ကိုယ့်ကို သင်ပေးတာမဟုတ်ဘဲ ကိုယ်ကမြင်လို့၊ ကြည့်လို့ သူ့ကို အတုယူမိရင်တောင်မှ အဲဒါ ဆရာ။ သမီးကို ဒီလောက်ထိ မိုက်ရိုင်းနေမှန်း ဖေဖေ မသိဘူး"

"မိုက်ရိုင်းတာ မဟုတ်ဘူး ဖေဖေ၊ သူက ကူးကို ဖုန်းမပြောရဘူးတဲ့"

လက်ညှိုးထိုးတိုင်ပေမယ့် ဦးသိန်းထိပ်က ခေါင်ရိပ်ကို လှည့်မကြည့်ပါ။

အပြင်ကနေ သူအားလုံး ကြားပြီးသား၊ ဆရာရယ်လို့ ဘာမှ ရိုသေလေးစားသမှုမရှိဘဲ ပြောချင်သလိုပြော၊ ဆိုချင်သလိုဆိုနေတာက သူ့သမီးပဲ ဖြစ်သည်။

ဦးသိန်းထိပ်က ကူးရှေ့မှာ ဖြန့်လျက်ရှိနေသည့်စာအုပ်နှင့် ကူးမျက်နှာကို တစ်လှည့်စီကြည့်၍ ...

"ဆရာကို လေးလေးစားစား ဆက်ဆံပါ။ ကျက်ခိုင်းတာ ကျက်၊ ရေးဆိုရင် ရေးရမယ်၊ မိနစ်ကလေးဖြစ်ပြီး နာခံတတ် တဲ့အကျင့်ရှိမနေတာ ဖေဖေ သိပ်ရှက်တယ် ကူး။ ဒီတိုင်း ဆက်သွားနေဦးမယ်ဆိုရင် သမီးကို ညောင်လေးပင် ပို့ရလိမ့်မယ်"

ကူး မျက်နှာ ဆတ်ခနဲမှောသွား၏။ သားအဖချင်းတော့ ဒါမှာပေမယ့် ခေါင်ရိပ် ဘာမှမသိပါ။ ထို့ကြောင့် ကြားနေပေမယ့်လည်း မှောမ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြစ်ပေ။

ဖော်အောင်ပေးထားသည့် ဘင်ရိုးစာအုပ်ကိုပဲ ဟိုဒီလှန်လှောလှန်နေလိုက်သည်။ ဦးသိန်းထိပ် ပြန်ထွက်သွားမှ သူ မော့ကြည့်တော့ ကူးမျက်ရည်တွေဝေ့လျက် အံကြိတ်နေ၏။ ပြီးတော့ မော့လာသည့် သူ့မျက်နှာဆီ အကြည့်တွေ ရောက်လာသည်။

ဘာဖြစ်နေနေ ကိုပန့်အလုပ်မှမဟုတ်ဘဲ၊ ခေါင်ရိပ်က ခပ်တည်တည် ပြန်ကြည့်၍ ဘာအုပ်ကို မေးဆတ်ပြသည်။

"နားမလည်သေးရင် ရှင်းပြမယ်၊ မလိုဘူးဆိုရင် ကျက်တော့၊ မိနစ်နှစ်ဆယ် အချိန်ပေးမယ်"

ပြောလိုက်ပြီး ယူလာသည့် အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်ကို ထုတ်ဖတ်နေလိုက်သည်။ တမင်တကာ ယူလာတာက ကြွားချင်လို့မဟုတ်ပါ။ ဒါပေမယ့် သူ့မကို မြင်စေချင်သည်။ ကြွားကယ်ထင်ရင်ငို့ မေးခွန်းတွေ ထွက်လာတော့လည်း ဖြေလိုက်ရုံပဲဖြစ်၏။

သို့သော် မည်သည့်စကားသံမှ ထွက်မလာဘဲ ဘာအုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်တာ ကြား၏။

သူ့မျက်လွှာပင့်ကြည့်လိုက်တော့ မျက်ရည်ကို ဖြစ်သလို ပွတ်သုတ်ပစ်လိုက်သည့် ကူးရဲ့ပါးတစ်ဖက်မှာ မျက်ရည်တွေနှင့် ...

ခေါင်ရိပ် နှုတ်ခမ်းမပါအောင် သတိထား၍ပြုံးလိုက်မိ၏။ စိတ်တော့ မကောင်းဘူး ချာတိတ် ...

မင်းကို သနားလို့ကိုမရတာ၊ တကယ် ...

* * *





အခန်း (၆)

"ဟင် ...တကယ်"

"တကယ်ပါဆိုမှ၊ နာမည်က ခေါင်ရိပ်တဲ့"

"အထက်စီးကနေ အမြဲတမ်း စီးမိုးနေချင်တဲ့ နာမည်ပဲ၊ နင့်ကို တွေ့တော့ သူ ဘယ်လိုနေလဲ"

"လုံးဝ မမှတ်မိဘူး"

"ဟင် ..."

သက်မွန် နောက်ထပ် ဟင်ခနဲဖြစ်ပြန်သည်။

ခြံထဲကနေ နှစ်ယောက်အတူယှဉ်တွဲလာခဲ့ကြရင်း ကူးလက်ကို ဆုပ်ကိုင်၍ သေချာအောင် ထပ်မေးလိုက်၏။

"အမိပ္ပာယ်မရှိလိုက်တာဟာ နင့်ကိုများ မမှတ်မိဘူးဆိုတာ သက်သက်ထွင်တာပဲ"

"တကယ်မမှတ်မိတာဟ၊ ငါ သိတာပေါ့"

သက်မွန်က ကူးမျက်နှာလေးကို မျက်လွှာပင့်ကြည့်ကာ ယုံကြည်ပုံရှိသေး။ မျက်နှာမှာ အလှအပ သိပ်မပြင်တတ်ပေမယ့် နှုတ်ခမ်းနီဆိုး အရောင်ရင့်ရင့်တွေချည်း ဆိုးတတ်သော ကူးက တစ်ကိုယ်လုံးမှာ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုစရာ ဘာရှိလို့လဲ။

နောက်ကကြည့်ရသည့်သူက ရှေ့ရောက်ရင် သမင်လည်ပြန် ကြည့်သည်။ မျက်နှာကိုမြင်ပြီး နောက်ရောက်သွားတာနှင့် ကျောဘက်ကို ပြန်ကြည့်ကြတာ။

ဒါကို ကူးနှင့် သေချာကြီးရန်ဖြစ်ခဲ့သည့်လူက မမှတ်မိဘူးဆိုတာ မယုံပေ။

ကူးကတော့ ပခုံးလေးကျုံ့ရယ်လိုက်ပြီး ...

"ဝေမော်သိရင် အံ့သြသွားဦးမယ် သိလား၊ အဲဒီတစ်ယောက်ကို တိုက်ပုံကြီးဝတ်ထားပြီး စိတ်ပုပ်လိုက်တာလို့ သူ ပြောတာလေ"

"ခုကော ဘယ်လိုပုံစံလဲ"

"တိုက်ပုံနဲ့ပဲ၊ ဆရာလုပ်ဖို့ လာပါတယ်ဆိုမှ"

သက်မွန်မျက်နှာမဲ့ခနဲ ဖြစ်သွားသည်။

"ဒီလိုပုံစံ ဒီလိုစိတ်နဲ့ နင်တော့ သွားပြီ ကူး"

ကူးက ရယ်ပြန်သည်။ ကိုင်ထားသည့် ဗီဒီယိုခွေတွေကို စာအုပ်ပိုက်သလို ရင်ခွင်ထဲမှာ ပိုက်ထားလိုက်သေး၏။ ပြီးမှ ...

"မသွားဘူးဟ၊ သေချာကြည့်တော့ ချောသားပဲ"

"အံမယ်"

"ဟုတ်တယ်၊ အသက်လဲ သိပ်ကြီးပုံမရဘူး ရုပ် သိပ်မရင့်ဘူး"

"ကူးနော် ဒါကြီးကို ..."

ကူးက ရယ်မောမပျက်နှင့် သက်မွန်ကို ပခုံးချင်းတိုက်ပစ်လိုက်၏။

"ပြူးစိစိမလုပ်နဲ့ မိန်းမ၊ တစ်သက်လုံး ပုံစံပေးသွားရမယ် သိလား၊ သဘောမတူဘူး"

ဟု ပြောကာ သက်မွန်က ပခုံးနှင့်ပြန်တိုက်သည်။ နှစ်ယောက်လုံး ယိုင်ထွက်သွားကြစဉ် ကူးသည် တစ်စုံတစ်ယောက်နှင့် ထပ်ဆင့်





တိုက်မိကာ ...

"ဟာ ..."

"အယ် ..."

ကိုယ်ကို မတ်မတ်မရပ်ရသေးမီ လက်မောင်းကို ဆုပ်ကိုင်ဆွဲထူလိုက်ရခြင်းကို သိလိုက်၏။

"ဟင် ..."

"ဟဲ ဟဲ"

ကြည့်လိုက်တော့ ချစ်မိုးဇွေဖြစ်နေ၏။ ကျောင်းတော်က ရန်စပါ။ ဒုတိယနှစ်တစ်နှစ်လုံး သဲကြီးမဲကြီး ဖွတ်လိုက် ကပ်တွယ်နေခဲ့တာ ဒီနေ့ထိ။

လူက ပိန်ရှည်ရှည်၊ ဆံပင်တိုကပ်ကပ်နှင့် အသားက မည်းတာမဟုတ်ဘဲ စိုပြေခြင်းမရှိ။ ယောကျ်ားတန်မယ့် လက်စွပ်၊ ဟန်းချိမ်းတွေ ဝတ်ထားလိုက်တာ လူခဲ့နေ၏။

မြင်လိုက်တာနှင့် သူ့ကိုယ်သူ သူဌေးသားမှန်းသိသာစေချင်ပုံပေါ်သည်။ ကူးမျက်လုံးထဲမှာတော့ အကြည့်ရဆိုးပါဘိခြင်း။

ဘယ်တုန်းကတည်းက နောက်က ပါလာမှန်းမသိဘဲ သူ့ကိုမှ တိုက်မိရတယ်လို့။ ဒေါသဖြစ်ဖြစ်နှင့် သူကိုင်လိုက်သည့်လက်မောင်းကို ဆတ်ဆတ်ခါ ပွတ်သပ်ခါထုတ်နေမိ၏။

"ဆောရီးနော် တို့က ကူး လဲသွားမှာစိုးလို့"

"မလိုဘူး၊ ကိုယ့်လမ်းကိုယ်သွား၊ ဟွန်း ..."

သက်မွန်ကလည်း မဲ့ရွဲ့လျက် မျက်စောင်းနှစ်စင်းက ပြိုင်တူ။ ကြွေးထူတော့ မပူ၊ သန်းထူတော့ မယားတဲ့။

ချစ်မိုးဇွေကတော့ ဘူထူသည် မသိပါ။ မျက်စောင်းပဲထိုးထိုး၊ လှဲ့သွားပဲဖြစ်ဖြစ် သွားအဖြီးသားနှင့် ကပ်လိုက်လာ မြဲသာ။



www.burmeseclassic.com

www.burmeseclassic.com



"ကူး ..."

"ဟဲ့ မိုးရွှေ"

သက်မွန်က ကူးဘေးမှာ ကပ်ပါလာသည့် ချစ်မိုးရွှေကို လည်ပင်းရှည်ကြည့်၍ ...

"နင် ဘာလိုက်လုပ်တာလဲ၊ အလိုလိုကမှ ကူးရဲ့ဖေဖေက အပြင်ထွက်တိုင်း ပြဿနာရှာနေတာ၊ ပြန်ပါတော့ဟာ"

"ပြဿနာရှာလို့မရအောင် တို့က ကြိုးစားလို့ရတယ်။ အန်ကယ် သိန်းခွဲ ဖေဖေနဲ့ ခင်ခင်မင်မင်ရှိကြတာ ကူး သိပါတယ်။ တို့ကို တစ်ချက်ပဲ ခေါင်းညိတ်လိုက်"

"အံမာ"

ကူး ခြေလှမ်းတုံ့ခနဲ ရပ်ပစ်သည်။ ချစ်မိုးရွှေက တစ်ထပ်တည်း လိုက်ရပ်၏။

"မျက်နှာ လိုက်မပြောင်နဲ့ ချစ်မိုးရွှေ၊ နင့်ကို ငါ ပါးမရိုက်ရဲဘူး ထင်နေလား"

"ရက်စက်တယ် ကူးရယ်၊ ကူးရဲ့ ဘေးမှာ အမြဲရှိနေချင်လို့ စာမေးပွဲတောင်မှ အတူတူကျခဲ့တာကို ..."

"ဟဲ့သေလိုက်လေ၊ သေလိုက်တော့ သွား ..."

ဒေါသဖြစ်လွန်းလို့ အဲဒီမျက်နှာကို ဘယ်ပြန်ညာပြန်ရိုက်ပစ်လိုက်ချင်၏။

"ဒီမှာ ချစ်မိုးရွှေ၊ နင့်ဟာနင် အကျခံတာပဲဖြစ်ဖြစ်၊ အသုံးမကျတာပဲဖြစ်ဖြစ် အဲဒီလောက် ပေါတောတော၊ ဂေါက်တောက်တောက်ဟာကို ငါက အိပ်မက်ထဲတောင် ထည့်မမက်ဘူး"

"ပြောမနေနဲ့ကူး၊ နင် ဘာပြောပြော အဲဒီမျက်နှာက အရာထင်မှာ မဟုတ်ဘူး။ လာ သွားမယ်"





ကူးလက်ကိုဆွဲ၍ အချွေဆိုင်ရောက်အောင် သွက်သွက် လက်လက် လျှောက်ခဲ့မိကြသည်။ ချစ်မိုးရွှေက ခြေလှမ်းနှေးကျန်ခဲ့ပေမယ့် ပြန်လှည့်မသွားသေးဘဲ ကူးနှင့်သက်မွန် ပြန်လာတဲ့အထိ စောင့်နေမယ့်ပုံ ရှိသည်။

နောက်ပြန်လှည့်ကြည့်လိုက်ပြီးမှ သက်မွန်က ဆံပင်တွေပါ ခါထွက်သွားအောင် မျက်စောင်းထိုးပစ်ခဲ့၏။

"အဟွန်းကူးရယ် နင်မပြောနဲ့ ငါတောင် အဲဒီကောင်ကို ကြည့်လို့မရဘူး။ ရုပ်ကမချောရတဲ့အထဲ ပြောင်လိုက်သေးတယ်။ သူ့ဟာသူ အသုံးမကျလို့ စာမေးပွဲကျတာကို အတူတူ အကျခံခဲ့တယ်ပဲ ဖြစ်ရသေးတယ်"

"ခအေးလေ စာမရလို့ စာမေးပွဲကျတာ ရှင်းရှင်းကြီး၊ ယောကျ်ားဖြစ်ပြီး ပလီစီချောက်ချက်နဲ့"

နှစ်ယောက်သား ဒေါသကန့်ကာ အချွေတွေအပ်ပြီး နောက်ပြန်လှည့်တော့ဘဲ လိုင်ကားပေါ် တိုးတက်လိုက်ကြသည်။

ထင်သည့်အတိုင်းပဲ ချစ်မိုးရွှေက ရပ်နေဆဲဖြစ်၏။ ကူး နှုတ်ခမ်းလေး ရွစိရွစိ လှုပ်ခတ်လာပြီး အသံတိုးတိုးလေးထွက်၏။

"အဲဒီမှာနေရင်း ဘရိတ်ပေါက်လို့ ချော်ထွက်လာတဲ့ ကား တိုက်ပြီး သေပါစေ ..."

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ကျောင်းမှာလည်း ဆရာမဝင်တဲ့အတန်းချိန်မှာ ကျက်တာပါပဲ။ အိမ်ပြန်ရောက်တော့လည်း ရေချိုးရင်း ဆိုကြည့်၊ ထမင်းစားရင်းလည်း ရွတ်။

ဘယ်လိုကျက်ကျက် ချောချောကိုမရပေ။ နာရီကြည့်တော့ ဆရာလာဖို့ နာရီနှိုးပဲဖြစ်နေ၏။ ခေါင်းကိုက်တယ်၊ ဗိုက်နာတယ် ပြောလည်း...

"ဆေးသွားသောက်လိုက်"

ဟု ပြောပြီး နာရီကြည့်၍စောင့်သည်။

"သောက်ဆေးပေးမယ့် ဒီလောက်ဆို ရပါပြီ၊ ပြန်စမယ်" ဆိုသာမျိုး။ စာသင်ချိန် ဘာကြောင့်ပဲလျော့လျော့ အချိန်ပိုသင်ပြီးမှ ပြန်သည့်သူ။

ဘယ်လိုညာဏ်များဖို့မှ မလွယ်ပါ။ စာသင်ချိန်ပြီးလျှင် ခုနစ်နာရီဆိုတာ ပုံမှန်မဟုတ်ဘဲ တစ်ခါတလေ ရှစ်နာရီလည်း ဖြစ်တတ်၏။

ထိုအခါများဆို ဆရာ့ကို ပြန်ပို့ပြီးတာနှင့် ဖေဖေဆူတာခံရတော့သည်။ ခုမှာပေါ့ ဖေဖေ ပြန်လာလို့ မေးတော့ သူက ဖြေတာကြည့်-

"ဆရာ မပြန်ရသေးဘူးလား"

"ရပါတယ်၊ သူ စာမရသေးလို့" တဲ့။





ဖေဖေဆူလည်း ဘာမှ ပြန်မပြောနိုင်တော့ပေ။ စာကလည်း တကယ်ကို မရတာကိုး။ ဒီနေ့လည်း စာမရနိုင်တာနှင့် စိတ်ညစ်နေရပြန်ပြီ။

ဒီလူက တော်တော့်ကို မလွယ်တဲ့လူပါ။ ဆရာဇော်အောင်ထက် အဆများစွာဆိုးသည်။ ဆရာဆိုလျှင် စာမရလျှင် ကူ ကျက်ပေးသည်။ ရယ်ရယ်မောမောပြောဆိုကြရင်း ဟိုအကြောင်း ဒီအကြောင်းတွေ ပြောဖြစ်ကြတာလည်း ရှိသေးသည်။

ဒါကြောင့် စာသင်ချိန် သိပ်မကြာခင်မှာဘဲ ဆရာနှင့်ကူး ရင်းနှီးခဲ့ကြတာဖြစ်၏။

ဒီလူကတော့ သူ့ကိုယ်သူ တကယ့်ဆရာရုပ်ကြီးနှင့် နေသည်။ တစ်ချက်မှ ညင်ညင်သာသာ ပြောဆိုတာမရှိ။ စာရှင်းပြီဆို နားမလည်မချင်း ရှင်းပြတတ်ပေမယ့် အဲဒါကိုရမှ ကြိုက်သည်။ မရမချင်း မထနဲ့ဆိုတာမျိုး။

ကူး ရေချိုးရင်း၊ ထမင်းစားရင်း စာကျက်နေရတာ တွေ့တော့ ကြီးကြီးစုက သနားနေသည်။

"ထမင်းတော့ ဖြောင့်ဖြောင့်စားပါ ကလေးရယ်၊ ပြီးတော့မှ ကျက်ပေါ့ကွယ်"

ဟု ကိုယ်တိုင် တယုတယ လာခွံ့ကျွေးရင်း ပြောရသည်။ ဖြူးမွဲမွဲ လှမ်းကြည့်သွားသည့် ပပလွင်မျက်နှာကတော့ အသည်းယားဖွယ်ကောင်းလှသည်။

ကူးကလည်း ဒီမျက်နှာကိုမှ လိုက်မကြည့်ရဘဲနှင့် ခဏခဏ မြင်နေရသည့်အဖြစ်။

"ရပြီလား"

ခေါင်ရိပ်က စားပွဲမှာထိုင်ပြီးသည်နှင့် ချက်ချင်းမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မကျော့ဘူး"

ကူးက မကျေလာည်သံနှင့် ပြန်ဖြေပြီး နှုတ်ခမ်းကို ရှုထော် ဘား၏ မဆွရဲအောင်လို့ ကာကွယ်ထားလိုက်ခြင်းဖြစ်သည်။

ခေါင်ရိုပ် ကူးမျက်နှာလေးကို စိုက်ကြည့်၍ စားပွဲပေါ် တင်လို သည့် လက်ဖဝါးနှစ်ဖက်ကို တပ်ဆုပ်သည်။

စာသင်ဖို့ မကြိုးစားသေးဘဲ ကူးမျက်ဝန်းထဲကနေ ရင်ထဲထိ ထွင်း ဖောက်မြင်နိုင်ဖို့ ကြိုးစားနေတာနှင့်တူသည်။ ကူးကလည်း စာအုပ်တွေ ရှေ့ချလျက် ကုလားထိုင်မှာ မှီနေ၏။

ခါးတော့်တော့ လက်ပိုက်ရင်း မျက်နှာကို တည့်တည့် မော့ထား သည်။ မျက်ဝန်းလေးတွေကိုပဲ ဘေးမှာ နည်းနည်းလွှဲ ဖယ်ထား၏။

နှစ်ယောက်က မျက်နှာချင်းဆိုင်ထိုင်နေကြပြီး မျက်နှာထားတွေ တင်းနေကြပုံ တစ်မျိုးစီနှင့် ...

ပထမဆုံး ခေါင်ရိုပ်ပဲ နှစ်ဖက်ဆုပ်ထားသည့် လက်ဖဝါးတို့ကို ဖြေ၍ ကူးလိုပဲနောက်မှာ ခါးမတ်မတ်နှင့်မှီလိုက်၏။ ကူးလိုပဲ လက်ပိုက် ထားလိုက်ကာ ...

"ဟုတ်ပြီ၊ စိတ်ကူးရှင့် ဒီမှာ ..."

ခေါ်လိုက်တော့ စိတ်ကူးရှင့်က မျက်နှာမပါဘဲ မျက်ဝန်း လေးတွေ ချည်း ပေစောင်းစောင်း ရွှေလာသည်။

"ဒီနေ့ မင်းလဲ စာမရဘူး ပါတဲ့ ဆရာက်သင်ချင်စိတ် မရှိဘူး မင်းနဲ့ပါ စကားပြောရအောင်"

ဟင်...၊ ကူး လိုက်ခနဲ ပျော်သွားသည်။ ဘာကယ်လား .

မျက်နှာလေး စိတ်ဝင်တစား ပြည့်လာကာ ခေါင်ရိုပ်ကို သေချာ ကြည့်သည်။

မျက်နုံထူထူ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းက တချင်ချင်နှင့် လေးကိုင်း





ဝိဝိရိရိ ညွတ်နေသည်မို့ ကြည့်ကောင်းသည်။

မြင်နေကျပုံပါပဲ ဒီမျက်နှာ ဘာဖြစ်လို့ ပြောင်းလဲသွားပါလိမ့်။ ရင် ဘတ်ထဲထိ မသိမပမယ့် ကူးနှုတ်ခမ်းလေးတွေ ပြုံးယောင်သန်းလာ လျက် ...

"ပြောမယ်"

ခေါင်ရိုပ်က ပြုံးတော့မလိုနှင့် နှုတ်ခမ်းတစ်ချက်ဖိ၍ စားပွဲမှာ လက်တင်ရင်း ရှေ့ပြန်တိုးသည်။

"မင်း ဘာစိတ်ဝင်စားသလဲ ပြော ..."

"လျှောက်လည်ဖို့"

ကဲ့ရဲ့သော မဲ့ပြုံးတစ်ချက်နှင့် ခေါင်ရိုပ် နှုတ်ခမ်းတွန့်ခနဲဖြစ်၏။

"ဘယ်သူတွေနဲ့လဲ"

"သူငယ်ချင်းတွေနဲ့ပေါ့"

"ဘာလုပ်ကြလဲ"

"ဘာလုပ်လဲဆိုတော့ အဲ ..."

ကူး အရမ်းတက်ကြွနေသည်။ သူ ဘာစိတ်ကူးတွေ ဖြစ်သွားမှန်း သိပေမယ့် ကိုယ်ကလည်း ဂရုမစိုက်တာကို ပြချင်သည်။ ပြီးတော့ သေချာသောက် အများကြီးပျော်ဖို့ကောင်းတာလဲ။

မျက်လုံးလေးနှစ်ဖက်ပင့်၍ သူ့ကိုကြည့်လိုက်၊ မျက်ဝန်းလေးတွေ လွှဲ၍ စဉ်းစားလိုက်လုပ်နေသည့် ကူးမျက်နှာကို ခေါင်ရိုပ်က တစ်ခွန်းမှ သပ်မမေးတော့ဘဲ ထိုင်ကြည့်နေလိုက်၏။

ထိုအခါ ကူးသည် စိုက်ကြည့်နေသည့် သူ့မျက်လုံးများနှင့် အကြိမ် ကြိမ်အခါခါ ထိပ်တိုက်ဆုံမိလျက် ပြောဖို့စကားတွေ ကစဉ့်ကလျား ဖြစ်ကုန်၏။

ခေါင်ရိုပ်ဆိုသည့်လူဟာ တိုစိပ်သောမျက်တောင်တွေ ရှိလျက်

www.burmeseclassic.com



မျက်နှက်ဝန်းတို့က စူးရှုးရဲရဲရှိနေ၏။ ပြီးတော့ နားသယ်ဆံစပ်မှ ခပ်ရိုပ်ရိုပ်ဆင်းလာသည့် ပါးသိုင်းမွေးရေးများက မသိမသာမဟုတ်ဘဲ စိမ်းမှောင်နေသည်။

တဂါယ်ပါ။ ကူး ဤသို့ဤနှယ်သောနည်းဖြင့် ဒီလူကို တစ်ခါမှ သေချာမကြည့်မူးခဲ့ပေ။ ထူပြည့်ပြည့် နှုတ်ခမ်းလွှာတို့ကို စေ့ပိတ်ထား တတ်သည်က ခွဲဆောင်မှုရှိနေ၏။

ခေါက်တုံ့ခေါက်ပြန် ပြေးလွှားရင်း စကားသံတစ်ခွန်းမှလည်း ထွက်မလာသည့် မျက်ဝန်းလေးတွေနှင့် ကူးနှုတ်ခမ်းတို့ကို ခေါင်ရိုပ်တ လည်း အကဲခတ်နေ၏။

သေချာသိလိုက်ရသည်က သူ့မျက်ဝန်းများနှင့် စိတ်ကူးတစ်ထပ် တည်းရှိနေတာ မဖြစ်နိုင်ခြင်းပင်။ ဆိုလိုသည်မှာ ပြောဖို့အားထုတ် နေဆဲတွင် သူ့မှစိတ်တွေ တစ်စုံတစ်ရာဆီ ရောက်သွားခြင်းလား ...

"ဘာစဉ်းစားနေတာလဲ၊ မင်း စိတ်ဝင်စားတာကို ပြောဖို့တောင် မိုးလောက် စက်ခဲနေသလား"

မေးဆတ်မေးလိုက်တော့ ကူးက မလုံမလဲလေးပြုံးသည်။

"စိတ်ဝင်စားတာဆိုရင် ဆရာ့ကို ကူး မေးမယ်လေ"

"ဘာ ....ငါ့ကို ..."

"အင်း"

သူ့မျက်နှာ ဖျက်ခနဲ ပြောင်းလဲသွား၏။ ပြီးမှ ခေါင်းညိတ်၍ ...

"မေးကြည့်လေ၊ ဘောင်တစ်ခုတော့ ထားပေါ့"

"ထားမှာပါ ဆရာ့မှာ ရည်းစားရှိသလားလို့ မမေးဘူး၊ မိန်းမ ဘယ် နှစ်ယောက်ရခဲ့ဖူးလဲ မပါစေရဘူး၊ အသည်းကွဲခဲ့ဖူးလား လို့ မမေးဘူး ဆိုတာလဲ ကတိပေးတယ်"

သူက နှုတ်ခမ်းလှုပ်ရုံလေး ပြုံးသည်။ ပေါ်တော့ကို ကြည့်ကောင်း





နေပြန်သည်။ ကူးရှေ့မှာ သူ အမြဲပြုံးတာက ဟိုမှာမလှတာ၊ အထင် မြင်သေးလို့ ကဲ့ရဲ့ဖို့ မဲ့ပြုံး ...

သူက ခေါင်းညိတ်၍ ...

"ရပြီ မေး ..."

"ဆရာ့ရဲ့ ဇာတိ"

ခေါင်ရိုပ်က ရုတ်တရက်မဖြေဘဲ မျက်လုံးတစ်ချက်ဝေ့သွားပြီး ငြိမ်နေသည်။ ပြီးမှ ...

"ပြည်"

တုံးတိတိဖြေ၏။ ဟုတ်ရဲ့လားလို့မမေးပေမယ့် ကူးက စိုက်ကြည့် လိုက်သေးသည်။ နောက်တစ်ခု ...

"ဆရာ့အသက် ဘယ်လောက်ရှိပြီလဲဟင် ..."

"ဘာလုပ်မလို့လဲ"

"သိချင်လို့ပေါ့။ ဆရာပဲ စိတ်ဝင်စားတာမေးဆိုပြီးတော့"

သူ့မျက်ခုံးနှစ်ဖက် အနည်းငယ်တွန့်သွားသည်။

"မင်းအကြောင်းပဲ မင်းပြောပါ"

"ဆရာ့ကိုပဲ ကူး စိတ်ဝင်စားတာ"

မျက်လုံးချင်းဆုံသွားသည်။ ကူးက ရဲရဲတင်းတင်း ပြန်ကြည့်၏။ ခေါင်ရိုပ်မျက်ဝန်းတို့က မလိုလားခြင်းအမှတ်မှာ အမြင့်ဆုံး ရောက် သွက် ...

"မင်း စိတ်ဝင်စားပေမယ့် ငါ့အကြောင်း ငါတောင် စိတ်မဝင်စားဘူး။ နေပါဦး မင်းပညာသင်ရမယ့်အရွယ်မှာ ပညာကို စိတ်မဝင်စားဘဲ ဖြစ် နေတာငါနားမလည်တော့ဘူး။ အဲဒါကြောင့် မင်း ဘာကိုစိတ်ဝင်စား နေသလဲဆိုတာကို သိချင်တာ။ ငါ့ကို ပြန်မမေးနဲ့"

"ကူးမှာ ရည်းစားရှိ၊ မရှိ ဆရာ သိချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မသိချင်ပါဘူး။ ရည်းစားရှိတဲ့လူတောင် မင်းလောက် သိမ်းသွင်း ရခက်မှာ မဟုတ်ဘူး။ မင်းကတော့ ဘာမှန်းကိုမသိဘာ"

"ဒါဆို ကူးမှာ ရည်းစားမရှိတာ ဆရာ သိတယ်လို့ယူဆရမှာပေါ့"

ကူးက မရှိုမချဥ်လေးပြုံး၍ ပြောသည်။ ပြီးတော့ ချက်ချင်း မျက်နှာကို တည်ပစ်လိုက်ကာ ...

"ဟုတ်တယ်၊ ကူး စာလဲမသင်ချင်ဘူး။ ပြီးတော့ တော်လဲ မတော်ချင်ဘူး။ ပညာတတ်ခြင်း၊ မတတ်ခြင်း၊ အောင်မြင်ခြင်း၊ မမြင်ခြင်းမှာ ကူးအတွက် ဘာမှထူးခြားလာဖို့ မရှိတဲ့နောက် ..."

"ဘာကိုထူးခြားချင်လို့လဲ၊ ကြီးစားဖို့ ပညာတတ်ဖို့က မင်းဘ၀ အတွက် မဟုတ်ဘူးလား"

"ပြောကြတာပဲ"

ကူး ဘယ်လိုစိတ်ကူးတွေဖြစ်နေသည်တော့ မသိပါ။ နှုတ်ခမ်းသည် မဲ့ပြုံးလေးနှင့် တံခါးပေါက်ကို မျက်ဝန်းလေးစွေကြည့်သည်။

"လူတွေက မသိလို့ပါ။ တကယ်တမ်းကျတော့ ဦးသိန်းထိပ် ဘယ်လောက်တော်တယ်၊ ထောင့်စေ့တယ်ဆိုတာ အခိုင်အမာရှိနေဖို့ ကူးကို အောင်မြင်စေချင်တာ"

ကူးရင်ထဲက အလက်တွေ ထွက်ကျလာသည်။ မိဘကို ပုတ်ခတ်ပြောနေတာ သဘောမကျစရာပေမယ့် သူဘာမှဝင် မပြောဘဲ အသာနားထောင်နေလိုက်သည်။

ဘာပဲဖြစ်ဖြစ်မလိုချင်ပါဘူးဆိုတဲ့လူကို အတင်းပေးလို့မရတော့တာ ဟာ ပညာပဲဖြစ်သည်။ ထို့ကြောင့် ဒါကျက်ပါ။ ဒါမှတ်ပါလို့ရမကာ အကြမ်း ဖက်တိုက်တွန်းနေဖို့ကို သူလျှော့ပေးလိုက်ခြင်းဖြစ်သည်။

သူမ ဘာကိုအလိုရှိနေသလဲ၊ ဘာဖြစ်နေတာလဲ ဒါကိုသိဖို့လို၏။ အထူးသဖြင့် စိတ်ကူးရင့်ဆိုသည့် မိန်းကလေး တော်တော်ဆိုးသည်





ဆိုသော သတင်းက ရှိနှင့်ပြီးသားမို့ သူမကို နားလည်ဖို့ လိုအပ်လာပြီကို တွေးမိခဲ့ခြင်း ဖြစ်သည်။

ကူး စကားစလိုက်သည်နှင့် သူမရင်ထဲမှာ အုံဖွဲ့နေသော တစ်စုံ တစ်ရာဟာ ဦးသိန်းထိပ်နှင့် သက်ဆိုင်နေပြီမှန်းလည်း သိလိုက်သည်။

"ဖေဖေ့ကို ကူး သိပ်ချစ်တယ်။ ဒီနေ့ထိ ဖေဖေ့ထက် ပိုချစ်ရမယ့်သူ သွေးသားထဲမှာကော သူစိမ်းထဲမှာကော တစ်ယောက်မှ မရှိခဲ့သေးဘူး"

ကူးက ဆံပင်ဖျားဖျားလေးတွေထဲကို လက်ချောင်းသွယ်သွယ်လေးတွေ ထိုးတည့်ပွတ်နေရင်း အေးအေးဆေးဆေး ဆက်ပြောနေ၏။

"မေမေ မရှိတော့ဘူးဆိုကတည်းက ဖေဖေ့ကို မေမေ့အတွက်ပါ ကူးက ပုံပြီးချစ်ခဲ့ကား နကျတော့ ..."

ပြောနေရင်း ကူးက ခေါင်းငိုက်ကိုကြည့်ကာ ...

"ကူးစိတ်ထဲမှာ ပြောင်းလဲကုန်ပြီ"

ကူးက ဆက်မပြောဘဲ နှုတ်ခမ်းလေးစေ့ပစ်ပြီး ခေါင်းခါသည်။

နားမှာ ဟွဲလောင်းလေးပန်ထားသည့် အဖြူရောင်နား ကွင်းဝိုင်းဝိုင်း လေးက သွက်သွက်ခါလာမ်းလျက် ...

"အားလုံးဟာ ဝတ္ထုရေးဆန်ဆန် လှုပ်ရှားမှုပဲ။ မေတ္တာတရား ဆို ဟာဟာလဲ အေးမြတယ်ဆိုပေမယ့် ပြောင်းလဲတတ်တဲ့ သဘောထဲမှာ ပါတာပဲထင်တယ်။ တကယ်တော့ ..."

ကူးက ခေါင်းငိုက်မျက်နှာကို တည့်တည့်ပြန်ကြည့်ပြီး ပြုံးပြသည်။

"ကူး စာမေးပွဲကျတော့ ဖေဖေ ဒေါသတွေ ဖောင်းပွကုန်တာ ဘာဖြစ် လို့လဲ ဆရာသိလား"

"ပြောပါဦး"

"အပြစ်တစ်ခု လုပ်ထားပြီးတဲ့လူဟာ သူများကို အပြစ်ရှာတတ်တာပဲ။ အထူးသဖြင့် ခုချိန်မှာ ကူးစာမေးပွဲကျတော့ ပိုကဲ့ရဲ့ကြမယ်လေ၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ယပ်ကျရင် နောက်ထပ် ကဲ့ရဲ့ခံရဦးမှာ၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေနဲ့ကူး နောက်ပိုင်းမှာ အဆင်မပြေဖြစ်နေခဲ့ကြတာကို လူတွေ သိကြတာကိုး။ ဦးသိန်းထိပ် ဒီလိုလုပ်လိုက်လို့ သူ့သမီး ဒီလို ဖြစ်နေတာဆိုတဲ့ စကားတွေ ...”

“အဲဒီစကားတွေ ထွက်လာစေချင်တာက မင်းပဲမဟုတ်လား”

စကားသံကြောင့် ကူးမျက်လုံးတွေ တခါးဂဆိ ဖျက်ခနဲ ရောက်သွားပေမယ့် ကျောပေးလိုင်နေခဲ့သည့် ခေါင်ရိပ်ကတော့ နောက်လှည့်မကြည့်ခဲ့ပါ။

သူ့မျက်နှာမှာ စိတ်ပျက်သည့်အရိပ်ကြောင့် ဖျက်ခနဲ မှောင်သွားပြီးမှ ရုက်ချင်း တည်ငြိမ်သွားပြန်သည်။ ဒီအခြေအနေ ဖြစ်အောင် ဖန်တီးခဲ့တာ မဟုတ်၊ ဒါပေမယ့် ဖြစ်လာတော့လည်း မဟုတ်နိုင်ပါ။

သူ့သိထားခဲ့သော ဦးသိန်းထိပ်နှင့် ပေလှင်ဆိုသော အမျိုးသမီး၏ စကားသံက ရွှေလျားလာခြင်းမရှိဘဲ ထိုနေရာမှာပဲ ဆက်လက်ထွက်ပေါ်လာခဲ့၏။

“မင်းပြောနေတာ မင်းအဖေရဲ့အကြောင်းဆိုတာကော သတိ ထားမိရဲ့လား ကူး၊ ပက်လက်လှန်ပြီ တံတွေးထွေးရင် ဘယ်သူ့ အပေါ်ပြန်ကျမလဲ”

“ပက်လက်ပဲပြဲပြဲ၊ မှောက်ခုံပဲဖြစ်ဖြစ် ဒကော်ရာအနာ ဟာရနဲ့ မကနိုင်၊ မကြွနိုင်တဲ့သူ့ဆိုတော့ ဘယ်ရောက်ရောက်၊ ဘယ်ကျကျ၊ ထွေးမှာပဲ။ ဒီမှာမလှင် နေရာကောင်းရချင်တာမျှင်းတွေရင်း အဲဒီနေရာကို ဂ ယူ ထားရတာလား၊ ကင်မြောက်ခံရထားရလို့ ခံ့ခံ့ညားညားရထား ဘာလား ကိုယ့်ကိုယ်ကိုတော့ နားလည်ဖို့ ကောင်းတယ်”

“ပြောပါ၊ မင်း အဲဒီလို ရိုင်းစိုင်းတတ်မှန်းတို့က ကြားဖူး နားဝ ရှိထားပြီးသား၊ ခံရတာ မဆန်းပါဘူး”

“ဟုတ်တယ် ရိုင်းတယ်”





ကူးက စားပွဲကို လက်နှစ်ဖက်နှင့် ဖှုန်းခနဲပုတ်၍ ထရပ်လိုက်၏။

“စိတ်ကူးရှင့်”

သူ မနေသာတော့ပေ။ ဝင်မပါသင့်မှန်း သိပေမယ့် နှစ်ယောက်ကြား ထဲရောက်နေတာမှ ထထွက်သွားလို့လည်းမရ၊ ဒီတိုင်း ငုတ်တုတ်ကြီး ထိုင်နေဖို့ကလည်း မဖြစ်နိုင်တော့ပေ ...

“ကိုယ့်မိသားစုချင်း မင်းမရှက်ဘူးလား၊ ပြန်ထိုင်”

“မဟုတ်ဘူး သူက ...”

“တော်ပြီလေ၊ ထိုင်လို့ပြောနေတာယ်”

အသံတွေ နှစ်ဖက်စလုံး တိတ်ကျသွားသည်။ ကျောနောက်မှာ ပေလှင်ရှိနေဆဲလား၊ မရှိတော့ဘူးလား သူလှည့်မကြည့်တော့ မသိပါ။

သို့သော် တိုဆိုသို့ စူးစိုက်ကြည့်ရင်း အံကြိတ်နေသည့် ကူးမျက်နှာလေးတွေ စိုက်ခနဲ စင်းကျသွားတော့ မျက်ရည်တစ်ချက် လိမ့်ခနဲကြဆင်းလာခဲ့ပြီး ...

“မုန်းတယ်”

ကူး ဆောင့်ခနဲပြန်ထိုင်၍ ကိုယ်ကိုမတ်သည်။ ထို့နောက် မျက်ရည်တွေကို သုတ်ပစ်လိုက်၏။

“ဆက်ပြောမယ်၊ ဆရာ နားထောင်ပေးနော်”

ခေါင်ရိပ် တစ်စုံတစ်ရာပြောရန် ပါးစပ်ပြင်လိုက်ပြီးမှ မပြောတော့ဘဲ ခေါင်းညိတ်၏။ ကူးမျက်နှာလေး ကြည်လင်သွားသည်၊ လက်ကျန် မျက်ရည်စတွေနှင့် ပူးတွဲနေသည့် မျက်ဝန်းလေးတွေမှာ ဂလာနပေါ့ဆယ် ကောက်ချိတ်အရှဲ့တုံးပိုခြင်းတို့ ဘာမှမရှိဘဲ သနားစဖွယ်လေးဖြစ်၏။

ပြီးတော့ သူမ လှပါသည်။ ထိုအခါ ဖော်ဆောင် ခပြုံးခဲ့သော စကားတချို့ကို တွေးမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးရင့် ဆိုတဲ့အတိုင်း စိတ်ကူးရင့်ရင့် ပန်းချီဆရာ ဆွဲချတာ တဲ့အတိုင်းကိုလှတာ။ မင်းမြင်တဲ့အတိုင်းပဲကွာ၊ နှုတ်ခမ်းနီ ဆိုးတတ်တာပဲရှိကာ၊ ဘယ်တော့မှ ဘာမှမလိမ်းဘူး" တဲ့။

နောက်ပြီးတော့ ပြောသေးသည်။

"မင်း စိတ်ပျက်သွားပြီလား၊ နည်းနည်းတော့ တောင်းပန်ပါတယ်ကွာ၊ ဒီ ကောင်မလေးကဆိုးဖို့ကို တာဝန်ကျေနေပေမယ့် စိတ်ရင်းလေးက ..."

"ကောင်းလား"

"ခပ်ရွှတ်ရွှတ်ပဲကွ"

အတွေးနှင့်သူ ပြုံးမိတော့မလို ဖြစ်သွားသည်။ ခုမှ ဆက်သိလာရတာက ဒီကောင်မလေး၊ စွာလည်းစွာပါသည်။ ဒါပေမယ့် ..

"ဆရာ့ကို ကူးက ခင်မယ်ဆိုရင် ရမလားဟင် ..."

ဆက်ပြောမယ်လို့ပြောပြီး မပြောလာတော့ တခြား။ ခေါင်းရိပ်က သေချာပြန်ကြည့်ကာ ...

"ရတာပေါ့။ ခင်တာ ဘာဖြစ်လဲ"

"ဖြစ်တာပေါ့၊ ကူးက ဆရာ့ကို ကြည့်လို့မရရင်းကနေ ခင်သွားတာ ဆိုတော့ ကူးကိုယ်ကူးတောင်မှ ထူးဆန်းနေတာ။ နောက်ဆိုရင် ကူး စာကျက်တော့မယ်"

သူပြုံးလိုက်မိသည်။ ကူးက မျက်တောင်ဖျားလေးတွေကို လက်ခုံနှင့်သပ်၍ သုတ်ပစ်ပြီး ပြုံးပြ၏။ ထို့နောက် စိတ်ပျက်လက်ပျက် တွန်းတိုးရွှေ့ဖယ်ထားခဲ့သည့် စာအုပ်တွေကို စိတ်လိုလက်ရ ပြန်ဆွဲယူ၏။

သူ ကူးကို တစ်မျိုးနည်းနဲ့ စည်းရုံးဖို့ကြိုးစားရင်း ဒီနေ့စကားပြောကြဖို့ ဆုံးဖြတ်လိုက်တာပါ။ ဒီထဲမှာ စကားတွေများကြ၊ ငိုကြတွေ ဖြစ်ကုန်သဖြင့် ဒီနေ့တော့သွားပြီဟုလည်း ထင်ခဲ့မိသည်။

မထင်မှတ်ဘဲ ရရှိလိုက်သော အောင်ပွဲလေးကို သူ့ရင်ထဲမှာတော့





သတ်မှတ်ရ ကျေနပ်သွားခဲ့သေးသည်။ ရေနွေးကောက်ချိတ်ပြီး ပြဿနာ့ အဖြေရှာတတ်သည့် ကူးစိတ်ဓာတ်လေးကိုလည်း ခင်မင်သွားခဲ့သည်။

မဆုံးခဲ့သော ဓမ္မာ်အောင့်စကားကို ဆက်ရမည်ဆိုလျှင် ...

စိတ်ရင်းလေးက မဆိုးပါဘူး ...

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

ဇနီးဖြစ်သူကို တစ်ကိုယ်လုံး လွှမ်းခြုံကြည့်မိရင်း ဦးသိန်းထိုက် စိတ်ညစ်ခြင်းတွေက ဆတက်ထမ်းပိုး များပြားလာခဲ့၏။ လုပ်ငန်းတွေက ဟိုဟာ ဒီဟာ ပွထနေသလောက် လူသာပင်ပန်းပြီး ငွေက ထင်သလောက်မဝင်။

ဒါ့အပြင်တချို့လုပ်ငန်းတွေထဲမှာ ယိုပေါက်တွေရှိနေတာကို ဖာထေးလို့မနိုင်ဘဲ ဖြစ်နေခဲ့၏။

အိမ်ပြန်လာတော့ အမောမပြေသည့်အပြင် အလိုက်မသိတတ်သည့် ဇနီးသည်ကြောင့် အမောခံရသည်။ အသက်အရွယ် ကွာတယ်ဆိုပေမယ့် ကွာတာထက်ကို ပပလွှင်က ကလေးဆန်ချင်နေသည်။ အလုပ်ထဲမှာ ကူဖော်လောင်ဖက် မပြုနိုင်တာ ထားပါဦး။ မနှောင့်ယှက်ဘူးဆိုရင်ပဲ တော်သေးသည်။ခုတော့ဒီလိုမဟုတ်။

"အစက မကျေနပ်ခဲ့ဘူးဆိုတာ ထားပါတော့၊ အခု ဘယ်လောက်ကြာနေပြီလဲ ကိုကြီး စဉ်းစားကြည့်ပါဦး။ သူ ဒုတိယနှစ်ကျတာကိုတောင် ညှဲ့လို့ကျတာမဟုတ်ဘူးတဲ့၊ တမင်ကျအောင်လုပ်တာလို့ ဟိုဆရာကို ရင်ဖွင့်နေတာသိလား"





မျက်ရည်မကျပေမယ့် ငိုသံလေးစွက်နေသည်။ နှုတ်ခမ်းလေးတွေ မဲ့ကျနေ၏။ ကျောပေါ်ထိ ရှည်ကျနေသည့် ဆံပင်တွေကို စကောစကာ သပ်တင်ရင်း သူမငိုချင်နေတာကို ဦးသိန်းထိုက် မြင်အောင်လည်း မျက်နှာလေး မော့လာတတ်သည်။

"သူ့တစ်မိမ်းကို ကိုယ့်အတွင်းရေး၊ ပြောပြနေတာကောင်းလား။ သူလွှင့်ကို လုံးဝမကျေနပ်တာ ကြာလေဆိုးလေပဲ ကိုကြီးရယ်။ မမစုကလဲ သူ့ဟာမကိုပြောရှင် မကြိုက်ချင်ဘူး"

"လွှင့်ကိုလဲ ကိုကြီး ပြောထားတာပဲကွာ၊ တော်ရုံဆို မသိသလို မကြားသလိုနေလိုက်ပါလို့"

"ကြားနေတာကို ဘယ်လိုလုပ်ရမလဲ ကိုကြီး။ ပြီးတော့ ကိုကြီးကို ပုတ်ခတ်ပြောနေတာ ကြားလို့မှမကောင်းပေါ့တော။ ကိုကြီး သူ့ကို စာမေးပွဲအောင်ဖို့ပြောဆိုတိုက်တွန်းနေတာ အကောင်းမဟုတ်ဘူးတဲ့၊ ကိုကြီး လက်ထပ်လိုက်လို့ သားသမီးကို ဂရုစိုက်မှုတက်မှာ ပေါ့လျော့သွားတယ်လို့ ဝေဖန်မခံနိုင်တာနဲ့ တိုက်တွန်းတာတဲ့။ သူကလဲ တမင် မကြိုးစားချင်လို့ ဆန္ဒပြနေတာတဲ့ ...တဲ"

ပပလွှင်က တစ်ဖက်တမရတော့ တစ်ဖက်က လှည့်ပြောသည်။ သူမ၏ စကားလက်နက်က ထိရောက်မှုတော့ ရှိနေပါပြီ။ ဦးသိန်းထိုက် မျက်နှာညိုမြန်းမြန်း ဖြစ်သွားသည်။ ဇနီးနှင့်သမီးကြားမှာ ဖျန်ဖြေစကားဆိုဖို့အတွက် ကိုယ်တိုင် ဒေါသမဖြစ်အောင် မျိုသိပ်ထိန်းချုပ်ရင်း ပြောင်းလဲနေသည့်မျက်နှာက ကာလာတွေ ဖမ်းတော့ပေ။

ရင်ထဲက တကယ်မကောင်းနိုင်ပါ။ သမီးလေးဆိုးတာကို သိနေပေမယ့် သူ့အပေါ် ဒီလိုတုံ့ပြန်ဖို့ အမြီးကြီးနေမှန်တော့ မသိခဲ့တာ အမှန်ပင်။

ပပလွှင်က ခပ်သွဲ့သွဲ့လုပ်သွားသည့် ဦးသိန်းထိုက်မျက်နှာတစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



ကဇနုသကဲခတ်ရင်းကျေနပ်သွားဏါ။ဒီလိုပဲဖြစ်ရမှာပေါ့။

"ဟိုနေ့က စက်တံစီးထွက်သွားတဲ့ကိစ္စကိုလဲ ကိုကြီးကို လွင်က ပြန်မပြောလိုက်တာ မမှုကြားတယ်။ ကိုကြီးက ခွင့်လွှတ်လိုက်ပါတော့ လွင်က ပေါ့မကြီးဖြစ်သွားတယ်လေ။ သူ ပြောသလို သူတို့သား အချင်းက သိပြီးသားဆိုတာ တကယ် ဖြစ်ခဲ့တာကိုး။ လွင်က ကိုကြီးကို အရှုပ်။ ရိုက်ပါလို့ ပြောနေတာ မဟုတ်ပါဘူး။ ဒီအိမ်မှာ လွင်က ကိုကြီး မျက်နှာနဲ့နေတဲ့သူ၊ လွင့်ကို ကိုကြီးက အရာမသွင်းဘူးဆိုရင် ..."

"တော်ပြီကွာ၊ အဲဒါတွေထိ မပြောနဲ့တော့၊ ဒီကိစ္စတွေ ကိုကြီးတို့ ချင်း ဖြေရှင်းသွားလို့ရတယ်။ အကောင်းဆုံးက သမီးနဲ့လွင် ဘာမှ ပဋိပက္ခမဖြစ်စေချင်ဘူး"

"အဲဒီ လွင်ကပဲ ဟုတ်ဟုတ် မဟုတ်ဟုတ် မျိုသိပ်သည်းခံနေရမှာပေါ့"

"သည်းခံဖို့ မခံဖို့ကလဲ ထိပ်တိုက်ဖြစ်ကြမှ လိုအပ်လာ မှာပဲလွင်၊ ဘာပဲဖြစ်ဖြစ် လွင်က မိဘနေရာမှ နေတဲ့သူ၊ လွင်က သည်းခံမှုပိုမှဖြစ်မယ်။ ဒါကိုကြီးက မိန့်ပြောတာမဟုတ်ဘူး"

ပလွင်က အံ့သြသော၊ ဝမ်းနည်းသော မာင်မျက်လုံးများ နှင့်မော့ကြည့်သည်။ ညဝတ်အကျႌ တကားကားနှင့် အိပ်ရာမဝင်နိုင်သေးသည့် ဦးသိန်းထိပ်မျက်နှာက ပုန်မှုန်လျက်...

"သမီးက ခုဆိုရင် ပို့ရွဲ့ချင်လာတယ်၊ ဖအေလစ်တာနဲ့ လစ်သလို ကဲတယ်၊ အဲဒီ ကဲတဲ့အထဲမှာ အထူးသဖြင့်က အိမ်မကပ်ချင်တာပဲ။ ဒီလို မိန်းကလေးတစ်ယောက်ကို လွင်က မဆုံးမိအောင်ရှောင်ဖို့ မခက်ဘူးလို့ ကိုကြီး ထင်တယ်"

"ကိုကြီး ...ကိုကြီးက လွင်ကပဲ တမင်တကာ ပြဿနာလိုက်ရှာနေတယ်လို့ ပြောလိုက်တာလား"





"အဲဒီလိုဖြစ်နေမှာစိုးလို့ပါ။ လွင့်ကို ကိုကြီးက သမီးရဲ့ မိခင်လေး ကောင်းဖြစ်ဖို့လဲ မကြိုးစားနိုင်ဘူး။ သမီးရဲ့ ခင်မင်ယုံကြည်မှုကိုရဖို့ ကြိုးစားပါလို့လဲ မတိုက်တွန်းခဲ့ဘူး။ လွတ်လပ်သလို နေခိုင်းခဲ့တယ်၊ လိုအပ်သမျှ ဖြည့်ဆည်းပေးထားတယ်။ လွင့်ဘက်ကနေ ပြဿနာ မဖြစ်အောင်ရှောင် နေပေးဖို့ တစ်ခုပဲ ကိုကြီးကို ပြန်ပေးပါ။ ဘာပဲ ဖြစ်ဖြစ်ကွာ သမီးက လွင့်ကိုမကြည်ဖြူပေမယ့် လက်တို့ပြီး ရန်စတဲ့အထိ မမိုက်ရိုင်းသေးဘူး။ လွင်က ရှောင်ရင် ရမှာပါ။ လောလောဆယ်လိုနေတာ အဲဒါလောက်ပဲ။ ခင်မင်ဖို့ စည်းလုံးဖို့တွေ ဘာမှမပါနဲ့ ရတယ်"

ဦးသိန်းထိပ် ရှုံ့မဲ့လက်ကာပြောရင်း ခုတင်ခြေရင်းကနေ ပတ်လျှောက်သွားသည်။

ကိုယ်အိပ်မယ့်နေရာမှာ ဝုတ်တုတ်ထိုင်ရင်း သူမက ဖယ်မပေးတော့ လည်းအိပ်လို့ရတဲ့နေရာမှာအိပ်လိုက်ရုံပဲရှိတော့သည်။

အခန်းတောင့်က ဒုရင်းဘက်ဒ်ပေါ်မှာပဲ ခြေဆန့်လက်ဆန့် ဝင်လှဲလိုက်မိသည်။ ထိုအချိန်မှာပဲ လွင့်ထဲမှ ရှိုက်သံသဲ့သဲ့လေး ထွက်ပေါ်လာခဲ့သည်။

ဦးသိန်းထိပ် မျက်လုံးတွေကို မိတ်ပစ်လိုက်ရင်း မျက်နှာတစ်ဖက်လှည့်ပစ်လိုက်မိ၏။

မင်းက ငိုနိုင်သေးတယ် လွင်၊ ငါကတော့ ရူးချင်နေပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

"မှန်တယ်"

ဖြေထားသည့်စာပိုဒ်တွေကို သေချာစစ်ကြည့်ပြီး သူကျေနပ်သွားသည်။ ဒီကောင်မလေး မဆိုးပါဘူး။ တမင်တကာရှုပြီး စာမေးပွဲကျခဲ့တယ် ဆိုတာကို ယုံသွားချေ၏။

ကူးက ဘယ်တော့မှ သေချာကျနခဲ့တာမရှိသည့် ရွှေညိုရောင် ဆံပင်ပါးပါးလေးတွေကိုလည်ကုပ်ကနေလုံးဖွရင်းရယ်ကာ

"ဒါဆို ကတိနော်၊ ကူး ဆယ့်ငါးမိနစ်လောက် ဖုန်းပြောမယ်"

သူ ခေါင်းညိတ်ပြီး နောက်ထပ်မေးခွန်းတွေ ထပ်ထုတ်နေလိုက်သည်။

ကူးက ဖုန်းခေါ်နေရင်း သူ့ကို ကျောခိုင်းထိုင်လိုက်၏။ ဒီလူလား ထိုင်ပေါ်မှာပဲဖြစ်ပြီး ပြောတော့သည်။ တိုးတိုးသာသာမရှိ။

"ကောင်စုတ် သူများရည်းစားစာကိုရေးပေးစရာလား၊ ဟားဟား"

"......"

"အေး လိုက်မှာပေါ့၊ ဒါပေမယ့် သူတို့ အဆင်ပြေသွားရင်တော့ သူများအတွဲကြီးနဲ့ မသွားချင်ပါဘူး"





"........"

"ဘာ ...ဘာပြောတယ်"

တကယ့် အထိတ်တလန့်ကြီး အော်ပစ်လိုက်တာ ခေါင်ရိုပ် နားထဲမှာ အူသွားသည်။

ကြည့်လိုက်တော့ သူမက ထိုင်လျက်ကနေ မတ်တတ်ရပ်လိုက်ပြီ ဖြစ်၏။

"အဲဒီကောင်ကို ဟုတ်လား၊ နင်ယူလိုက်ပါလား၊ နင်ပဲတွဲ .. ဝေမော်နော်"

အော်ကြီးဟစ်ကျယ်ပြောကာ နံကိုမကြည့်ဘဲ ဆောင့်ခနဲ ပြန်ထိုင်သည်။

"ဘယ်သူလဲ၊ ဘယ်သူ စပြောတာလဲ ဟား ..."

ဟားခနဲညည်းသံကို စားပွဲကို ဒုန်းခနဲထု၍ စည်းဝါးလိုက်တော့ ခေါင်ရိုပ် ဒေါသဖြစ်သွား၏။ ဒီကောင်မလေး ဘယ်လိုဟာလေးလဲ။ ကူးကတော့ ဘေးဘီအားလုံးကို မေ့နေပုံပေါ်ကာ ...

"အဲဒါကြောင့်နင့်ကိုပြောတာ၊ ရည်းစားရှိတဲ့လူတွေနဲ့မပေါင်းပါနဲ့လို့"

"......"

"ဘာဖြစ်ရမှာလဲ အတူတူသွားဖြစ်ကြရင် သူတို့က ကိုယ့်ရှေ့မှာ ခြေတို့လက်တို့နဲ့၊ အရှက်မရှိရင် ဟို ..."

"တော်ပြီ"

"ဟင် ..."

ခေါင်ရိုပ် ကိုယ့်နောက်ကိုရောက်ခဲ့တာ ကူးမသိလိုက်ပေ။ ဖုန်းက သူ့လက်ထဲပါသွားပြီဖြစ်၏။

"ဆရာ ..."

ချက်ချင်း ထရပ်တာ ခေါင်ရိုပ်လက်ကို နောက်ကနေ ဆွဲထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ဘာလုပ်တာလဲ၊ သူများဖုန်းပြောနေတာကို..."

ခေါင်ရိုပ်က လက်ကိုရုန်းပစ်လိုက်ပြီး ပြန်လှည့်ရပ်၍ မျက်နှာချင်း ဆိုင်သည်။

"ဖုန်းပြောတာက ကြားမကောင်းတာတွေမှည်းပဲ။ မိန်းကလေး ဖြစ် ပြီး ပြောတာဆိုတာလဲ ဘာတစ်ခုမှ ညင်ညင်သာသာမရှိဘူး။ ကိုယ့်ကြောင့် သူများဘယ်လောက် အနှောင့်အယှက်ဖြစ်နေတယ်ဆိုတာ သိရဲ့လား"

"ဟာ များလှချည်လား"

ကူး လက်ကောက် ခေါင်းကော ခါပစ်လိုက်တော့ လက်ကောက်သံ တွေ ဆူညံသွားသလို နားဆွဲရှည်ကြီးက ချိန်သီးရှည်လို ခေါ့ဝိုက်လှုပ် လျက် ...

"ဖုန်းပြောတာသဲ ကိုယ်ပြောတတ်သလိုပြောတာ ဘာဖြစ်လို့လဲ စာသင်ချိန်မှာ မပြောရဘူးဆိုလို့ ဆရာနဲ့ ကူး အပေးအယူလုပ်ပြီး ပြောတာ"

"ဟော့ ..."

စကားပြောတာက သူများကြားလို့မကောင်း။ ခေါင်ရိုပ် ဆတ်ခနဲ ဖြစ်သွားပေမယ့် ကူးက ဂရုမစိုက်။

"ဆရာ သဘောတူခဲ့တုန်းက ကြားလို့ကောင်းတာတွေပဲ ပြောမယ်၊ ညင်ညင်သာသာပြော၊ သူများ အနှောင့်အယှက် မဖြစ်စေရ အဲဒါတွေပါခဲ့လို့လား"

"စိတ်ကူးရင့်"

"ကူးလိုပဲခေါ်စမ်းပါ။ တစ်လုံးတစ်ခဲကြီး ခေါ်ခရတာ နားထောင် မကောင်းဘူး"

တစ်ခါတစ်ခါ ကူးဟာ တကယ့်ကို ကတ်ကတ်သပ်သပ် မိန်းကလေး





ဖြစ်နေပြန်သည်။

ခေါင်ရိုပ်က ကူးကို စူးစိုက်ကြည့်ကာ ...

"မင်း ကိုယ့်နာမည်ကို မှနေမှန်းသိလို့ ခေါ်ပြရတာလေ။ နာမည် ကတော့ စိတ်ကူးရင့်ပဲ၊ မင်းမှာ ရင့်သန်တဲ့စိတ်ကူး ဘာမှမရှိဘူး။ ပြော တော့ စာကြိုးစားမယ်တဲ့။ ဇာရှင်းနေတုန်း မျက်လုံးကော၊ နားကော အာရုံပေါ် ရောက်အောင် ဘယ်လိုစည်းရုံးရသလဲ၊ စာတစ်ပုဒ်ရအောင် တတ်ဖို့ ကိုယ်တိုင်စိတ်ပါလက်ပါ ဘယ်နှစ် ခါရှိသလဲ"

ကူးက မသိမသာလေး မှုပစ်လိုက်ပြီး မျက်လွှာချသည်။ ပြီးတော့ ခုံနှင့်ဖက်တွန့်၍ ...

"ဒါကတော့ ကိုယ့်အလုပ် ကိုယ်လုပ်ကြတာပဲ၊ ကူး ဘယ်လိုနည်း နဲ့ပဲ စာဖတ်ဖတ် ဆရာကလဲ စာသင်နိုင်ဖို့ ကြိုးစားရမှာပဲ"

"ဘာ ..."

"ဟုတ်တယ်လေ၊ ကူး အစကတည်းက မလိမ္မာဘူးဆိုတာ အားလုံး သိတယ်၊ ဒါကို ဘယ်သူ့ဘာခန့်ယူပြီး သင်ဖို့ ကြိုးစားတာလဲ၊ ဆရာ ဦးခေါင်အောင်..."

"ပြီ၊ အဲဒီလောက်ဆိုရင်ရပြီ စိတ်ကူးရင့်"

ပြောချင်ရာပြောနေရင်း မော့ကြည့်လိုက်တော့ နီရဲတင်းမာနေ သည့် ခေါင်ရိုပ်မျက်နှာက အေးသွေးကို မြင်လိုက်ရ၏။ သူဟာ ပြုံးရယ် တတ်သူပါ။ ဒါပေမယ့် အေးစက်စက်မျက်နှာမှာ ဒီလိုဒေါသဖြစ်နေတာမျိုး ကူးမမြင်ဖူးခဲ့ပေ။

ခေါင်ရိုပ်ကဖုန်းကိုစားပွဲပေါ် အသာလေးချပေးလိုက်၏။

"လခပေးထားတာပဲဆိုပြီး မင်းက စော်ကားလိုက်တာလား။ ဒီမှာ စိတ်ကူးရင့် ငါတို့တွေ ပညာသင်ပေးခဲ့တာ မင်းတို့ စော်ကား ဖို့မဟုတ် ဘူး သည်းခံတယ်ဆိုတာမှာ လစ်မစ် ရှိတယ်။ ငါသူငယ်ချင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



ငါထားခဲ့တဲ့လစ်မစ် အခုကုန်ပြီ။ ငါ့ကိုပြတ်သားစေခဲ့တဲ့မင်းရဲ့ စကားလုံးတွေအတွက် ကျေးဇူးပဲ"

သူ စာအုပ်တွေကို အေးအေးဆေးဆေး ကောက်ထပ်ယူပြီး ကူ မျက်စိရှေ့မှာပဲ ထွက်ခွာသွားလေသည်။

ကူး အဲဒီလို မရည်ရွယ်ခဲ့ပါ။ ကိုယ်ပြောလိုက်တာ လွန်သွားခဲ့မှန်း သူစိတ်ဆိုးသွားပြီဆိုကာမှသတိထားမိခဲ့သည်။

စိတ်ဆိုးသွားတာတောင်မှ ဒီလောက် ပြတ်ပြတ်သားသား ထွက် သွားလိမ့်မည်ဟုလည်း မထင်ခဲ့သဖြင့် မျက်လုံးအကြောင်သားနှင့် ဒီ တိုင်း ရပ်ကျန်ခဲ့လေသည်။

သတိရလို့နောက်က ပြေးလိုက်တော့ ခေါင်ရိုပ်က ခြံဝရောက်နေ ပြီဖြစ်သည်။

"ဆရာ ..."

ကူး အမှတ်တမဲ့ ပြေးဆင်းပြီးမှ မိုးဖွဲတွေကျနေတာကို သတိ ကာ ပြန်ပြေးတက်၍ ထီးယူလိုက်၏။

ဖေဖေလည်း ပြန်လာချိန်မဟုတ်သေး။ ကြီးကြီးစုနှင့် မလွင်တို့ လည်း အိမ်မှာမရှိကြပါ။ ထီးတစ်ချောင်းနှင့်ကူး ပြေးလိုက်ခဲ့ရတာ အပြင်လမ်းသွယ်ကလေးပေါ်ကျမှ မီခဲ့သည်။

"ဆရာ"

ဒီလောက်တကြော်ကြော်ခေါ်ပြီး လိုက်လာနေတာကို နီးလာ မှတော့ သူကြားမှာပါ။ ဒါကို နည်းနည်းလေးမှ လှည့်မကြည့်ဘဲ ဖျ လှမ်းတွေပင် ပိုကျဲပစ်လိုက်သည်ထင်၏။

"ဆရာ"

နောက်ကနေ မမှီတမှီနှင့် လက်မောင်းကို လှမ်းဆွဲကာ ထီးလည်း မိုးပေး၍ ကူးက ရှေ့ကနေ ပိတ်ရပ်လိုက်၏။





"ကူး ...ကူး တောင်းပန်ပါတယ် ဆရာ၊ ကူးပြောတာ အဲဒီလို သဘောနဲ့မဟုတ်ပါဘူး။ ပြန်လိုက်ခဲ့ပါ"

ခေါင်ရိုပ်က မျက်မှောင်ကြုတ်လျက် ကူးမျက်နှာကို စိုးမိုးကြည့်သည်။

မိုးစက်တွေ စိပ်လာကာ လေဖြင့် တစ်ချက်ဆောင့်တိုက်သွားလျှင် ကူးက ထီးလွတ်မသွားအောင် လက်ဖဝါးလေးနှစ်ဖက်နှင့် ဖိဆုပ်ထားရင်း ...

"တကယ်ပါ ကူး ဆရာ့ကို ခင်ပါတယ်၊ ခင်လို့ ကူးကိုယ်တိုင် ကျေကျေနပ်နပ် ဆရာတင်ပြီး စိတ်ပါလက်ပါ ကျက်ခဲ့မှင်မဲ့တာပါ။ ပြောမှားဆိုမှားဖြစ်ခဲ့တာကို ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါနော်။ ကူး နောက် ဒီလိုမပြောတော့ဘူးလေနော်၊ မိုးတွေရွာလာပြီ ပြန်လိုက်ခဲ့ပါ ဆရာရယ်"

"ငါက ပြန်မလိုက်ဘူးဆိုရင် ယောကျ်ားတန်မယ့် စိတ်ကောက် တယ်ဖြစ်ဦးမယ်၊ ဒါပေမယ့် ..."

"ဟာ ...ဒါပေမယ့်ပါနဲ့၊ ကူး ဒီလောက်တောင်းပန်နေတာကို မကျေနပ်နိုင်ဘူးလား၊ လာ ...ါ လိုက်ခဲ့ပါ"

ကူးက လက်မောင်းကိုဖက်၍ ပူးကပ်ရပ်လိုက်ရင်း အတင်းခေါ်၏။

ထိုစဉ် လေရောမိုးရော သဲပါလာကာ လက်တစ်ဖက်တည်းနှင့် ကိုင်ထားသည့်ထီးက သုတ်ခနဲ လွင့်ပါသွား၏။

"အား ..."

ကူး သူ့လက်မောင်းကို ကျုံးဖက်ကာ မျက်နှာလေးပါ ဖိကပ်ထား လိုက်မိသည်။ သို့သော် မိုးစက်တွေက နှစ်ယောက်စလုံးကိုယ်ပေါ်သို့ ဖောဖောသီသီကြီး ဆွတ်ဖျန်းလာကြ၏။

"စိတ်ကူးရင့် ...မင်း ပြန်တော့ သွား"

"ဟင့်အင်း"

ခေါင်ရိုပ် မျက်နှာငုံ့ထားရင်း ထီးလွင့်သွားသည့်ဘက်ကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၏။

ထီးက လေနောက်သို့ ကလေးတစ်ယောက်ပြေးနေသလို မရပ်မနား လိမ့်ထွက်ပါသွား၏။

သူ ကိုက်ပုံအကျီကို ကပျာကယာချွတ်ကာ ကူးခေါင်းလေးမှာ အုပ်ထားပေးလိုက်၍ ...

"ခဏမြဲထား"

ဟုဆိုကာပြီး ထီးနောက်လိုက်သည်။ ထီးနှင့်သူမှာ စိန်ပြေးတမ်းကစားနေသလို ဖြစ်နေ၏။ အတော်ဝေးသွားမှ ပြန်ကောက်နိုင်ခဲ့သည်။

ထီးကောက်ပြီး ပြန်လှည့်လိုက်တော့ ကူးက အကျီကိုမြဲလျက် သူ့နောက်ကို ကုတ်ကုတ်လေးလိုက်လာနေ၏။ ထိုအချိန်မှာ မိုးတွေသည်းနေပါပြီ။

"စိတ်ကူးရင့် ခင်း ပြန်တော့ နော် ..."

"မပြန်ဘူး။ ဆရာ ပြန်လိုက်ခဲ့"

ထီးပေးတာ ထီးကိုမယူဘဲ ကူးက ခေါင်းခါနေသည်။

"ပြန်လိုက်တော့ ဘာလုပ်မှာလဲ၊ နှစ်ယောက်လုံး မိုးတွေစိုနေပြီ အကျီတွေပြန်လဲပြီး နားတော့ သွား"

"ဟင့်အင်း ဆရာက ကူးကို စိတ်ဆိုးသွားတာ၊ ပြန်မလာတော့ရင် ဘယ်လိုလုပ်မလဲ"

ခေါင်ရိုပ်ကိုယ်မှာ မိုးတွေလည်းစိုနေပြီ။ သူမမှာလည်း ရွှဲစိုနေပြီကိုကြည့်ကာ ဒေါသက ဘယ်ကထွက်လာပြန်သည် မသိ။ ထို့ကြောင့် ထီးကို သူမလက်ထဲထိုးသပ်ထည့်ပေး၍

"မင်းဘယ်လိုဖြစ်နေတာလဲ ကူး၊ ပြောချင်ရာပြောတော့လဲ မင်းပါးစပ်က လွယ်လွယ်လေးပဲ၊ တောင်းပန်ရဲတော့လဲ မင်းပဲ။ ခွင့်လွှတ်လို့မရဘူးနဲ့ စိတ်ကောက်တာကို တခြားစီပဲလို့ မင်းမြင်လိုက်"





"ဆရာက ကူးကို ခွင့်မလွှတ်ဘူးပေါ့"

ခေါင်ရိုပ် မဖြေပါ။ ကူးခနဲတစ်ချက်ကြည့်ပြီး လှည့်ထွက်သွားတာ မိုးရေထဲကို ဖြစ်လေသည်။ ကူး ခြေလှမ်းပြင်လိုက်သေးသည်။

သို့သော် ခေါင်ရိုပ် လှမ်းထွက်သွားပုံက မိုးရေထဲမှာ ချက်ချင်းကြီး အဝေးရောက်သွားခဲ့၏။

ကူးနှုတ်ခမ်းလေးတစ်ဖက်ကို ဖိကိုက်လျက် ထီးကို လက်ဖဝါးနှစ်ဖက်ထဲမှာ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

ထိုစဉ် လေရောသောမိုးစက်များက ဖျန်းခနဲ ဆောင့်ပစ်လိုက်ကာ ထီးဆောင်းထားလျက်နှင့်ထပ်၍ စိုရွှဲသွားသည်။ စိမ့်တက်ချမ်းအေးသွားသဖြင့် လွှင့်ပါသွားလုလု တိုက်ပုံအကျီစကို ကမန်းကတန်း ဖမ်းဆွဲလိုက်မိသည်။

ဆရာ မိုးရေတွေ စိုရွှဲနေတော့မည်။ အချိန်ပြည့်တိုက် ပုံအကျီချွတ်တမ်းဝတ်သည့် သူ့ကိုယ်မှာ ရေစိုရွှဲကပ်နေ တာကို မြင်ယောင်မိ၏။

ဘယ်လိုဖြစ်သွားတာလဲ စိတ်ကူးရင့်၊ သူ့လောက်တော့ နှင့်မှာလည်း မာနတွေ ရှိနေခဲ့တာပဲ။ ကြီးပါစေ အဲဒီမာန . . သွားပေါ့ . . .

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

တိုက်ပုံအင်္ကျီကို လက်ဖဝါးနုနုလေးနှင့် တယုတယ ပွတ်သပ်ရင်း ကူးက ငေးစိုက်ကြည့်နေသည်။ သက်မွန်နှင့်ဝေမော်က ကော်ဖီပုန်းကန် အတူတူကိုင်ထားကြပြီးမှ မသောက်ဖြစ်ဘဲ တစ်ယောက်ကို တစ်ယောက် တံတောင်နှင့်တို့၍ ကူးကို မျက်စပစ်နေကြ၏။

ကူး မျက်လွှာပင့်လိုက်တော့ မျက်နှာသုံးခုဆုံမိသွားကြပြီး သက်မွန်က နှုတ်ခမ်းမဲ့လိုက်ပြီးမှ ကော်ဖီမော့သောက်သည်။

"အမြင့်စား ဖိးလ်ပဲနော်၊ ဒါမျိုး ကိုရီးယားကားထဲမှာပဲ မြင်ဖူးသေးတယ်"

"ဘာဖြစ်နေလို့လဲ"

"ကိုယ့်ကိုယ်ကို မေးကြည့်ပါလား"

သက်မွန်ကပြောတော့ ကူး ပြုံးလိုက်သည်။ လွတ်လပ်ပေါ့ပါးစွာ မဟုတ်ဘဲ အပြုံးတို့နောက်မှာ နှုတ်ခမ်းသားတို့က ခွေးရိပ် သိမ်းလျက် ...

"ဟုတ်တယ်၊ ငါ တစ်ခုခုဖြစ်နေတာ သေချာတယ်၊ အရမ်း သတိရ တာပဲ"

"ပြန်လိုက်ခေါ် ပေါ့ဟာ၊ နင်က လွန်တာပဲဥစ္စာ"

အားလုံး ပြောပြထားခဲ့သဖြင့် သက်မွန်တို့က သိနေကြပြီဖြစ်သည်။





ထို့ပြင် ဆရာမလာတော့သည့်အကြောင်းကို ဦးသိန်းထိပ်ကို ကူးက အမှန်အတိုင်း ဝန်ခံပြောပြထားပြီးဖြစ်ကြောင်းနှင့် ဦးသိန်းထိပ် ကိုယ် တိုင်လည်း ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေခဲ့ကြောင်းကိုလည်း သိသည်။

"ခက်တယ်၊ အဲဒါမှခက်တာ။ ဘာဖြစ်လို့ ဒီလောက်ဆိုးရတာလဲ သမီးရယ်ဟင်၊ သူက မောင်ဇော်အောင်မှမဟုတ်တာ၊ နှစ်ဖက်စလုံး အရှိန်မပျက်အောင် သက်သက်မေတ္တာနဲ့ကူ ညီနေတဲ့သူ၊ စာသင်တဲ့ နေရာမှာလည်း တကယ်စေတနာထားတဲ့ သူငယ်လေးပဲ။ ဒါကြောင့် လက်လွှတ်မခံနိုင်လို့ လိုက်ခေါ်ပြန်ရင်လဲ ဒီလိုမထင်ဘဲ လခကြို့ထုတ် ထားတဲ့ ပြဿနာတွေကြောင့်လို့ထင်သွားရင် မကောင်းဘူး၊ မောင်ဇော် အောင့်မိန်းမက ဆေးရုံမှာပဲရှိသေးတာ"

ဟု ဦးသိန်းထိပ် ညည်းညူခဲ့သည်တဲ့၊ ဒါတွေကို သက်မွန်တို့က သိထားပြီးသားဖြစ်၏။

"အန်ကယ်က လူကြီးမို့ မကောင်းတတ်တာတွေ ရှိနေမှာ၊ နင်က လွန်တဲ့သူပဲ၊ ပြီးတော့ ကိုယ့်ဆရာ၊ သွားတောင်းပန်ပြီး ပြန်ခေါ် လိုက် ရင်ပြီးတာပဲ"

"အေးလေ တော်ကြာ ကြာလေ အရှုံးရင့်လေဖြစ်တော့မယ်"

ဝေမော်က မထိတထိ ကပ်ရိသည်။ ကူးကလည်း သိပါသည်။ ဝေမော့်ကို ခပ်စောင်းစောင်း ငဲ့ကြည့်၍...

"မကြာသေးဘဲနဲ့ကို ရင့်နေတာ။ ငါ့စိတ်ကူး၊ ငါ့ရဲ့ဆုံး ဖြတ် ချက်တွေ ဆရာ့ကြောင့် ပြုလဲကုန်ရတာ မရိုးသားဘူးဆိုတာ ငါသိ တယ်"

"ငါတို့ကသိတာ အစကတည်းက"

သက်မွန်က အစချီလိုက်ပြီး မျက်နှာချင်းဆိုင်ကနေ ကူးရဲ့ ဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းထိုင်လိုက်သည်။ ကျောင်းမှင့်ရက်မှာလည်း ကျောင်းမှာပြောလို့မဝနိုင်၊ ကျောင်းပိတ်ရက်တွေမှာလည်း သူငယ်ချင်းတစ်ယောက်ယောက်အိမ်မှာ ဒီလိုပဲ သူတို့သုံးယောက် စုဝေးနေကျဖြစ်သည်။

အခုတော့ အပြင်ထွက်ခဲ့ဖို့ လည်ပတ်ဖို့ သိပ်အားမသန်နိုင်တဲ့ ဖြစ်နေသည့် ကူးရဲ့အိမ်မှာပဲ သူတို့ဆုံဖြစ်သွားခဲ့၏။

ဒေါ်စုမိက သူငယ်ချင်းတွေ စုံလင်နေသမျှ စာ သောက်စရာတွေ မညည်းမညူ လုပ်ပေးတတ်၏။

ဒီနေ့က ဥပုသ်နေ့မို့ ဒေါ်စုမိမရှိသဖြင့် ကော်ဖီနှင့်မုန့်ပဲ ပါးစပ်ထဲ ရောက်သည်။

"ဒီမှာ မိကူး ..."

သက်မွန်က ကူးရဲ့ခေါင်းကို ပုတ်၍ ...

"နှစ်ယောက် ပြန်ဆုံကတည်းက နှင်းကမှတ်မိတယ်၊ ဟိုက မမှတ်မိဘူးလေ"

ဟု ပြတ်တောက်သွားသည့်စကားကို ပြန်ဆက်သည်။

"အဲဒီမှာကတည်းက နှင်း ရှုံးသွားပြီ အဲဒါ သိလား"

"ဘာဆိုင်လဲ"

"သေးလေ အဲဒီတုန်းက ဝါတို့တွေအားလုံး ဒီလူကို မျက်မုန်းကျိုးခဲ့ကြတဲ့ဥစ္စာ၊ သူ့ပုံစံကြီးကိုက သိသာထင်ရှားနေတာ"

ဝေမော်လည်း သက်မွန်ပြောတာကို မကျေနပ်ပေ။ နှစ်ယောက်လုံးကို သက်မွန်က ကြည့်၍ ဆရာကြီးပုံစံနှင့်ရယ်သည်။

"ဘာဆိုင်လဲဆိုတာကိုတော့ ငါ သေချာမရှင်းတတ်ဘူး၊ ဒါပေမယ့် နှင့်ထက်စာရင် သူမှာ စွဲလမ်းမှုမရှိဘာတ်ဘူးဆိုတာက ပေါ်လွင်နေတာပဲ။ သူ့ပုံစံကြီးက သိသာသလို ကူးကိုလဲကြည့်လေအများသူငါတွေထဲမှာ ရောနှောပျောက်ကွယ်သွားမယ့် ရုပ်မျိုးလား"





"ဒါကတော့ သူက ကားယဲဂနေ လှမ်းမော့ကြည့်တာဆိုတော့ အမှတ်တမဲ့ ဖြစ်သွားနိုင်တာပဲ"

ဝေမော်က အတိုက်အခံ ယပ်ပြောသည်။ ကူးက တစ်ဖွဲ့တစ်နွဲ့ ပြောနေလို့သာ ခေါင်းညိတ်နေရသည်။ အဲဒီ ခပ်ငုံ့တုံ့ပုံနှင့်ပုဂ္ဂိုလ်ဟာ သန့်ပါသည် ချောပါသည် ပြောတိုင်း ယုံကိုမယုံနိုင်ပေ။

ဟုတ်တယ်ပဲ ထားပါဦး ဒီအသက်အရွယ် ဒီကာလမျိုးမှာ တိုက်ပုံနှင့်ဘိုကေပြောင်ပြောင်ကြီးထားတဲ့ပုံက ဘယ်လို အယူအဆတွေ ရှင်သန်နေမလဲ။

ကူးကိုက ဘာတွေ ဆေးစားမှားသွားမှန်းမသိ။ သက်မွန်ပြောတဲ့စကားတွေကိုလည်း သူမမှာသာ မခံနိုင်မရပ်နိုင်နှင့်၊ သင်းကတော့ ငြိမ်ချက်သားကောင်းကောင်းနှင့် မလှုပ်။

"အမှတ်တမဲ့ သူဖြစ်ခဲ့တာကို ပါကပြောတာပေါ့ တကယ်ဆိုရင် ကူးက ကားသမားနဲ့ပဲပြောဖို့လိုတဲ့ကိစ္စ"

"သူနဲ့ပြောမှရမှာကိုး၊ သူက အရင်ငှားထားတဲ့သူ မဟုတ်ဘူးလား ကူး"

ဝေမော်က ပက်ခနဲပြန်ပြောကာ ကူး ငြိမ်နေတာကိုလည်း ဒေါသဖြစ်ဖြစ်နှင့် ကွတ်ကီးအိတ်ခွံနှင့် လှမ်းပေါက်၍ ပြောမိသေးသည်။ ကူးက ခေါင်းညိတ်၍ ...

"ဟုတ်တယ်လေ၊ သူ မကျေနပ်လို့တောင်မှ မရခဲ့တဲ့ဥစ္စာ"

ဟု ထောက်ခံလိုက်မှ ဝေမော် ကျေနပ်သွားသည်။ သက်မွန်က အလျှော့မပေး။

"ဘာဖြစ်ဖြစ်လေ မျက်နှာကိုမြင်အောင် ငုံ့မကြည့်ဘဲ ပြောလဲရတယ်။ မြင်လဲမေ့လွယ်လို့ဖြစ်တာပဲ။ သူကမှ ပိုအမှတ်ရစရာကောင်းတာ။ သူ့နားကို မထင်မှတ်ဘဲရောက်လာတဲ့သူ၊ ပြီးတော့ မိန်းကလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



သူက မော့ကြည့်ရမှာ၊ သူ လက်မခံနိုင်တာကိုမှ လာပြောတဲ့သူကို မော့မကြည့်ဘဲနဲ့ စကားပြန် ပြောပါ့မလား စဉ်းစားကြည့်၊ ကြည့်လဲ ကြည့်ခဲ့တာပဲဥစ္စာ"

"အဲဒါ ဘာဖြစ်လဲ"

"သူ ချောချောလှလှလေး မြင်ခဲ့သားနဲ့ ထပ်တွေ့တော့ မမှတ်မိဘူး။ ဒါတွေပြောပြီး ငါက ချီးမွမ်းခန်းဖွင့်နေတာမဟုတ်ဘူးဟဲ့၊ ကဲ့ရဲ့မလို့'

ကဲ့ရဲ့တယ်ဆို စောစောစီးစီး ကဲ့ရဲ့ပါလား။ လှည့်ပတ်ကြော်ကြောဝင်နေသေးသည်။ ဝေမော်က မျက်စောင်းထိုးသည်။

"ဒီလိုလေ၊ လှတာမြင်တိုင်း လိုက်ငေးတတ်တဲ့အကျင့် မရှိတာရယ်"

"ဒါ ကဲ့ရဲ့တာလား"

"လာမယ်လေ ဆန္ဒမစောနဲ့၊ အလှအပကို မခံစားတတ်တာမျိုးလားမှ မသိဘာ၊ အဲဒါမျိုးက မဥ္စူသကနတ်ပန်းကို နမ်းခွင့်ရရင်တောင် နတ်ပန်းမှန်းသိပြီး တန်ဖိုးထားမယ့်သူ မဟုတ်ဘူး၊ လုံးဝပုံတုံးကြီးပါ"

"ဟုတ်တယ် အဲဒါ အမှန်"

ဝေမော်က ပြုံးပြုံးရွှင်ရွှင် ဝင်ထောက်ခံသည်။

"အဲဒီတော့ နင် အခု ဘာဖြစ်စရာရှိလို့လဲ၊ မရိုးသားတော့ဘူးဆိုရင် နင်ရှုံးရတာ နစ်နာတာပေါ့ ကူးရယ်၊ ဒီလိုပုံကြီးကို ဘာမှ စွဲလမ်းနေဖို့ မလိုဘူး"

ကူးက တိုက်ပုံအင်္ကျီလေးကရင်ဘတ်မှာကပ်၍ ပိုက်ထားလိုက်သေးသည်။ ပြီးမှ ...

"ပုံတုံးဆိုတာက သူဝတ်တဲ့ တိုက်ပုံအင်္ကျီပါဟာ။ ဒီပုံ သူ ဘာဖြစ်လို့ သဘောကျနေတာလဲ ငါမသိဘူး။ ဒါပေမယ့် သူ နေထိုင်ပြောဆိုပုံက





ရင့်ရင့်ပဲ၊ မျက်လုံးတွေကြည့်တော့ လန်းတယ်၊ သူ့အကြည့်ထဲမှာ နင်တို့ပြောတဲ့ တန်ဖိုးမှန်းမသိလောက်အောင်တုံးတဲ့ပုံမျိုး လုံးဝ မရှိဘူး နီးနီးလေးနေတာ သူက ဆွဲဆောင်မှုရှိမှန်း ပိုသိလာလေ"

"နင်က ဒါကိုပဲ တစိမ့်စိမ့်ခံစားနေတာကိုး ကူးရဲ့၊ သူ့လိုပဲနေပါလား၊ စတွေ့ကတည်းက နင်ရှုံးခဲ့တာ၊ ထပ်တွေ့တော့လဲ မနိုင်ဘူး၊ ခုလဲ တောင်းပန်ရဖို့တွေရှိနေပြီ၊ နင့်ဟာ မဟုတ်သေးပါဘူး"

ဝေမော်က ရှုံ့မဲ့လက်ခါနေ၏။ သူမတို့က ကိုယ့်သူငယ်ချင်းကိုပဲ တန်ဖိုးထားကြတဲ့သူတွေ။

"အဲဒါ အချစ်ဆိုရင်တော့ အချစ်မှာ သာတာနာတာ၊ ရှုံးတယ် နိုင်တယ် တွက်ချနေဖို့ မလိုပါဘူးဟာ"

"ဒါဆိုလဲ အစက ငါပြောသားပဲ၊ နင်ကလွန်တာသွားတောင်းပန်ပေါ့"

ငေါ့ပြောတာလား၊ တကယ်ပြောတာလားတော့မသိ၊ သက်မွန်က ပြောပြီး ကော်ဖီလက်ကျန်ကို မော့သောက်ပစ်လိုက်၏။

"ငါလဲ ..."

ကူး စကားပြောဖို့ ပါးစပ်ပြင်လိုက်ပြီးမှာ နားထဲမှာ ကားစက်သံသဲ့သဲ့ကြားကာ မျက်မှောင်ကြုတ်သွား၏။

ထို့နောက် ကိုယ်လုံးလေးမတ်သွားကာ ဆတ်ခနဲ ထပြေးသွားလေသည်။

သူမ ဘာထလုပ်မှန်းမသိဘဲ ဝေမော်တို့ ဒီတိုင်းကျန်ခဲ့ကြ၏။

"မလွင်"

ကူး ဘာဂျာတံခါးတစ်ဖက်ကိုကိုင်၍ ကိုယ်ရှိန်သတ်ပစ်လိုက်၏။

စက်နှိုးပြီးပြီသည့် ကားပေါ်မှ ပလွင်က ဘာလဲဆိုသည့် မျက်ဝန်းကို ဂရုမစိုက်စွာ ပိုလိုက်သည်။

"မလွင် ဘယ်သွားမလို့လဲ၊ ကားယူလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ဘူ တို့က ခြေလျင် ကိန်းသွားရမှာလား"

"သွားချင်တာနဲ့သွားလေ၊ ကူးရဲ့ကားပဲ"

"မင်းကား ဘယ်ရောက်မှာ မဟုတ်လား"

ကူးက ကားခါးမှာကိုင်ထားသည့်လက်ကို ဖြုတ်ချ၍ ဒီတိုင်း မတ်မတ်ရပ်လိုက်၏။

"ဘယ်ကားပဲဖြစ်ဖြစ် ကူးစီးဟား၊ ရှင် သွားစရာရှိရင် ဖေဖေ့ကို ဖုန်းဆက်လိုက်"

ကြည့်စမ်း ...၊ ပပလွှင်မျက်နှာ နီရဲသွား၏။ ဖအေဖြစ်တဲ့သူက လည်း မော်ဒန်နီမွန်နီမွန်ကားတစ်စီးကို သူမအတွက်ဆိုပြီးပေးထား၏။ မော်ဒန်မြင့်တာနဲ့ လဲမပေးပါလို့ ပြောလိုက်ကတည်းက နိမ့်တာကို လည်း ရောင်းထုတ်ပစ်လိုက်ပြီး မြင့်တာလည်း မရခဲ့ပါ။

အိမ်မှာ ကားသုံးစီးရှိတာက တစ်စီးက ဦးသိန်းထိပ် စီးသည်၊ တစ်စီးက ကူးစီးနေ၏။ ဒီကားက အိမ်မှာ အမြဲတမ်းရှိနေတော့ ကိုယ့် အတွက် ကားသပ်သပ်ဝယ်မပေးသေးတာကိုလည်း အမေ့တရော ရှိနေခဲ့ ါ၏။

ကားကာ မာစီဒီးပေမယ့် မော်ဒန်အကြင်ဆုံးမို့ ဗိတ်ဗိတ် လက် နေသည်။ ဒီနိုင်းလှသည်။ ရောင်ရိုတွေ ကြွားသ လောက် မာစီဒီးကလည်း လှသည်။

ဒါကြောင့် ဒီကားကိုပဲ ကိုယ့်အတွက်ကားလို သဘောထားနေခဲ့ တာ ဖြစ်၏။

ခါတိုင်းတော့ ကိုယ့်ကားနှင့်ကိုယ် အဆင်ပြေနေခဲ့ကြပြီး ဒီနေ့ကျမှ သူကားမရှိတော့ ဒီကားက ကူးကား ဖြစ်နေခဲ့ပြန်သည်။

ကူးမျက်နှာကို စူးစိုက်ကြည့်ရင်း ပပလွှင်က စတီယာရင်ကို ဖိဆုပ် ထားကြိတ်၏။ မျက်နှာငယ်ရသည့် ကိုယ့်အဖြစ်ကို ရှက်လည်း ရှက်၊





ဒေါသတွေလည်း ပြွတ်သိပ်ညပ်ကာ ...

"ဖုန်းဆက်ခေါ်နေဖို့လဲ အချိန်မရတော့ဘူး၊ ခြေထောက်နဲ့လဲ မသွားနိုင်ဘူး။ ဒီကားက မင်းရဲ့ကားဆိုရင် တို့လဲပြောခွင့်ရှိတယ်၊ ဒါပေမယ့် မပြောပေါ့ဘူး"

"အို ...မရဘူး"

ပပလွှင် ကားမောင်းဖို့ ရှေ့ပြန်လှည့်လိုက်တော့ ကူး ရိုပ်ခနဲ ပြေး ဆင်း၍ ကားရှေ့က ဝိတ်ရပ်လိုက်၏။

"ပိုင်ဆိုင်မှုတွေ လာမပြောနဲ့၊ ကူးက ပြောခွင့်ရှိတာကို ပြောနေ တာ မဟုတ်ဘူး။ တော်ကြာ ကူး အပြင်သွားမှာ၊ ဒီကား ရှင် ယူလို့မရဘူး၊ သိလဲ"

"ဟဲ့ ဟဲ့ ကလေး ကူးရယ် ဘာဖြစ်တာလဲ"

ဒေါ်စုမိ အပြေးတစ်ပိုင်း ရောက်လာသည်။ နောက်မှာ သက်ခွန်နှင့် ဝေဝေမော်လည်း ပါ၏။

"မမနု ဒီအိမ်မှာ ဘယ်ပစ္စည်းကိုင်ကိုင် လွှင်နဲ့မဆိုင်ဘူး ချည်းပဲ လား။ လွှင်က ဒီမှာ ဘာလဲ"

ပပလွှင်က ကားပေါ်ကမဆင်းဘဲ ဒေါ်စုမိကိုလှည့်၍ ဝေါက် ကဲ့သည်။

"မဟုတ်ဘူးလေ၊ ဒီကားတွေ မပြောကြနဲ့ ကလေးက ဘာဖြစ်လို့လဲ"

ဒေါ်စုမိက ပပလွှင်ကိုပြောပြီး ကူးကိုလှည့်မေးသည်။

"ကူး အပြင်သွားဖို့ရှိတယ်၊ ကား မပေးနိုင်လို့"

ကူးက ခပ်တင်းတင်းလှည့်ပါသွားအောင် မျက်နှာကို ခါထုတ် ပစ်လိုက် ၏။ ပပလွှင်ကလည်း မျက်နှာက ငိုပစ်လိုက်တော့မလို နီရဲလွှပ်ခါနေ တာ နှုတ်ခမ်းလေးကို ဖိကိုက်ထားသည်။ မျက်မှောင်ကြုတ်၍ စူးစူးဝါးဝါး ကြည့်နေခဲ့၏။



www.burmeseclassic.com

"တို့ကလည်း ဆင်းမပေးနိုင်ဘူး၊ အဲဒါ သေချာတယ်"

ဟု အတိအလင်း ကြေညာသည်။

"နေကြပါဦး၊ ကူး ကလေးက ဒီလိုမလုပ်ရဘူး၊ သူက လောလော ဆယ်သွားဖို့ရှိနေတာလေ၊ ကလေးက သွားမှမသွားသေးတာ"

"ဟုတ်သားပဲ ကူးရယ်၊ ငါ့အိမ်မှာ ကားဝင်ယူလဲ ရတာပဲဟာ"

သက်မွန်တို့အိမ်က နီးပါသည်။ ဘယ်သွားဖို့ပဲရှိရှိ ဝေမော်ကသာ သက်မွန်နှင့် ကူးရဲ့ အိမ်တစ်အိမ်ကို ရောက်လာခဲ့ တတ်သလို အဲဒီက နေမှ သုံးယောက်စု၍ ကားတစ်စီးနှင့် ထွက်ကြတာဖြစ်သည်။

အလွှးသဖြင့် သူများကားဆို သိပ်မစီးချင်တတ်သော ကူးက ပဲဒိုင်ခံ။

ထို့ကြောင့် ခေါင်းခါပစ်လိုက်ပြီ ...

"ဟင့်အင်း၊ ငါက ငါ့အစီအစဉ်နဲ့ငါ သွားချင်တာ"

ကူးက ခေါင်းမာမာနှင့် ကားရှေ့ကမဖယ်၊ ဒေါ်စုမိ အကြီးအကျယ် စိတ်ညစ်သွားသည်။ ဒီမိန်းကလေး နားမလည်တာလား၊ တမင်တကာ ကတ်သပ်နေတာလား မသိ။

မောင်သိန်းက လွင့်ကို ကားသပ်သပ်ပယ်ပေးမထားသည့်အဖြစ် ကနေ ဝယ်ပေးဖို့တွေဖြစ်အောင် တွန်းပို့နေသလိုပင်။

ထိုစဉ် ဦးသိန်းထိပ်စီးသည့် ပါဂျရိုးကားက ခြံထဲဝင်လာလေသည်။

ဦးသိန်းထိပ်တော့ မပါပေ။ ဒေါ်စုမိ လှမ်းမြင်လိုက်တာနှင့် သိသည်။ အိမ်မှာ ကားတစ်စီးတည်း ကျန်ခဲ့တာမှန်းသိ၍ မောင်သိန်း အမြော် အမြင်ကြီးစွာ ကားပြန်လွှတ်ပေးလိုက်ခြင်း ဖြစ်လိမ့်မည်။

ကျေးဇူးကြီးမားလိုက်ပါဘိ မောင်သိန်းရယ်။ လူမသိသော သက် ပြင်းခိုးချမိသည်။ ဒါတောင် ပါဂျရိုးနှင့်မာစီဒီးကို နှိုင်းယှဉ်ကာ ပပလွင်က မျက်နှာဝင်းနေသေးသည်။





"ပပလွင် သွားစရာရှိရင်သုံးဖို့ ဆရာကြီးက ပြန်လွှတ်ပေးလိုက်တာပါ"

ဟု ဒရိုင်ဘာကပြောပြီး ကားသော့အပ်သွားတော့မှ ...

မျက်လုံးတို့သည် သက်ရောက်မှုအမျိုးမျိုးတို့ဖြင့် ဆုံစည်းသွား ကြ၏။

ဘာပဲဖြစ်ဖြစ် ပပလွင်က ကူး အပါအဝင် အားလုံးအပေါ်မှာ လွှမ်း မိုး ကြိုးစားနေခြင်းသာဖြစ်သည်။ ဘယ်တော့မှလည်း လွှမ်းမိုးနိုင်ခဲ့ သည်မရှိ။

ကိုယ့်နေရာနှင့်ကိုယ် ရောင့်ရဲနိုင်ခြင်းမရှိတတ်တာ လူ့သဘာဝ သား ...

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

ပြောဖို့စကားကလည်း ရင်ထဲမှာ စကားလုံးအသစ်အဆန်းမကျန်တော့သလို ဖြစ်နေသည်။ သူဖြစ်ချင်တာလည်း ကိုယ်မပေးနိုင်၊ ကိုယ်လိုချင်သလိုလဲ သူ့မဘက်က မဖြစ်။

အချစ်က မာနကြီးတာလား။ လူက မာနကြီးနေဘာလား။ ကိုယ့်ကိုယ်ကို ဝေဖန်ဖို့လည်း စိတ်မကူးခဲ့မိပေ။ ဘာပဲဖြစ်ဖြစ် သူမနှင့်ပတ်သက်သော မွေးချင်းညီကိုမောင်နှမ အသိုင်းအဝိုင်းထဲမှာတော့ 'ခေါင်ရိပ်ဆိုတဲ့ကောင်က မာနတွေကို ထမ်းပိုးပြီး သေမယ့်ကောင်'။

ဘာကောင်လို့ပြောပြော သူဂရုမစိုက်ပါ။ ဂရုစိုက်မိတဲ့တစ်နေ့မှာ ခေါင်ရိပ်ဟာ အုပ်စုတစ်စု၊ အသိုင်းအဝိုင်းတစ်ခု၏ လက်ခုပ်ထဲကို အချစ်သာမက ဘဝကိုပါ ပေးဆပ်ရတော့မည်။

"ပေးဆပ်ဖို့ဆိုတာကြီးက အဆင်ဆိုးလွန်းပါတယ် ရိပ်ရယ်၊ ဘယ်သူ့ဆီကိုမှ ဘယ်သူက ပေးဆပ်ဖို့မလိုဘူး"

ကျောခိုင်းရပ်ရင်း ငေးနေမိဆဲမှာ သူမ၏စကားသံက တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းထွက်ပေါ်လာသည်။





"သွင်နဲ့ရိပ်နဲ့ ရှိခဲ့ကြတဲ့ သံယောဇဉ်တွေက နည်းသလား။ ဟက္ကသိုလ်တက်ကြကတည်းက လက်တွဲညီခဲ့ကြတာ၊ အခု ရိပ်က ဘာမဟုတ်တာလေးနဲ့ ..."

"နေဦး သွင်"

ခေါင်ရိပ် ပြတင်းပေါက်ကနေ ခွာသည်။ ရပ်သွင်ထိုင်နေသည့်ထိုင်တွေရှေ့ထိ လျှောက်လာပြီးမှ ရပ်လိုက်ကာ ...

"ဘာမဟုတ်လောက်တာလို့ သွင် မပြောနဲ့၊ အချစ်ဆိုတာမှာ တီးယူလို့မရဘူးဆိုတာတောင် အခြေအနေ အချိန်အခါ နီးစပ်မှုတွေ့မှုစတဲ့ ပြောင်းလဲမှုတွေမှာ မှန်းသွားနိုင်တယ်၊ ချစ်သွားနိုင်တယ် ဘယ်လိုမှ ပြောင်းလဲသွားမှာ မဟုတ်တဲ့ ဘဝနှစ်ခုရဲ့ စည်းခြားမှု အဲဒါနားလည်လား သွင်"

"မှန်တယ်လေ၊ အဲဒါကြောင့် သွင့်ဘက်က လျှော့ပေးခဲ့တာပဲ ရိပ်ရဲ့သိရိပ်ရဲ့ ဘာသာကို လွတ်လပ်စွာကိုးကွယ်၊ သွင်ကလည်း . . ."

"ဟုတ်ပြီ နေဦး"

ဒါကိုပြောပြီးနေပြီ။ ပြောထားတဲ့ကြားက သူမ ဒါကိုပဲ နားမလည်ခေါင်ရိပ် မျက်နှာတင်းသွားလိုက်၊ ပြန်ပြေလိုက်နှင့် ပြတင်းပေါက်ကို လှည့်မည်ပြင်ပြီးမှ ရပ်သွင်ကို ဖျတ်ခနဲပြန်ကြည့်၏။

"မင်းနဲ့တို့ အဲဒီလို လွတ်လွတ်လပ်လပ်လေးတွေးပြီး လက်ထပ်ပြီ၊ ကဲ မွေးလာမယ့် သားသမီးတွေကို ဘယ်လိုလုပ်မလဲ ဖအေကဘာသာ၊ မအေက ..."

"တော်တော့ ရိပ်၊ အဲဒီထိ မတွေးနဲ့ဦး"

"ဟာ မတွေးလို့ရမလား၊ လင်နဲ့မယား ပေါင်းဖက်ကြပြီဆိုရင် သက်လုံး နှစ်ယောက်တည်းပဲ နေသွားလို့ရတာမှ မဟုတ်တာ ဘက်ကတော့ တစ်ခုပဲ ဆုံးဖြတ်ဖို့ရှိတယ် သွင်၊ မင်း ဗုဒ္ဓဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ယူမယ်ဆိုရင် ကိုယ်တို့ လက်ထပ်ကြမယ်၊ မဟုတ်ရင်တော့ ...”

“ရိပ် ...”

သွင် ဆတ်ခနဲ ထရပ်လိုက်သည်။ ကြည့်လိုက်တော့ သူမမျက်ဝ မှာ မျက်ရည်စတွေနှင့် အလွန်ခေတ်မီ၍ အလှအပ ပြင်ဆင်ရာ လည်း ကျွမ်းကျင်လှသည့် ရုပ်သွင်ဆိုတာ သူမတစ်ကိုယ်လုံးက နောက်နေသည့်ဝတ်စုံနှင့် ကြည့်လို့လည်းကောင်းသည်။ လှလည်း ပါသည်။

ဘောနှစ်ဖက်နှင့် အရှေ့ဆံပင်တွေ အပြောင်သိမ်းကာ ပခုံးအော ထိုးရှည်သည့် ဆံစတို့က အကွေးအလိပ်များနှင့် ဒီတိုင်းဖြန့်ချထားသည်

ထို့ကြောင့် ရိုင်းပေမယ့် ယဉ်သွားသည်။ မျက်နှာလေးက ခပ်သေ သေးပါပဲ။ သို့သော် အပြာရောင်ရင့်ရင့် မျက်မှန်ဝိုင်းကြီးနှင့် နှုတ်ခမ်းမကင် နားဆွဲရှည်ကြီးကြောင့် အားလုံးက အနေတော်ပုံစံဖြစ်သွားသည်။

ပြင်ဆင်ထားမှုနှင့်သိလျက်နှင့် သူမ တော်တော်လှနေတာကို နှ ပြန်မကြည့်ဘဲမနေနိုင်။

‘လှလိုက်တာကွာ’ လို့ လက်ဖျားခါသွားကြသည်။ လူငယ် တွေထဲ ရုပ်သွင်ဆိုသော သူမ၏အချစ်ကို ရရှိခဲ့သူအဖြစ် သူ မျက်နှာပွင့်ခဲ့ရသည်

‘မင်း တယ်ဟုတ်ပါလား”

လို့ နီးမှမ်းသံတွေပေါ်တွင် သူမလက်ကိုချိတ်၍ ပျော်ခဲ့ရ၏။ ထို ကတော့ သူမနှင့် ရင်းနှီးခဲ့ကြတာက ချစ်သူအဆင့်ပဲမို့ ဘာမှပြောဆို မြန်းခဲ့တာ မရှိပေ။

ကျောင်းပြီးတဲ့အထိ တစ်ယောက်နှင့်တစ်ယောက် တအား ရင်း ခဲ့ကြတာပဲရှိသည်။ ဒီတစ်ခုကိုတော့ စကားမစပ်မိခဲ့ကြ။

တကယ်တမ်း သိလိုက်ရတော့ မြန်မာစစ်စစ်ဖြစ်ပြီး ဗုဒ္ဓဘာသ မဟုတ်တူးတဲ့။ လက်ထပ်ကြဖို့ထိ ရှယ်ရူးပြီး ချစ်ခဲ့ကြသူတွေမို့ နှစ်ယော





မှာ ရည်ရွယ်ချက်တွေ၊ အနာဂတ်တွေနှင့် ပြည့်နှက်ခဲ့ကြသည်။

ဒါတွေကို သိလာရတော့ သူမက ပြောသည်။ သူမနှင့် ဘုရား ကျောင်းကို လိုက်ခဲ့ပါတဲ့။

“တစ်ခေါက်ပဲကွာ နောက်မလိုက်နဲ့၊ ရိပ်ကသာ သွင်နဲ့ ဆက်ပြီး ဆိုက်အစံတွေလုပ်နေမယ်ဆိုရင် သွင်တို့ ဝေးကြရမှာပဲ”

ဟုပြောလာခဲ့သည်။ သူ့ဘက်ကလည်း ခေါင်းမညိတ်နိုင်ခဲ့ပေ။ ယယ်ကတည်းက မိဘနှစ်ပါးစလုံး မရှိတော့ပေမယ့် ဘိုးဘိုးက မိဘနဲ့ ဗြား ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

ထိုပြင်ဘိုးဘိုးဟာ အမျိုး၊ ဘာသာ၊ သာသနာကို ချစ်တတ်လွန်း သည့် အာဇာနည်မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ခဲ့၏။

“ငါ့မြေးက စီးပွားရေး၊ ပညာရေး သိပ်ကိုထူးချွန်မယ့် ယောကျ်ားကွ။ မြေးရဲ့ နဖူးရေဒူးရေ အဘိုးကကြည့်ပြီး ပြောတာ၊ မှားသွားရင် ခေါင်း ဖြတ်ခံလိုက်မယ် မယုံမရှိနဲ့”

သူ ငယ်ငယ်ကတည်းက တဖွဖွပြော၍ ကျေနပ်မဆုံးရှိခဲ့သည်။ ပြင် ...

“စီးပွားရေးလုပ်တဲ့အခါ ကိုယ့်အမျိုးချင်းစောင့်ရှောက်၊ ခေါင်းပုံ ဖြတ်တာမျိုးမလုပ်မိစေနဲ့၊ အခြေအနေ အကြောင်းကြောင်းကြောင့် ပြောင်းရွှေ့နေထိုင်ဖို့ ဖြစ်လာရင် မြန်မာလူမျိုးတွေရှိတဲ့အရပ်၊ ပတ်ဝန်း ကျင်ပဲ ဖြစ်ပါစေ။ မြန်မာ လူမျိုးတွေ ဘာဖြစ်တယ်၊ ညာဖြစ်တယ် ဘာ အားတွေပဲပြောကြ ပြောကြအရေးကြီးတော့ သွေးနီးတယ်ကွ၊ ဒုက္ခ ချုပ်အတည်း ဖြစ်လာလို့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ရှေ့ တက် ခေါင်းဆောင်လာခဲ့ကြတဲ့ လူတွေကို ကြည့်၊ မြန်မာအတွက် မြန်မာပဲ သေခံတာ၊ သူ့သားမသေအောင်၊ ကိုယ့်သားကို ထိုးကျွေးတာ ကြား သူမိသားစုဆင်းရဲနေလို့ ကိုယ့် မိသားစုကိုဝစ်ပြီး ရှာဖွေ ဦးဆောင်

www.burmeseclassic.com



ပေးတဲ့ အိမ်ထောင်ဦးစီး ရှိဖူးလား"

ဘိုးဘိုးက ဒီစကားတွေနှင့်ပဲ သူ့ကို ငယ်စဉ်ဘဝကတည်း
အပျင်းပြေစေခဲ့တာဖြစ်သည်။ ငယ်တုန်းက ငယ်တဲ့အရွယ်လေး
နားလည်နိုင်တာမျိုး၊ အရွယ်ရောက်လာတော့ အရွယ်နှင့်တန်တဲ့ စ
လုံးတွေနှင့် တစ်မျိုး။

"နိုင်ငံရေးတွေ၊ လူမှုရေးနယ်ပယ်တွေ မပါဘူးနော်၊ မြေး
တွေ ခေါင်းထဲမထည့်နဲ့။ ဘိုးဘိုးပြောနေတာ ဘယ်ဟာ အရင်း၊ ဘယ်
အဖျားဆိုတာတော့ ငါ့မြေး သိရမယ်။ ဘာသာ တရားထဲမှာ ဗုဒ္ဓ ဘာ
တရားသာ အမှန်ကန်ဆုံး၊ ဘာလို့မှန်တာလဲဆိုတာ သက်သေပြ
တယ်"

ဆိုပြီးတော့လည်း ဘုရားရှင် ဟောကြားတော်မူသော ဒါန၊ သီ
ဘာဝနာတရားတို့ကို သိသမျှ ပြောပြတတ်သေးသည်။

တရားဟောပြရမလား ဘယ်ဇာတ်တော်ထဲမှာ ဘယ်လို မေ
တရား ကြီးမားခဲ့တာ စသဖြင့် ဘိုးဘိုးမသိဘူးဆိုတာ မရှိလော
ဒေအာင် နှံ့စပ်သူဖြစ်သည်။

"ကိုယ့်ဘာသာတရားကို တန်ဖိုးထား၊ သူများဘာသာကို မ
ခတ်နဲ့။ အေး ...ကိုယ့်ဘာသာကို ပုတ်ခတ်လာရင်လဲ မခံရဘူး။
ဘုရားရှင်က လေထဲမှာကိုယ်ဖျောက်ပြီး မေတ္တာထားနေတာ မဟု
ဘူးကွ၊ ရုပ်၊ ခန္ဓာပြတ်ကွာကျသွားတဲ့အထိ သတ္တဝါတွေကို ကယ်ဆယ်
မေတ္တာထားသွားခဲ့တာ။ ပြောရေးရှိလာရင် ပြောနိုင်ရမယ်၊ ဆိုရေး ရှိ
ဆိုရမယ်၊ မြေးကို ဗုဒ္ဓဘာသာရဲ့အရိပ်မှာ တရားတော်တွေနဲ့အညီ ဘိုး
မွေးနိုင်ခဲ့တာဟာ ဘိုးဘိုးရဲ့ မိဘများ၊ ဘိုးဘွားများလက်ထက် ကတည်
ကျင့်ကြံခဲ့ကြတဲ့ အမှန်ကန်ဆုံး ကိုးကွယ်မှုကြောင့်ပဲ။ ရွှေငွေရ
အမွေထက် မှန်ကန်တဲ့ ဘာသာတရားကို ကိုးကွယ်နိုင်ဖို့ ရခဲ့တဲ့ အ





ကမှ တကယ့် အဖိုးထိုက်ရတာနော၊ မြေးကလဲ နောက်ထပ် ကိုယ့်ရဲ့
သားမြေးတွေအထိ ဒီအမွေကို လက်ဆင့်ကမ်းနိုင်ရမယ်"

ဘိုးဘိုးပြောသမျှကို သူတစ်လုံးမကျန် မှတ်မိနေခဲ့သည်။ အားလုံး
က အရိုးစွဲခဲ့သော မှန်ကန်ချက်တွေပဲဖြစ်၏။

"မြေး အိမ်ထောင်ပြုတဲ့အရွယ်ထိ ဘိုးဘိုးက နေနိုင်ချင်မှ နေနိုင်
မှာ။ ငါ့မြေးမှာ ရွှေငွေစည်းစိမ်တွေ အလျှံပယ်ပဲကွာ၊ ပညာလဲတတ်
တယ် ဘာလိုသေးလဲ။ အိမ်ထောင်ဖက်ရှာတဲ့အခါ မိန်းကလေးရဲ့ ပိုင်ဆိုင်မှု
တွေကို မကြည့်ပါနဲ့ ဘာသာတရားကိုပဲ ကြည့်ပါ။ အိမ်ထောင်ရှိ တစ်ခု
လပ်ဆိုတာတွေကိုရှောင်၊ ဘာသာမတူတာကို လုံးဝ မစဉ်းစားနဲ့ လူမျိုး
ခြားဆိုရင်တော့ နှစ်ခါတောင် ပြန်မကြည့်နဲ့"

ဘိုးဘိုးက ဒီအတိုင်းပဲမှာခဲ့သည်။ မြေးကို အလိုလိုက်၍ ဖျော်ဖျော်နေ
ဘတ်သည့် ဘိုးဘိုးဟာ ပြင်းထန်သည့်မာနမျိုးလည်း မရှိ နေရာတကာ
စာကြောင်း၍ ချုပ်ချယ်ခဲ့တာမျိုးလည်း မရှိပေ။

အထူးတလည် ဆုံးမခဲ့တာက အမျိုးဘာသာကို မြတ်နိုးချစ်ခင်
မှုပဲဖြစ်သည်။ သူကိုယ်မှာ ဆင်တာကောင် မူလတန်းအရွယ်ကတည်းက
ကျောင်းစိမ်းပုဆိုးလေးနဲ့ တိုက်ပုံအကျီနဲ့။

"ကြည့်စမ်း ဘယ်လောက်ခံ့ညားလိုက်သလဲ ငါ့မြေး"

စတစ်ကော်လံနှင့် ရုပ်လက်ရှည်မှင့်ပုဆိုးအပြင် တိုက်ပုံ သပ်ဝင်
သည်။ မှန်ထဲမှာ ပေါ်နေသည့် ကိုယ့်ကိုယ်ကို ကြည့်ခိုင်းကာ အားပေးတ
ဓိုးမွမ်းခဲ့သံများကို သူကိုယ်တိုင်သဘောတကျရှိခဲ့ရသာ။

ရုပ်အကျီ ဘာအရောင်ဝတ်ဝတ် ကြယ်သီးစုံတပ်ဝတ်တတ်သူ
သည်။ ငယ်ငယ်ကတည်းကပင်။ တိုက်ပုံအကျီကြောင့်၊ ရှပ်လက်ရှည်
ကြောင့် သူ့မျက်နှာမှာ စိတ်အိုက်ချေးပြန်ခြင်းမျိုးဘယ်သောအခါမှ
ရှိခဲ့ဖူးပေ။ထို့ပြင် ...



www.burmeseclassic.com

www.burmeseclassic.com



"အနောက်တိုင်းဝတ်စုံဆိုတာတွေ ဘာလုပ်မှာလဲ မြေးရဲ့၊ သူတို့တောင်မှ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးကြသေးတာ မြေး မမြင်ဘူးလား မြန်မာဆန်ဆန် ဝတ်စားပြင်ဆင်ထားတာ လေးတွေတွေ့ရင် ဓာတ်ပုံလိုက်ရိုက်ကြ၊ မိတ်ဆက်ကြနဲ့ ဘယ်လောက် ဂုဏ်ယူစရာကောင်းသလဲ။ ဒါကို တို့က အတုခိုးစရာလား။ အတုခိုးရင် အတုပါပဲ အစစ်မရဘူး။ သူ့နိုင်ငံနဲ့ သူ့ယဉ်ကျေးမှု ကောင်းသလို ကိုယ့်နိုင်ငံမှာ ကိုယ့်ယဉ်ကျေး မှုသာ အကောင်းဆုံးပေါ့။ အတုယူ မမှားစေနဲ့"

ခေါင်ရိပ်မျက်နှာက ရှာတော့မည့်မိုးလို ညှိုမှောင်လာ၏။ တစ်သက်လုံး လွတ်လပ်ပေါ့ပါးစွာနေခဲ့သမျှ နဖူးမှာချွေးစို့လာခဲ့ရသည့်အဖြစ်။

သူ့ကိုစိုက်ကြည့်ရင်း နှုတ်ခမ်းလေးကိုက်ထားသည့် ရုပ်သွင်ကလည်း နောက်ထပ် စကားမပြောတော့ဘဲ မှန်တိုင်းပဲ လာလား လေပြည်လေညင်းပဲဖြစ်ဖြစ် ရင်ဆိုင်တော့မည့်ဟန်နှင့် ...

ခေါင်ရိပ် သူမကို ပြန်ကြည့်ကာ နွမ်းယဲ့စွာ ပြန်လှည့်ခဲ့သည်။ ပြီးတော့ သူမရှေ့မှာပဲ ဝင်ထိုင်လိုက်၏။ ထိုအခါကျမှ ရုပ်သွင်က ခပ်ဖြည်းဖြည်း ပြန်ထိုင်၏။

"စောစောက ရိပ် ပြောလိုက်တဲ့စကားကို ပြန်ပြင်မှဖြစ်မယ် ရိပ်။ သွင်လည်း တစ်ဖက်သတ် မတောင်းဆိုဘူး ရိပ်ပြောတာလဲ တစ်ဖက်သတ် မဖြစ်စေချင်ဘူး။ ဒီထိ လိုက်လာခဲ့ရတဲ့ သွင့်ကို နည်းနည်းဖြစ်ဖြစ် ရိပ် ပြန်တွေးကောင်းပါတယ်။ ရိပ်နဲ့သွင် ချစ်ခဲ့ကြတဲ့သက်တမ်းက နည်းသလား။ လက်ထပ်ကြဖို့ထိ တိုင်ပင်ထားခဲ့ ကြတာကော သွင်တို့ အသိုင်း အဝိုင်းအားလုံး မိတ်ဆွေသူငယ်ချင်းတွေ အကုန်သိထားကြတာ"

"ဟုတ်တယ်၊ အဲဒါ ကိုယ်တို့ အရေးကြီးဆုံးကို ထည့်မတွက်ခဲ့ကြတာပဲ၊ မြန်မာစစ်စစ်ဖြစ်ပြီး မင်း ခုလိုမျိုးကိုးကွယ် ..."

"တော်ပါတော့ ရိပ်ရယ်၊ အဲဒီစကားက ဘာသာရေးကို ပုတ်ခတ်





လိုက်တာပဲ၊ လူကြားလို့လဲ မကောင်းဘူး၊ ရိပ်နဲ့သွင် နားလည်မှုယူပြီး လက်ထပ်လိုက်ကြရင် ဘယ်သူမှလဲ သိဖို့မလိုဘူး၊ ခုလို ချစ်လျက်နဲ့ ဝေးနေကြဖို့လဲမရှိဘူး။ သွင့်ဘက်က ဒီအခြေအနေထိ ရိပ်နဲ့ ညှိနိုင်းခွင့်ရအောင် မာမီတို့ကို ဘယ်လောက်ထိ အတိုက်အခံပြောခဲ့ရလဲ သိလား"

သူမ ငိုပါပြီ။ ရှိုက်လည်းရှိုက်သည်။ မျက်ရည်သုတ်ပစ်ရင်း ပြောလည်းပြော၏။ ခေါင်ရိပ် ဒူးပေါ်လက်တင်လျက် လက်ဝါးပေါ် မျက်နှာမှောက်ချကာ စိတ်ပျက်လက်ပျက်ပွတ်သပ်ပစ်မိ၏။

ဘယ်လိုပဲ လှည့်ပတ်ပြောနေနေ သူ ပေးဖို့အဖြေကရှိပြီးသား။ ထပ်ပြောလျှင် သူမ ထပ်ငိုမည်။ ထို့ပြင် သူဟာ တစ်ကိုယ်ကောင်းဆန်တဲ့ ယောကျ်ား၊ ဘာမဟုတ်တာလေးကို အကြောင်းပြကောင်းကောင်းနဲ့ ငြင်းဆန်ပြီး မာနထားတဲ့ယောကျ်ားစသော ပုဒ်မတွေ တိုးပွားလာဖို့ ရှိ၏။

"မငိုပါနဲ့တော့ သွင်၊ မင်းက မျက်ရည်နဲ့ အရှည်ဖျော်ပစ်လို့ရတယ်။ ကိုယ့်မှာ မင်းမျက်ရည်ကို မြင်နေရတဲ့ဒုက္ခနဲ့ ချစ်သူကို စွန့်လွှတ်ဖို့"

"ဘာ ...ဘာပြောတယ် ရိပ်၊ ရိပ်က အဲဒီလောက်ထိ ..."

သူမ စကားမဆုံးမီ ဖွင့်ထားသည့်တံခါးဝမှာ အရိပ်ကလေးတစ်ခု ကျရောက်လာ၏။ တံခါးဘက်ကို မျက်နှာမူထားသော ရိပ်က အရင် မြင်လိုက်သည်။

"ဆရာ"

ကူးက တံခါးဝမှာ ခြေစုံရပ်လိုက်ပြီး အသံပေး၏။ မျက်ဝန်းတို့က ဆွာပေးထိုင်နေပေမယ့် တော်တော်ကြီးလှပနေမည် မှန်းသိသာစေသည့် မျိုးသမီးဆီမှာ ခုနနဲ့ ကျရောက်သွားပြီးမှ . . .

"ဝင်ခဲ့မယ်နော်"

ဟု ထပ်ပြောပြီး ခွင့်ပြုမပြု မော့မကြည့်တော့ဘဲ ရှေ့ကိုလှမ်း ဝင်လာ၏။ သူမ ကိုင်ထားသည့်က အဖြူရောင်ကတ္တူဘူးပြားတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရိုပ်က ဘာမှမပြောဘဲ ကူးကိုကြည့်နေ၏။ ကူးသည် အမျိုး သမီးကို နောက်ထပ်မကြည့်တော့ဘဲ သူမဘေးမှာပဲ ဝင်ထိုင်ကာ
"ဒီမှာ ဆရာ့တိုက်ပုံအင်္ကျီ ကျန်ခဲ့လို့ လာပေးတာ"
"ဟင် ..."
သွင့်အသံလေး ထွက်လာသည်။ ကူး လှည့်ကြည့်လိုက်တော့ သွင့် မျက်လုံးတွေက ကတ္တူဘူးနှင့်ခေါင်ရိုပ်ထံမှာ သံသယများစွာနှင့် ဝေ့ လျက် ...
ခေါင်ရိုပ်မျက်နှာ ကွက်ခနဲ ပျက်သွားပြီး ချက်ချင်းပြန်ပြင်လိုက်ကာ
"အင်း ထားခဲ့လေ"
"ဆရာက ကူးကိုမြှူပေးပြီး အသည်းအသန် ပြန်ပြေးတော့ ကျန်ခဲ့ တာပေါ့။ ကူးက ပေးမလို့ကြည့်ပါသေးတယ်"
ထပ်ပြောတော့ ပိုဆိုး၏။ ခေါင်ရိုပ်မျက်နှာ နီမြန်းမြန်း ဖြစ်သွား သည်။ ကူးက ပြုံး၍...
"ဆရာဇော်ကောဟင်၊ ဆရာ့မိန်းမ နေကောင်းသွားပြီလား"
"မကောင်းသေးဘူး ဇော်အောင် အိမ်မှာတောင် ပြန်မအိပ်နိုင်ဘူး ကိုး ရှိသေးလား"
ပြန်တော့လို့ ပြောလိုက်တာကို ကူး သိသည်။ ရင်ထဲမှာ အောင့်သွား ပေမယ့် မကျေနပ်။
"ဆရာက ကူးဆီကို ဘယ်တော့လာမှာလဲ"
ခေါင်ရိုပ်မျက်နှာ တင်းသွားသည်။
"ငါ မလာတော့ဘူး။ ဇော်အောင်ပဲ ပြန်လာလိမ့်မယ်"
"ဟာ မရပါဘူး။ ဆရာဇော်က သူ့မိန်းမ နေမကောင်းဘဲနဲ့ ဘယ် လိုလုပ်ပြန်လာနိုင်ဦးမှာလဲ၊ ကူး စာတွေဘာမှမရဘူး။ ဆရာလာမှ ဖြစ် မှာ၊ ဖေဖေကလဲ ပြောနေတယ်"





"စိတ်ကူးရင့် မင်း နည်းနည်းမှကို အလိုက်ကမ်းဆိုး မသိပါလား ဟဲ၊ ဒီမှာ ညှော်သည်နဲ့ စကားပြောနေတာ မင်းမမြင်ဘူးလား"
"မြင်တယ်၊ ကူးကလဲ ညှော်သည်ပဲ၊ ကူးကိုကျတော့ ဆရာက ညှော်မခံ ချင်ဘူးလား"
"မင်း ...ကျွတ် ..."
သူ့ ဆံပင်တွေထဲလက်ထည့်၍ ပြောချင်စိတ်တွေ ကုန်သွားမိ သည်။ ထိုစဉ် ရုပ်သွင်က နေရာမှ ထရပ်လိုက်ကာ . . .
"သွင့်ကိုပဲ ညှော်ခံလိုက်ပါ၊ သွင် ပြန်တော့မယ်။ ညနေကျရင်တော့ ရိုပ် သွင့်ဆီကိုပဲ လာခဲ့လိုက်တော့၊ ဆက်ဆွေးနွေးကြတာပေါ့"
အဲဒီလိုနည်းနှင့် ဆက်ရန်ရှိသေးသည်ဆိုတာကို သူ့ လက်မခံနိုင် ပါ။ မဖြစ်နိုင်တာ၊ ဖြစ်နိုင်တာက အကြောင်းနှစ်ရပ်ပဲရှိသည်။ ဒါ တစ်ခါ တည်း ရှင်းလို့ရတာပဲ။ ခုတော့ ရုပ်သွင်က နောက်ထပ်ဆက်ဖို့ ကြိုးစ ချန်ထားရစ်ခဲ့သည်။
"ကဲ ပြော ...မင်း ဘာပြောမလဲ၊ ပြောပြီးရင် ပြန်"
ခေါင်ရိုပ် ဆတ်ခနဲ ထရပ်လိုက်သည်။ ပြီးတော့ ချာခနဲ လှည့်ထွက် သွားမှုက ကူးကို စက်စုပ်ရှုံ့ရှာဖွယ် သတ္တဝါတစ်ကောင်လို ...
"ကူးကို အဲဒီလောက်ပြောပြီး မောင်းထုတ်ဖို့ မလိုပါဘူး"
ခေါင်ရိုပ် ချာခနဲ ပြန်လှည့်လာကာ ...
"မထုတ်စေချင်ရင်လဲ မပြောခင်ပြန်ပေါ့ကွ၊ ဘာအကြောင်းတွေ ရှိနေလို့လဲ"
"ဆရာ့ကို လာခေါ်တာလေ၊ လိုက်မယ်လို့ ပြောပေါ့"
"ဘာဖြစ်လို့ ဖြေရမှာလဲ၊ မင်းကို စာသင်ပေးဖို့များ နောင်ဘယ အထိ မစဉ်းစားဘူး"
ကဲ နားလိုက်တော့၊ ပြတင်းပေါက်နားမှာ နောက်တစ်ခါ သွားရပ်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။

ကျောပေးနေလိုက်ပေမယ့် နားကိုတော့ နောက်မှာချန်ထားလိုက်မိသည်။

ထွက်သွားသံလည်းမကြား၊ ဘာမှလည်း နောက်ထပ် ပြောဆိုလာခြင်းမရှိ။

ခေါင်းရိုပ် ချက်ချင်း ပြန်လှည့်ကြည့်လိုက်မိ၏။ ကြည့်စမ်း၊ မယ်မင်းကြီးမလေးက ကုလားထိုင်မှာ ကျုံကျုံနနထိုင်နေကာ မျက်ရည်စတွေ အသံတိတ်ကျနေလို့။

သူ လှည့်လာတာကို မျက်လွှာပင့်ကြည့်ကာ ဆတ်ခနဲလွှဲပစ်၏။

"အဲဒါ ဘာဖြစ်နေတာလဲ"

"ထိုင်နေတာလေ၊ ဆရာ မမြင်ဘူးလား"

"ထိုင်နေတာကို ပြောတာမဟုတ်ဘူး ငိုနေတာကို မေးတာ၊ နှစ်ယောက်တည်းရှိနေတာကို မင်းက ငိုနေတော့ တခြားလူတွေ မြင်သွားရင် ဘာပြောကြမလဲ"

"မမြင်စေချင်ရင် ပြောလေ စာပြန်သင်ပေးမှာလား၊ မပေးဘူးလား"

"တောက်"

သူ တက်ခေါက်၍ ဘာဆက်ပြောရမှန်းမသိ။ သင်ပေးသင့်နေတာကတော့ အမှန်ပဲဖြစ်သည်။ ဇော်အောင့်မိန်းမကလည်း အခြေအနေမကောင်းသေး။

သူကိုယ်တိုင်လည်း ဇော်အောင့်ကို ကတိပေးထားခဲ့သည်။

သို့သော် .....

"မင်းအချိုးကို ပြင်၊ စကားပြောတာကို ဆင်ခြင်"

သူ တစ်ထစ်လျှော့တော့ ကူး နှုတ်ခမ်းလေးမဲ့ကာ မျက်လွှာပင့်





ကြည့်၏။

မျက်ရည်ပေါက်ကြီးငယ်ကျပြီး ခေါ်တုန်းကခေါ်သည်၊ ယုံပစ်တော့ ခုချိန်ထိ အချိုးကမပြေ။

"ပြောနေတာ ကြားလား"

"ကြားတယ်"

ဟု ဆောင့်အောင့်ဖြေပြီး ထရပ်သည်။

"မင်းက ဒီပုံစံနဲ့ ဆရာလိုက်ပင့်တယ် ဟုတ်လား"

"ဆရာကကော ကူးကို တက်စေချင်လွန်းလို့ ခေါင်းညိတ်သည်လိုက်တာလား"

"ဘာ ..."

"ဆရာဖော့်ကို ငှဲညာပြီး မဖြစ်မနေ ပြန်လုပ်ရမယ့်ကိစ္စမှာ ကူးကလိုက်ခေါ်တော့ မဟာသိက္ခာတော်တွေ ထိုးကဲကြီးမားပြီး အပေးအယူတွေ လာလုပ်နေတာ ဟွန်း ..."

ဒေါသလည်းဖြစ်၊ ရယ်လည်းရယ်ချင်သွားသည်။ ဒီကောင်မလေးအကျတော့ ပါးလိုက်တာ လှစ်လှစ်ကလေးပါလား။

နှုတ်ခမ်းမဲ့ပန်းနှစ်ဖက်တွန့်ကာ ခဲကလည်း ထောက်လိုက်သေးသည်။

"ဆရာက နာသုံးနာ မထားနိုင်ပေမယ့် တပည့်ကထားရမှာပေါ့။ ဘယ်တော့မှ စာသင်မပေးတော့ဖို့ ဆုံးဖြတ်လိုက်တဲ့ ဆရာသမားကြီးကို ဆောင်းပန်ပါတယ်၊ ပြောသမျှလည်း နာခံပါ့မယ်၊ ရပြီလား"

ရယ်ချင်စိတ်ကို မျိုသိပ်၍ လည်ပင်းတစ်ချက်ပွတ်ရင်း သူတစ်ဖက်လှည့်ရပ်လိုက်ရသည်။

"သွားပြီ ဘိုင် ..."

နှုတ်ဆက်ပြီး ပြေးဆင်းသွားတော့လည်း လှစ်ခနဲ။

တကယ့် မိန်းမဆိုးလေးပါပဲ။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



နေလို

ေ

လိုက်မိ

ထွက

ခြင်းမရှိ။

ခေါ်

ကြီးမေ

အသံဝ

## အခန်း (၁၂)

သူ့ ခြေလှမ်းတွေ ပေါ်တီအောက်ကို ရောက်သွားသည်နှင့် အထဲက ဆူညံသံတွေကို ကြားလိုက်ရ၏။ ထို့ကြောင့် နေရာမှာပဲ တုံ့ခနဲ ရပ်သွားခဲ့၏။

"မကျေနပ်တာကို ကျေနပ်သလိုနေရမှာလား ဖေဖေ၊ ကူး လုံးဝ မကျေနပ်ဘူး၊ ကားချင်းလဲပေးရင်ပေးမပေးရင် ဟောဒီသေနတ်ကို သွားလွှင့်ပစ်လိုက်မှာ"

"သမီး ရပ်နေစမ်း"

"ဟင့်အင်း"

"သမီး သမီးလေး အဲဒီလို ဖွတ်မလုပ်ရဘူး နောက်တော့ ကိုယ့်အဖေကို ဝယ်နိုင်းလို့ရတာပဲကွယ်"

"ဟင့်အင်း ကြီးကြီးစု ဖယ်ပါ၊ ဒီမိန်းမ ရောက်လာကတည်းက ကူးပဲ ခံနေရတာ သိလား၊ မနေ့ညကလဲ အစောကြီး ပဲရှိသေးတယ် တံခါးပိတ်ထားလို့ ကြီးကြီးစု ဖွင့်ပေးမှ ဝင်ရတယ်လေ"

"ဟဲ့ ဘာစောတာလဲ၊ ညဆယ်နာရီက စောသလား"





"မပြောနဲ့၊ ရှင်လုံးဝဝင်မပါနဲ့နော်၊ ကိုးနာရီမထိုးသေးဘူး၊ ဘာဆယ်နာရီလဲ။ ဖေဖေကလဲ သေချာမမေးဘဲ ဆယ်နာရီဆိုတာကို ယုံပစ်လိုက်တာပဲ၊ ကိုးနာရီ ဘယ်လိုပြောပြောမရဘူး"

"သမီး တော်တော့လို့ ဖေဖေ ပြောနေတယ်နော်၊ ပေး ကားသော့"

"ဟင့်အင်း"

မိသားစု လူစုံတက်စုံ အသံတွေကြားနေရ၏။ ပြဿနာက သေးသေးနုပ်နုပ်မဟုတ်နိုင်။ ခေါင်းရိပ် နောက်လှည့်ပြန်ရတော့မလိုလို၊ စောင့်နေရမလိုလိုနှင့် ဝင်သွားဖို့မသင့်တာကတော့ သေချာပါသည်။

ပြီးတော့ ရှိုက်ကြီးတငင်ဖြစ်နေသည့် ကူး၏ငိုသံလေးကို မကြားတ်သလိုလို၊ သနားမိသလိုလို ရင်ထဲမှာ မကောင်း။

ဆိုးနေတာက သေချာပေမယ့် ဖခင်ဖြစ်သူက မျက်နှာချင်းဆိုင်ပြီး မယားဘက်ကိုပါပြနေတာက ရက်စက်ရာကျသည်။ ဘာပဲဖြစ် မိထွေးနှင့် နေရှာတဲ့ မိန်းကလေး

"သူငယ်ချင်းတွေလာတိုင်း ပညာပြတယ်၊ သွားလာစရာရှိတိုင်း ပေးမယ်"

"အဲဒီလို မဖြစ်ရအောင်လို့ ဖေဖေ သူ့အတွက် ကားဝယ်ပေးတာဖြစ်လို့လဲ"

"ကားဝယ်ပေးတာ ဘာမှမဖြစ်ပေမယ့် လင့်နိခရိုဇာ ဘာဖြစ်လို့ ပေးတာလဲ၊ ကူးက ပူဆာတုန်းကတော့ မိန်းကလေးနဲ့ လင့်နိခရိုဇာ ဖက်ပါဘူးဆို၊ ဖေဖေ့မိန်းမကျတော့ လိုက်သွားရောလား"

"လိုက်ရမယ်၊ သူက ဖေဖေ့ဇနီး၊ ဒီလောက်မှ ထည်ထည် ဝါဝါမရှိ ကောင်းမလား"

"ကူးကလဲ ဦးသိန်းထိပ်ရဲ့ သမီးပဲ"

"ပရာဒိုနဲ့ လင့်နိခရိုဇာ ဘာများကွာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကွာတယ်၊ ဘာဖြစ်လို့မကွာရမှာလဲ၊ ကူး လုံးဝ မကျေနပ်ဘူး"

"ဘာပြောတယ်။ နဝိက ဖအေကို အော်ကြီးဟစ်ကျယ် လည်းပြောသေးတယ်၊ မိုက်ရိုင်းနေလိုက်တာ ကဲ ..."

ပြင်းထန်စွာ ထိခတ်သံတစ်ချက်က ခေါင်ရိပ်ရင်ထဲကို ထိရှသွားလေသည်။ ဆုံးဖြတ်ချိန်မရလိုက်မီ ခြေလှမ်းတို့က တိုက်တံခါးဝသို့ လှမ်းတက်ပြီးသား ဖြစ်သွား၏။

"သမီးလေး"

ဒေါ်စုမိက ကူးကိုပြေးပွေ့နေသည်။ ရှေ့ဆက်တိုးမည့် ဦးသိန်းထိပ်၏ ခြေလှမ်းက ခေါင်ရိပ်ကို မြင်လိုက်သဖြင့် အားတုံ့အားနာနှင့် ရပ်သွားသည်။

သူ့ဘေးမှာ လက်ပိုက်လျက် ခပ်မိန့်မိန့်ရပ်နေသည့် ပပလွင် မျက်နှာ ပေါ်အရောက်မှာ ခေါင်ရိပ်အကြည့်တို့ကို ချက်ချင်း ပြန်သိမ်းလိုက်သည်။

"ဆောရီးကွယ်၊ ဆရာလာချိန်ကျမှ ဖြစ်နေရတယ်၊ စိတ်ထဲ မထားနဲ့နော်"

ဦးသိန်းထိပ် ဒါပဲပြောပြီး လှည့်ဝင်သွားလေသည်။

"ဖယ် ...ဖယ် ကြီးကြီးစု၊ ကူး ဘာမှမဖြစ်ဘူး"

ကူးက သူ့ကိုလည်း မော့မကြည့်၊ ဒေါ်စုမိလက်တွေကို ဖယ်ရှ ချက်ချင်း ထရပ်လိုက်သည်။ ထိုအခါ လှည့်ထွက်သွားတော့မလို ဖြ နေသည့် ပပလွင်က ခြေလှမ်းတုံ့သွား၏။

မျက်နှာလေးတစောင်း ပြန်ငဲ့ကာ မျက်ကြောစင်းနှင့်ကြည့်ပုံ ပြုံးမဲ့မဲ့ စိန်ခေါ်သလို ...

"ရှင်က ဘာကြည့်တာလဲ၊ သိပ်ကို အားရနေသလားဟင်၊ ဒီ ဖေဖေ့ကို ခဏဖယ်ထားလိုက်၊ ဘယ်လိုလဲ .."





"စိတ်ကူးရင့် ..."

သူ ဘယ်လိုမှမနေသာတော့ဘဲ ပြန်လှည့်ရပ်လာသည့် ပပလွင် နှင့်ကူးရဲ့ အလယ်မှာ ဝင်ရပ်လိုက်ရသည်။ ထို့နောက် ကူး ဘက်ကိုပဲ လှည့်ကာ ...

"ဘာဖြစ်လို့ ဆိုးတဲ့ဘက်ရောက်ဖို့ ကြိုးစားနေရတာလဲ၊ တော်ပြီ ပေါ့"

ကူး နှုတ်ခမ်းလေးကိုကိုက်၍ မျက်နှာငုံ့ပစ်လိုက်သည်။ ပပလွင်ထံ မှ ခြေသံပြင်းပြင်းကို ကြားလိုက်ရသဖြင့် သူမ ထွက်သွားပြီမှန်း သိလိုက် ၏

"သမီးလေးရယ် ..."

ဒေါ်စုမိသည် ကူးရဲ့ခါးလေးကို သိမ်းဖက်၍ မျက်ရည်ဝေ့ဝေ့နှင့် ခဲညိုပုပ်နေသည့် ပါးကလေးကိုလည်း နမ်းသည်။

ကူးက မျက်ရည်ကို ကြမ်းတမ်းစွာ ပွတ်ဆွဲသုတ်ပစ်လိုက်ပြီး ဒေါ်စုမိ လက်တွေကို ဖယ်ချသည်။ ဖြီးတော့ နေရာမှ လှည့်ထွက်သွားလေ သည်။

"ဆရာ ..."

ဒေါ်စုမိက သူ့ရှေ့မှာ လာရပ်ကာ ...

"ကြီးကြီးရဲ့ တူမလေးကို သည်းခံခွင့်လွှတ်ပေးပါ၊ သွန်သင်ဆုံးမပါ။ အလေးက သနားစရာလေးပါကွယ်၊ သူ့ခမျာ ..."

ဒေါ်စုမိ ဆက်မပြောနိုင်ရှာဘဲ မျက်ရည်သုတ်လေသည်။ ပြီးမှ ပြန်မော့လာပြီး ...

"သားအဖနှစ်ယောက်လုံး ဘယ်သူမှတော့ မမှားပါဘူး၊ ဒါပေမယ့် ကွယ်ဆိုတာ ..."

"ကျွန်တော် နားလည်ပါတယ်၊ တတ်နိုင်သလောက် ထိန်းမတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



သွားပါမယ်"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်"

ဘာဖြစ်လို့ လွယ်လွယ်ကူကူ ကတိတွေပေးလိုက်မိမှန်း ကိုယ့်ကိုယ်ကိုပင် နားမလည်တော့ပါ။ ပါးပြင်နုနုလေးထက်က ညိုပုပ်ပုပ် လက်ဝါးရာကြီးကို မြင်လိုက်ရခြင်းကြောင့်လား။

တွေးကြည့်တော့လည်း ကိုယ်နဲ့ ဘာမှဆိုင်တာမှမဟုတ်။

* * *





အခန်း (၁၃)

"စိတ်မကောင်းဖြစ်သွားတယ်ဆိုကတည်းက မင်းရင်ထဲမှာ ဆိုင်...သို့ပေါ့ကွ"

"ဘာလဲ မင်းစကားက ..."

ဇော်အောင်က ပြုံးလိုက်ပြီး လက်ထဲကဆွဲခြင်းကို ပြန်ချ၏။ နာရီ...ည်းကြည့်ကာ ခေါင်ရိပ်ရှေ့မှာ ဝင်ထိုင်လိုက်၏။

"ကူးက သနားစရာလေးပါ ရိုးရိုးပြီးတော့ ချစ်စရာလဲကောင်းတယ်၊ ...မှိုမိဆိုတဲ့ မိန်းမကြီး ပြောပုံအရဆို ပပလွင်ဆိုတဲ့ တစ်ယောက်က ...ခွဲပါဘူးကွာ၊ မိထွေးတော်တော်ပီသတဲ့ပုံပဲ။ မင်းလဲ အခုမြင်တယ် ...တ်လား"

"ဟုတ်တယ်၊ ဒါပေမယ့်ကွာ သူများအိမ်တွင်းရေး စိတ်မဝင်စား...ဲ ကောင်းတယ်၊ ငါ့မှာလဲ ကိုယ့်ဒုက္ခနဲ့ကိုယ်"

"အေး အဲဒါပြောပါဦး၊ ရုပ်သွင် ပြန်သွားပြီလား"

"အင်း"

ရုပ်သွင်ဆိုတော့ သူ့မျက်နှာ မှုန်မှိုင်းသွားလေသည်။ ဆင်...ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာ နှစ်လွှာအနက်မှာ ရုပ်သွင်တို့က အသင့်အတင့်သော ပြည့်စုံ ချ… သာမှုသာ ရှိကြပြီး ခေါင်ရိပ်တို့က အများကြီးပိုမြင့်သည်။

ထို့ပြင် ရုပ်သွင်တို့က မွေးချင်းမောင်နှမတွေ ရှိသေးသည်။ ခေါင်ရိပ်… တစ်ဦးတည်းသောသား။နေပုံထိုင်ပုံကျတော့ ရုပ်သွင်က ရှိတာထက်… တောက်ပအောင် ပြင်ဆင်ဝတ်စားတတ်၏။

မာနလည်းကြီးသည်။ ကိုယ့်ကိုယ်ကို အလှပြင်သလောက် ဘ… ယောကျ်ားနှင့်မှ လိုက်တန်သည်မထင်သော ရုပ်သွင်က ခေါင်ရိပ်… တော့ ချစ်ခဲ့၏။

"ရိပ်က အရမ်းအေးချမ်းတာပဲ၊ အဲဒါကြောင့် ပန်းကုံးစွပ်ပေးလို… တာ" ဟု ရယ်ရင်းပြောတတ်သေးသည်။

သူငယ်ချင်းတွေကတော့ လက်တို့သတိပေး၏။

"ငါတော့မထင်ဘူးနော်၊ သူချစ်လိုက်ပုံက သချိုင်းတွေ ပါသလိုပဲ။ … တအားချမ်းသာမှန်းသိလို့ ဖြစ်နိုင်တယ်၊ သူ့ မားသားကြီးက ဒါကြီး"

ဟု ကပ်ပြောပြီး လက်ညှိုးနှင့်လက်မ အဝိုင်းလုပ်ပြ၏။ ဘာဖြစ်… ရုပ်သွင်ကို သူ စွဲလမ်းမြတ်နိုးခဲ့ပါသည်။

ခွင့်မလွှတ်နိုင်ခဲ့တာက ဗုဒ္ဓဘာသာမဟုတ်ခဲ့သည့် သူမ၏ ကိုးကွယ်… ရင်နာခဲ့ရသည်က မြန်မာစစ်စစ်ဖြစ်လျက်နှင့် အယူလွဲနေခြင်းကို…

"သူနဲ့ငါ ဘယ်လိုမှမဖြစ်နိုင်ပါဘူးကွာ"

စိုက်ကြည့်မျှော်လင့်နေသည့် ဇော်အောင့်ကို ဒီစကားဖြင့်ပြော… အဆုံးသတ်လိုက်သည်။ ဇော်အောင်က ခေါင်းညိတ်ကာ ...

"သူပြောသလို သူသပ်သပ်၊ ကိုယ်သပ်သပ် ကိုးကွယ်ကြ… ကောကွာ၊ ငါက မင်းခံစားနေရတာကို မကြည့်ရက်လို့ပြောတာပ…"

ခေါင်ရိပ်က ခေါင်းခါလိုက်သည်။ သားသမီးတွေ မွေးလာကြ… ဘယ်လိုခွဲခြမ်းစိတ်ဖြာပြီး ကိုးကွယ်ကြမလဲ။





ပြီးတော့ ဘိုးဘိုး ပြောခဲ့ဖူးသည်။ 'စရိုက်မတူဘဲ ပေါင်းကြရင် …ဘူး မြေးရဲ့၊ အဲဒါကို သတိထားရမယ်' တဲ့။

ရုပ်သွင်က လမ်းထွက်ပြီဆို အိတ်ထဲမှာ ငွေတွေဖောင်းပွနေ အောင်ပါ …ကျနေပ်သည်။ သူကတော့ လက်ထဲမှာ ငွေများများ လည့်သွားတတ် …ည့်အကျင့်မရှိပေ။

ပြီးတော့ အပျော်အပါးဆို သိပ်ဝါသနာမပါ။ လျှော်က်လည်တဲ့ …အကျင့်မရှိ။

လိုအပ်လျှင် သွားလာတတ်တာပဲရှိသည်။အပျော်အပါး သက် …သက်နှင့်မဟုတ်။ ဘာပဲဖြစ်ဖြစ် ဒါတွေက ညှိနှိုင်းယူလို့ရနိုင်တာတွေပါ။ …ဟုပဲသတ်မှတ်ခဲ့သည်။ ဒါမှမဟုတ်လျှင် မိန်းကလေးဘက်ကို သူကပဲ …လိုက်လျောပေးဖို့ ဆုံးဖြတ်ခဲ့၏။

ခုဟာက ...

"ခေါင်ရိပ်"

"ပြော ..."

"မင်းပြောသလို သူက မင်းရဲ့ ကိုးကွယ်မှုကို ယူပါမယ်ဆိုရင် မင်းက …တ်ထပ်မယ်ပေါ့"

"ဟင့်အင်းဆိုပြီး ပြန်သွားတာပဲကွာ၊ မေးမနေပါနဲ့တော့"

"မဟုတ်ဘူး၊ ငါမေးတာပဲ ဖြေစမ်းပါ"

"ကိုယ့်ချစ်သူကို မပိုင်ဆိုင်ချင်တဲ့သူ ရှိမလားကွ၊ ကိုယ့်ဘာသာကို …ခုမယ်ဆိုရင် ပြီးပြီပေါ့"

"ငါကတော့ ဒီလိုမထင်ဘူး"

ပြောလိုက်ပြီး ဆေးရုံကို ထမင်းပို့ဖို့အတွက် ဇော်အောင်က နာရီ …ကြည့်သည်။

"မင်း နောက်ကျနေမယ် သွားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါသေးတယ်၊ တစ်အိမ်တည်းနေပြီး ဒီလိုမှမပြောဖြစ်ရင် ပြော
ဆုံမှမဆုံတာ"

ဇော်အောင်က လက်ကာပြပြီး စကားပြန်ဆက်ဆို့ အစရှာသည်

"ဘယ်ရောက်သွားမှန်းတောင် မသိဘူး၊ ဩော် ... ဒီလို ငါ
တာကကွာ သူတို့အုပ်စုက ကုလားမခြေထောက်တွေစွပ်ပြီး သူများထ
မြင့်အောင်နေတဲ့ လူစားတွေလေ။ အခု မင်းနောက်ကိုလိုက်လာတာ
ဆိုတာ တစ်မျိုးကြီးပဲလို့ မထင်ဘူးလား"

"ဘာကိုထင်ရမှာလဲ၊ ငါနဲ့သူ ဘာမှဖြစ်ခဲ့တာမှမဟုတ်ဘဲ"

"လိုင်းမှူးလို့မရလို့ဘဲ မင်းထွက်လာတာ မဟုတ်ဘူးလား"

"ဟုတ်ပေမယ့် သူနဲ့ငါ ..."

"မင်းကတောင် ကျောခိုင်းထွက်ခဲ့သေးတာ၊ သူလိုမာနမျိုးနဲ့
တယ်ဆိုရင် မင်းထက်တောင် ပိုလိမ့်ဦးမယ်"

ခေါင်ရိုပ်က မျက်မှောင်ကြုတ်၍ လှည့်ကြည့်၏။

"ပြည်မှာ မင်းတို့လုပ်ငန်းတွေ ပွထနေအောင် အောင်မြင်
သူတို့သိနေတာပဲကွ၊ ပြီးတော့ မင်းမှာ အုပ်ထိန်းသူဆိုလို့ ဦးလေးသား
လို အားကိုးရတဲ့ ဘဏ္ဍာထိန်းဦးစောပဲရှိတော့တာ"

"ဘာလဲကွာ ရှင်းရှင်းပြော"

"ဒီလောက်ရှင်းနေတာကိုကွာ မင်းကလဲ၊ ကိုယ့်ကိုချစ်တာ မ
ဘဲ စည်းစိမ်ဥစ္စာကို မက်မောနေတာဆိုရင် သူတို့အုပ်စုထဲမှာ မင်း
သွားမှာပဲ"

"ဒီမှာ ဇော်အောင် မျက်နှာကို သေချာကြည့် ..."

ဇော်အောင်က သေချာ တကယ်ကြည့်၍ ...

"ချောသားပဲ"

"ခွေးကောင် ရှပိက ပြီတီတီနဲ့ မင်းပြောသလို မှန်မယ့်ရှ





သေချာကြည့်"

"မလွဲမသေ မှန်မှာပဲ"

ဇော်အောင်ကလည်း ပြောရဲသည်။

"အထူးသဖြင့် မင်းတို့လို ရုပ်တည်ကြီးတွေပဲ"

"ဘာဖြစ်လဲ"

"ကလေးပိုက်ပြီး တံခါးဝထွက် မိန်းမမျှော်ရတာ ..."

ပြောလည်းပြော၊ ထလည်းပြေးရင်း ဇော်အောင်က ရယ်သည်။
ခေါင်ရိုပ်မျက်နှာလည်း ပြုံးယှဲ့ယှဲ့နှင့် တစ်ဖက်လှဲ့နေ၏။

အဲဒီလို ယောကျ်ားမျိုး သူတကယ်ဖြစ်မှာလား ...

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

"မင်း တော်သားပဲ"

ချီးမွမ်းသံကြားတော့ ကူးကစာအုပ်တွေ ပြန်သိမ်းရင်း ပခုံးလေး တွန့်၍ ရယ်သည်။

"ဆရာ"

"ဘာလဲ"

"ကူး တစ်ခုပြောချင်လို့"

"ပြော"

ခေါင်ရိပ်က မော့မကြည့်ဘဲ စာအုပ်ကို အိတ်ထဲပြန်ထည့်ရင်း နား မြှောက်ကြည့်၏။

"နာရီမကြည့်ပါနဲ့ ဆရာရယ်၊ အိမ်မှာ မျှော်မယ့်လူလဲ မရှိ၊ လုပ်စရာလည်း မရှိဘဲနဲ့"

"အဲဒါ မင်းနဲ့မဆိုင်ပါဘူး"

"မဆိုင်ပါဘူး၊ ဆိုင်တာကို ပြောမလို့"

"ဘာလဲ"





ကူးက စားပွဲစွန်းမှာ ရင်ဘတ်လေးကပ်လာအောင် ရှေ့ကို တိုး ကပ်ပြီး လေသံကိုနှိမ့်၍ ...

"ကူးကို မုန့်ကျွေးချင်လို့ဆိုပြီး အပြင်ကို ခဏလောက် ခေါ်ထုတ် ပေးပါလား"

"ဘာ ...ဘာ ..."

ခေါင်ရိပ် မတ်မနဲ ဖြစ်သွားသည်။ ကူးက မျက်နှာလေးရှုံ့မဲ့လျက် ...

"တိရစ္ဆာန်ရုံထဲမှာ တစ်ရေးတစ်နှစ်ပြည့် အထိမ်းအမှတ်တဲ့၊ စတိတ် ရှိုးသွားကြည့်ချင်လို့ပါ"

"အစီအစဉ်မရှိတာကွာ၊ မင်းကိုခေါ်ထုတ်သွားပြီး အဲဒီထဲ ငါက ထည့်ပစ်ခဲ့ရမှာလား၊ ပြီးတော့ မင်းပြန်ချင်တဲ့အချိန်ကျမှပြန်၊ ပြဿနာ တက်တော့ ငါဘာဖြစ်သွားမလဲ"

"ဆရာ စောင့်နေပေးလေ၊ သီချင်း နှစ်ပုဒ်သုံးပုဒ်တည်းပဲ"

"မရဘူး၊ ဝါသနာလဲမပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက် ..."

"နေပေါ့"

ကူးက နောက်ထပ် အောက်ကျနောက်ကျ တောင်းပန်မနေဘဲ ထရပ်လိုက်သည်။

"ဆရာ ရှေ့ကနေထွက်တာနဲ့ ကူးဘာသာ နောက်ကထွက်မယ်၊ နေ့လယ်ကတည်းက ကြီးကြီးစုကို ပြောထားပြီးသား၊ ဒီနေ့ ဆရာက ညနေစာ အပြင်မှာ ဝယ်ကျွေးမယ်လို့ ပြောတယ်လို့"

"ဟာ ..."

ခေါင်ရိပ် အထိတ်တလန့် ဖြစ်သွားသည်။ ဘေးကနေ ကြောင့်ကြောင့် မော့မော့လေး ဖြစ်သွားသည့် ကူးလက်မောင်းကို အမှတ်တမဲ့ ဆွဲအား လိုက်မိပြီးမှ လွှတ်လိုက်ကာ ...

"မင်း မဟုတ်တာတွေ ဘာလို့ လျှောက်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်တာလဲ၊ ကူးကို ဖေဖေ ချုပ်ချယ်နေတာ ကြာပြီ သိလား၊ ဟိုတုန်းကဆို ရိုက်ဖို့နေနေသာသာ ဆူပြီးရင်တောင် ပြန်ချော့တာ၊ အခု လှည့်တောင်မကြည့်ဘူး"

ကူးက ငိုမဲ့မဲ့လေးပြောကာ ဆံပင်တွေကိုလည်း ထိုးသပ်တင်၏။

"ကူး အရမ်းခံစားနေရတယ် သိလား၊ ဆရာ့ကြောင့်သာ မဟုတ်ရင် ကူးဒီမှာကိုမနေဘူး"

ဘာလဲ ဆရာ့ကြောင့်၊ ခေါင်းရိုပ် မျက်လုံးတွေ စူးစူးရဲရဲဖြစ်သွားသည်။ ကူးက ဆတ်ခနဲ မော့ကြည့်လိုက်ပြီး ...

"ကူး ဆရာ စာသင်လာမယ့် အချိန်လေးကိုပဲ မျှော်နေတာ၊ အဲဒီ အချိန်လေးကြောင့် အားလုံးကို မေ့ထားပြီး ဒီမှာနေနေတာ သိလား။ ဆရာကကျတော့ သိပ်ရက်စက်တာပဲ"

"မင်း ..."

သူ ဘာပြောရမှန်းမသိ။ ဒီကောင်မလေး ကိုယ်ပြောနေတာတွေ ဘာတွေလဲဆိုတာကော သိရဲ့လား။ ကူးမျက်နှာမှာ ရှက်ရွံ့သည့် အမူအရာမရှိ။ မည်သို့သော ထူးခြားဆန်းပြားမှုမှ မပါသော စကားလုံးများအဖြစ် ပြောချလိုက်တာ လွှျာလွှျာရှူရှူ။

"ဆရာ ကူးကို တကယ်မပို့ဘူးလား"

နောက်ထပ်မေးတော့ သူ မငြင်းနိုင်တော့ပါ။

"မင်း ငါမပို့လည်း ငါနဲ့သွားတယ်ဆိုပြီး ထွက်မှာပဲမဟုတ်လား"

"ဟုတ်တယ်"

"ဟွန်း ၊ဝိတ်ထုလိုက်ရင် သေဦးမယ်၊ မင်း သိပ်လည်တယ်နော်"

"ထင်လို့ပါ"

မျက်နှာလေးမော့၍ရယ်လိုက်တော့ မထင်မှတ်ဘဲနှင့် နဖူးလေးကို သူ တကယ်ထုပစ်လိုက်မိသည်။





မျက်ဝန်းလေးတွေ မှေးစင်းသွားအောင်ရယ်နေသည့် မျက်တောင်ကော့ကော့လေးတွေကို ငေးစိုက်ကြည့်မိပြီး ခဏ အတွင်းမှာ စိတ်ဟာ ဘယ်လိုနွေးညွှံသက်ဝင်သွားခဲ့မှန်းမသိ။ တစ်ယောက်ကို တစ်ယောက် ကြည့်၍ ရယ်မိကြသည်။

"ကြီးကြီးစုရေ သွားပြီ"

ကားသော့လေးကို မြှောက်ဆော့ပြီး အထဲကို လှမ်းအော်သည်။

"အေး သမီး အေး"

သူတို့ ကားနားရောက်တော့မှ ဒေါ်စုမိ အပြင်ထွက်လာပြီး ...

"သမီးလေး သိပ်နောက်မကျနဲ့နော်၊ ဆရာ့ကို အားနာစရာကြီး"

"ရပါတယ်"

သူ့ကိုကြည့်ပြောတော့ ပြန်ပြောရင်း ပြုံးပြလိုက်ရသည်။

"ပေး ကားသော့"

"ဟင် ...ဆရာ မောင်းမလို့လား"

"ဟုတ်တယ်၊ မိန်းကလေးတစ်ယောက်မောင်းနေတာကို ဘေးက လိုက်စီးစရာလား"

"ဟား ...ဝွတ်ဒ်တာပေါ့"

ကားမောင်းထွက်ခဲ့တော့ သူ့ကို ကူးက တကြည့်ကြည့်နှင့် ရယ်လည်းရယ်ကာ ...

"ဆရာ့ကို ကားမောင်းတတ်မယ်လို့ မထင်ဘူး တကယ်၊ အဟွန်း သူငယ်ချင်းအိမ်မှာနေတဲ့ တိုက်ပုံတကားကား၊ ပုဆိုးဖားဖားနဲ့လူ ဆိုတော့ ဘိုင်ကျတဲ့ ပုံပေါက်နေတာကို"

ကူးအပြောကြောင့် ကားမောင်းရင်း ပြုံးလိုက်မိသည်။

"ထင်စရာပဲလေ၊ အဝေးပြေးကားဝင်းထဲမှာ ကားပွဲစားကြီးတို့က ဆရာ့ပုံစံက ကတ်ဖိုးကတ်ဖွဲ့နဲ့ တော်တော် တွန့်တိုမယ့်ပုံကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ..."

ဖွင့်ပြောလိုက်မှ သတိရသွားပုံပေါ်ကာ ခေါင်ရိပ် မျက်မှောင်ကြုတ်လျက်နှင့် ဖျက်ခနဲလှည့်ကြည့်၏။ ကူးက နှုတ်ခမ်းလေးပိတ်ထားရင်း ပြုံး၍ ...

"ဆရာ မမှတ်မိဘူးလား၊ ကူးနဲ့သူငယ်ချင်းတွေ ဆဂေ ငှားလာတဲ့ ကားကိုအတူတူ ငှားကြဖို့ပြောတော့ ဆရာလက်မခံဘူးလေ။ လမ်းမှာ ဆရာ့ကားပျက်နေတော့ ကူးကိုယ်တိုင်ပဲ ဆရာ့ကို ဂတ်ဖွဲ့သွားခဲ့တာ"

"ဪ ..."

ဪသံက ရှည်သည်။ ပြီးတော့ သတိတရ အပြုံးဖွဲ့လိုက်ပုံနှင့် မဲ့၏။

"မင်းပဲကိုး ..."

ဒါကိုသိနေလျက်နှင့် ဒီမိန်းကလေး မျိုသိပ်ထားခဲ့သည်ပဲ။ ထင်တော့ ထင်သားပါ။ ဒီမျက်နှာကို မြင်ဖူးခဲ့သလိုလို စိတ်ထဲမှာ ...

ကူးက သူ့မျက်နှာကို စူးစိုက်အကဲခတ်နေခဲ့လျက် ...

"အဲဒီတုန်းက ကူး ပြောခဲ့တာတွေကို စိတ်ဆိုးလားဟင်၊ အခု တောင်းပန်ပြီလေ၊ မကျေနပ်ဘူးလား"

ခေါင်ရိပ်က ကားမောင်းရင်း လှည့်ကြည့်ကာ ...

"မင်းက တောင်းပန်တာ တော်တော်ဝါသနာပါပုံရတယ် ဟုတ်လား"

"နိုး ... လုံးဝမပါဘူး၊ စိတ်ကူးရင့်ဆိုတာ ဆရာ ဝါသနာပါရင် နည်းနည်းလောက် စုံစမ်းကြည့်လိုက်လေ၊ တောင်းပန်ရတဲ့ဘက်မှာ ဘယ်တော့မှမနေဘူး။ မှန်မှန်မှားမှား လက်ပိုက်ပျက်ခဲ့တယ်ဆိုတာ မရှိခဲ့သေးဘူး သိလား။ ဆရာ့ကျမှ ခဏခဏတောင်းပန်နေရတာ၊ အောက်ကျတယ်လို့လဲ မထင်ဘူး၊ မုန်းလို့လဲမရဘူး၊ ဆရာ့ကို ကူး ..."





သူမ စကားမဆက်တဲ့နေတော့ ခေါင်ရိပ် မျက်နှာပျက် သွား၏။

"ရောက်တော့မယ်၊ မင်းဘာသာ ဝင်ကြည့်လိုက်တော့၊ သူငယ်ချင်းတွေနဲ့ ချိန်းထားလား"

စကားကို ရှတ်ဖြတ်ပစ်လိုက်သည်။ ကူးကတော့ အမှတ်တမဲ့ပါပဲ။

"ချိန်းတော့ထားတာပဲ မခုံဖြစ်ကြရင်လည်း ကူးဘာသာ ဝင်ကြည့်မှာပါ။ ဆရာ ဘယ်ကစောင့်မှာလဲ"

"အထဲကိုတော့လိုက်ပို့မယ်လေ၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်ပေါ့။ မင်း အကြာကြီးနေလို့တော့ မဖြစ်ဘူးနော်၊ ကားသော့ယူသွား။ ကြာရင် ကိုယ်ကပြန်နှင့်မှာ"

ကိုယ်လို့ လွှတ်ခနဲပါသွားပြီးမှ မျက်နှာပူသွား၏။

ကူးကတော့ သတိထားမိပုံမပေါ်ပေ။ ခေါင်းလေးညိတ်လိုက်၏။ သို့သော် သူတို့ ညှိနှိုင်းတာတွေ ဘာမှမဖြစ်ခဲ့ပါ။

ပါကင်မှာ ကားရပ်လိုက်ပြီး အပြင်မှာ နှစ်ယောက်အတူ မတ်တတ်ရပ်လိုက်ကြသည်။ ကူးက လည်ပင်းလေးရှည်၍ ဟိုရှာဒီရှာ ဖြစ်နေဆဲ ...

"ကူး ..."

ခေါ်သံနှင့်အတူ ရောက်လာကြသူတွေက သက်မွန်တို့ မဟုတ်ဘဲ ချစ်မိုးဇွေတို့အဖွဲ့သာဖြစ်ကာ ...

"စတိတ်ရှိုးလာကြည့်တာလား"

"ဟုတ်တယ်"

ချစ်မိုးဇွေမျက်နှာက အပြုံးအရယ် မဲ့နေ၏။ ကားနားမှာရပ်နေသည့် ခေါင်ရိပ်ကို ချဉ်တူးတူး လှမ်းကြည့်လိုက်သည်။

"ဘယ်လိုလဲ ကူး၊ တို့ကိုကျတော့ ရည်းစားထားဖို့ မစဉ်းစားဘူး ဘာညာနဲ့ မင်း အဲဒီလို တစ်ပတ်ရိုက်ဖို့မကောင်းဘူး"

"ဟာ ဘာတွေလာဂေါက်နေတာလဲ၊ ဒီမှာ ညစ်နေရတဲ့ခထဲ"



www.burmeseclassic.com

www.burmeseclassic.com



"တို့က ပိုညစ်တာပေါ့ ကူးရဲ့၊ မင်းကို ဒီပုံစံကြီးမြင်ရတာ ရင်ဘတ်ထဲမှာ မင်းဝင်ကြည့်"

ဝတ်ထားသည့် ဂျာကင်အင်္ကျီရင်ဘတ်နှစ်စကို ဆွဲဖွင့်ပြကာ ကူးရှေ့ကိုရဲရဲတင်းတင်းတိုး၏။

"ဘာလာဖြစ်တာလဲ သွားစမ်းပါ"

ကူးက ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်၏။ ချစ်မိုးဇွေနောက်ကို လန်ကျသွားသည်။ သို့သော် ကူး လက်တစ်ဖက်ကိုပါ ဆွဲထားလိုက်သဖြင့် ရောပါသွားမှာစိုးကာ ကူးက ကျန်သည့်လက်နှင့် လက်ပြန်ပိတ်ရိုက်၏။

ဖောင်းခနဲမြည်သွားသည့်အပြင် ဆက်တိုက်ပစ်ကန်လိုက်သော ကန်ချက်ကလည်း နံကြားသို့ ထိထိမိမိ ပစ်ဝင်သွားရာ ချစ်မိုးဇွေ ဗိုက်ခနဲ ဆင်းကျသွားလေသည်။

"ဟာ ...ကြည့်စမ်း၊ ချကွာ"

နှစ်ယောက်က ပြေးဝင်လာကြ၏။

"ဟေ့ ...ရပ်လိုက်ကြစမ်း၊ မင်းတို့ မရှက်ကြဘူးလား"

ခေါင်ရိုပ်နောက်ကနေ လှမ်းအော်သည်။ တစ်ယောက်က သူ့ဆီပြန်လှည့်၏။ နည်းနည်းပါးပါးတော့ လှုပ်ရှားတတ်ပေမယ့် ခေါင်ရိုပ်က ပုဆိုးနှင့်ဖြစ်နေသည်။

လူရွယ်က သွက်သည်။ ခေါင်ရိုပ်၏ တုံ့ပြန်ချက်တွေကို ရှောင်ရင်း အားနည်းချက်ကို တွေ့သွားသည်။ ထို့ကြောင့် ပို၍သွက်အောင် လှုပ်ရှားကာ လျှပ်တစ်ပြက်ရအောင်ဝင်သည်။

"ဖောင်း"

"အင့် ..."

ဗိုက်မှာ ပြင်းထန်စွာ ထိမိသွားသည်။





"ဟဲ့ကောင် ဒီဘက်ကို လှည့်လိုက်စမ်း"

တစ်ယောက်နှင့်မပြတ်သေးဘဲ ကူးက သူ့ဘက်ကို အာရုံ ရောက်လာအောင် အသံပေးလိုက်သည်။

ပွဲက သိပ်မကြာလိုက်ပါ။

"ကူး မင်းက ဒီလိုတွေလည်းရတာကိုး၊ ဒီတစ်ခါတော့ ရှိပါစေတော့"

ချစ်မိုးဇွေက ဗိုက်ကိုနှိပ်၍ ကုန်းကွထရပ်ရင်း ကြိမ်းဝါးနေသည်။

"ဘယ်အချိန်ဖြစ်ဖြစ် ဂရုမစိုက်ဘူး မိုးဇွေ၊ ထပ်သိချင်သေးရင် အင်အားထပ်စုလာခဲ့၊ ယောကျ်ားအုပ်စုနဲ့ မိန်းမတစ်ယောက်ပေါ့၊ မရှက်တတ်ရင် အချိန်မရွေးဘဲ"

မိုးဇွေ အံကြိတ်လျက် လှည့်ပြန်သွားသည်။ အားလုံးမရှိတော့မှ ကူး မျက်နှာရှုံ့မဲ့သွားကာ ...

"အား ...ကျွတ် ...ကျွတ်"

"ကူး ..."

သူလည်း နာနေတာပဲပေမယ့် ကူးအတွက် စိတ်ပူသွားကာ အနားရောက်သွားခဲ့၏။ ကူးက လက်မောင်းတစ်ဖက်ကို ဖိဆုပ်ထားကာ ...

"လက်မောင်းက ကျိုးသွားပြီထင်တယ် နာလိုက်တာ"

"လာ လာ ကားပေါ်ပြန်တက်တော့၊ ဆေးခန်းတစ်ခုခုကို သွားမယ်"

ကူးကိုတွဲပြီး ကားပေါ်ပြန်တင်သည်။ အဖြူရောင်တီရှပ် လက်ပြတ်လေးနှင့် ဘောင်းဘီရှည်အဖြူ ဝတ်ထားသဖြင့် ကူးလက်မောင်းသားလေးကို မြင်နေရသည်။

ညိုမည်းရောင်ကိုင်းလာတာက ချက်ချင်း။

"ဖြစ်ရလေကွာ၊ ပါးစပ်နဲ့ဖြေရှင်းတာမဟုတ်ဘဲ မင်းက ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



လက်ပါရတာလဲ"

"မပါရင် သူကပါတော့မှာလေ၊ ဒီလောက်ရိုင်းစိုင်းရဲတင်းတာကို သိပ်ရှုံ့တာပဲ"

"ကဲ တော်တော့ အဲဒီကိစ္စ၊ လက်က သိပ်နာနေသေးလား၊ ရော့ ... လက်ကိုင်ပဝါယူ"

တိုက်ပုံအင်္ကျီထဲကနေ သူ့လက်ကိုင်ပဝါ ထုတ်ပေး၍ ...

"ဆေးခန်းမရောက်ခင် ကြက်ပွခဏထိုးနေလိုက်၊ ရော့ ...ယူလေ"

ကူးက လက်ကိုင်ပဝါကို ယူလိုက်သော်လည်း ခေါင်းခါ၍

"ဆေးခန်းမသွားပါနဲ့ ပတ်တီးတွေဘာတွေ စည်းလိုက်ရင် အိမ်ကို ဘယ်လိုလုပ်ပြန်မလဲ၊ အိမ်ကိုပဲ မောင်းပါ၊ ကြီးကြီးစုကိုပဲ လုပ်ခိုင်းတော့မယ်"

"ဘယ်ဖြစ်မှာလဲ၊ လက်မောင်းကြီးက ရောင်နေပြီ"

ပြောနေရင်း ခေါင်ရိုပ်က ကားကို ပါကင်ထဲကနေ ထွက်လိုက်သည်။

"အား ...နာလိုက်တာ"

ကူးက ရှုံ့မဲ့ညည်းညူနေရင် ဆေးခန်းမသွားဘူးဟဲ ငြင်းနေ၏ ခေါင်ရိုပ်ကလည်း ဖွတ်မောင်း၏။ ဆေးခန်းရောက်တော့ ဒဏ်ရာက ဆေးလိမ်းတာပင် မခံနိုင်တော့ပေ။

"ဒဏ်ရာက ဘယ်လိုဖြစ်လာခဲ့တာလဲကွယ့်"

ဆရာဝန်က မေးတော့ ရုတ်တရက် ခေါင်ရိုပ် ဘာဖြေရမှန်းမသိ။

"သြော် ...လမ်းမှာလေ၊ ဈေးသည်တစ်ယောက်ကို ရှောင်လိုက်ရင်း အရှိန်လွန်ပြီး ပလက်ဖောင်းကို ဝင်ဆော့တာ"

ကူးကပဲ ရှုံ့မဲ့နေရင်း ဝင်ဖြေသည်။

"ကိုယ့်ကားနဲ့ကိုယ် ညပ်မိသွားတာ ဆရာ၊ ဖြစ်စက သိပ်မနာဘူး ခုမှ ...အ ..."





"သြော် ... ကံကြီးပေလို့ပဲ၊ ဒီလောက်လေးဖြစ်တာ တော်သေးတာပေါ့"

"ပတ်တီးမစည်းလို့ မရဘူးလား ဆရာ"

"မရဘူး သမီးရဲ့ လက်မောင်းရိုးက ဘာဖြစ်သွားတယ် မသိသေးဘူး၊ မနက်ကျမှ ထူးခြားဆိုးရွားလာရင် သမီးလက်မောင်းကို ဓာတ်မှန်ရိုက်ရမှာ။ အခု ဆရာ့ဆီမှာ ဓာတ်မှန်မန်းမရှိဘူး၊ ပြီးတော့ အခုက အချိန်လဲမရှိတော့ဘူးလေ"

"ဟုတ်"

ပတ်တီးစည်းတော့လည်း ကူးကိုသနားကာ သူ့အနားမှာ ရပ်နေပေးခဲ့သည်။

ကူးသည် သူ့လက်မောင်းတစ်ဖက်ကို ဖိညှစ်ဆုပ်လျက် အံကြိတ်နေရှာ၏။ လက်မောင်းသားလေးထက်မှာ ပတ်တီးဖွေးဖွေးကြီးက ဖောင်းပွပေါ်လွင်နေလေသည်။

"အဲဒါကြီးနဲ့ ကူး ဘယ်လိုလုပ်ရမှာလဲ ကဲ ..."

ကားပေါ်ရောက်တော့ ကူး ငိုမဲ့မဲ့လေးပြောသည်။

"ဘာမှလုပ်လို့မရဘူးလေ၊ ဆရာဝန်ကို ပြောထားခဲ့သလို ပြောပေါ့ နောက်နေ့လည်း ပြရဦးမှာပဲ၊ ဖုံးထားလို့ရမလား၊ တစ်ခါလေးတွက်မိခါတယ်၊ တစ်ခါဆို တစ်ခါပဲ၊ ငါ့မျက်နှာ ဘယ်သွားထားရမှန်းမသိဘူး"

"ဆရာ့ကိုလည်း ထိသွားတယ်မဟုတ်လားဟင်၊ မိုက်ကိုလား၊ ခါးကိုလား"

"ဘယ်ဖြစ်ဖြစ် ပြဿနာမရှိဘူး၊ မင်းကိစ္စကိုပဲ မင်းစဉ်းစား"

"ဒါဆိုရင် လောလောဆယ် ရှေ့ကစတိုးဆိုင်လေးမှာ ကားရပ်ပေး"

"ဘာလုပ်ဖို့လဲ"

"အပေါ်အင်္ကျီတစ်ထည်ဝယ်ပြီး ထပ်ဝတ်လိုက်မယ်လေ" ဒီလို

www.burmeseclassic.com



ကြီးတော့ မဝင်ချင်ပါဘူး၊ နောက်ကျမှ ပြောပြမှာပေါ့”

ညမှုညတာတွေမှာ သွားရလာရတာ သိပ်တော့မကောင်းပါ။ နာ ကြည့်ရ၊ လူကြည့်ရနှင့် အချိန်ကလည်း ကုန်လွယ်လွန်းသည်။ မိ တွေလည်း ပင်ပန်း၏။

နို့စိမ်းရောင် အပေါ်အင်္ကျီ ရင်ကွဲပါးပါးလေးတစ်ထည် သ ဘာသာ ဆင်းဝယ်သည်။

ကားပေါ်ပြန်ရောက်လာပြီး ဝတ်ဖို့ကျတော့ တစ်ယောက်တည မရတော့ပေ။

“ဖယ် …ဒီလက်က လွှတ်”

အမြင်မတော်တော့ ခေါင်ရိုပ်က ဝင်ကူရ၏။

ဒဏ်ရာနှင့်လက်ကို ညှာတာရင်း အင်္ကျီကို သာသာလေး ‌ ပေးသည်။

ထိုအခါ မျက်နှာချင်းက နီးနီးကပ်ကပ်လေး ဖြစ်လျက် …

“အား …”

ခေါင်ရိုပ်ကို အမှတ်တမဲ့ ငေးသွားမိကာ လက်ကိုမေ့သွားသ ကူး တွန့်ခနဲဖြစ်သွား၏။

သတိလက်လွှတ် တွန့်သွားမိစဉ် ခေါင်ရိုပ်ကလည်း စိုးရိမ်စိတ် ရှေ့ကိုအတိုး …

“ဟင် …”

“ဆောရီး”

ကူးပါးပြင်လေးပေါ်သို့ သူ့နှာခေါင်း ဖိကပ်တိုက်မိသွားတာ တ တကာ နမ်းပစ်လိုက်သလိုပင် …။

“ဆောရီး …ဆောရီးကွာ …အဲဒါ …ဟို … ဆောရီးနော်”

ဖျတ်ခနဲ ကိုယ်ပြန်ဆုတ်သွားကာ ခေါင်ရိုပ် ပူပူထူထူ ကြီးဖြစ်





ကူးလည်း ပါးပြင်လေးကို လက်ဝါးတစ်ဖက်နှင့် အုပ်ပစ်၍ မျက်နှာ ေးငုံ့ကျသွားလေသည်။

ကူးရင်ထဲမှာ ရေနွေးစီးကြောင်းကြီးတစ်ခု တစ်ကိုယ်လုံးကို ဖြန့် က်သွားခဲ့၏။

တဒိတ်ဒိတ်ခုန်ကျန်ခဲ့သည့် ရင်ထဲတွင် …

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဘာလဲ ဘယ်သူမှမမြင်ဘူးလို့ ထင်နေလား၊ ယောကျ်ား
တွေ ဝိုင်းအုံနေတဲ့ အလယ်မှာ အဲဒီကောင်မလေးကို ဦးသိန်း
သမီးလို့ ထင်ကိုမထင်ဘူးတဲ့၊ ဘယ်လောက်ရှက်ဖို့ကောင်းသလဲ

မနက်မိုးလင်းသည်နှင့် လက်ဖက်ရည်သောက်ထွက်ဖို့ကို ဘ
ညာက်များရှင် ကောင်းမလဲလို့ ကူး စဉ်းစားနေတုန်း ဖေဖေ အ
ရောက်လာသည်။

ရောက်လာသည်နှင့် ညက မလိမ့်တပတ်နဲ့ ထွက်သွားပြီး ဘ
ဖြစ်ခဲ့သလဲ' ဟု တည့်တည့်ပဲမေးသည်။

"ကူး ဆရာနဲ့ ..."

"ဆရာ့ကို ထည့်မပြောနဲ့၊ ဒီကိစ္စအားလုံး သမီးပဲ ဦးဆော
တာ။ ညက အရမ်းပင်ပန်းလာလို့ သမီးပြန်လာတာကို ဖေဖေ
ထောင်မကြည့်နိုင်ဘူး။ မိုးမလင်းခင် ဖုန်းကဝင်လာတယ်၊ ပတ်
မှာ နားတွေမျက်စိတွေရှိတယ် နားလည်လား။ ကိုယ့်တံ





ကိုလည်းလှပြီ ထင်မနေနဲ့"

ကူး ဖေဖေ့ကို ပြန်မပြောမိအောင် နှုတ်ခမ်းလေးစေ့၍ ခေါင်းငုံ့
လိုက်သည်။ ထိုစဉ်မှာ စိုက်ချထားသည့် မျက်လွှာအောက်သို့ အနီ
အပြောင်သားဂါဝန်ကပ်ကပ်၏ အောက်ပိုင်းက တိုးဝင်လာသည်။ ကူး
ခနဲ ဖြစ်သွားသည်။

"ဘာလုပ်နေတာလဲ ကိုကြီး၊ အလုပ်နောက်ကျနေဦးမယ်"

လာခေါ်သလိုလို၊ မကြိုက်သလိုလိုနှင့် ဖေဖေ့ဘေးမှာ ဝင်ပြီး
ထွက်သွားပေ။ သိပ်လျှို့ထားခဲ့ရသည့် ဒေါသတွေက ရှူးခနဲ ခေါင်း
င်လာသည်။

"နောက်ကို ဖေဖေ မသိဘဲ လှုံးဝအပြင်မထွက်ရဘူး"

"စိတ်ပင်ပန်းခံပြီး မှာမနေပါနဲ့ ကိုကြီးရယ်၊ ကိုကြီးက အိမ်မှာ
နှစ်နာရီ နေရလို့လဲ၊ မမစုဏ သူ့ကို သဘောကျထားတာ၊ ဟို
င်ဆရာလဲ ဘာထူးလဲ"

"မလွှင် နေရာတကာ မပါနဲ့နော်၊ ဒီက ပြန်ပြောရင် လွန်ဦးမယ်"

"ပြောလိုက်စမ်းပါ၊ မင်းက ပြောရဲတာပဲဟာ"

"လွှင် တော်တော့"

ဦးသိန်းထိပ်က ပပလွှင်ကို တားပြီး ကူးကို ခါးထောက်လျက် ငုံ့
တာ ...

"ဖေဖေပြောတာ သမီး ကြားတယ်နော်"

ကူး ဘာမှမပြောဘဲ တစ်ဖက်လှည့်နေလိုက်၏။ ဒဏ်ရာက ကိုက်
ကြောင့် ဝမ်းနည်းမိတာကို ဘယ်လိုမှဖြေလို့မရ။

ရန်ဖြစ်ကြတာကို မသိဘူးလား၊ ပြန်ပြောတဲ့လူက ဘယ်လိုပြော
တာလဲ၊ ကူး ဘာလုပ်နေတယ်လို့ မြင်လို့လဲ၊ ဒါမှမဟုတ် ဖေဖေ
ကိုင်ကသိလျက်နဲ့ ဘယ်ထိသွားလဲ မေးဖို့ကို ဂရုမစိုက်တာလား။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲထားရင်း မျက်ရည်က ဝေ့ချင်လာ၏။ မင်္ဂနဲ့ စိတ်ကူး
ဒီမိန်းမမှရှေ့မှာ မငိုလိုက်နဲ့။

"တောက် ...ပြောလိုက်ရင် ဂျစ်ကန်ကန်ပုံနဲ့ သမီးနော် ဖေ
စိတ်ကို သမီးသိတယ်။ ဆုံးမရင် ဖေဖေက ညာမှာမဟုတ်ဘူး။ ပြီးတော
ဟိုလူကြောင့် ဒီလူကြောင့် ဖြစ်ဦးမယ်"

တကတ်တခေါက်ခေါက်နှင့် ဦးသိန်းထိပ် ထွက်ခွာသွားသည်။ ခြေ
တွေမရှိတော့မှ အိပ်ရာထဲမှာ ခွေခွေလေးပြန်လှဲချကာ ကူး ငိုပစ်လို
မိ၏။

"သမီးလေး"

ဒေါ်စုမိ ဝင်လာပြီး ရေနွေးဇလုံလေး ကမ္ဘာကယာချလိုက်သည
ပြီးတော့ ကူးကို နဖူးလေးသပ်ပေးရင်း အနားမှာ ဝင်ထိုင်၏။

"တိတ်..တိတ် သမီး မငိုပါနဲ့ကွယ်၊ မိဘဆိုတာ စိတ်ပူလို့ ဆု
ပါ။ ကြိမ်းဝါးတာ မဟုတ်ဘူး။ သတိထားဖို့ လာပြောတာကွယ့် 
မငိုနဲ့ တိတ်၊ ဒဏ်ရာကို ကြီးကြီးစု ရေနွေးဖတ်လေး အုပ်ပေးမ
အကိုက် သက်သာသွားအောင်လို့လေ"

"ကြီးကြီးစု"

ကူး လှဲနေရာမှ ထထိုင်ကာ ဒေါ်စုမိရင်ခွင်ထဲ တိုးဝင်လိုက
သည်။ မျက်ရည်တို့က အားကောင်းစွာ စီးကျလာ၏။

"ကူးကို ဘာဖြစ်လာသေးလဲလို့တောင် မမေးဘူး သိလား။ ဖေ
အဲဒီလောက်တောင် ပြောင်းလဲသွားတယ်နော်"

"သမီးက လက်ရည်ဝတ်ထားတော့ ဒဏ်ရာကိုမမြင်လို့ ဖြစ်မှာ
ကွယ်၊ သမီးကလည်း ကိုယ့်မိဘကို အပြစ်ရှာတဲ့ မျက်လုံးနဲ့ မကြည့်
ကိုယ့်စိတ်ကိုဖြေမှာပေါ့။ မောင်သိန်း နောက်ထပ်အိမ်ထောင်ပြု
ကတည်းက သမီး စိတ်ဆင်းရဲနေသလို သူ့မှာလဲ မချမ်းသာရှာပါဘူ





ဘာပဲဖြစ်ဖြစ် ဖြစ်ပြီးတဲ့ကိစ္စက ဖျက်လို့ပြင်လို့မှ လွယ်တာမှမဟုတ်
တာ"

"အဲဒါကို ကူးသိတယ်၊ ဆုရင် ဖေဖေပဲ ဆူပေါ့၊ ဘာဖြစ်လို့ အဲဒီ
မက ဝင်ဝင်ပါရတာလဲ၊ သူပြောတာဆိုတာ ကူးမခံနိုင်ဘူး။ အရမ်း
တယ်။ ကူး ဒီမှာ မနေချင်တော့ဘူး ကြီးကြီး စုရယ်"

ပြောရင်းငိုရင်းနှင့် ကူးကို ဒေါ်စုမိ ချော့လို့မရတော့ပေ။

"ကျောင်းတန်းလန်းနဲ့ သမီးရယ်၊ မဟုတ်ကဟုတ်ကတွေ မစဉ်း
ပါနဲ့ ကျောင်းပြီးသွားရင် သမီးသွားချင်တဲ့နေရာ ကြီးကြီးစု လိုက်ပို့
ပေးမယ်နော်"

ကူး ဘာမှမပြောပေမယ့် ခေါင်းပဲတွင်တွင်ခါနေသည်။ ဒေါ်စုမိ
လည်း ဘာလုပ်ပေးရမှန်းမသိတော့ပါ။ မောင်သိန်းဟာ ဒီရက်ပိုင်းတွေ
မှာ အချိုးတွေ သိသိသာသာ ပြောင်းလဲလာခြင်းဖြစ်သည်။

သမီးဖြစ်သူကို ဆုံးမရခက်လို့ တမင်တကာ တင်းကျပ် လာတာ
လား ဒါမှမဟုတ် 'မ' ဘက်လိုက်တော့ မိုက်ဘက်ပါ ဆိုတာမျိုးလား။
နောက်အတိုင်း ဝေဖန်ရပါလျှင် ဆုံးမတာလည်း ဆုံးမတာပေါ့ ဒါပေမယ့်
လွန်လွန်ကျူးကျူးတော့ ဘူးထင်သည်။

ကူးကို ချော့မော့ရင်း သူမပါ ငိုချင်လာသည်။

ခြေသုံးလက်ဖျစ်တစ်ခတ်အတွင်းမှာ လူ့စိတ်ဟာ အခါတစ်သိန်း
ပြောင်းလဲနိုင်တယ်တဲ့။

ဒါ တကယ်ပဲလား ...

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ဘာတွေ ပြောင်းလဲသည်၊ မပြောင်းလဲဘူးဆိုတာ မသေချာပေမယ့် ကူးမျက်နှာလေးကတော့ ဒီအချိန်တိုင်းမှာ သေချာစွာ ပြုံးနေပြီဖြစ်၏။

"ဘယ်နှယ့်လဲ စာရေးနိုင်ရဲ့လား"

"ရပါတယ်ဆိုမှ"

"ကျောင်းမတက်နိုင်ဘူးမဟုတ်လား"

"တက်သားပဲ၊ မတက်ဘူးလို့ ဘယ်သူပြောလဲ၊ ဟွန်း ...ကူးက ကိုယ်ဖြစ်ကိုယ်ခံပဲ၊ ဘယ်တော့မှ အမယ်လေး၊ အဘလေး မတာဘူး"

"ဟုတ်လား၊ အဲဒီလိုမှန်းသိရင် ဆေးခန်းမဝင်ခိုင်းဘဲ ဒီတိုင်းကြည့်နေလိုက်ပါတယ်"

ပြောရင်း ရှေ့မှာထိုင်လိုက်သည်။ ခေါင်ရိုပ်ကိုကြည့်ကာ ကူးက ခစ်ခနဲရယ်သည်။

"ဒါကတော့ ဒဏ်ရာဖြစ်တုန်းမှာ နာရင်အော်မှာပေါ့၊ ဆရာကကော မနေ့က ဘာဖြစ်လို့မလာတာလဲ"





"မနေ့က ..."

"ဟုတ်ပါရဲ့ ဆရာရယ်၊ အဲဒီကလေးက မနေ့က ဒီစားပွဲမှာ ဆရာ့ကို ငုတ်တုတ်ထိုင်စောင့်နေတာ အချိန်ကုန်တဲ့အထိပဲ"

ဒေါ်စုမိက အအေးနှစ်ပုလင်းကို ပိုက်တပ်လျက် ကိုင်ဝင်လာ၏။ ခေါင်ရိုပ်နှင့်ကူးရှေ့မှာ တစ်လုံးစီချပေးလိုက်ပြီး ပြုံးရယ်လျက် ...

"စာသင်ချိန်အတိုင်း ငုတ်တုတ်ထိုင်ပြီးနေတာ ဘာမှကို ထမလုပ်ဘူး တကယ်ပါပဲ၊ အခုကြည့်ဦး မနေ့က ဒီမျက်နှာနဲ့တခြားစီပဲ"

ကူးက ရယ်သည်။ ခေါင်ရိုပ်က လှမ်းကြည့်တော့ နှာခေါင်းလေး ဘစ်ပက်တွန့်၍ မျက်စိမှိတ်ပြ၏။ ခေါင်ရိုပ် မျက်မှောင်ကြုတ်သွားတော့မှ ခုံးလေးကျုံ၍ ရယ်ကာ ...

"အလကား မယုံနဲ့ ဆရာ၊ ဒီမှာ ဒဏ်ရာနာလို့ ကြိတ်ငိုနေတာကို သိဘဲနဲ့"

"ကဲပါ ဟုတ်ပါပြီ ဟုတ်ပါပြီ ကြီးကြီးစု အကဲခတ်မှားတာပါ"

ဒေါ်စုမိ ရယ်မောလျက်ပဲ ပြန်ထွက်သွားလေသည်။

ကူးက ရယ်နေရာကနေ ချက်ချင်း တည်တည်ကြီးလုပ်ပစ်ကာ ...

"ဆရာ"

"ပြော"

"မေးတာကိုဖြေလေ၊ မနေ့က ဘာဖြစ်လို့ မလာတာလဲလို့"

"နံကြားအောင့်ပြီး ခါးဆန့်လို့မရ ဖြစ်နေလို့ အဲဒီမှာ အကန့်ခံလိုက်ရတာလေ"

"ဒါပဲလား"

"ဒါပဲ"

အမေးကောအဖြေကော ပြီးနေပြီဖြစ်သည်။ သို့သော် ကူးက နှုတ်ခမ်းလေးစူလျက်ရှိကာ ခေါင်ရိုပ်ကလည်း ဘာဖြစ်တာလဲဟု မေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကူးမျက်နှာလေးကိုပဲ စူးစိုက်ကြည့်နေခဲ့၏။ အတော်ကြာမှ

"ဟိတ် ဘာထိုင်လုပ်နေတာလဲ၊ စာအုပ်ထုတ်လေ"

မနေနိုင်သည့်အဆုံးမှာ ခေါင်ရိုပ်ကပဲ စကားစပြောလိုက်ရသည်။ ကူးက ကျေနပ်ပုံမပေါ်ဘဲနှင့် ဆံပင်တွေဖွလိုက်၊ လည်ပင်းကုတ်လိုက်။

စာအုပ်ထုတ်လိုက်သည့်အထိ နှုတ်ခမ်းက စူနေဆဲ၊ သူမ လှုပ်ရှားနေတာက ညာဘက်လက်တစ်ဖက်တည်းဖြစ်ကာ တစ်ဖက်က သိပ်မပါနိုင်တာကို ခေါင်ရိုပ်ကကြည့်၍ ...

"လက်က တော်တော်နာနေသေးလား"

"ရပါတယ်ဆိုမှ၊ ကျောင်းတောင်တက်နေတဲ့ဟာ ..."

"ဘာဖြစ်လို့ မျက်နှာက မကြည်တာလဲ"

"ဖေဖေပေါ့"

"ဘာဖြစ်လို့လဲ"

"မပြောချင်တော့ပါဘူး"

စလိုက်ပြီးမှ မပြောချင်ပါဘူးဆိုတော့ ဒေါသတော့ နည်းနည်းထွက်သည်။ သို့သော် ခေါင်ရိုပ် ပြန်မျိုချလိုက်ရ၏။ ဒီကောင်မလေးနဲ့ ရန်မများမှကောင်းမည်မို့ ...

"ဆရာ"

"ဘာလဲ"

စာသင်ချိန်ပြီးသည့်အချိန်မှာ ကူးက ကုလားထိုင်မှာ ကျကျနနမှီလိုက်ပြီး လက်ပိုက်ထားလိုက်ကာ ...

"မေးချင်လို့"

"ပေါက်ကရတွေ မပါစေနဲ့"

မျက်နှာမမော့ဘဲ သူ့ပစ္စည်းအတိုအထွာတွေကို သိမ်းနေသည့် ခေါင်ရိုပ်ကို ကူးက နှာခေါင်းရှုံ့ကြည့်၏။





"အဲဒါတွေ ခဏထားလိုက်ပါဦး။ ဆရာကလဲ အိမ်မှာနေ့ဆာ လို့ ငိုမယ့်ကလေးကလဲမရှိဘူး၊ အိမ်ပြန်နောက်ကျလို့ စိတ်ကောက်မယ့် မိန်းမလဲ မရှိဘူး။ တကယ်ပဲ ပျာလောင်ကို ခတ်နေတာပဲ"

"စိတ်ကူးရင့်"

ပြောချလိုက်တာက လွယ်လွယ်ကူကူ။ နားထောင်လိုက်ရ သည့် သူ့မှာ မျက်နှာတွေ ဖျန်းခနဲပူလျက် ယောကျ်ားတန်မယ့် ရှက်ကိုးရှက်ကန်းတွေလည်း ဖြစ်ရ၏။

"စကားပြောလိုက်ရင် ကိုယ့်စကားကို ဘယ်ရောက်သွားလဲ မတွေးဘူးလား၊ တကယ်ပဲ မင်း ..."

"ဘာဖြစ်လို့လဲ၊ ဆရာ အဲဒီပုံစံပေါက်နေတာကျတော့ ကိုယ့်ကိုယ်ကို သတိထားမိလို့လား"

"ဝါ့ဟာဝါ ဘာပုံစံပဲပေါက်ပေါက်၊ ဒါ ငါ့အိမ်မှမဟုတ်တာ၊ တာဝန်ထမ်းဆောင်ဖို့လာတာ၊ ပြီးရင် ပြန်မှာပေါ့။ ဘာလုပ်နေရမှာလဲ"

"ထိုင်နေပေါ့၊ ဆရာ ထိုင်နေရင် ကူးပျော်လို့"

"ဘာ ..."

"တကယ်ပြောတာ၊ တစ်နေ့တစ်နေ့ ဆရာနဲ့ စာသင်ရတဲ့အချိန်လေးပဲ ကူး စိတ်ချမ်းသာတာ သိလား၊ ကူး ဆရာနဲ့နေချင်တာ"

"စိတ်ကူးရင့်"

"ဟင်"

"မင်း ..."

ခေါင်ရိုပ် မျက်နှာကြီး နီမြန်းလျက်ရှိ၏။ ထထွက်သွား ရမလား၊ ဆက်ထိုင်နေရမလား။ ဒီကောင်မလေး ပြောနေတာတွေ ရိုးရိုးလား ဆန်းဆန်းလား။

ပူပူထူထူကြီးဖြစ်နေမိသည့် ကိုယ့်ကိုယ့်ကိုယင် ဘာဖြစ်နေမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ကူးကို ရယ်ရယ်မောမော ဆက်ဆံလာတာ သိပ်မကြာသေးပေမယ့် အဲဒီအချိန်တိုတိုလေးမှာပဲ ကူးဆရာ့ကို အရမ်းခင်သွားတာ။ ကူ့ရင်ထဲမှာ ကူး ဘာဖြစ်သွားသွား ဒုက္ခ ဖြစ်ခဲ့ပြီး ဖေဖေ့ကို ရှဲ့ချင်တာတွေ၊ ဖေဖေ့ကို သိစေချင်တာတွေ ဘာမှမရှိတော့ဘူး။ အားလုံးက ဆရာ စိတ်ဆိုးပြီး နောက်ထပ် မလာတော့မှာ စိုးရိမ်တဲ့ထဲမှာ မျောပါသွားပြီ ထင်တာပဲ။ ဆရာကျတော့ ရောက်တာနဲ့ ပြန်ချင်လို့ နာရီတကြည့်ကြည့်နဲ့"

ကူးကို သူ သေချာ စူးစိုက်ကြည့်လိုက်သည်။ ဒါတွေ ဘာဖြစ်လို့ ပြောနေရတာလဲ၊ စကားလုံးတွေက မရိုးသားပေ မယ့် သူမမျက်နှာလေးကတော့ ရိုးသားစွာ ပြောချနေတာ ဖြစ်သည်။ ဘာလဲ ...။

"ဆရာ"

ခေါ်ပြန်ပြီ။ ခေါင်ရိပ်က မထူးတော့ဘဲ သူမကို စူးစိုက်ကြည့်နေလိုက်၏။ မြသားရောင် ပန်းချိုတ်တီရှပ်ကလေးနှင့် ဆံနွယ်ပျော့ပျော့လေး တွေ ခပ်ပါးပါးရှိသည့် မျက်နှာလေးက ကလေးဆန်နေသည်။

ရုတ်ချင်း ရယ်တဝက်ပြီး မြန်မြန်ဆန်ဆန်ကြီး တည်တင်းပစ် လိုက်တာလည်းရှိကာ မျက်နှာလေးမှာ ဘာမသယာမှ ရှိမနေခဲ့ပေ။

ထို့ပြင် မျက်နက်ဝန်းလေးများနှင့် ကော့ချွန်နေသည့် နှာတံလုံးလုံး ကလေးက နရဲ့သောအသားရောင်လေးပေါ်တွင် ကပြားရုပ်လေးပေါက်နေပြန်သည်။

ရယ်ပြီဆိုနှုတ်ခမ်းကိုလည်းမထိန်း၊ အမူအရာတွေလည်းမ ပါဘဲ လွတ်လွတ်လပ်လပ် ရယ်ပစ်တတ်တာ မျက်ဝန်းကလေးများပင် ပိတ်သွားတတ်၏။

ထိုအခါမရှည်လှပေမယ့် မျက်တောင်တိုစိပ်စိပ်ကလေးတွေကပဲ သိသာစွာ တင်ကျန်ခဲ့တတ်၏။





ပြောရပါလျှင် စိတ်ကူးရင့်ဆိုသည့် ကောင်မလေးဟာ တော်တော် ချစ်စရာကောင်းနေတာကို ဝန်ခံရမည်ဖြစ်၏။

ခေါင်ရိပ် မျက်ဝန်းတွေ ရွှေ့ပစ်လိုက်ပြီး သက်ပြင်းရှိုက်မိ လေသည်။

"ဆရာ ဘာဖြစ်သွားတာလဲဟင်"

"ဘာမှမဖြစ်ဘူး၊ ခင်ဗျား ခဏခဏခေါ်နေတာကို ခေါင်းကြီးသွားလို့"

"ဘာဖြစ်လို့ ခေါင်းကြီးရတာလဲ၊ သူ့ကို ဒီက ဝါးရင်းတုတ်နဲ့ ရိုက်နေတာကျနေတာပဲ"

ရိုက်တာထက်ကို ဆိုးနေတာဟု သူမပြောဖြစ်လိုက်ပါ။

ကူးက ပတ်တီးစည်းထားရသည့် လက်မောင်းလေးကို ဖွဖွလေး ပွတ်သပ်ကိုင်ရင်း မျက်လုံးကတော့ သူ့ကိုပဲ ကြည့်နေကာ...

"မထင်ရဘူးနော်"

လုပ်ပြန်ပြီ၊ ဘာကိုစပြီး ဘယ်လိုဆုံးသွားမှန်းလည်းမသိ။ တစ်ခုကို ဒေါသဖြစ်မလို့ပြင်တုန်း နောက်ထပ်တစ်ခု။

"ဘာလဲ ...ဘာကို မထင်ရတာလဲ"

မေးသံက ဒေါသပါသွားပြီ ထင်သည်။ မျက်ခုံးထူထူနှစ်ဖက်ကတော့ နှာတံထိပ်ဖျားမှာ တွန့်ကုတ်နေပြီဖြစ်၏။ ကူးက သူ့ကို ကြည့်၍ ရယ်သည်။

"ဆရာ့ကို မြင်ဖူးစတုန်းက ဘယ်လိုပုံစံကြီးမှန်းမသိဘူးဆိုပြီး၊ ပြောရတာ လေပေးလဲမဖြောင့်တော့ လုံးဝကြည့်မရဘူး"

"အဲဒါ ဘာဖြစ်လဲ"

"သေချာကြည့်လေ ချောလေပဲ၊ တကယ် မထင်ရဘူး"

"တော်ပြီ၊ ခင်ဗျားကို အချိန်ပိုသင်ပေးဖို့ လုံးဝစိတ်မကူးတော့ဘူး သွားမယ်"

www.burmeseclassic.com



"သွားပေါ့"

ကူးကလည်း မျက်စောင်းလေးထိုး၍ ဆတ်ခနဲထရပ်လိုက်၏။ ခေါင်ရိပ် လှည့်မကြည့်တော့တဲ့ အပြင်ထွက်လာခဲ့စဉ် နောက်က ခြေသံလေးကြောင့် တံခါးဝကျမှ ငဲ့ကြည့်လိုက်တော့ ကူးက သူ့နောက်မှာ ...

"ဘယ်ကိုလဲ"

"ခြံတံခါးဝထိ"

"ဘာလုပ်ဖို့လဲ"

"ဆရာ့ကို လိုက်ပို့မလို့"

"နေပါစေ မလိုက်နဲ့"

"ဟင့်အင်း"

အစကတော့ အပြန်မှာ အိမ်တကားနှင့် ဒရိုင်ဘာကို လိုက်ပို့ခိုင်းနေကျပါ။ တစ်ယောက်ကို ကားတစ်စီးဖြစ်သွားကာမှ ပပလွှင် ဒရိုင်ဘာကို သူမအတွက်ပဲ ဘော်ဒီဂတ်လို လုပ်ထားလိုက်သည်။

ကူးက လိုက်ပို့ဖို့ကျတော့ ခေါင်ရိပ်ကလည်း လက်မခံ၊ ဖေဖေကိုယ်တိုင် ကူးကို အပြင်မထွက်ရ အမိန့်ထုတ်ထားခဲ့တာလည်း ရှိတော့ မဖြစ်။

ဖေဖေကတော့ အမြဲတမ်း ခုနစ်နာရီကျော်မှ ပြန်ရောက်တဲ့သူပါ။ ခေါင်ရိပ်က အပြန်တိုင်းမှာ သူ့ဟာသူပဲပြန်သည်။

"စိတ်ကူးရင့်"

"ဘာလဲ၊ ဆရာကလဲ နာမည်ကြီးကို တစ်တစ်ခွခွ မခေါ်ပါနဲ့ ကူးဆိုရင် ပြီးတာပဲ"

"မခေါ်နိုင်ဘူး၊ မင်း ဒီမှာပဲနေခဲ့တော့လေ၊ ခြံဝကမှောင်တယ်"

"ဘာဖြစ်လဲ ကိုယ့်ခြံထဲမှာကိုယ် ..."

ကူးက ဖွတ်လိုက်သည်။ မိုးချုပ်စပေမယ့် ခြံထဲမှာ သစ်ပင်ရိပ်များ





နှင့် မီးတိုင်အားက လင်းလင်းချင်းချင်း သိပ်မရှိပေ။

"မင်း ပြန်ဝင်သွားရင် ကောင်းမယ် ကူး၊ တော်ကြာ အန်ကယ်ပြန်လာတာနဲ့ မကောင်းဘူး"

"ဘာဖြစ်လို့ မကောင်းရမှာလည်း၊ ကိုယ့်ဆရာကို ခြံဝထိလိုက်ပို့တာ၊ မပို့ရဘူးလား"

သူထပ်ပြောဖို့ ရှိနေသေးပေမယ့် မပြောဖြစ်တော့ပါ။ အတူတူ လျှောက်ခဲ့ရင်း ခြံဝရောက်လာကြတော့မှ ...

"ဆရာ"

"ဟင်"

သူတံခါးနားမှာ ရပ်လိုက်တော့ ကူးက တံခါးကိုကျောပြင်လေး တပ်မှီကာ ရင်ဆိုင်ရပ်လိုက်၏။

"ယောကျာ်းလေးတွေက သူချစ်တဲ့ကောင်းမလေးကို နမ်းတဲ့အခါ ရင်ထဲမှာ ဘယ်လိုနေသလဲဟင်"

"ဘာလုပ်မလို့လဲ ပေါက်ကရ ..."

"ဘယ်က ပေါက်ကရ ရမှာလဲ၊ ဖြေပါ ဆရာရဲ့၊ ဆရာ့မှာ ချစ်သူရှိတာပဲဟာ၊ ဆရာ သူ့ကို ..."

"စိတ်ကူးရင့် ... မင်း တော်တော့"

"ဘာဖြစ်လို့လဲ"

"မင်းက မေးရဲပေမယ့် ငါက မဖြေရဲဘူး၊ မင်းကို သင်ပေးဖို့ သင်ခန်းစာထဲမှာလဲ အဲဒါမပါဘူး"

"ပါပါ မပါပါ ကူး သိချင်လို့မေးတာကို ဆရာဖြေသင့်တာပေါ့။ သင်ခန်းစာမဟုတ်ပေမယ့် အတွေ့အကြုံရှိဖူးတဲ့ သူက မရှိဖူးတဲ့လူကို ဆရာလုပ်ခွင့်ရှိတယ်"

ခြံစောင့်သည့် ဦးမြင့်မွေဆိုသော လူကြီးကိုလည်း မတွေ့၊ [illegible]ဖွင့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ကူးက ကျောနှင့်ကပ်ပိတ်ထားသည်။

ဒေါသကို ဘယ်လိုမှ ဆုံးမလို့မရတော့ပါ။

"ကဲ အဲဒါသိတော့ မင်း ဘာလုပ်မလို့လဲ၊ ဘာလာကြောင်တာလဲ"

"ကူး ကြောင်ကြောင် မကြောင်ကြောင်ပါ မေးတာကိုပဲဖြေပါ"

"ဖြေစရာမရှိဘူး၊ လက်တွေ့ခံစားလိုက်မှသိတာ၊ သိပ်သိချင်ရင် မင်း ရည်းစားထားလိုက်၊ ကဲ...ဖယ်"

"ဟင့်အင်း"

ကူးက ရှေ့ကနေ ဖယ်မပေးဘဲ ဂျစ်တီဂျစ်ကန် လုပ်နေဆဲနှင့် –

"ဆရာကလဲ ကူး သိချင်တာ အဲဒါမှမဟုတ်တာ၊ မိန်းကလေး ဘယ်လိုခံစားရလဲဆိုတာ မဟုတ်ဘူး၊ ယောကျ်ားလေးက ဘယ်လိုလဲ ဆိုတာ မေးတာ၊ ဆရာပဲ ဖြေပေးလေ၊ ဆရာ့ချစ်သူကို ..."

"စိတ်ကူးရင့်"

"ဟင်"

"မင်း ဘာဖြစ်နေတာလဲ"

"ကူး ကူးလားဟင်"

ကူးသည် စိတ်ပျက်ညည်းညူသံလေးနှင့် ဆံပင်တွေကို ဘယ်ကော ညာကော ဖိသပ်ချပစ်သည်။ ပြီးတော့ ခြေလေးတစ်ချက် ဆောင့်၍ လက်ပိုက်ကာ ...

"ဟိုညက ကူးကို ဆရာ ..."

"ဟော ..."

"အဲဒါ ..."

"မဟုတ်တာကွာ၊ အဲဒါ မတော်တဆဖြစ်သွားတာ။ မင်းကို ငါ အထပ်ထပ် တောင်းပန်ခဲ့တာကို နားမလည်ဘူးလား"

"မလည်ဘူး။ မတော်တဆပဲဖြစ်ဖြစ်၊ တမင်တကာပဲဖြစ်ဖြစ် ဒီမှာ





ခေလို့မရတာ။ ကူးက အဲဒီလိုဖြစ်ရပြီး ဆရာ့ကျတော့ ရည်းစားကြီးနဲ့ ဘူး မကျေနပ်ဘူး"

ပြဿနာပါလား ...

ခေါင်ရိုပ် ဘယ်လိုရှင်းရမှန်း မသိတော့ပါ။

"ကူးက ဘယ်တုန်းကမှ သူများကြောတာကို ခေါင်းငုံ့ခံခဲ့တာမရှိဘူး။ သူတစ်ချက်ကိုယ်တစ်ချက်ပဲ၊ ခုကျတော့ ဆရာက ဆောရီးတဲ့၊ အဲဒါ တရားသလား"

"စိတ်ကူးရင့် ...မင်း တမင်ဂျိုတိုက်နေတာလား၊ ကိုယ့်ကိုယ်ကို သိက္ခာကျခံပြီး ရင်ဖွင့်နေတာလား"

"ဆရာက ဘယ်လိုထင်လို့လဲ"

"မထင်တတ်တော့ဘူး၊ မင်း ကလေးမှမဟုတ်တာ။ ဒီအရွယ် ဒီအသိနဲ့ မင်းရဲ့ မေးခွန်းတွေက ဒီထက်မြင့်အားသင့်တယ်"

ကူးက မျက်နှာလေး ဆတ်ခနဲပင့်လာကာ အလင်းတစ်ခြမ်း၊ အမှောင်တစ်ခြမ်း ဖြစ်နေသည့် ခေါင်ရိုပ်မျက်နှာကို သေချာစိုက်ကြည့်သည်။

"အဲဒါဆိုရင်လဲ ရင်ခုန်သံ့တဲ့အရွယ်အလိုက် အတိအကျ သတ်မှတ်လို့ရတဲ့ နှလုံးသားဂရပ်ဖ်တစ်ခုလောက် ဆွဲပေးစမ်းပါ။ လုံးဝ တစ်သဝေမတိမ်း လိုက်နာမယ်"

"မင်းက ..."

"ကူးက ရိုးရိုးပဲပြောတာ၊ ဆရာ့ရဲ့ စကားတစ်ခွန်းကို ပြန်ပြင်ပေး"

"ဘာလဲ"

"ဆောရီး ဆိုတာ"

မျက်လုံးချင်း အကြာကြီး ဆုံစည်းနေခဲ့သည်။ မျက်နှာနှစ်ခုလုံးမှာ အလင်းရောင်တစ်ခြမ်းစီပဲ ရှိကြပြီး မျက်ဝန်းတွေကတော့ ဒီဖွင့်



www.burmeseclassic.com

www.burmeseclassic.com



တွေလို ဖိတ်ဖိတ်လက်နေကြ၏။

"မင်းကို ဆောရီးမပြောခဲ့ရင် ငါက တမင်တကာ ဖြစ်သွားမှာ ကြားချင်ရင် မှတ်ထားလိုက်တော့ ကူး၊ ငါ့မှာ ချစ်သူရှိတယ်"

"ရှိပါစေ၊ ကူးလိုချင်တာ အဲဒီ ဆောရီးကို ပြန်ရုပ်သိမ်းဖို့ပဲ"

"ရုပ်သိမ်းမပေးနိုင်ဘူး"

ခေါင်ရိုပ်က အပြတ်ပြောသည်။ ကူး အံကြိတ်လိုက်စဉ်မှာ ကားဟွန်းသံထွက်ပေါ်လာ၏။ ဖေဖေ ပြန်လာပြီ။

တံခါးဖွင့်လိုက်သည်နှင့် သူ ထွက်သွားပြီး ဖေဖေ့ကား လိမ့် လာသည်။

သူနှင့်ဖေဖေ ဘာတွေပြောလို့ ဘယ်လိုနှုတ်ဆက်ကြတာ မသိတော့ပေ။ တစ်ကိုယ်လုံးသည် ရှက်ရွံ့ခံခက်ခြင်းများကြေ ကျောက်စိုင်ကျောက်သားတွေ ဖြစ်ကျန်ခဲ့သည် လား မသိ။

မချစ်ခဲ့ဖူးသည့်အသည်းက ရိုင်းနေသည်။ မစရသေးဘဲ ခရီး ဆုံးသွားပြီဖြစ်၏။

တကယ်တော့ ကူး မချစ်တတ်သေးပါဘူး ဆရာ၊ ရင်ခုန်သံ နားထောင်ကြည့်ချင်တာမျိုးပါ။ အဲဒီလောက်ထိ ကူး သိက္ခာမမဲ့ ကူး ပထမဆုံး ရင်ခုန်မိတဲ့အနမ်းမှာ တစ်ဖက်က အမှတ်တမဲ့ ကျူး သွားခဲ့တာမျိုးကို မလိုချင်တာ။

ကူးကို ဖေဖေက တစ်ချက်ပဲ ငဲ့ကြည့်သွားပြီး ဂေါ့ဆက်ဆေ သွားခဲ့လေသည်။ ဆရာ့ကို လိုက်ပို့သည်လို့ပဲ ရှုးရှိုးလေးမြင်သွားခဲ့ ဖြစ်သည်။

ရှိုးလည်းရှိုးခဲ့ပါတယ်။ ကူးလိုချင်တာက ကူးလိုပဲ ဆရာ့ဘက် ကဖြစ်ဖြစ် ကတိမ်းကပါး ဖြစ်သွားခဲ့တယ် ဆိုတာမျိုး ...

အဲဒါ အချစ်နဲ့မဆိုင်သေးဘူး မဟုတ်လား၊ ချစ်သူကိုတော့ ရှ





ဆိုရင် ချစ်သူမဟုတ်ပေမယ့်လည်း ကူးက မိန်းကလေးတစ်ယောက်ပဲ ဟုတ်ဘူးလား။

နည်းနည်းတော့ ဆရာ တုန်လှုပ်သင့်တာပေ့ါ။ နေ့ညနာရီများစွာ မှာ ကူး အစားပျက် အအိပ်ပျက် ဖြစ်ခဲ့ရသမျှ သူကတော့ ဆောရီးလို့ ပြောသွားခဲ့သည်၊ ထပ်၍လည်း ရက်စက်ခဲ့သေးသည်။

ငါ့မှာ ချစ်သူရှိတယ်တဲ့ ...။

အဲဒါ ဘာလုပ်ရမှာလဲ၊ ရှင့်ကို ဘယ်သူက ချစ်ပါရစေ ပြောနေလို့လဲ။ ကူးလိုချင်တာက ကူး ခံစားခဲ့ရတဲ့အတိုင်း ခံစားချက်အတွက် အလျော် အစားပဲဖြစ်သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရှင်က ကျွန်မအတွက် ...

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

"တစ်ရက်ကလေးမှ မဖြစ်နိုင်တော့ဘူး။ ဇော်အောင်၊ ငါမသွား
တော့ဘူး"

"ဘယ်လိုဖြစ်ရတာလဲကွာ၊ မင်းပဲ သူက ချစ်စရာလေးပါဆို၊ စိတ်
လေးက မဆိုးဘူးဆို၊ ဘယ်လိုတွေဖြစ်ကုန်တာလဲ"

ဘယ်လိုမေးမေး ခေါင်ရိုပ်က ဘာမှမပြောခဲ့ပေ။ သက်ပြင်း
မျက်နှာလွှဲသည်။ ရှေ့မှာ လိုက်ရပ်တော့ တစ်ဖက်လှည့်သွား၏။

နောက်တော့ ဇော်အောင် ခေါင်းငုံ့လက်လျှော့သွားကာ ...

"အေးလေ မော်လဲ သက်သာသလို ဖြစ်လာပါပြီ၊ မင်းလဲ မင်
ချစ်သူစိတ်ကောက်သွားတဲ့နောက်ကို ပြန်လှည့်ချင်မှာပေါ့။ ပြီးတော
ဟိုက ဖုန်းတဂွမ်ဂွမ် ဆက်နေသေးသည်။

သူ့ကိုယ်သူ ဖြေသလိုပြောရင်း ကုလားထိုင်မှာ ပြန်ထိုင်ရှာသည
"မင်းရဲ့ ဘဘစော ဖုန်းဆက်တာ ဘယ်နှစ်ခါရှိပြီလဲ"

ဇော်အောင် ပြန်မေးတော့မှ ခေါင်ရိုပ်က နောက်ပြန် လှည့်
သည်။ မျက်နှာချင်းဆိုင်မှာ ကျကျနန ဝင်ထိုင်ပြီးကာ ...





"ဘဘစောက ဆက်တာမဟုတ်ပါဘူး၊ အန်တီချော ရောက်နေ
တာကို ဆက်တာ။ နေ့လယ်ကဝင်တဲ့ ဖုန်းက အန်တီ ချောကိုယ်တိုင်ပဲ"

"ဘယ်လိုဖြစ်တာလဲ၊ အန်တီချောက မင်းဆီဝင်ထွက်နေပြန်ပြီ
လား"

သူ ခေါင်းညိတ်လိုက်သည်။ ဒေါ်ချောဇင်ဆိုတာက အဒေါ် ဝမ်းကွဲ
တော်တာ ဖြစ်သည်။ ဆွေမျိုးနည်းပါးကြသူတွေမို့ အစကတော့ သိုက်
သိုက်ဝန်းဝန်း ရှိခဲ့ကြ၏။

နောက်ကမှ ဘိုးဘိုး မဆုံးမီလေးမှာ အမွေကိစ္စနှင့် ပတ်သက်၍
တားအချိုတ်အဆက်ကလေးတွေ ဖြစ်ကုန်ကြသည်။

မာနကြီးသည့် ဒေါ်ချောဇင်က ဒေါ်နှင့်မောနှင့် ကျောခိုင်းထွက်သွား
ဘိတာ ဘိုးဘိုး ဆုံးတာတောင် ရောက်မလာတော့ပေ။

ခုကျမှသိရတာက သူမခရီးလွန်နေသဖြင့် နာရေးကိစ္စကို လုံးဝ
သိလိုက်သည့်အဖြစ်။

"သူ့ဆက်တာက ဘာတဲ့လဲ"

ဇော်အောင်က ဆက်မေးတော့ ခေါင်ရိုပ်မျက်လုံးထဲမှာ ရုပ်သွင်
မျက်နှာလေးကို ဖျက်ခနဲ မြင်လိုက်မိသည်။

"အဲဒီထိအောင် ကောင်မလေးက လာသွားတယ်ဆို၊ ဘာလာလုပ်
တာလဲ၊ အခု ဘယ်လိုညှိနှိုင်းလိုက်ကြသလဲ။ ဦးစောပြောလို့ နည်းနည်း
ပါး အန်တီသိပြီးပြီ။ ဒါပေါ့သေးသေးကိစ္စမဟုတ်ဘူးနော် သား။
လာခဲ့ပါကွယ်၊ အန်တီ စောင့်နေမယ်၊ ပြောစရာတွေရှိလို့"

အန်တီချော ပြောသွားတာတွေကိုလည်း တွေးလိုက်မိသည်။
နိုင်ခြေအရှိဆုံးက ရုပ်သွင်နှင့်ကိစ္စကို အန်တီချော ဖျက်ဖို့ သာဖြစ်
မည်။ ဒေါ်ချောဇင်ဆိုတာက နာမည်ကျော် စိန်ကုန်သည်ကြီး
သလောက် အမြင်စူးလွန်းလို့ ခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မာနဘယ်လောက်ကြီးသလဲဆိုရင် မိဘသဘောမတူတဲ့ လူ
လက်ထပ်ပြီး မိဘရှေ့မှာ နည်းနည်းလေးမှ ဒူးမထောက်ဘဲ ကိုယ့်
ခြေထောက်ပေါ် ကိုယ်ရပ်ခဲ့သည့် အာဇာနည်မိန်းမတစ် ယောက်ဖြစ်၏

ဒါပေမယ့် သူမ ကံမကောင်းခဲ့ပါ။ စီးပွားရေးက လုပ်တိုင်း အော
မြင်ခဲ့သော်လည်း အိမ်ထောင်ရေးမှာ ကံမကောင်းခဲ့ပေ။

ခင်ပွန်းဖြစ်သူက ရုတ်တရက် သေဆုံးခဲ့ရကာ တစ်ဦးတည်
သောသားလေးကျတော့ ခေါင်ရိုပ်နှင့် မတိမ်းမယိမ်းပဲ ဖြစ်သည်။

ဒါပေမယ့် နိုင်ငံခြားမှာ စီးပွားရေးအမြင်သစ်ရှာဖွေရင်းဆိုပြီး ထွက်
သွားလိုက်တာ ဟိုမှာပဲ အိမ်ထောင်ကျသွားခဲ့၏။

ထိုသတင်း အီးမေလ်ရောက်လာတော့ ဒေါ်ချောဇင် သတိလ
သွားသူကဲ့သို့ မိနစ်စက္ကန့်များစွာ တောင့်တင်းသွားခဲ့၏။

နောက်ပိုင်းမှာ ခံပြင်းလွန်းလို့ ပေါက်သီးလက်မောင်းတန်းထား
တာ ဒီသားထံမှ ဘာပို့ပို့ လက်မခံခဲ့ပေ။

ဘာသတင်းကိုမှ နားမထောင်၊ သူမကတော့ စီးပွားရှာမပျက်
အသွားအလာမပျက် နေခဲ့နိုင်၏။ ပြီးတော့ သားအစား ခေါင်ရိုပ်
သူမ ဂရုစိုက်လာသည်။ အိမ်မှာပဲ အနေများခဲ့၏။

ဘိုးဘိုးကလည်း တရားသမားမို့ သားတစ်ယောက်ကို မနိုင်
သော ဒေါ်ချောဇင်အား စကားလုည့်ကြံ တိုင်းခံရခက်အောင် ပြေ
တတ်သည်။

နောက်ဆုံး သူမမှာရှိသမျှ အမွေတွေကို ခေါင်ရိုပ်ကို လွှဲပေ
လုပ်တော့ ဘိုးဘိုးက လက်မခံ။

"ကိုယ့်အထုပ်ကိုယ်ပိုက်ထားစမ်းပါ။ ညည်းမှာ ညည်းသာ
ရှိသေးတယ်၊ ငါ့မြေးကို ရှုပ်ရှုပ်ယှက်ယှက်တွေ လာမလုပ်နဲ့"

တစ်ခွန်းပဲပြောလိုက်တာ ဘိုးဘိုးဆုံးတဲ့အထိ အန်တီ ချော





မြင်ရတော့ပေ။ အဖြစ်တို့ကို ပြန်တွေးရင်း တိုက်ဆိုင်လွန်းသည့်
အကြောင်းအရာတို့ကို ပြန်သုံးသပ်မိ၏။ မနေ့က ကူနှင့်သူ မဟုတ်မဟပ်
ကားတွေနှင့် အချေအတင်ဖြစ်ခဲ့ရသည်။

ဒီနေ့ တစ်နေကုန် ဖုန်းတွေဝင်နေတာက ဘာဘာစေ့တစ်လှည့်၊
အန်တီချော တစ်လှည့် အကြောင်းက အမြန်ဆုံး ပြန်လာဖို့ဖြစ်နေသည်။
ပြီးတော့ ရုပ်သွင်ကလည်း နားပူနေ၏။

ဒါ ဒီလိုမဖြစ်နိုင်ပါဘူးလို့ သူပြောထားတာတောင် ဘာတွေ ဆွေး
နွေးဦးမှာလဲ။ ရုပ်သွင်က သူ့ရဲ့ အချစ်ဦးဖြစ်နေသည်၊ ချစ်တဲ့သူက သူ့ရှေ့မှာ
ဘဲ ဘာခွဲနွဲ့ကာ မျက်ရည်စက်များနှင့် လမ်းခင်းလာရင် သူ ဘယ်လောက်
ဒီ ကျောခိုင်းနေနိုင်မှာလဲ။

တစ်ဖက်မှာလည်း ဘိုးဘိုး၏ ဆုံးမစကားတွေက အနိုင်အမာ ရှိ
နေခဲ့သည်။ အချစ်ဆုံးချစ်သူနှင့် ဘာသာမတူ ကွဲပြားနေရသော
ခန့်ကျင်ဘက်နှစ်ရပ်ထဲမှာ သူရင်တွေ မွန်းကျပ်နေ လေသည်။

ဘာကြောင့်ပဲဖြစ်ဖြစ် အနေးနှင့်အမြန်ကတော့ သူပြန်ရတော့
မည်ဖြစ်၏။ ထိုအခါ ကူးက ဘယ်လိုထင်မလဲ။

"ခေါင်ရိုပ် ပြောဦးလေကွာ၊ မင်းကလဲ မေးတာ ဘာမှမဖြေဘူး၊
င်လိုက်တာ လွန်ရော။ ဘာလဲ ရည်းစားကို တမ်းတနေတာလား
မဟုတ်ရင် ကူးနဲ့ တစ်ခုခု ပြဿနာ တက်လာလို့လား"

နှစ်ခုလုံး ဟုတ်နေသည်မို့ ဇော်အောင့်ကို မျက်စနဲ ကြည့်မိသည်။
ဇော်အောင်က မေးဆတ်၍ ...

"အန်တီချောက ဘာပြောတာလဲလို့ ငါ မေးနေတာ"

"ပြန်လာခဲ့ဖို့ပေါ့ကွာ"

"အဲဒါကြောင့် မင်းက ကူးဆီကို မသွားနိုင်တော့တာလား"

ခေါင်ရိုပ်က ပြီးစလွယ် ခေါင်းညိတ်လိုက်ဖို့ တွေးမိကာနီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါတော့ မထင်ပါဘူး။ မင်း ခုနကဖြစ်နေပုံက ပြည်က ကိစ္စတွေ ဘာမှမဆိုင်ဘူး။ ကူးနဲ့ပတ်သက်ပြီး တော်တော် ကြီးမားစွာ ဖီးလ်ဖြ နေတဲ့ပုံ"

"ဘာမှမဟုတ်ပါဘူး၊ တစ်ခါတစ်ခါကျတော့ အဲဒီကောင်မလေး တကယ်ကိုဆိုးတာ သည်းမခံနိုင်အောင်ဘဲ"

ဒါအမှန်အတိုင်းမဟုတ်ပေမယ့်လည်း ညာတာမပါခဲ့ပေ။ ဇော်အောင်ကလည်း လက်ခံသည်။ ခပ်လေးလေး ခေါင်းညိတ်ကာ ...

"ဆိုးပါတယ်လို့ ငါပြောခဲ့သားပဲ၊ ဒါပေမယ့် တွေးကြည့်တော့ သနားစရာလေးပါကွာ။ ကူးက သူ့အဖေကို သိပ်ချစ်တာကွ"

BURMESE CLASSIC

ခေါင်ရိုပ် ခေါင်းမခါချင်ဘဲ ခါပစ်လိုက်သည်။

"ဒါကတော့ တစ်ပင်လဲလို့ တစ်ပင်ထူတာပဲကွာ၊ ဖေဖေ နောက်အ မိန်းမယူရင် မိထွေးက ရောက်လာမှာပဲ၊ ကလေးမှမဟုတ်တဲ့ဟာ ဒီသဘော တရားကို လက်ခံနိုင်အောင် ကြိုးစားရမှာပေါ့"

"သူက လက်မခံနိုင်တာကိုးကွ၊ လူတစ်ကိုယ် စိတ်တစ်မျိုးပေ ပြီးတော့ ပပလွှင်ဆိုတဲ့ တစ်ယောက်က ညာတာမယ့်ပုံမှ မရှိတာ လူငယ်စိတ်နဲ့ ဘယ်လိုကြည်ဖြူနိုင်တော့မှာလဲ"

"မင်းလည်း အဲဒီကောင်မလေးကို ဒီလိုတွေ မြှောက်ပင့်ပြော စည်းရုံးခဲ့တာထင်တယ်"

"ဘယ်ကလာ၊ ကူးက မင်းထင်သလောက် မအဘူး။ လျှော့မတွက် ဗိုလ်ကျချင်တာနဲ့ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်တာ ခ နေတာ။ ကြည့်လိုက်ရင် ဆင်ခြင်တုံတရား နည်းသလိုပဲ၊ ဒါပေမယ့် သူ့ ထဲမှ ဂရုပ်ဖ်တွေရှိတယ်"

ကူးနှင့် ပတ်သက်တာကို ရောက်လာတော့ ရင်ထဲမှာ ပူလော





သွားသည်။ ဘာဖြစ်တာမှန်းမသိပါ။ ရင်ထဲမှာ ခံစားချက်တစ်ရပ်က သိသာစွာ တိုးပွားနေတာ မှန်သည်။

သနားသော၊ စိုးရိမ်သော၊ ဒါပေမယ့် မပတ်သက်လိုတော့ ခြင်းသော ခံစားချက်ပေါင်းများစွာမှာ ဘာမှလည်း ဆုပ်ဖမ်းကြည့်လို့မရ။ တွေ့လိုပါမသော်လည်း မမြင်လိုတော့ပေ။

စကားတွေ အများကြီး ပြောဖို့ရှိနေသေးသည်။ ဒါပေမယ့် မပြောဘဲနေတာက ပိုကောင်းမည်ဟု ဆုံးဖြတ်ပြီးဖြစ်၏။

သူငိုင်နေတာကို ဇော်အောင်က အကဲခတ်ကြည့်ကာ ...

"မင်း ဟိုကို ပြန်ဖို့ မပြန်ဖို့က မင်းတို့ရဲ့ အတွင်းရေး ကိစ္စဆိုတော့ ထားပါတော့၊ အခု ကူးဆီကို မသွားချင်တော့ဘူးဆိုတာ ငါ သိပါရစေ ကွာ၊ အဲဒါပြောစမ်းပါ။ ဘာဖြစ်လို့လဲ"

ဇော်အောင်က သူ့မေးနေသမျှ ခေါင်ရိုပ်က မဖြေတော့ သူပဲ ဆက်၍ ...

"ဟိုတစ်ညက တိရစ္ဆာန်ဥယျာဉ်သွားတုန်း ပြဿနာဖြစ်ခဲ့တဲ့ကိစ္စကြောင့်လား။ ဒီအရွယ်ဆိုတော့လဲ ဘာညာသာရကာ ကိစ္စလေးတွေ ရှိမှာပေါ့ကွာ။ ကူးက လှလဲလှတာကိုးကွ၊ စကားပြောရင် တအားချစ်ဖို့ ကောင်းတာ"

ခေါင်ရိုပ်က ခေါင်းခါလိုက်သည်။

"ဒါဆို ဘာဖြစ်လို့လဲ၊ သူ့အိမ်က တစ်ယောက်ယောက်ကြောင့်လား"

"ဆိုပါတော့"

တစ်ခုခုမဖြေလို့ မဖြစ်တော့တာကို တွေးမိလိုက်သဖြင့် သူပြီး လွှယ်ပြောမိသည်။

ရင်ထဲမှာတော့ မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် မတွေ့တော့ဖို့လည်း နိုင်မာစွာ ဆုံးဖြတ်လိုက်မိသည်။ မဖြေနိုင်သည့် မေးခွန်းတွေကိုပဲ မေးတတ်သည့် ကျောင်းသူ တစ်ယောက်အတွက် သူ့ ဆရာမလုပ်တော့ဖို့ ဆုံးဖြတ်ခဲ့တာ မမှားနိုင်ဘူးလို့ ထင်သည်။

မင်း မှန်ပါတယ် ခေါင်ရိုပ်၊ ဒါပေမယ့် ...

ရင်ထဲမှာ ထိရှမှုတစ်ခု ဖြစ်ကျန်ခဲ့တာကတော့ သေချာပါသည်။

* * *





အခန်း (၁၈)

"ဆရာ မရှိတော့ဘူးပေါ့"

ဖုန်းကိုင်ရင်း ကူးရင်ထဲမှာ စူးအောင့်သွား၏။ မျက်ကြည်လွှာများမှာ ရက်ချင်းပဲ စိုစိုစွတ်စွတ်ဖြစ်လာခဲ့၏။

ဆရာဇော်အောင် ဘာတွေဆက်ပြောနေသည်မသိတော့ဘဲ ဖုန်းကို ဘာသာလေး ပြန်ချ၍ အံကြိတ်ထားလိုက်မိသည်။

တိတ်စမ်း၊ မငိုနဲ့ စိတ်ကူးရင့် ဘာဖြစ်လို့ ငိုရမှာလဲ၊ နင်နဲ့ ဘာဆိုင်သလဲ။ မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ပစ်လိုက်ပြီး မျက်ရည်ကျချင်တာကို ထိန်းသည်။ မျက်ရည်မကျခဲ့တာတောင် ကူး နှာတံထိပ်များတွေ ရဲလာသည်။ မျက်ခမ်းစပ်လေးတွေက အပြိုင်အဆိုင် အရောင်ရင့်သာကြ၏။

"သမီး ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ဘူး"

ကြီးကြီးစု ဆွဲထားတာလည်း ရှောင်ဖယ်ထွက်ခဲ့မိ၏။ ရှိပါစေတော့။ တကယ်တမ်းကျတော့ ကူးက ဆိုးတာ၊ ကူးက အနိုင်ယူချင်တာ။ စိတ်ကူးရင့်ဆိုတာ မိန်းမဆိုးလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကူး ဘာမှမရခဲ့လိုက်တာ၊ အများရဲ့ ဝေဖန်ကဲ့ရဲ့သံတွေကြောင့် ကူး ဆုံးရှုံးခဲ့ရတာတွေ၊ ဒါတွေကျတော့ လူမသိ သူမသိပါလား။

'သမီးက ဆိုးတယ်ဗျာ၊ သမီးကို ငဲ့နေရတယ်'တဲ့။

ဒီလိုပြောပြီး ဖေဖေ အိမ်ထောင်မပြုခဲ့ဘဲ နေသလား။ ကူး ဖေဖေ့ ဆီက ဂရုစိုက်ကြင်နာမှုတွေကို ဆုံးရှုံးခဲ့ရတာပဲ။

"ကိုကြီးသမီးက သက်သက်ရန်လိုနေတာပါ၊ လွင်က မိထွေးဆိုတဲ့ ဂုဏ်ပုဒ်ကြီးနဲ့ ဘာလုပ်လုပ် အပြစ်ဖြစ်နေမှာပဲ" လို့ ပြောသေးသည်။

မိထွေးလို့နေ၊ မိထွေးပီပီ ကြံစည်ယုတ်မာနေတာကျတော့ ဘယ် သူမြင်လို့လဲ။ ကူးရဲ့ ပိုင်ဆိုင်ခွင့်အားလုံးကို သူမပဲ တိတ်ဆိတ်စွာ ဝါးမျို သွားခဲ့သည်။

ခုကော ကူး ဘာများဆိုးခဲ့မိလို့လဲ ဆရာ၊ ရင်ထဲမှာရှိနေတာကို မေးခွင့်မရှိဘူးလား။

ကူး အများကြီးလိမ္မာပေးခဲ့တာတွေကျတော့ ဘာမှမဟုတ်ခဲ့ဘူး ဝဲ့လား။ စာသင်နေတုန်းမှာ ချစ်ခွင့်မရှိဘူးဆိုရင်လဲ ပြောရစ်ခဲ့ပါ။

ဆရာက ပြောမယ်ဆိုရင် မျက်လုံးစုံမှိတ်ပြီး အားလုံး ခေါင်းညိတ် နာခံချင်တဲ့သူပါ။ ကူး စာကြည့်စားပွဲရှေ့မှာ တောင့်တောင့်လေးရပ်ရင်း မျက်ရည်တစ်စက်ကိုတော့ ကျခွင့်ပေးခဲ့မိ၏။ ပြီးတော့ ထိုပါးပြင်ကို ပွတ်ဆွဲသုတ်ပစ်မိသည်။

အနမ်းတစ်ပွင့်နှင့် နွေးခဲ့ဖူးသော ဒီပါးပြင်ဟာ မျက်ရည် တစ်စက် ကြောင့် ပူလောင်ခဲ့ရပြန်သည်။ တကယ်တမ်း ကိုယ့်ကိုယ်ကို နားလည် လိုက်မိသည့်အချိန်မှာ ဆရာက ကူးကို ချန်ရစ်ထားခဲ့ပါလေပြီ။

ခေတ်ရီးလို့ ပြောသွားတဲ့ ဆရာ့ထံမှ အမှတ်တမဲ့တစ်ခုဟာ ကူး အတွက်တော့ တစ်ဘဝစာ စွဲထင်သွားခဲ့ပြီ ဖြစ်သည်။

နောက်ထပ် မငိုမိဖို့ အံကြိတ်ထားလိုက်သည်။ ကိုယ့်အပေါ် ဒေါသီးစွာ ရှောင်ဖယ်သွားတဲ့သူကို မတမ်းတနဲ့။

နောက်ထပ် ရှက်ချင်သေးလို့လား ကူး။ သူ့ကိုချစ်လျှင် သူနှင့် ဘုသောမာနမျိုး ကိုယ့်မှာရှိရမည်။ ဒီနေရာမှာ လူးလိမ့် ငိုကြွေးနေတော့ ရော နှင့်လိုချင်တာရလာမှာလား၊ မငိုနဲ့။

တစ်ဖက်သတ်ခံစားပြီး ဒီမှာ နင်သေနေလည်း အပိုပဲလေ၊ မလွမ်း နဲ့တော့။

ဆရာဖော်အောင်က တစ်ရက်နှစ်ရက်နေရင် သူပြန်သင်မည်ဟု ပြောသွားခဲ့သည်။ ဆရာဖော်ရဲ့ ရှေ့မှာ နင့်ရဲ့ သိက္ခာမဲ့ အလွမ်းတွေ ချပြ ဦးမှာလား။

ကူးဟာ သိပ်ကိုဆိုးတယ်လို့ ပြောပြတဲ့ထဲမှာ အရှုံးမပေး တတ် ဘာက အဓိကပါပဲ။ ကူး ဘယ်တော့မှ ရှုံးမကျန်ခဲ့ရဘူး။

ဆုံးဖြတ်ချက်နှင့် တစ်ထပ်တည်းမှာ ကူးမျက်ရည်တွေ ခြောက် သွားခဲ့၏။

* * *







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဘယ်သွားကြမလဲ ငါတို့"

"မသွားတော့ဘူး"

"ဟင် ..."

သက်မွန်က ရယ်လက်စမျက်နှာလေး တိုးလိုးတန်းလန်းနှင့် ကူး[illegible] ပြန်ကြည့်သည်။

"စောသေးတယ်လေ၊ တစ်ခုခု သွားစားမလား"

"မစားချင်ဘူး"

"ဘယ်လို ..."

ဝေမော်နှင့်သက်မွန် အထူးတဆန်း မျက်စပစ်ကြသည်။ ကူး[illegible] လွယ်အိတ်ထဲကနေ တစ်သျှူးလေးထုတ်ယူပြီး နှုတ်ခမ်းဖျားများနှ[illegible] လည်တိုင်ကို ပွတ်သုတ်ပစ်ရင်း ...

"ငါ ပြန်တော့မယ်ဟာ၊ နင်တို့ စောသေးရင် အိမ်လိုက်ခဲ့ပါလား"

"ကူးရယ် နင်ကလဲ ..."

နှစ်ယောက်လုံး စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြ၏။





"ပြောင်းလဲသွားလိုက်တာ၊ ဟိုတက်နဲ့ဒီတက် လှမ်းပစ်လိုက်သလိုပဲ ဘာကယ်၊ ဘယ်ခေါ်ခေါ် မလိုက်ဘူး၊ ဘာပြောပြော လွတ်လွတ်လပ်လပ် ရယ်တာပြုံးတာလဲ မရှိတော့ဘူး"

"ဟုတ်ပ၊ ဘယ်လိုဆွဲဆောင်လို့မှကို မရဘူး၊ စိတ်ညစ်လာပြီ ပြောတော့ဖြင့် ဂရုမစိုက်ပါဘူး မမှုဘူးနဲ့ နင်သွားပြီ၊ နင့် အသည်း အက်စစ်ပေ သွားပြီး အဲဒီတစ်ယောက်က ဒီလောက်တောင်ပဲ ဖြားယောင်းသွားတာ ပဲဖြင့် အံ့ရော"

ဝေမော်နှင့်သက်မွန် အလှည့်ကျ ညည်းညူကြရင်း ကားဆီသို့ ခြေခါလက်ခါနှင့် လျှောက်သွားနေကြ၏။ ကူးမျက်နှာလေးက စိတ် ပျက်သလိုလေး မဲ့လျက် ...

"နင်တို့ သွားပါလား၊ ငါမပါတော့ ဘာဖြစ်လဲ"

"မသွားချင်ပါဘူး။ စာမေးပွဲတွေပြီးရင် ခုလိုနေ့တိုင်း တွေ့ကြဖို့က လွယ်တော့ဘူး။ ပြီးတော့ ခုလို စာမေးပွဲရက်မှာမှ အပီအပြင်ကဲရတာ။ ငါက မေမေ့ဆီက မုန့်ဖိုးတွေ ပိုတောင်းလာတာ"

"ငါလဲ ရှိသမျှ အကုန်ထုတ်ယူခဲ့တာပဲ၊ စာမေးပွဲမပြီးမချင်း စိတ် ကြိုက်သုံးမလို့"

"နင်တို့ကတော့ ပြောအားရှိမှာပေါ့"

ကူးက ကားနားရောက်ပြီးမှ ကားပေါ်မတက်သေးဘဲ လွယ်အိတ် လေးကို ပိုက်လျက် နောက်ပြန်မှီရပ်လိုက်၏။

သုံးယောက်လုံးပဲ မျက်နှာချင်းဆိုင် ရပ်လိုက်မိကြပြီး ...

"ဘာလဲ နင့်မှာ ဖေဖေနဲ့ ဘာညာ အိမ်က ဘယ်လိုတယ်အကြောင်း ပြောမလို့လား။ အစက ဟုတ်တယ်။ အခု အဲဒါတွေနဲ့ ဘာမှမဆိုင်ဘူး ငါတို့သိတယ်၊ နင့်လောက်ရွှဲချင်တာ နင်ပဲ ရှိတယ်"

"အေးလေ ဘယ်သူ့ကိုများ ဂရုစိုက်ခဲ့ဖူးလို့လဲ၊ အခု တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လုံးကို သူများယူသွားတာတောင် အရွဲ့မပျက်၊ အစောင်းမပျက်ခဲ့ဘဲ
ဒီတိုက်ပုံကျမှပဲ ...”

“မဆိုင်ပါဘူးဆို နင်တို့ကလဲ ...”

“ဆိုင်တယ်၊ ဆိုင်ကိုဆိုင်တယ်၊ အဲဒါကို မကျေနပ်ဘူး။ ငါတို့
သူငယ်ချင်းရဲ့ အပျော်တွေ၊ လွတ်လပ်မှုတွေကို အပြီးသတ် ဖျက်ဆီး
သွားတာ အဲဒီတိုက်ပုံကို လုံးဝ မကျေနပ်ဘူး။

ဝေမော်က အပြတ်အသတ်ကြီး ထဖြစ်နေသည်။ တကယ်တော့
ဗုံးခွဲသတ်တာ မသေဘဲ သားရေကွင်းနှင့်လှမ်းပစ်မှ သေရသည့် ငေါ်ဇီလား
ကြီး၏ အဖြစ်လိုပါပဲ။ ကလေးတွေကို ရယ်စရာပြောရတာတော့ အရသာ
ရှိလှသည်။ တကယ်လက်တွေ့မှကျတော့ ခါးသက်လွန်းပါသည်။

သူမနှလုံးသားနုနုမှာ အချစ်ကို မြင်ဖူးကြားဖူးရုံနှင့်ပဲ လက်ပြ
နှုတ်ဆက်ကျန်ခဲ့ရသည်။ ဘာဖြစ်လို့ ကျန်ခဲ့ရမှန်းမသိ၊ ဘာကြောင့်
ထားခဲ့တာကို နားမလည်။

ဘယ်လောက်ထိ ကိုယ့်မှာ အပြစ်ရှိခဲ့သလဲ၊ ကူးကတော့ ရက်
လ၊ နာရီတွေကို မာနနဲ့ကုစားရင်း ကြိတ်မှိတ်ပြခဲ့သည်။

စာလာပြပေးနေသည့် ဆရာဇော်ကိုတောင် သူ့အကြောင်း တစ်
နိုင်သမျှ မမေးမိအောင်နေခဲ့သည်၊ ဒါတောင် ကြားလိုက်ရပါသေးသည်။

“ဒီကောင် စေ့စပ်တော့မယ်ထင်တယ်၊ သူ့မှာလဲ အကျပ် အတည်း
နဲ့ပါပဲကွာ။ အချစ်နဲ့ပတ်သက်ရင် ဘာဖြစ်လို့ မဖြောင့်ဖြူးကြမှန်းမသိဘူး
ဘေးလူကြားဝင်ဖို့လဲ ခက်တယ်လေ၊ အချစ်ဆိုတာ တစ်ယောက်တစ်မျိုး
ခံစားနေကြတာမျိုး ကူးရဲ့”

ဪ . . . ဆရာဇော်ကတော့ အချစ်နှင့်ပတ်သက်သမျှ စိတ်ရှည်
လက်ရှည် ရှင်းပြလို့ပါလား။

သူကတော့ ဒီလိုမဟုတ်ခဲ့ပါ။'





'မင်းက မေးရဲပေမယ့် ငါကဲ့ မဖြေရဲဘူး' တဲ့။

'မင်းကိုသင်ပေးဖို့ သင်ခန်းစာထဲမှာ အဲဒါမပါဘူး' တဲ့ သိလား။
ပြီးတော့ ပြောသေးတယ် 'ဒီအရွယ် ဒီအသိနဲ့ မင်းရဲ့ မေးခွန်းတွေက
သက်မြင့်မှားသင့်တယ်' တဲ့။

အချစ်က ကူးနဲ့မထိုက်တန်သေးဘူးလား၊ အချစ်ကို စိတ်ကူးယဉ်
တာ ကူးကျမှ အပြစ်ရှိနေသတဲ့လား။ ရင်ထဲမှာ ကျဉ်စက်နဲ့ ဖိထောက်
ထားရသလို စူးရှကျပ်ခဲနေခဲ့သည်။

ဆရာလို့ တမ်းတမိတိုင်း၊ သူမျက်နှာကို သတိရမိတိုင်း နာကျင်
ကျတ်ရှခဲ့ခြင်းမှာ ဘယ်တော့မှလည်း ပြီးဆုံးသွားမှာ မဟုတ်ပါ။

သွားလာရယ်မောနေကြသည့် ကျောင်းသူကျောင်းသားတွေကို
လှမ်းငေးနေရင်း ကူး နှုတ်ခမ်းလေးက တင်းတင်းစေ့နေခဲ့သည်။

သက်မှုန်က မှုန်ကုတ်ကုတ်လေး ဖြစ်နေ၏။ ဝေမော်က ဒေါသပါ
ဘာလည်းမဟုတ်ဘဲ မျက်စောင်းထိုးလိုက်၊ ရှုံ့မဲ့လိုက်နှင့်...

“ဒါဆိုလဲ ကင်န်တင်းမှာပဲ တစ်ခုခုစားရင်း အချိန်ဖြုန်းမယ်
ဟာ ပြန်ဖို့က စောသေးတဲ့ဟာ”

“ဘယ်သွားသွား ဟိုကောင်က ပါလာဦးမှာဟာ မသွားချင်တော့
ဘူး”

“ချစ်မိုးဇွေလား”

မေးခွန်းနှင့်အတူ မျက်လုံးတို့က မလှမ်းမကမ်းမှာ အုပ်စု
ဖွဲ့ကာရပ်နေကြသည့် ချစ်မိုးဇွေတို့ကို တစ်ခါတည်း မြင်လိုက်ကြသည်။

“အဲဒီ ဝဲစားက တစ်မျိုး ...”

ဝေမော်က မေတ္တာပို၍ မျက်စောင်းလှမ်းထိုးသည်။ ထိုနေ့မှာ သုံး
ယောက်လုံးပဲ ကားပေါ်ပြန်ရောက်ခဲ့ကြသည်။

ကားမောင်းထွက်ခဲ့ရင်း ကူး သတိရလိုက်သည်က ခေါင်းကိုပဲ။ သူ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာစက ပြောခဲ့ဖူးသည်။

"မိန်းကလေးဖြစ်ပြီး ဒုတိယနှစ်ကျတယ်ဆိုတာ သဘာဝမကျဘူးတဲ့။ အခု ဒုတိယနှစ်ဆိုတဲ့ ကာလတစ်ခုကို ကူး အောင်မြင်စွာ ကျော်လွှားနိုင်တော့မည်။ ဒါ သူ့ကြောင့်မဟုတ်ဘူး၊ ကူး ကိုယ့်အတွက် ကိုယ်ကြိုးစားတာ။

နောက်ထပ် သဘာဝမကျတာတွေ ဘယ်တော့မှ မဖြစ်စေရဘူးဆိုတာ ယုံ ...

★ ★ ★





အခန်း (၂၀)

ရေချိုး အဝတ်အစားလဲပြီး ကူး အပြင်ထွက်လာခဲ့သည်။ ဒီနေ့ ဖေဖေ့မွေးနေ့ဖြစ်သည်။ မွေးနေ့ကို ပါတီတွေဘာတွေ ပေးပြီး တခမ်းတနား မလုပ်တတ်ခဲ့သော ဖေဖေဟာ မွေးနေ့မှာ အလုပ်နားပြီး ဘုရားသွားဖို့တော့ နှစ်တိုင်းမပျက်ကွက်ခဲ့ပေ။

ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီးကအစလှူသည်။ ဟိုအရင်ကဆိုသားအဖနှစ်ယောက်အတူသွားကာ ကုသိုလ်ဒါနပြုကြသမျှ ပျော်စရာလည်းကောင်းသည်။ ကြည်နူးဖွယ်လည်း ဖြစ်၏။ နောက်ပိုင်းမှာတော့ ကူးနှင့် မဟုတ်တော့ပါ။

ဒီအဖြစ်အတွက် မွေးနေ့ရောက်တိုင်း ကူး ကြိတ်မှိတ် ဖြေသိမ့်နေရသလောက် ဖေဖေကတော့ သတိတရမှရှိရဲ့လားမသိ။

ဒီနေ့ ဘုရားကိုသွားဖို့ ပပလွှင်ကတော့ ရေချိုးရင်း သီချင်းလေးညည်းလို့ဖြစ်သည်။

သူမ ထွက်ပြီးမှ ကူးက ရေချိုးခန်းဝင်ခဲ့တာ၊ အခု ကူး အပြင်ထွက်လာပေမယ့် ပပလွှင် မှန်တင်ခုံရှေ့မှာပဲထင်သည်။

ကူးက မိတ်ကပ်ပေါင်ဒါ ဘာမှမလူးဘဲ နှုတ်ခမ်းနီဆိုး ခေါင်းဖြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနှင့် ပြီးသည်မို့ အလုပြင်ခြင်းအတွက် ကူးက အချိန်ယူ
မလိုပေ။

အပြင်မှာ သူဇနီးချောကို ဖေဖေ စောင့်နေလိမ့်မည်။ ကူးလည်
စာမေးပွဲပြီးပြီမို့ ဒီနေ့ သက်မွန်တို့အိမ်ကို သွားလည်ချင်သည်။ စကိ
စီးကြမည်။ နေ့လယ် အပြင်ခဏထွက်ပြီး ဖေဖေ့အတွက် မွေးနေ့လ
ဆောင်တစ်ခုခု ဝယ်ချင်၏။ ထွက်ခဲ့တုန်းကတော့ ခြေလှမ်းတွေမှ
အစီအစဉ်များနှင့်ဖြစ်သည်။

သို့သော် ဧည့်ခန်းသို့မရောက်မီ ကြားလိုက်ရသည့် စကားသံမျာ
ကြောင့် ကူး ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား၏။

"ကလေးက ဟိုတုန်းကနဲ့တောင်မတူဘူး။ သူဟာသူ အေးအေ
ဆေးဆေးနေနေတာ မောင်သိန်းရယ်၊ မင်းဟာ စောလွန်းပါသေ
တယ်"

"မစောဘူး မမစု၊ မမစုတူမ ဒီနှစ်အောင်သွားရင် တတိယ နှ
အောင်ဖို့က မသေချာဘူး။ ကျောင်းပိတ်ခါနီးလေးကျမှ သူ့စိတ်နဲ့
ကိုယ် ဘာအလိုမကျဖြစ်ပြီး ငူငူငိုင်ငိုင်ဖြစ်သွားမှန်း မသိတာ၊ ဒါကို ကျေ
လို့မဖြစ်ဘူး"

"အေးလေ၊ မဖြစ်ဘူးဆိုရင်တော့ သူ့ကို နားလည်ခွင့်လွှတ်နို
မယ့် အိမ်ထောင်ဦးစီးကောင်းတစ်ယောက်ယောက်နဲ့ မင်းစဉ်းစားပေ
အခုဟာက သူ့လိုပဲ ကျောင်းသားဆိုတော့ ..."

ကူး ဒေါသတွေ ထောင်းခနဲဖြစ်သွားသည်။ လက်စသတ်တော
ဖေဖေက ကူးကို အိမ်ထောင်ချပေးမလို့ စီစဉ်နေသည်ကိုး။

ဒီလိုပဲဖြစ်မှာပေါ့။ အိမ်မှာ ခဏခဏ ပြဿနာတက်နေရတဲ့ဒုက္ခ
ရှင်းပစ်ဖို့ဖြစ်လာရင် အဲဒီအမှိုက်က ကူးပါပဲ။ မျက်နှာပေါ်ကျလာသည
ဆံပင်တွေကို မော့ခါပစ်၍ ကူး ဒီတိုင်းလေး ငြိမ်သက် နားထောင်နေ





ည်။

"ကိုမိုးကောင်းတို့က ဆွေကြီးမျိုးကြီးတွေပဲ မမစု၊ ကောင်လေးက
သမီးလိုပဲ တစ်ဦးတည်းသောသား၊ မိဘဘိုးဘွား အမွေအနှစ်တွေ
စ်ပုံတစ်ပင်နဲ့။ ပြီးတော့ ဒီကောင်လေးက သမီးကို တော်တော် မေတ္တာ
နေတဲ့ပုံပဲ"

"အေးလေ ကျောင်းမှာ တွေ့နေမြင်နေကြမှာပေါ့၊ ကလေးကို သူ့
ြ်းစားတာမရလို့ လူကြီးချင်း လှည့်ပြောတာပဲဖြစ်မယ်။ ဘာဖြစ်ဖြစ်
ကို မမစု မေးပါရစေဦး၊ အလိုလိုကမှ ဖအေတို့ တစ်မျိုးမြင်နေ
တဲ့အထဲ မင်းဖွတ်စီစဉ်ရင် မှားကုန်ကြမယ်"

"ဟာ ဒါကတော့ ဖွတ်လုပ်သင့်လုပ်ရမှာပဲ၊ ကူး ခေါင်းမာတာ မမစု
ခဲ့သားနဲ့။ အခု ဒုတိယနှစ် ချောချောမောမော ဖြစ်သွားတာကိုကြည့်
နေချင်သလို လွှတ်ပေးထားလိုက်ရင် ဒီလိုဖြစ်လာမလား၊ မိဘနဲ့
သမီး၊ ဘာလုပ်လုပ် မိဘက စေတနာပါပြီသား။ ဒါကို တလွဲထင်ပြီး
င် သူမှားမှာပဲ။ ကျွန်တော်ကတော့ တစ်ခါတလေ တော်တော်လေးကို
ပျက်မိပါတယ် တကယ်ပြောတာ၊ ကိုယ်လုပ်ခဲ့တာကို မှန်တယ်လို့
တ်မထောင်ပါဘူး။ ဒါပေမယ့် ပြန်ပြင်လို့မှမရတော့ဘဲ။ ဒါ ဒီလို
ခဲ့ပါပြီဆိုမှ ကူး ဘယ်လောက်ထိ ဆိုးသလဲဆိုတာတွေ ပေါ်လာတာ
လဲညစ်တယ်၊ လန့်လဲလန့်တယ်၊ နောက်ထပ် ဒီလိုအဖြစ် ခံနိုင်တော့
ဘယ်လိုပဲထင်ထင် ဆုံးမပဲ့ပြင်ဖို့နဲ့ ပတ်သက်ရင် မညှာနိုင်တော့ဘူး"

မျက်နှာငုံ့လိုက်တော့ မျက်ရည်စက်က ပါးပြင်ကို မဖြတ်သန်းတော့ဘဲ
းပြင်ထိ ပေါက်ခနဲ ခုန်ဆင်းသွားသည်။

မညှာနိုင်ဘူးဆိုတာက ဖေဖေ့ဘေးမှာ ကူးကိုမုန်းနေတဲ့ သူစိမ်း
တစ်ယောက် ရှိနေမှလား ဖေဖေ။

ကူး ခြေလှမ်းတွေ နောက်ကြောင်းအတိုင်း ပြန်လှည့်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် ကူးဟာ မကြာမီကာလတစ်ခုမှာ အိမ်ထောင်ပြုရတော့မည့် မလိမ်မိုးမလိမ္မာ သမီးမိုက်တစ်ယောက်ပေါ့။

ပြောဆိုသုံးမ မရလို့ ကျောင်းတက်ခိုင်းနေလည်း ထူးခြားအော မြင်လာဖွယ်မရှိတော့လို့ နောက်ဆုံးအိမ်မှာ ပြဿနာရှာနေတတ်တ အမှိုက်စတစ်စမို့လို့ ...။

ကူး လက်သီးလေးနှစ်ဖက်ဆုပ်၍ မျက်နှာမော့လိုက်သည်။ ဝမ် နည်းလို့မဟုတ်ဘဲ မျက်ရည်စက်တို့က ဖောဖောသီသီကြီး ဆင်းကျလ ကြသည်။

လူမိုက်တစ်ယောက်ဟာ မိုက်ပါတယ်လို့ ကိုယ့်ကိုယ်ကို နားလည ပြီး ဝန်ခံချင်တာတောင်မှ မယုံကြည်တော့ဘူးဆိုရင် မယုံကြည်ကြ သူတွေထဲကို ဖွတ်လှမ်းဝင်လာမလား။

နောက်ပြန်ဆုတ်လိုက်မလား။ ကူးဆိုရင် ဘာလုပ်မလဲ ...။

ကိုယ့်ကိုယ်ကို ပြန်မေးလိုက်မိသည်။ တစ်ဘဝလုံးမှာ အချစ် ဆိုတဲ့ နင့်အဖေက အဲဒီလို ကြေညာလိုက်ပြီ ကူး။ နင်ဘာလုပ်မလဲ

ဆုံးဖြတ်ဖို့ကတော့ တစ်မုပါပဲ ...

* * *





အခန်း (၂၁)

"ဘာ ...ဘာပြောတယ်၊ နင် ..."

ကူး ကျယ်ကျယ်လောင်လောင် အော်ပစ်လိုက်မိသည်။ ချစ်မိုးရွှေ အ သူ့ကိုယ်သူ မိုးကျရွှေကိုယ်လို ဘောင်းဘီရှည် အဝါနုနုကိုဝတ်လျက် အဝါနှင့်အဖြူစင်းကျားပါသည့် စပို့ရှပ်ဖြင့် တော်တော့ကို မျက်စိ နောက်ဖွယ်လုပ်လာသည်။

ထို့ပြင် သူ့နောက်ကကားပေါ်မှာ စပ်ဖြဲဖြဲ ပြောင်စပ်စပ် ရုပ်တွေက ကူးကို 'ပြေးပေါက်ပိတ်နေပြီ ဘယ့်နှယ်လဲ' ဟုမေး၍ လှောင်ရယ် နေကြသည့်နှယ်။

"တကယ်ပြောတာ၊ ကူးမယုံဘူးလား၊ ဒက်ဒီနဲ့မင်းအဖေ လုံးဝ သဘောတူကြပြီ။ ဒီနေ့ပဲ ..."

"တာကယ်ပြောတာ" -- 

"တော်စမ်း"

နာခံတာမဟုတ်ပေမယ့် ကူးအော်ပစ်လိုက်တော့ စကားသံ ဘီဓနဲ့ တိတ်ကျသွား၏။

"ဟဲ ...ဟဲ"

တည်ခနဲဖြစ်သွားပြီးမှ ချစ်မိုးရွှေက စပ်ဖြဲဖြဲ ပြန်ရယ်သည်။ ချွတ်ခါး

www.burmeseclassic.com



ဝမှာ ရပ်နေတာ အငြိမ်မနေဘဲ အထဲကို ခြေဖျား ထောက်ကြည့်လိုက် ဆံပင်တသသနှင့် မျက်နှာကို တွန့်မဲ့ပြလိုက် အမျိုးမျိုး ယိမ်းထိုးနေပြီးမှ —

"နားခါးသွားလို့လား၊ တို့ကတော့ ပျော်တယ်၊ အစတုန်းက ကူးရဲ့ အချစ်ကို လိုချင်တာသက်သက်ပဲ။ လူငယ်ပီပီ ချစ်မယ်၊ ပျော်မယ်၊ မရလို့ ပိုလိုချင်တယ် ဒါပဲ။ ခုမဟုတ်တော့တာ ဘာဖြစ်လို့လဲ သိလား၊ မင်းကြောင့် တို့အနာတရဖြစ်သွားခဲ့တယ်လေ"

ကူးမျက်လုံးတွေ ဝင်းဝင်းလက်လက်ဖြစ်လာသည်။

ရယ်သံသဲ့သဲ့နှင့် နောက်ကပဟာတွေကိုကော ရှေ့မှာရပ်နေသည့် ချစ်မိုးဇွေကိုကော သိမ်းကျုံးရိုက်ထုတ်ပစ်ချင်သည့် အကြည့်တွေက သိသာနေ၏။

ဒါကိုမြင်နေရသဖြင့် ချစ်မိုးဇွေအားရပါးရ ပြုံးကာ …

"တစ်မျိုးတော့မထင်နဲ့နော်၊ အနာတရဖြစ်လိုက်ရလို့ မရမနေ ပိုင်ဆိုင်ဖို့ကြိုးစားပစ်လိုက်တာ မှန်ပေမယ့် အပြုံးအတေးကလဲ့စားတွေ ဘာမှမရှိပါဘူး၊ တကယ်ချစ်တယ် လက်ထပ်ပြီးရင် ပိုချစ်ပြမှာ"

"တောက်"

ကူး လက်တစ်ဖက် မြှောက်ခနဲ လွှပ်ရှားသွား၏။ ဒီတစ်ခါလည်း ချစ်မိုးဇွေပဲ ခံလိုက်ရပြန်သည်။ လှုပ်ရှားလိုက်တာကို သိလိုက်သည် သို့သော် ဘယ်လိုမှ ရှောင်ချိန်မရခဲ့လိုက်ဘဲ လှသော ပုံပျက်ပန်းပျက် ဖြစ် သွားသည်။ ရိုက်ချက်က မလွတ်။

"ကူး …မင်း တော်တော်မိုက်ရိုင်းတဲ့ မိန်းမပါလား"

"နင်က ငါ့အိမ်ရှေ့လာပြီး မိုက်ရိုင်းတာ၊ သွား …ခုထွက်သွား"

"မင်း …"

ချစ်မိုးဇွေ လက်သီးဆုပ်၍ ရှေ့တိုး၏။ ကားပေါ်က အပေါင်းအပါ တစ်စုကလည်း ကျားကျားလျားလျား ဆင်းချလာကြသည်။





သို့သော် ချစ်မိုးဇွေက နောက်ပြန်ဆုတ်ကာ လက်နှစ်ဖက် ကား လိုက်ပြီး သူ့လူတွေရှေ့ တားထားလိုက်၏။

"နေပါစေ၊ လူကြီးတွေမျက်နှာက ရှိသေးတယ်"

ဟု ခပ်သဲ့သဲ့ပြောပြီး တားထားလိုက်၏။

"မင်း အဲဒီလို မာနကြီးလိုက်စမ်းပါ ချစ်မိုးဇွေဆိုတဲ့ကောင်က မင်းထက် ဘယ်နေရာတွေမှာ ပိုတော်သလဲဆိုတာ မကြာခင်သိ ရစေမယ်"

သူနောက်ထပ် စကားကြီး စကားကျယ်တွေပြောဖို့ ရှိသေးသည်။ ကျက်သည့်စိတ်ဖြင့် ဒီမိန်းမကို ထပ်မံကြိမ်းဝါးချင်သေး၏။ ဒါပေမယ့် ခေါင်းထဲမှာ ငန်ကျိုကျိုအရသာတွေ ဖြစ်လာတာကြောင့် နှုတ်ခမ်းကို ပိတ်ပစ်လိုက်ရသည်။ သွေးထွက်စေတဲ့ အထိတော့ အများရှေ့မှာ မဖြစ်ချင်။

ချစ်တာက သပ်သပ်၊ ဒေါသကသပ်သပ်ဖြင့် ကူးကို စူးစူးရဲရဲ ကြည့် သည်။

မင်းတွေ့မယ် စိတ်ကူးရင့်၊ ပုံပြောနေတာ မဟုတ်ဘူး။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ခြေလှမ်းသွက်သွက်လျှောက်ရင်း လက်ကနာရီကို ငုံ့ကြည့် လိုက်
၏။ ခုနစ်နာရီခွဲတော့မည်။ ရန်ကုန်မြို့၏ လူအစည်ကားဆုံး ဆူးလေ
လမ်းမကြီး၏ ညခင်းအလှက အသွင်တစ်မျိုး ဖန်ဆင်းထားသလို ဆန်းသ
လှပနေဆဲ။

ကူးဝတ်ထားတာက အပြာစင်းပါသည့် ဘောင်းဘီရှည်အနက်နှ
တီရှပ်အပြာရောင်။ အပေါ်ကနေ အနက်ရောင် ဝစ္စကုတ် အတိုလေးတ
ထည် ထပ်ဝတ်ထားသေးသည်။

လွယ်အိတ်၊ လက်၊ လည်တိုင်နှင့် နားနေရာအားလုံးမှာ အငြ
ရောင်တွေချည်း ဆင်ထားတာမို့ လူတွေကြားထဲ တိုးဖြတ်လျှော
နေပေမယ့် ထင်းနေသည်။

ခြေလှမ်းကျဲကျဲ မြန်မြန်လေးလျှောက်နေတော့ ပခုံးထော
ဆံပင်ပျော့ပျော့တွေက လွင့်ခါနေ၏။ သွားနေရင်း ပခုံးရိုက်မိသွ
လိုက်၊ ရင်ဘတ်ချင်း ပစ်တိုက်တော့မလိုဖြစ်လိုက်၊ ဒါပေမယ့် ကူး
ဘေးကို ခြေရှေ့လိုက်၊ နောက်ကို ပြန်ယိုလိုက်နှင့် ပခုံးစောင်း၍ ရှော
ပစ်တာလည်း ရှိသည်။





မြန်မြန်ဆန်ဆန်ကြီး လျှောက်နေသည့်တိုင် လူတွေလည်း ညပ်သပ် နေပေမယ့် ဘယ်သူနှင့်မှ တိုးမိတိုက်မိသွားတာ မဖြစ်ခဲ့ပေ။

ပို၍ထူးခြားသည်မှာ ဖြူဝင်းသည့် မျက်နှာလေးထက်က ရှိလက်စ် မျက်မှန်နက်ကြောင့် သူမကို တချို့က သမင်လည်ပြန် လိုက်ကြည့်ကြ သည်။

မျက်မှန်က နေ့ဘက်မှာတော့ အပြာရောင်ပါပဲ။ ညမှာကျတော့ အနက်ရောင်ပဲ ဖြစ်နေသည်။ ညကြီးအချိန်မှာ မျက်မှန်နက်နှင့်ပေမယ့် လျှောက်သွားနေသည့် ခြေလှမ်းကတစ်ချက်မှ မမှား၊ ဘယ်သူ့ကိုမှ သည်း ဂရုစိုက်ပုံမရှိ။

သူမသွားမည့်လမ်းကို တည့်တည့်သွားမည်၊ မြန်မြန်ရောက်ရမည်၊ ကြားထဲမှာ ဘာတွေရှိရှိဆိုတာမျိုး။

"ကူး ..."

ဖျတ်ခနဲမြင်လိုက်ပြီး ကားပေါ်ကနေ ကမန်းကတန်းဆင်း လိုက်မိ သည်။

ကူးက ကြားမှ မကြားတော့မသိပါ။ ဒီဘက်မှာ ကားရှေ့ည့် ရှင်းပေး လိုက်စဉ်မှာ ပြန်ကြည့်လိုက်တော့ ကူးက ပျောက်သွားပြီ ဖြစ်၏။

ဇော်အောင် ကားပေါ်ကလည်း ဆင်းပြီးနေကာမှ မထူးစိတ်ပိုက်ကာ ကူးကိုမြင်လိုက်သည့်အတိုင်း နောက်ကနေ တိုးဝှေ့ လိုက်ခဲ့၏။ သူ စိတ်ပူမိလို့ပါ။

"အေးကွယ် ဒုက္ခပေးတော့မယ် မထင်ပါနဲ့၊ မောင်ဇော်အောင့် ဘပည့်ကို သွားလာရင်း တစ်ချက်လောက် ရှာဖွေကြည့်ပေးစမ်းပါ။ တွေ့ရင် ဖျောင်းဖျပေးပါကွယ်၊ သူငယ်ချင်း အိမ်မှာ ဘုရားကိုးဆွဲရှိတယ် ဆိုပြီး ညအိပ်တစ်ည ပြောသွားလိုက်တာ ပြန်ကိုမလာတော့ဘူး"

"ဘယ်သူငယ်ချင်းအိမ်လဲ အန်အယ်၊ သွားမခေါ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဒေါ်သွားတာ နှစ်ခေါက်ရှိပြီ၊ သူ အဲဒီမှာပဲရှိနေတယ်ကွယ် ပြန်လာမယ်ဆိုပြီး မလာတာ။ အိမ်မှာ အန်ကယ်မရှိတဲ့အချိန် နေ့လယ်ခင်း ခဏတစ်ဖြုတ်တော့ လာတယ်တဲ့။ လာတာနဲ့ လွင်နဲ့ စကားများ၊ ပြော ချစ်ရာပြော၊ သောင်းကျန်းပြီး ပြန်သွားတာပါ။ မင်း စဉ်းစားကြည့်ပါဦးကွယ် ဒီလောက်ဆိုးသွမ်းနေတာကို အန်ကယ် ဘယ်လိုလုပ်လိုက်ခေါ်ရမလဲ၊ နေပါစေ ဆိုပြီးတော့လဲ ကြည့်မနေနိုင်ဘူး။ ဒီထက်အဝေးကို ထွက်သွား ရင်ခက်မယ်၊ မင်းတပည့်က မင်းကိုတော့ ခင်ခင်မင်မင်ရှိပါတယ်။ တွေ့ ရင် ချော့မော့ပြောပြီး ပြန်လာအောင် ကူညီပါကွယ် ...နော်။ သူ့ အထင်လွဲနေတာပါ။ အန်ကယ် ဒီသမီးလေး တစ်ယောက်အတွက် ရင် ထဲမှာ မီးလောင်နေသလိုပါပဲ"

ဖုန်းထဲမှာ ပြောတာပေမယ့် ဦးသိန်းထိပ် စကားသံတွေက လှိုက်လှဲ တုန်ခါနေပါသည်။

ဘာပဲဖြစ်ဖြစ် အမေသော်လည်းကောင်း၊ အဖေသော်လည်းကောင်း တစ်ယောက်ယောက်ဟာ နောက်အိမ်ထောင်ပြု လိုက်ပြီဆိုရင် သားသမီး၏ အထင်မြင်သော၊ စော်ကားခြင်းကို အထူးသဖြင့်ခံကြရတာပင်။

ဘယ်သူပဲ မှန်နေနေ၊ မှားနေနေ မိဘဖြစ်ပြီး သဘာယာမှု နောက် လိုက်ရက်တယ်ဆိုသည့်ပုဒ်မအတွက် လျှောက်လွဲချက် ကောင်းကောင်း ဒီနေ့ထိမရှိခဲ့သေးပေ။

သားသမီးကမှားလျှင် မိဘက ထိန်းကျောင်းရမည်၊ ဆုံးမပဲ့ပြင် သည်းခံရမည်။ မိဘဆိုတာ ရှေ့ဆောင်လမ်းပြဖို့သာ ဖြစ်သည်။ မှားရ ...၊

ဒါဟာ ဘယ်သူမှ အတည်ပြုထားခဲ့တာမဟုတ်ဘဲ မိဘတို့၏ သည်းခံခွင့်လွှတ်တတ်သော မေတ္တာထုထည်မှ သူ့ အလိုအတိုင်း ရှိလာ ခဲ့သည့် အမှန်တရားပဲ ဖြစ်သည်။

ထို့ကြောင့် သူလုပ်ဖို့ရာ တစ်ခုပဲရှိသည်။ ဤသည်မှာ သူမှားမိသား၏





အရေးအခင်း ဘယ်လိုဖြစ်သည်၊ ဘယ်သူမှားသည်ဆိုတာကို ဝေဖန် နေဖို့မဟုတ်။

ကူးကိုတွေ့ဖို့ ကြိုးစားရမည်၊ ကူးကိုပဲ ဆုံးမဖျောင်းဖျရမည်။ မိဘက ဘယ်အရုပ်မျက်နှာကပဲနေနေ ကိုယ်က မိဘအရိပ်နှင့် ကင်းဝေးသည့် အရုပ်မျက်နှာမှာ မနေသင့်။ စိတ်တွေက ဦးသိန်းထိပ်ဆီ ရောက်လိုက်၊ အဖြစ်သနစ်တွေပေါ် ရောက်လိုက်နှင့် ကူးကိုတော့ ဘယ်မှာမှ ရှာမတွေ့သေးပေ။

ကူး ဘယ်ရောက်သွားလဲ။

"ဆရာ"

"ဟ ..."

ပခုံးကလွယ်အိတ်ကို ဆွဲထားလိုက်တော့ ဖော်အောင် ယိုင်သွား သည်။

ကြည့်လိုက်တော့ ကူး။

"ကူး ..."

"ဆရာ ဘာလိုက်ရှာနေတာလဲ"

ကူးက မြင်နေကျပုံစံလေးအတိုင်း သွားလေးတွေပေါ် အောင်ရယ် ရက် ဆွဲထားသည့် သူ့လွယ်အိတ်ကိုလည်း မလွှတ်တော့။

သူမှာရှာတဲ့သူကို ခလုတ်တိုက်မှပဲ တွေ့ရတော့တဲ့အဖြစ်။ ကူးက စားဖို့အဆင်သင့် ဖြစ်ပြီးနေသည့် စားပွဲပေါ်က ရှမ်းခေါက်ဆွဲပွဲကို မေး ဆတ်ပြကာ ..."

"မိုက်ဆာလို့ ဒီမှာထိုင်နေတာ၊ ဆရာလဲ ဝင်စားပါလား။ လာပါ ဆရာရဲ့၊ တစ်ခါတလေ ပကာသနမပါဘဲ လမ်းဘေးလေးမှာ စားရတာ အရမ်းကောင်းတာ"

ညစျေးတန်းကလေးက လူသွားလမ်းကျယ်ကျယ်လေးဘေးမှာ

www.burmeseclassic.com



စားသောက်ဖွယ်တွေ အငွေ့တထောင်းထောင်းနှင့် အစီအရီရှိနေ၏။

သူမှာစားဖို့ခေါ်နေတာကိုကော၊ ကူးကိုရှာနေရတဲ့ အဖြစ်ကိုကော ရုတ်တရက် ဘယ်ကစပြောရမှန်းမသိသေး။

ကူးကတော့ သူ့အတွက် တစ်ပွဲမှာလိုက်ပြီဖြစ်သည်။

✷ ✷ ✷





အခန်း (၂၃)

"အမိန့်ပွားယ်မရှိတာ ကူးရယ်၊ ညည်း အဲဒီလို မိဘကို တလွဲ ..."

"တလွဲထင်နေတယ်လို့ ပြောမလို့လား။ ထင်တာမဟုတ်ဘူး ဆရာရဲ့ သိနေတာ။ ဖေဖေက ကူးမသိအောင် လုပ်နေတာမှ မဟုတ်ဘဲ၊ ကူး သဘောမကျဘူးလို့ တားတဲ့ကြားက ပပလွင်ကို ယူခဲ့တယ်၊ ကူးကို ဘာမှမမေးမြန်းဘဲ လက်ထပ်ရမယ်လို့ အမိန့်ချတယ်၊ အကုန်လုံး ကူး သိနေတာပဲဟာ ဟွန်း ..."

တစ်လှမ်းချင်း လှမ်းနေရင်း ကူးက နှုတ်ခမ်းလေးမဲ့သည်။ ညက ညည့်ဦးယံဆိုပေမယ့် တချို့ ပလက်ဖောင်းနေရာတွေမှာတော့ လူသွား လူလာမရှိပေ။ ပြီးတော့ မှောင်မိုက်နေသည့် နေရာတွေလည်း ရှိ၏။

စကားတပြောပြောနှင့် ဇော်အောင်နှင့်ကူး နှစ်ယောက် အဝှား အားတားဖို့လည်း သတိမရ၊ လိုင်းကားလည်းမစီးဖြစ်ဘဲ အတူတူတွဲ၍ လျှောက်လာခဲ့ကြသည်။

ကူးက ခံစားချက်တွေအပြည့်နှင့် ပြောနေသလို ဇော်အောင်က ဒူးမျက်နှာလေးကို တကြည့်ကြည့်နှင့် မှောင်ရိပ်ကိုဖြတ်ခဲ့ပြီးကာ အလင်းရောက်ထဲ ရောက်လာလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဖေဖေ ဆုံးဖြတ်လုပ်ကိုင်ခဲ့သမျှ ကူး သဘောတူညီခဲ့တာ တစ်ခုမှမပါဘူး။ သူလဲ သူဖြစ်ချင်တာကို လုပ်ခဲ့တာပဲ၊ ခုလဲ ကူး လုပ်ချင်ရာလုပ်မယ်"

"ဟာ ဒီလိုမဟုတ်ဘူးလေ၊ သားသမီးကို အိမ်ထောင်ပြုဖို့ စီမံပေး တဲ့နေရာမှာ မိဘက သင့်တော်တဲ့အတိုင်း စီမံရမှာပဲ။ လူငယ်တွေ သဘောကျမေးမြန်းပြီး စီမံပေးတယ်ဆိုတာ ရှိကြပေမယ့် ဒါက အနည်းစုပဲ အန်ကယ်စီစဉ်တာက မိဘဝတ္တရား ဘောင်ထဲက မလွတ်ဘူး။ ညည်း ခုလိုလုပ်နေတာကမှ ..."

"မတတ်နိုင်ဘူး ဆရာ၊ ချစ်မိုးဇွေဆိုတဲ့ ဘက်မဲ့ထောင့်စုံ ဘယ် နေရာကမှ ကြည့်လို့မရတဲ့ ယောကျ်ားကို ကူး လက်မထပ်နိုင်ဘူး။ ပြ တော့ ကျောင်းဆက်တက်ခိုင်းလဲ အောင်မြင်ဖို့ မသေချာဘူးလို့ ဖေဖေ ပြောတာ ကူး ဝမ်းနည်းတယ်"

"ညည်း ကျရှုံးခဲ့ဖူးတာပဲ ကူးရယ်၊ ဒီလိုခန့်မှန်းလိုက်တာ သိပ်တော့ မလွန်ပါဘူး။ ငါ့ကိုအထင်မလွဲနဲ့၊ ညည်းနဲ့ငါက မောင်နှမတွေလို ရင်းနှီးခဲ့ကြတာ၊ ညည်းအတွက် မကောင်းရာ မကောင်းကြောင်း ဘယ်တော့မှ မတိုက်တွန်းဘူးဆို ယုံစမ်းပါ"

"ဟွန်း ..."

အလင်းရောင်ထဲကျမှ ကူးကမျက်နှာလေးမော့၍ မဲ့ပစ်လိုက်တော့ ဇော်အောင် ခြေလှမ်းပင်တုံ့သွားခဲ့၏။ ကူးက သူ့ကို ပြန်ငဲ့ကြည့်ကာ

"ကိုယ့်အဖေအရင်းကြီးတောင် အမှိုက်တစ်စလို လှည်းထုတ် ကြိုးစားနေတဲ့ဟာ ဆရာ့ကို မယုံကြည်ဘူးဆိုရင် ကူးမှာ အပြစ်ရှိသလား"

"ဘယ်လို ..."

ကူးက နှုတ်ခမ်းနီရဲရဲ တင်ထားသည့် နှုတ်ခမ်းလွှာတို့ကို ဖွင့်၍ရယ် ပြန်သည်။ ပြီးတော့ အနက်ရောင်ပေမယ့် ကြည်လဲ့သော မှန်သားပြင်





လေးရှိနေသည့်မျက်မှန်ကို ဆွဲချွတ်ပစ်လိုက်၏။

တကယ်တော့ သူမမျက်နှာလေးမှာ သူ့အပေါ်မှာ တမင်တကာ စော်ကားပြောဆိုလိုတာ မဟုတ်မှန်း သိသာစွာ ရှိနေလျက်...

"ဆရာ့ကို ကူး ခင်တယ်၊ စာသင်ပေးတာကို ကျေးဇူးတင်တယ်။ င်တာကတော့ သူငယ်ချင်းလိုပဲ၊ အဲဒါကြောင့် ဆရာ့ဆီက ဆုံးမစကားတွေ ယ်မကြားပါရစေနဲ့၊ ကူး ရင်ဖွင့်ပြောပြချင်တာတွေကို နားထောင်ပေး"

"ပြောလေဆိုးလေပါလား"

ဇော်အောင်က နဖူးကုတ်၍ ညည်းသည်။ ကူးက အလင်းရောင်ထဲ ပဲ ခြေစုံရပ်လိုက်ကာ ...

"ကူး ကိုယ့်ကိုယ်ကို ထိန်းနိုင်ပါတယ်၊ ဘာအကွက်မှလဲ ဖြစ်ဖို့မရှိဘူး။ ဒါပေမယ့် ဆုံးဖြတ်ထားတာကတော့ ကျော်မကောင်း ကြားမကောင်းဘဲ"

"ဘာတွေလဲ ကူးရာ၊ ညည်းက တော်တော်ခက်ပါလား"

"မဟုတ်တရုတ်တွေ အကုန်လုပ်မှာပဲ"

"ဘာ ..."

"ဖေဖေက ကူးကို ခေါင်းထဲမထည့်တော့ဘူးဆိုတော့ ..."

"ဘယ်ကလာ မထည့်မှာလဲ၊ အန်ကယ်က ..."

"မမမော် နေကောင်းသွားပြီလား"

ကူးက စကားဖြတ်မေး၍ ရယ်သည်။

"ကောင်းနေပြီ၊ နေပါဦး အခုညည်းက ဘယ်မှာနေတာလဲ"

"အိမ်မှာပဲလေ"

"ဟင် ..."

"ဆရာ့ဆီ ဖေဖေ ဖုန်းဆက်တယ်မဟုတ်လား။ ကူး အိမ်မပြန်ဘဲ တဲ့ရက်ကလေ၊ အခု ပြန်ပါတယ်၊ ဒါပေမယ့် ..."

ဘယ်ဆက်ပြောလာမလဲဟု ဇော်အောင်က စောင့်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကူးက မျက်မှန်ပြန်တပ်လိုက်ပြီး လမ်းဖြတ်ကူးဖို့ မျှော်ကြ
သည်။

"ပြောလေ ကူး အခု ဘာတွေလုပ်နေသလဲ၊ ဒီအချိန်ထိ အပြ
..."

"ဘယ်အချိန်ထိလဲ ဆရာရဲ့၊ ခုမှ ဘယ်နှစ်နာရီရှိသေးလို့လဲ"

"မဟုတ်သေးပါဘူး ကူးရယ်၊ အဲဒီလူကို မလိုချင်လဲ ပြင်းပစ်
ပေါ့၊ ဘာလဲ ညည်းမှာ ချစ်သူရှိနေလို့လား"

"ဟား ဟား"

ကူးက မိန်းကလေးပေမယ့်လည်း ခေါင်းမော့ရယ်ပစ်တတ်
သည်။

"ချစ်သူမရှိတာနဲ့ပဲ ရတာကောက်ယူစရာလား ဆရာရယ်
အဲဒီလို ရည်ရွယ်ချက်မဲ့တဲ့ အနာဂတ်ကို လုံးဝ စိတ်မဝင်စားဘူး။
ယောင်ပြူတယ်၊ လက်ထပ်တယ်ဆိုတာ ဘဝရဲ့ အနာဂတ် နိုင်
ကျတဲ့ ရည်ရွယ်ချက်မလိုဘူးလား။ ကိုယ့်ကျတော့ ကိုယ်ဖြစ်ချင်
ကိုယ်လုပ်ခဲ့ပြီး ကူးကျမှ စီမံရာနာ ခံဆိုတာ သဘာဝမှမကျအဲ၊
အဖေတူသမီးလို့ပြောတယ်၊ ဖေဖေက ကူးကိုရိုက်တယ်"

"ဟင် ..."

ဒီလောက်ထိ ဖြစ်ခဲ့ကြသည်လား။ မျက်ရည်ကျတတ်
မပိုတတ်သော ကူးအသံလေးက မာနေပေမယ့် အနားသတ် မည်
"ဒီမိန်းမနဲ့ ပတ်သက်ပြီးမှ ကူးအသည်းကော၊ အသားကော
ရတာ၊ အဲဒါကြောင့် ကူး ဘာမှမငဲ့တော့ဘူး၊ ထင်ရာ လုပ်မှာပဲ။ သူ
ဒေါသဖြစ်လေ၊ စိတ်ဆင်းရဲလေ ကူး အတွက် ကောင်းလေပဲ"

မင်းအတွက် တကယ်ကောင်းနိုင်ပါ့မလား ကူးရယ် ...။

ရင်ထဲမှာ ညည်းတွားမိရင်း ခေါင်းယမ်းမိတော့သည်။





ကိုယ့်မှာလည်း စေတနာတွေဗလပွနဲ့ပေမယ့် ဆရာလို မဟုတ်ဘဲ
သူငယ်ချင်းလိုပေါင်းခဲ့တာမို့ ဒီထက်ပို၍ ဘာမှ မပြောနိုင်တော့ဘဲ ဖြစ်နေ၏။

"အခု အိမ်ပြန်မှာလား ကားငှားပေးမယ်"

"သူငယ်ချင်းအိမ် ဝင်ဦးမယ်၊ ဆရာကော ဘယ်သွားမလို့လဲ"

"(၃၅) လမ်းကို ဝင်စရာရှိလို့ ဒီဘက်ကလာတာလေ၊ ညည်းကို
မြင်လိုက်လို့ အဲဒီမှာပဲဆင်းလိုက်လာတာ တော်သေးတာပေါ့၊ ညည်း
ခေါ်ရင် တွေ့မှာမဟုတ်ဘူး"

"ဘာလုပ်မလို့လဲ"

"အိမ်မပြန်ဘူးထင်ပြီး စိတ်ပူလို့ပေါ့၊ နောက်ထပ် ထွက်မသွားနဲ့
အုံးနော်၊ ထင်သလို လုပ်ပစ်ချင်တာတွေရှိရင်လည်း အိမ်မှာနေရင်း
သုံ လို့ရတာပဲ၊ အိမ်ကထွက်ပြေးတယ်ဆိုတာ မိန်းကလေးတစ်ယောက်
အတွက် မကောင်းဘူး"

တတ်သလောက်မှတ်သလောက်တော့ ဆုံးမမိလိုက်သေးသည်။
တကယ်ဆို စာသင်ပေးခဲ့ရဖူးပေမယ့် တကယ့်ကျောင်းဆရာကြီးမှ
မဟုတ်ဘဲ။

စေတနာတွေ ဆတက်ထမ်းပိုး ရှိနေပေမယ့် မတတ်နိုင်။
သွားတော့မယ်ဆိုပြီးမှ ကူးက ပြန်လှည့်ကြည့်ကာ ...

"ဆရာ ကူး ယောကျ်ားမယူဘူးနော်၊ သာ့အိုးယားမှာ ပြန်ဆုံမယ်"

ဟုပြောသွားသေးသည်။ ဒီလိုဆိုတော့ ခေါင်ရိုပ် ပြောခဲ့တာကို
သတိရမိသည်။

"ကူးက မညံ့ပါဘူး၊ မကြိုးစားချင်တာ" တဲ့။

တကယ်ကြိုးစားမယ်ဆိုရင်တော့ သင်ပေးရဦးမည်ပေါ့။

ခေါင်ရိုပ် ...၊ မင်းကတော့ ဘာမှမသိဘူး။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

နှစ်ယောက်တွဲဝင်လာတာကို မြင်သည်။ ဒါပေမယ့် ဒေါ်ချော တစ်ချက်မှ မျက်လွှာပင့်မကြည့်ခဲ့ပေ။

ညှော်ခန်းဆိုဖာမှ တံခါးဝကို မျက်နှာမူထိုင်ကာ စာဖတ်နေသ သူ့တို့ဝင်လာကတည်းကသိလျက်နှင့် တမင် မျက်နှာလွှဲနေတာ ရုပ်သွင်ကလည်း သိသည်။

ခေါင်းရိပ်က ဒေါ်ချောဇင် ထိုင်နေတာကို မြင်လိုက်ကတည ရုပ်သွင်ကို မသိမသာ ပြန်ငုံကြည့်၍ ဆုပ်ကိုင်ထား သည့် လက်ဖဝါးဖေ လွှတ်လိုက်၏။

ရုပ်သွင်နှင့်သူ့ကို အန်တီချောသာမကပါ ကိုယ့်ဘက်က ဘယ်သူ သဘောမတူကြပေ။ ဖေဖေ့လူယုံကြီး ဦးစော ကိုယ်တိုင်က စဉ်း သတိပေးထားခဲ့၏။

အဓိကအချက်က ဘာသာမတူခြင်းပဲဖြစ်ကာ အန်တီချေ တော့ ဒီထက်ပို၏။

"ဘာသာမတူတဲ့အပြင် တစ်အုပ်စုလုံး ကြည့်ပါလား။ သူ တို့ သူတို့ ဘာတွေမှတ်နေလဲ မသိဘူး။ သွားလာနေထိုင်ကြတာတွေ





ကို မရဘူး။ ငယ်ငယ်တွေကော၊ ကြီးကြီးတွေကော ဘယ်သူကြည့် ည့် မိတ်ကပ် နှုတ်ခမ်းနီနဲ့။ ပြည်မှာမို့လို့ပဲ၊ ရန်ကုန်မှာများနေကြရင် ွားရဲဘူး"

ဟု ကဲ့ရဲ့ဖူးသည်။

ဒါတောင် အန်တီချောက ကိုယ့်ရုပ်ရှာမှာ သိပ်နေတယ် မရှိတဲ့သူ။ ထောင်ကျတော့လည်း အိမ်ထောင်ရေးကံမကောင်းလို့ အသက် တော့လည်း အငြိမ်မနေတတ်သူပီပီ စီးပွားရေးအတွက်နှင့် ဟိုသွား

သူမက ရှာသလောက်စုမိသည်။ တော်တော်လည်း ချမ်းသာနေပါပြီ။ ယ့် ကိုယ်တိုင်ကိုက စီးပွားရေးကို ဝါသနာပါနေသည်။

"ငွေရှာတာ ဘာဖြစ်လဲ၊ တစ်ကိုယ်ရေတစ်ကာယ ဖြစ်နေတာပဲ ရမှာလား။ စည်းစိမ်ဥစ္စာဆိုတာ စားထိုက်မှ စားရတာ၊ ငါရှာလဲ ိုက်ပြီလို့ တွက်လို့မရဘူး။ ဘယ်သူစားစား အလုပ်ဆိုတာ လုပ် ာပဲ။ သားသမီး အမွေပေးစရာမရှိလည်း ငါ့တူရှိသေးတယ်"

ဟု ပြောနေခဲ့တာတွေလည်း ရှိသည်။ သူမမှာ သားရှိပေမယ့် သား ဘဝခြားသလို ဖြစ်နေသည့်အပြင် ဒေါ်ချောဇင်က မာနကြီးတဲ့သူ။

"ဒီမှာ ရိပ်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကိုကျော်ပြီး သူတစ်ပါး ရင်ခွင်မှာ င်တဲ့ဟာ၊ ဘာလုပ်ဖို့လဲ၊ ငါ့သားအရင်းကိုတောင် ငါက သေစာရင်း မှင်း အဲဒီမိန်းကလေးကို မစဉ်းစား ပါနဲ့၊ အုန်စုက ဘိုရူးအုပ်စု လိုလို၊ ကပြားလိုလို ဟိုမရောက် ဒီမရောက် ဖာတ်ပျက်နေတဲ့ တွေ ကိုယ့်ဘဝ ရှေ့ရေးအတွက် ဘာဖြစ်လို့ မင်းတွေ ဝေနေတာလဲ"

မျက်နှာချင်းဆိုင်မှာ တိတ်တိတ်ဆိတ်ဆိတ် ဝင်ထိုင်လိုက်ရင်း ချော၏စကားတွေကို သတိရလိုက်မိသည်။ တင်းမာနေသည့် ကို စူးစိုက်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တာ အပြစ်မရှိပေမယ့် သူ့မှာတော့ အပြစ်ရှိခဲ့တာ အမှန်
ဖြစ်၏။

"အန်တီချော ဘယ်တုန်းက ပြန်ရောက်တာလဲ"

သူ စကားစလိုက်မှ ဒေါ်ချောဇင်က ဖတ်လက်စ မဂ္ဂဇင်းအုပ်ကို စား
ပေါ် ခပ်ဖွဖွပစ်တင်လိုက်သည်။ ဆိုဖာပေါ်မှာ ကျုံ့ကျုံ့ထိုင်နေသည်
ခြေနှစ်ဖက်ကို ကြမ်းပေါ်ချ၍ မတ်မတ်ပြင်လိုင်၏။

"မင်းကကော ပြန်ရောက်နေတာ ကြာပြီလား ဘာဖြစ်လို့ ဝိုင်း
အကြောင်းမကြားတာလဲ"

"အန်တီချော မူဆယ်သွားနေတယ်ဆိုလို့လေ"

ဒေါ်ချောဇင်က ထားပါတော့ဆိုသည့် မကြည်ပြုံးနှင့် ခေါင်းညိတ်
၏။ ရုပ်သွင်ဘက်ကို နည်းနည်းလေးမှပင် စောင်းငဲ့မကြည့်ဘဲ မျက်နှာ
ကို အဖက်မတန်သလို တင်းထားလိုက်ကာ ...

"မင်းရောက်လာတာ အတော်ပဲ ရိပ်၊ အန်တီ ဘုရားတည်နေ
ပြီးသွားပြီလေ၊ ထီးတော်တင်မယ်၊ ရေစက်ချမယ်"

"ဟုတ်ကဲ့"

"စိန်ဖူးတော်အတွက် တမင်တကာ မင်းကိုစောင့်နေတာ။
သူဝရီးနှစ်ယောက်ပဲ ရှိတော့တာဆိုတော့ ကုသိုလ်ရေးမှာ မင်းကို
မထားခဲ့ချင်လို့၊ စိန်နဲ့ပတ္တမြား မင်း ဘာလှူမလဲ"

ရုပ်သွင်က ခေါင်ရိပ်ကိုကြည့်၏။ ခေါင်ရိပ်က လှည့်ကြည့်မ
ဖြစ်ပြီးမှ မကြည့်ဘဲ ခေါင်းညိတ်လိုက်ကာ ...

"အန်တီချောက ဘုရားဒါယိကာမပဲ၊ အန်တီချော အားသန်တာ
လှူပါ။ အန်တီချော ဖယ်ထားတဲ့ဟာ ကျွန်တော်ယူမှာပေါ့"

ဒေါ်ချောဇင်က ခပ်ပြုံးပြုံးနှင့် ခေါင်းညိတ်နေ၏။

"အန်တီချောက ဖယ်ထားဖို့ ဘာမှမရှိဘူး။ စိန်ဖြစ်ဖြစ်၊ ပတ္တမြား





ဖြစ် လှူဖို့အတွက်ဆို အားလုံးအဆင်သင့်ပဲ၊ မင်းပဲ ရွေးပါ။ ဒါမှ မဟုတ်
အခက်အခဲ ..."

"ဟာ မဟုတ်တာ၊ ဘာဖြစ်လို့ ခက်ခဲရမှာလဲ၊ ကျွန်တော် စိန်ဖူး
လှူမယ်"

"အေး ပြီးရော၊ သာဓု သာဓု သာဓု၊ ငါတို့ ဗုဒ္ဓဘာသာတရားဟာ
ယ်နေရာရောက်ရောက်၊ ဘယ်အချိန်ဖြစ်ဖြစ် သတိရလိုက်တာနဲ့ သိပ်
ကြည်နူးပီတိဖြစ်စေတဲ့ တရားမှန်ပဲ"

မျက်မှောင်ကြုတ်ပြောရင်း ရုပ်သွင်ကိုမကြည့်ဘဲ ရှုရသလို မျက်နှာ
ဖြစ်သည်။ ခေါင်ရိပ် ရုပ်သွင်ကို အားနာသွားမိသည်။ အန်တီချော
အားတွေ အစကတည်းက ဒီလိုဖြစ်စေချင်တာမှန်း သူ ရိပ်မိခဲ့သည်။

ရုပ်သွင်ကလည်း သိပါသည်။ ရိပ်နှင့်သူမကို ဒီအမျိုးသမီးကြီး
သိတုန်းကမှ မကြည်ဖြူခဲ့သလို နောင် လက်ထပ်ဖြစ်သွားခဲ့သည်
သိ မကြည်ဖြူစွာပဲ ရှိနေလိမ့်မည်ဟု ...။

ဒါပေမယ့် မျက်နှာမှာ ဒေါသငွေ့မသန်းရအောင် သူမ ဟန်ဆောင်
ထ်သွားချူလျက် မသိသလိုပဲနေခဲ့သည်။

ပြည်မြို့မှာ ထီပေါက်သူ့ဖွေးစာရင်းဝင်တွေထဲတွင် ခေါင်ရိပ်တို့က
တစ်။

မြို့ကြီးတွေ တော်တော်များများမှာ စီးပွားရေးလက်တံတွေ ဖြန့်
သည်။

လုပ်ငန်းတိုင်း အောင်မြင်ခဲ့သည်။ အထူးသဖြင့် ခေါင်ရိပ် လက်ထက်
ခေါင်ရိပ် ဆိုသော နာမည်တစ်လုံးက ပို၍ ထင်ရှားလာခဲ့သည်။
ထို့ပြင် ခေါင်ရိပ်၏ ဝတ်စားနေထိုင်ပုံကိုက ခေတ်လူတွေထဲမှာ
မျိုးထူးခြားနေခဲ့သဖြင့် မိန်းကလေးတွေ ပါးစပ်ဖျားမှာလည်း
ရိပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတစ်ဆွေလုံး ဝတ်စားနေထိုင်ပုံက မဟာဆန်သည်။ သိမ်မွေ့သည်။ ချမ်းသာကြသလောက် စည်းကမ်းရှိရှိ သပ်သပ်ရပ်ရပ်နေထိုင်ကြတာမျိုးပဲဖြစ်ကာ မောက်မာကြွားဝါ တာမျိုးမရှိ။

'ငှက်မနား' စံအိမ်မိသားစုဆိုလည်း လူတိုင်းက အထင်ကြီးလေးစားကြ၏။ 'ငှက်မနား' ဟု အမည်တွင်ခဲ့သည်က ခေါင်ရိုပ်တို့ ဘိုးဘွားများလက်ထပ် ဘုံခုနစ်ဆင့်အမြင့်နှင့် ဘုန်းတော်ကြီး ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ထိပ်ဆုံးအထပ်မှာ မြင့်မားလွန်းကာ လူတွေက 'ငှက်မနား' ကျောင်းတော်ကြီးဟု ခေါ်ဝေါ်သမုတ်ခဲ့ရင်း တွင်သွားခဲ့တာဖြစ်သည်။

ငှက်မနားမိသားစု၏ အလှူအတန်းရက်ရောပုံလည်း ရာဇဝင်တွင်ပါသည်။ ဘယ်ဆွေမျိုးဆက်မဆို ဘုရားမတည်ဖူးသူမရှိ၊ ကျောင်းမဆောက်ဖူးတဲ့သူ မရှိပါ။ များများစုဆောင်းတာ များများလှူဒါန်းဖို့ဟု ခေါင်းစဉ်တပ်ထားကြသူတွေ ဖြစ်သည်။

တောနယ်ဘက်တွေကိုဆင်း၍ ဘုရားစေတီတွေကို ပြုပြင်သည်။ ဇရပ်ကျောင်းတွေ ဆောက်၏။

ထိုသို့သော မိသားစု၏ အရှင်သခင်လေးဖြစ်သော ခေါင်ရိုပ်ကျော့ ရုပ်သွင်ကဲ့သို့ စီးပွားချမ်းသာလည်း မည်ကာမတ္တနှင့် ကိုးကွယ်မှုမှာလည်း ဘာမှန်းမသိ ယိမ်းယိုင်နေသော မိသားစုက မိန်းကလေးနှင့် ချစ်ကြိုးသွယ်ခဲ့မိသည်။

လက်ထပ်ဖို့ထိ ပြင်ဆင်ပြီးကာမှ မတူညီမှုတွေဖြစ်ကာ ခေါင်ရိုပ်ရန်ကုန်ကို ရှောင်ထွက်သွားတာကိုလည်း သိကြသူတွေများပါသည်။

ထို့ကြောင့် ခေါင်ရိုပ်နှင့်ရုပ်သွင်၏ အိမ်ထောင်ရေး ဘယ်လိုဖြစ်လာမည်ကို လူတိုင်းက စိတ်ဝင်စားနေကြသည်။

တစ်ဖက်သည် ဘာသာရေးကို ဦးခိုက်အလေးထားကာ အသက်





နှင့်ထပ်တူ မြတ်နိုးကြသည်။

တစ်ဖက်ကတော့ ဘာကိုအမိကသဘောထားပြီး အယူလွဲနေမှန်းမသိဘဲ လက်မထောင်နေကြသည့် မာနရှင်တွေ။

ပြီးတော့ ရုပ်သွင်ဘက်မှာ ရပ်တည်နေကြသည့် ဆွေမျိုး အသိုင်းအဝိုင်းအုပ်စုက တောင့်သည်။

ခေါင်ရိုပ်ဘက်မှာက ဖခင်၏လူယုံ ဘဏ္ဍာထိန်းကြီးတစ်ယောက်မှလွဲ၍ မရှိပေ။ သူကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိနေ၏။ ဘာမဆို သူ့သဘော။

ဒါကိုတောင် ခေါင်ရိုပ်က ဒီနေ့ထိခေါင်းညိတ်ခြင်းမရှိ သေးဟုသိထားကြသည်။ ဒီကြားထဲမှာ အစက ဘာသိဘာသာနေခဲ့သော အဒေါ်မိန်းကြွဲဆိုသည့် ဒေါ်ချောဇင်က ခေါင်ရိုပ်၏ဆုံးဖြတ်ခွင့်မှာ ပါဝင် စွက်ဖက်လာခဲ့သည်။

ရုပ်သွင်ရင်ထဲမှာ ဖြစ်ချင်တာတွေကော၊ မျှော်သိပ်နေရတာတွေကော ပြုံမွန်းကျပ်နေလေသည်။ မျက်လွှာချ၍ အသာငြိမ်နေခဲ့ရသော်လည်း ဆန္ဒကြောင့် စေ့ပိတ်နေသည့် နှုတ်ခမ်းသားတို့က လှုပ်ရှားနေခဲ့သည်။

ခေါင်ရိုပ်ကိုယ်တိုင်က ဒေါ်ချောဇင်ကို လွန်ဆန်တော်လှန်ချင်ပုံရှိသည့်အပြင် ဒေါ်ချောဇင်၏ ပိုင်ဆိုင်မှုတွေကလည်း နည်းနည်းနောနောမဟုတ်။

ဒါတွေကို ခေါင်ရိုပ်အတွက်ထားသည်ဆိုတာကလည်း လူအများသိပြီးဖြစ်ကြသည်မို့ လောလောဆယ်မှာ အုပ်ထိန်းသူဖြစ်နေတာက သဘာဝကျနေသည်။ ထို့ကြောင့် .....

အခြေအနေအရ ခေါင်ရိုပ်ကို သူမ သဘောတူ ဖိုးမိုးနိုင်စွမ်း မရှိသေးသဖြင့် ရုပ်သွင်ပုံစံလေးက အပေါ်ယံအမြင်မှာ သည်းခံခွင့်လွှတ်ရင်း ချစ်သူ၏ ဆုံးဖြတ်ချက်တစ်ခုကိုသာ မျှော်လင့်အားကိုးနေရှာသူလေးလို ...

ခေါင်ရိုပ်ကလည်း ဒီလိုပဲမြင်ပြီး စိတ်မကောင်းဖြစ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွင် …သွင် ဘယ်သွားစရာရှိသေးလဲ"

"မရှိတော့ဘူး ရိပ်"

"မရှိတော့ရင် အေးအေးဆေးဆေးပေါ့နော်၊ ထမင်းစားသောက်ပြီးမှပြန်၊ ထုံးစံအတိုင်း မီးဖိုထဲမှာ သွင့်စိတ်ကြိုက် ဝင်ချက်လိုက်"

ရိပ်သွင်က ယဲ့ယဲ့လေးပြုံး၍ မော့လာသည်။ အလွန်အား နည်းသည့် မျက်ဝန်းလေးတွေက သနားစဖွယ်ဖြစ်နေလေသည်။

ဒေါ်ချောခင်ကတော့ မျက်မှောင်ကြုတ်ကြည့်ရင်း ရိပ်သွင်မျက်နှာဘက်ကို အရောက်မှာ ဆတ်ခနဲ ပြန်လွှဲပစ်၏။

"သွင် အိမ်ကိုပဲပြန်တော့မယ် ရိပ်၊ ဒီမှာလဲ အန်တီက ရိပ်နဲ့ ပြောဆိုတိုင်ပင်ချင်ဦးမှာပေါ့"

အန်တီဆိုတော့ သူမဘက်ကိုလှည့်ကြည့်ပြောလိုက်မှန်း ဒေါ်ချောခင်သိသည်။ ဒါပေမယ့် စားပွဲပေါ်က စာအုပ်ကိုယူ၍ အောက်ထပ်လှာထဲငုံ့ကြည့်နေရင်း အသိအမှတ်မပြုခြင်းကို ပြလိုက်သည်။ ရင်ထဲမှာတော့ …

အမူအရာတွေ လုပ်မနေစမ်းပါနဲ့ ရိပ်သွင်ရယ်၊ မင်းတို့ ဘယ်လိုတွေ ခြေလှမ်းနေကြတာကို ရိပ်ကလွဲရင် အားလုံးသိတယ်။

ဒေါ်ချောခင် မျှိုသိပ်နေရပေမယ့် ဒေါသတွေဖြစ်နေတာ ရင်ထဲမှာ အလုံးအရင်းပင်။ သူများအကြောင်း မှိုချိုးမှုစ်ချိုး မပြောချင် မပြောချင်ဆို ပြောကိုမပြောတတ်၍ ခက်နေတာဖြစ်သည်။

'ရိပ်သွင် တို့က ပစ္စည်းသိပ်မက်တာ၊ အများထဲမှာ မဲပေါက်ပြီး ခေါင်းခိုပ်နဲ့သွားပြီးသွားတော့ ဘယ်လက်လွှတ်ခံတော့မလဲ' စသည့် သတင်းစကားတွေ။

"ချောလည်းချော၊ ကိုကိုတက်ချမ်းသာတဲ့ သူဌေးသား၊ ပြောမယ်ဆိုမယ် ပါးစပ်တွေလဲ ရှိတာမဟုတ်ဘူး၊ လက်ထပ်ဖြစ်တာနဲ့ ငှက်မနားရဲ့ သခင်မဖြစ်ရမှာလေ"





လူတွေကလည်း တမင်တကာများ ကြားအောင်ပြောနေ ကြသလားမသိပါ။ ဒါမှမဟုတ် ရိပ်သွင်တို့ မိသားစုနှင့် ငှက်မနား မိသားစုတို့ ပေါင်းဆုံဖို့ မသင့်တာကို သတိပေးနေကြတာလား။ တချို့က ရင်းနှီးတော့ တမင်တကာ လာပြောတာလည်းရှိ၏။

"ဘာသာလဲမတူဘူးဆို ချောရယ်၊ ဘာဖြစ်လို့ ကြည့်နေရတာလဲ။ ဟိုဘက်က တစ်အုပ်စုလုံး မိန်းမလည်တွေနော်၊ ချောတို့က နုံနုံညံ့ညံ့ တရားတမားတွေ၊ ပြီးတော့ ရိပ်သွင်ဆိုတာ လှလိုက်တာမှ ရွှေသားနဲ့ ထုထားတာကျနေတာပဲ။ ပုံလန်နေအောင် အလှပဲ အချိန်ပြည့်ပြင်နေတဲ့ ဥစ္စာ၊ သူတို့မှာလှဖို့ အလုပ်ပဲရှိတာကိုး"

"မြန်မာဖြစ်ပြီး ဗုဒ္ဓဘာသာမယူတာက ဘယ်လောက် အဆင်ဆိုးသလဲ၊ ချောရဲ့တူလေး ရည်မွန်ရိုးသားပုံနဲ့ ဒီအုပ်စုထဲ ရောက်သွားလို့ကတော့ ငှက်မနား ရာဇဝင်ပျက်မှာပဲ"

လို့ အမုန်းခံပြီး ပြောတဲ့လူတွေဆည်း ရှိသေးသည်။ ပြီးတော့ …

"ဗုဒ္ဓဘာသာယူပါ့မယ် ဘာညာနဲ့ အလျှော့ပေးသလိုလိုနဲ့ ပိုင်အောင် အရင်လုပ်ပြီး လက်ထပ်ဖြစ်ဖို့ ကြိုးစားလိမ့်မယ်။ အန်တီချောရဲ့ တူကို နားမယောင်စေနဲ့နော်၊ အလကား သိလား။ ဦးညွန့်ရောင်ဆိုတဲ့ လူကြီးက တကယ့် ဘာသာရေးတစ်ယူသန်ကြီး သူ့ သမီးကို ဘယ်တော့မှ ခွဲထွက်ခံမှာမဟုတ်ဘူး၊ အဲဒါ သေချာတယ်"

အားလုံးလိုလို ရိပ်သွင်တို့ကို သရုပ်ပေါ်လာအောင် အမျိုးမျိုး ဆွဲထုတ်ပြောပြခဲ့သည်။ လူတွေ ဒီလောက်သိနေကြလျက်နှင့် ရိပ်က ဘာဖြစ်လို့ အခု ပြန်တွဲခဲ့တာလဲ။

ဒေါ်ချောခင် ရင်ထဲမှာ တင်းကျပ်နေသည်။ ခရီးရောက်မ ဆိုက်ကြားလိုက်ရတာက ရိပ် ပြန်ရောက်နေပြီ၊ ရိပ်သွင်နဲ့ စေ့စပ်တော့မယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူမ ချက်ချင်း ပြေးလာမေးတော့ ဦးစောခမျာလည်း မျက်နှာမကောင်းပေ။

"မိန်းကလေးဘက်က ရိပ်ရဲ့ သဘောကျဖြစ်ရပါစေမယ်လို့ အလျှော့ပေးတယ်တဲ့၊ ကျွန်တော်လဲ ရိပ် ပြန်လာပြီးပြောမှ သိရတာ မချောရယ်"

"နေပါဦး၊ အဲဒီတစ်ယောက်က ရန်ကုန်ကိုလိုက်သွားတယ်ဆို၊ ဘယ်ကလိပ်စာ ဘယ်လိုသိသွားပြီး သွားတာလဲ"

ဒါ မေးတော့လည်း ဦးစော မဖြေနိုင်ပါ။

"ကျွန်တော်ကိုယ်တိုင်တောင်မှ ဖုန်းနံပါတ်ပဲသိတဲ့ဟာ၊ ကျွန်တော် မပေးဘူးဆိုတာတော့ ယုံပါဗျာ။ ဇော်အောင်က ရိပ်ရဲ့သူငယ်ချင်းပဲ၊ ဒီအိမ်မှာလဲ ဝင်ထွက်ရင်းနှီးနေခဲ့တဲ့သူ၊ သူတို့သုံးယောက် ပတ်သက်မှုတော့ ရှိမှာပေါ့၊ ပြီးတော့ ဇော်အောင် ရန်ကုန်မှာ အခြေချဖို့အတွက် ရိပ်ကထူထောင်ပေးလိုက်တာ၊ ဒီမှာပဲတိုင်ပင်ကြ၊ အကြံပေးကြနဲ့ မရင်းနှီးတောင် ရုပ်သွင်နဲ့ဇော်အောင် ခင်ခင်မင်မင်တော့ရှိနိုင်တယ်လေ၊ ဖုန်းနံပါတ်သိထားရင်ပဲ လိပ်စာသိဖို့ ဘာခဲယဉ်းမှာလဲ"

အခြေအနေက ခေါင်ရိပ်လက်ထဲမှာပဲ ဆုံးဖြတ်ခွင့်တွေ၊ လုပ်ပိုင်ခွင့်တွေ ဖြစ်နေ၏။ ဘိုးအေဖြစ်သူကိုယ်တိုင်က မြေးကို လုံးဝယုံကြည်ခဲ့သည်။

အစမွေကိစ္စများနှင့်ပတ်သက်၍ သေတမ်းစာဘာညာနှင့် စည်းကမ်းဥပဒေသတ်မှတ်ခဲ့တာ ဘာမှမရှိ။

"ကိုယ့်ကိုယ်ကိုမပိုင်လို့တောင် သေရဦးမှာဗျာ၊ ကျန်ခဲ့မယ့် လူကို စည်းကမ်းကလနားတွေ လုပ်ခဲ့စရာလား မချောရယ်၊ ငါ့မြေး ညအိပ်ရာဝင် ဘုရားရှိခိုးရမှန်းသတိရနေရင်ကျေနပ်ပြီ"

ဘိုးအေက အဲဒီလောက်ထိ သဘောထားပြည့်ဝခဲ့သူပါ။ ဒေါ်ချောဇင် ခေါင်ရိပ်ကို ပြောဖို့စကားတွေ အများကြီးဖြစ်နေ၏။ ရုပ်သွင်ကို





လိုက်ပို့ပြီး တော်တော်နှင့် ပြန်ဝင်မလာသေးတာကို မကြာခဏ မျှော်ကြည့်ရင်း စိတ်မရှည်။

တကယ်တော့ မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ဖက်ရွေးရာမှာ ဥစ္စာပေါရုပ်ချော ပညာတတ်ဖြစ်ဖို့ စသည့် အရည်အချင်းတွေကို ဘယ်မိန်းကလေးဖြစ်ဖြစ် ထည့်တွက်မှာပဲ ဖြစ်သည်။

ရုပ်သွင်က ကိုယ့်တူကို လက်ထပ်လိုသည့်အဖြစ်အတွက် မိန်းမချင်း စာနာသည်၊ သူတို့အချင်းချင်းလည်း ချစ်နေကြတာမို့ သဘောမတူစရာ ဘာမှမရှိပါ။

ဒါပေမယ့် ခုလိုအချိန်မျိုးမှာ တစ်ယောက်နှင့်တစ်ယောက် အရိုးသားဆုံး မဖြစ်သင့်ဘူးလား။

"အန်တီချော"

သူ့ကို နှုတ်ဆက်ပြီး ရှေ့မှာပြန်ထိုင်လိုက်ပေမယ့် ခေါင်ရိပ်မျက်နှာမှာ စိတ်ရှုပ်ထွေးခြင်းတွေရှိနေတာ ဒေါ်ချောဇင် အကဲခတ်မိသည်။

"အန်တီချော ဘဘစောနဲ့တွေ့ပြီးပြီလား၊ ဘဘစောကကော"

"တွေ့ပြီးပြီ၊ သူပြောလို့အားလုံးလဲ သိပြီးပြီ၊ ပြောစမ်းပါဦး တူလေးရယ်၊ မင်း ဘယ်လိုဆုံးဖြတ်လိုက်တာလဲ၊ ရုပ်သွင်နဲ့ စေ့စပ်တော့မယ်ဆို ..."

ဒါကို မေးတော့မှာပဲဆိုတာ သိပြီးသားကို ခေါင်ရိပ်က မျက်နှာတစ်ချက်ပွတ်၍ တစ်ဖက်လှည့်သွားသည်။ ဒေါ်ချောဇင်က သေချာလိုက်ကြည့်ကာ ...

"မင်းလဲ မကြည်လင်ဘူးမဟုတ်လား၊ ရိပ်ရယ်၊ မင်းခုကတည်းက ဒီအိမ်ထောင်ရေးအတွက် မင်းဆင်းရဲနေရပြီ၊ ရှေ့ဆက် ဘယ်လိုလုပ်မလဲ"

"အန်တီချော သူနဲ့ကျွန်တော် ချစ်ခဲ့ကြတာ ရည်းစား ဘဝမြောက်ရုံလေးမဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ကတိတွေထားပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်တွဲခဲ့ကြတာ”

“အဲဒီတုန်းက သူ့ကို ဗုဒ္ဓဘာသာမဟုတ်ဘူးဆိုတာ မင်း သိနေ
သလား”

ခေါင့်ရိပ် ဘာမှမဖြေနိုင်။ ဒေါ်ချောဇင်က ဝတ်ထားသည့် ပိုးသာ
လက်ရှည်အကျႌကို ခါးစတစ်ချက်ဆွဲချ၍ နေရာမှ ထရပ်လိုက်သည်
ကိုယ်ခန္ဓာသွယ်သွယ်နှင့် ဘီးဆံပတ်ပြည့်ပြည့်ကြီးက ဒေါ်ချော
ကို ခံ့ညားထည်ဝါနေစေ၏။

‘ဂုဏ်မနား’ မိသားစုနှင့် ဆွေမျိုးတစ်စုလုံးဟာ ဘယ်နေရာမှာဖြစ် ဖြ
သိသာပေါ်လွင်စေခဲ့ခြင်းသည် ဤသို့သော ဝတ်စားဆင်ယင်မှုတွေ
ကြောင့်လည်း ဖြစ်၏။ ယောကျ်ားတွေဆို ကြီးကြီးငယ်ငယ် တိုက်ပုံနှင့်ပုဆိုး
သာ ဝတ်သည်။

တိုက်ပုံမပါလျှင်တောင် ရှပ်ဝတ်လက်ရှည်ကြယ်သီးစုံနှင့် အမျိုးသမီး
တွေကျတော့ ဆံပင်ရှည်ရှည်ကို နောက်မှာကျစ်ဆံမြီးရှည်ကျစ်ထား
လျှင်ထား၊ မဟုတ်လျှင် ဘီးဆံပတ်နှင့်ထဘီ နှင့်ဖြစ်သည်။

ပြီးတော့ ပိုး၊ ဖဲ၊ ကတ္တီပါ၊ ပဒုမ္မာ ဆိုတာတွေပဲ ဝတ်ကြတာ များသည်
ခေတ်ပေါ်အထည်ဆန်းတွေ ဘယ်လောက်ခေတ်စားနေနေ မဝတ်
ခဲ့ကြပေ။ ဟိုတုန်းကဆို တချို့က ထူးခြားသည့် သူတို့မိသားစုတွေ၏
‘တော်ဝင်’ မျိုးနွယ်တွေဟု ထင်ကြ၏။

မဟုတ်မှန်းသိတော့လည်း တမင်တကာထင်အောင် ဝတ်စား နေ
ထိုင်ကြသည်ဟု ထင်ကြပြန်သည်။

နောက်ကျတော့ ပြောဆိုဆက်ဆံခဲ့ကြရင်း လေးစားခင်မင်လာကြ
ရာမှ နားလည်သွားကြသည်။

ဒေါ်ချောဇင် ကျောခိုင်းလျှောက်ထွက်သွားတော့ ခေါင်ရိပ်၏
အတွေးတို့က မိဘအိုးဘွားများဆီ ပျံ့လွင့်သွားခဲ့လေသည်။





ထိုပြင် ခုနလေးကမှ ထွက်သွားခဲ့သည့် ရှပ်သွင် ဝတ်ထားသော
အနက်ရောင်ကိုယ်ကျပ်နောက်ကွဲဝတ်စုံနှင့် ဟိုက်ချထားသည့် ဝင်းမွတ်
ပြည့်တင်းသော ရင်ဘတ်လှလှလေးကို မြင်ယောင်လာသည်။

ရှပ်သွင်ကို အနက်တီရှော နည်းနည်းလေးမှ ငဲ့စောင်းမကြည့်ခဲ့ပေ။
ကြည့်မိလျှင် ဒီထက်ပို၍ နာခေါင်းရှုံ့ပါလိမ့်မည်။

စရိုက်သဘာဝချင်းက အနည်းငယ်မျှပင် မအပ်စပ်သော်လည်း
ရှပ်သွင်၏အလှမှာ သူ့ရှုံးမထွက်နိုင်။ ပြီးတော့ ရှပ်သွင်ဟာ ချစ်ဖွယ်သော
စကားကိုဆိုရာမှာ ကျွမ်းကျင်လွန်းသူပါ။

“ရိပ်ကတော့ ပြတ်သားနိုင်တာပေါ့နော်၊ လိုချင်သူတွေ ဝိုင်းဝိုင်း
လည်နေတဲ့ ရွှေမင်းသားလေးကိုး။ သွင်ကတော့ မိဘမွေးချင်းတွေထဲ
မှာ ကဲ့ရဲ့ခံ၊ ပြစ်တင်ခံဘဝနဲ့ ရိပ်ကိုပဲ ဘမ်းတမျှော်လင့်နေခဲ့တာ”

သူ့လက်မောင်းတစ်ဖက်မှာ ဖက်တွယ်မှီနွဲ့၍လည်း ချွဲတတ်သည်။

“ရိပ်လိုမပေါပေမယ့် သွင့်မှာလဲ စေ့စပ်ဖို့ လက်ထပ်ဖို့ ကြိုးစား
ကြတဲ့လူတွေ ရှိတယ်။ အဲဒါတွေကို သွင်က ခေါင်းခါပြီး ရိပ်ကိုပဲ မျှော်
လင့်နေခဲ့တော့ နေ့ရှိသမျှ ဆူပူကြိမ်းမောင်းခံခဲ့ရတယ်။ ပတ်ဝန်းကျင်
ကလဲ မဟုတ်ကဟုတ်ကတွေပြောပြီး ကဲ့ရဲ့ကြတယ်လေ။ ခုတော့ သွင်
က သတ္တိရှိရှိ ဆုံးဖြတ်လိုက်တာ၊ ရိပ်နဲ့အတူ ရိပ်ရဲ့သဘောကျ ဘာသာ
တူကိုးကွယ်မယ်၊ ဒက်ဒီတို့ ဘာပြောပြော ချစ်သူ့မျက်နှာက တစ်ကမ္ဘာ
ပါ”

သွင်က ဤသို့ဆုံးဖြတ်လိုက်ပြီးမှ သူ့ဘက်က ဘယ်လို ငြင်းမလဲ။
ဒီထက်ပို၍ ဆွေမျိုးစုတစ်စု ဗုဒ္ဓဘာသာဝင်ရမယ်လို့ အရေးဆိုရဦးမည်
လား။

“ရိပ်”

ဒေါ်ချောဇင်က ဆိုဖာမှာ ခင်လျော့ချော့မှီပစ်လိုက်သည် သူ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်လာ၏။ ထို့နောက် ဆိုဖာနောက်မှာ လက်တစ်ဖက်တင်ရ
ရင်း သူ့ကိုကြည့်ကာ ...

"မင်းကို အခု သူက ဗုဒ္ဓဘာသာဝင်ပါ့မယ်လို့ ကတိပေးလို
သလား"

ခေါင်ရိုပ် ခေါင်းပဲညိတ်ပြသည်။

"သူ့မိဘတွေဘက်က ကျေနပ်သတဲ့လား"

"မကျေနပ်ဘူး၊ ဒါပေမယ့် သူ ကျွန်တော့်ဆီထွက်လာမှာပါ"

ဒေါ်ချောဇင်က သက်ပြင်းချလိုက်ရင်း ခေါင်ရိုပ်ဘေးကို ဖြည်
ဖြည်းလျှောက်လာ၏။ အနားမှာ ဝင်ထိုင်လိုက်ပြီးမှ ...

"ငါ ကြားတာတွေ အများကြီးပဲရှိတယ်၊ ဒါပေမယ့် မိန်းကလေး
တစ်ယောက်အပေါ် ချိုးချိုးဖဲ့ဖဲ့မပြောချင်တော့ဘူး။ သူတို့ဘက်က မ
သားဘူး လူလေး၊ အဲဒါကိုပဲ မင်းခေါင်းထဲ ထည့်ထားပါ။ ဒီမိန်းကလေး
မွေးချင်းချည်းပဲ ခြောက်ယောက်ရှိတယ်။ မိဘ ဘိုးဘွား ဦးလေး ဘကြ
ဆိုတာတွေ အစဉ်အဆက် အားလုံးရှိတယ်။ ဒီလို ဆွေမျိုးစုတစ်စုဟ
အလွန်အရေးကြီးတဲ့ ကိုးကွယ်မှုတစ်ခုအပေါ်မှာ အလွယ်တကူ လျှေ
ပေးလိုက်နိုင်မလား။ ဒီမိန်းကလေးရဲ့ အညွှန့်ခံမှုဟာ ဆွေမျိုးစုတစ်
လုံးရဲ့ အယူသည်းမှုနဲ့ သက်ဆိုင်တယ်"

ခေါင်ရိုပ် မျက်လုံးတွေက စူးစိုက်လာသည်။ မှီလှဲနေရာက
ကိုယ်မတ်မတ် ပြင်ထိုင်လျက် ဒေါ်ချောဇင် ဆက်ပြောလာမည့်စကား
နားစွင့်၏။

ဒေါ်ချောဇင်ဟာ အလွန်မာနကြီးသူပါ။ ကိုယ့်အဒေါ်အကြောင်
ကိုယ်သိသည်။ ပြီးတော့ ကိုယ့်ဘက်က ဆွေမျိုးစုအားလုံးဟာ ဘ
သောအခါမှ သူတစ်ပါးအတင်းအဖျင်းကို သွားပုပ်လေလွင့် ပြောခဲ့ဖူးတာ
မရှိ။





ဒေါ်ချောဇင် ကိုယ်တိုင်မာနကြီးသည်၊ စည်းကမ်းကြီးသည်။ ဒါတောင်မှ
သွင်နဲ့ သူ့ကိစ္စမှာ နင်ဘဲငဆ ချိုးဖဲ့ပြောခဲ့တာ မရှိပေ။

ထို့ကြောင့် ဒီလောက်ထိ လေးနက်စွာပြောလာခဲ့သည်တို့ အပေါ်
သူ ဂရုမစိုက်လို့မဖြစ်။

ဒေါ်ချောဇင်က စကားမဆက်သေးဘဲ တစ်စုံတစ်ရာအတွ
ချိန်သလို တွေးနေပြီးမှ ...

"တကယ်လို့ လင်နဲ့မယားဖြစ်သွားရင် ကိုယ်ပိုင်တာပဲဆိုတဲ့ သဘော
ခေါင်းနဲ့လက်ထပ်ဖြစ်ရုံလေး ခေါင်းညိတ်ခဲ့တာဆိုရင် ဘယ်လိုလုပ်မလဲ"

ခေါင်ရိုပ် မျက်ခုံးနှစ်ဖက် တွန့်ကုတ်သွား၏။ ဒီလိုဖြစ်နိုင်သလ
တွေးမကြည့်ခဲ့ဖူးပေ။

"ငါပြောတဲ့ သူတို့ဘက်က မရိုးသားဘူးဆိုတာ အဲဒါကိုပြောထား၊
ကို မင်းယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ခေါင်းထဲမှာ ထားကိုထား
ပဲ။ လူတစ်ယောက်ရဲ့ စိတ်ဓာတ်၊ အယူအဆ၊ သဘာဝစရိုက်
အားလုံးဟာ ဘာသာတရားနဲ့ အများကြီး သက်ဆိုင်တယ် လူလေး။
ကြောင့် ကိုးကွယ်ယုံကြည်မှုဟာ သိပ်ကိုအရေးကြီးတယ်။ သူနဲ့မင်းနဲ့
လက်ထပ်ပြီးရင် နောက်ထပ်ပွားများလာဦးမယ့် ဘဝလေးတွေ ရှိလာ
ပဲ။ အဖေနဲ့အမေရဲ့ ကိုးကွယ်မှုတွေ တစ်ချိန်ချိန်မှာ ကွဲပြားလာကြရင်
ဘယ်လိုဖြစ်မလဲ။ အခုတောင်မှ မင်းသူ့အပေါ်မှာ ကတိတွေထားပြီး ချစ်ခဲ့
ပါလို့ သစ္စာတွေထား နေခဲ့တာ၊ ဘဝချင်း ပေါင်းဖက်ပြီးကြတဲ့အခါ
ဘယ်လိုရုန်းထွက်နိုင်မှာလဲ"

"သူ ကျွန်တော့်ဆီကို ရုန်းထွက်လာမယ်လို့ အခိုင်အမာ ပြောနေ
တာ"

"ဘာကြောင့် ခိုင်မာတာလဲ"

ဒေါ်ချောဇင် မေးတော့ ခေါင်ရိုပ် ဆွံ့အသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမလွယ်တဲ့ ပြဿနာတစ်ခုဆိုတာကို သူသိခဲ့ပါသည်။ သို့ပေမယ့် ချစ်သူက ကိုယ့်ကြောင့် စွန့်စားပြီးခဲ့ပြီဆိုတော့

"ဆုံးဖြတ်ချက်ချဖို့ကို မင်းအများကြီး စဉ်းစားရလိမ့်မယ် ရိပ်ထက် ပိုပြောဖို့လဲ မရှိတော့ဘူး။ မင်းက အခု ဝက်မနားရဲ့ အရှင်သခင်ပဲ သဘဝကို မင်းကိုယ်တိုင် မွေးမြူနေတာ၊ တို့တွေက အကြံပေးလမ်းတက်နိုင်ကြမှာ"

"စေ့စပ်မယ်၊ စေ့စပ်ပွဲမှာ ဘယ်လိုပြီးသွားမလဲဆိုတာ အဖြေပေါ်မှာ တကယ်စွန့်စားတာ ဟုတ်မဟုတ် ..."

ဒေါ်ချောဇင် ခေါင်းခါလိုက်သဖြင့် သူ စကားမဆုံးဘဲ ရပ်တန့်သွားဖြင့်သည်။

"အေးပေါ့လေ ဒါမင်းရဲ့ သဘောပါ၊ အဒေါ်တစ်ယောက်အနေနဲ့ အတိအလင်း ငါ့ဘက်က ကြေညာရရင် မင်းနဲ့သူကို လုံးဝ သဘောမတူဘူး"

တင်းမာသောလေသံအဆုံးမှာ နေရာမှ ထရပ်လိုက်သည်။

"နောင် ဖြစ်လာမှာတွေကို အခု ဆုပ်ဖမ်းမပြနိုင်ပေမယ့် အဖြစ်ဆိုး ဖြစ်မှာပဲဆိုတာ မင်းမသိပေမယ့် ငါတို့က သိတယ်။ မင်းမှာ ခုလို လွတ်လပ်စွာ ဆုံးဖြတ်ခွင့်တွေရှိနေတာလဲ မင်းရဲ့အဘိုး မင်းကို သိပ် ယုံကြည်သွားခဲ့လို့ပါ။ မင်းကတော့ ဒီယုံကြည်မှုတွေကို ..."

"ကျွန်တော် ဘာလုပ်နေလို့လဲ အန်တီချော၊ ဘယ်အချိန်ဖြစ် ဖြစ် ကျွန်တော်က ဗုဒ္ဓဘာသာပါ။ ဘိုးဘိုး ကျေနပ်ခဲ့တဲ့ မြေးပါပဲ"

ပြောရင်း သူထရပ်လိုက်မိသည်။ ဒေါ်ချောဇင်က သူ့ တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်၍ ပြုံးလိုက်၏။

တင်းမာလှောင်ပြောင်ခြင်းမဟုတ်ပါ။ ကြေကွဲသော အပြုံးဖြစ်သည်။





"မင်း အဲဒီလို အမြဲပြောနိုင်ပါစေလို့ ငါ ဆုတောင်းပါတယ်။ ဒီမှာ ရိပ် ... ငါက အချစ်တစ်ခုနဲ့ ချစ်သူမျက်နှာကွက်ကွက်လေးကို ငဲ့ညှာခဲ့တာ ဟုတ်လား။ မင်းရဲ့ချစ်သူက မင်းလိုဟုတ်ပါ့မလား။ မင်းဟာ ဝက်မနားရဲ့ မြေးလေးဆိုတာကို မင်းကိုယ်မင်း မေ့နေရင် ပြန်စဉ်းစားလိုက်ပါဦး။ တစ်ခါတစ်ခါ အချစ်နဲ့ ရောနှောပြီး မသမာမှုတွေ ပါလာတတ်တယ်ကွ"

ခေါင်ရိပ်ဆိုဖာပေါ်သို့ လေးတွဲ့စွာ ထိုင်ကျသွားလေသည်။ ရင်ထဲ၌လည်း သာယာမှုဆိုတာ မရှိတော့ပါလား။ ရုပ်သွင်နှင့်စ၍ ချစ်ခဲ့ကြသည်းက အလွန်လှပသည့် ရုပ်သွင်၏ ပေါ်လွင်မှုကြောင့် စကားများရ ... ဖြစ်ရ၊ သူငယ်ချင်းတွေကလည်း သတိပေးကြသည်။

"မင်းရဲ့ ရုပ်သွင်က ဖော်ရွေလွန်းပါတယ်ကွာ၊ ဘယ်ကောင်ဖြစ်ဖြစ် ... မိမ်းပဲ"

"ခေါင်ရိပ် ဟိုတစ်ယောက်က ဘယ်သူနဲ့လဲ၊ မင်းနဲ့လား၊ ဟိုကောင် ... သား"

မေးတဲ့သူကမေး၊ နှာခေါင်းရှုံ့သူကရှုံ့နှင့် သူမှာ ရည်းစားထားရသည့်အရသာလည်း မခံစားခဲ့ရပါ။

နှစ်ယောက် စကားပြောနေတုန်းပဲ ရယ်မောပြုံးရွှင်ခဲ့ရပြီး ကွယ်ရာနှင့် ရုပ်သွင်ကြောင့် ရင်ပူနေရတာချည်း အချိန်ပြည့်။

"သူ့အကျင့်ကိုက ဒီတိုင်းပဲထင်တယ် ခေါင်ရိပ်၊ သူ့အလှကို ... အားဖော်ကျူးချင်တာကွ၊ ယောကျ်ားတွေ ခစားနေကြတာကို ပျော် ... တယ်"

"မင်းကိုလည်း သူ့ငွေးသားမှန်းသိလို့ ခွဲထားတာနေမှာပါ"

ဘာကြောင့်ဖြစ်ဖြစ် သူဘာပြောပြော ရုပ်သွင်က ဖြေရှင်းနိုင်သည်။ စိတ်ကောက်သွားလည်း ခဏပဲဖြစ်ကာ သူ့ရှေ့မှာဆို အလှ ... လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတန်မယ့် သဘောထားသေးတယ်ပဲဆိုဆို ရုပ်သွင် နေထိုင်သွားလာတာကို အမြင်မတော်ဖြစ်လာတိုင်း ဒေါသဖြစ်လိုက် ပစ်ထားလိုက် လုပ်ခဲ့တာလည်း သူပဲဖြစ်သည်။

တစ်ခါတစ်ခါ ရုပ်သွင်နှင့်သူ ဘာမှမဟုတ်တော့ဘူးလိုလို ပြတ်တောက်သွားလိုက်တာ နှစ်ဝက်လောက်ကြာဖူးသည်။

တစ်ခါတစ်ရံကျတော့ သုံးလကျော် လေးလ။

ပြန်ရောက်လာတော့လည်း ရုပ်သွင်ဟာ သူ့ကို ရက်စက်တတ်သူ ဟု ပြစ်တင်စိတ်ကောက်ကာ ထုရိုက် ငိုကြွေးခဲ့တာပဲရှိသည်။

ဒီထက်ပိုမိုသော အပြစ်ဖွဲ့မှု ဘာမှမထားခဲ့ရှာ။

သူ့အမြင်မှာ ရုပ်သွင်ဟာ သူ့အပေါ်အမြဲတမ်းနားလည်ခွင့် လွှတ် သည့်ချစ်သူ၊ ခုလည်း မိန်းကလေးတန်မယ့်နှင့် သူထွက် သွားသည့် နောက်ကို လိုက်ခဲ့ရှာသည်။

စိတ်ညစ်နေရတာက တစ်ဖက်၊ ရုပ်သွင်ကို သနားမိတာကလည်း ဘာကိုမှမပြတ်သားနိုင်ခဲ့သည့်အဖြစ်။

ရန်ကုန်ကို ထွက်သွားသည်အထိ ဖြစ်ခဲ့တာလည်း ဒါကြောင့်ပဲ ဖြစ် သည်။

စိတ်တွေပူလောင်မွန်းကျပ်ကာ ဘာမှမကြားချင်၊ မမြင်ချင်တော့ အောင်ဖြစ်ခဲ့သည်။

အေးချမ်းခဲ့ရသည့်အချိန်က ဘယ်လောက်များ ရှိခဲ့သလဲ။

ကြာတော့လည်း ချစ်ရတာတောင် ကြောက်လာခဲ့မိသည်။

ဘယ်မှာ ရင်ခုန်ရတာ ရှိလို့လဲ။

★ ★ ★





## အခန်း (၂၅)

"မျက်နှာမကောင်းပါလား ရိုပ်၊ ဘာဖြစ်နေတာလဲ"

ကားမောင်းရင်း သူ လှည့်မကြည့်ဘဲ ပြုံးလိုက်သည်။ ပြုံးချင်စိတ် ရှိပေမယ့် ခပ်ယဲ့ယဲ့ပြုံးတော့ ဖြစ်မြောက်အောင် ပြုံးဖြစ်ခဲ့၏။

"ဘာမှမဖြစ်ဘူး"

ဖြစ်တာကိုပြောလိုက်လျှင် ရုပ်သွင် စိတ်ဆိုးသွားနိုင်သည်။ 'ဒါကို သည်း နေခဲ့လေ' လို့ ပြောပြီး ဒီနေရာမှာပဲ သူ့ကိုချထားပေးခဲ့ဖို့လည်း ရှိသည်။

ညနေ အန်တီချောအိမ်မှာ ဘုရားကိုးဆူကန်တော့ပွဲရှိသည်။ ည ဘာ ရုပ်သွင်ရဲ့ မွေးနေ့။

"လူလေး ညနေကတည်းက လာရမှာနော်၊ တူဝရီးနှစ်ယောက်ပဲ ရှိတာ ချည့်သည်လို ဘုရားဖူးရုံပဲလာပြီး ထပြန်သွားလို့မရဘူး"

"ဟုတ်ကဲ့" လို့ ခေါင်းညိတ်ခဲ့သည်။ ဒါဟာ ပြီးစလွယ် ခေါင်း ညိတ်ခဲ့တာမဟုတ်ပေ။ ဘုရားဖူးနဲ့မွေးနေ့မှာ မွေးနေ့ကို သွားပြီး ဘုရား ကို ကျောခိုင်းထားလိုက်ဖို့က သူ့စိတ်က လက်မခံနိုင်တာ ဖြစ်သည်။ အန်တီချော၏အမိန့်ကြောင့် မဟုတ်ဘဲ ဘာသာရေးကို လေးစားမြတ်နိုး သည့် ရင်ထဲက ခံယူချက်ဟာ ဘာကို ဦးစားပေးဆုံးဖြတ်ရမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီသာ။

သို့သော် ရုပ်သွင် ဖိတ်ထားတာကိုလည်း သူခေါင်းညိတ်ခဲ့မိသည် အချိန်တန်လျှင် အကြောင်းပြချက်တစ်ခုကို သူအလိုအတိုင်း ဖြစ်လာ မှန်သော်လည်း ချစ်သူနှင့် မကြာခဏရန်ဖြစ်နေရတာ ၄ ကြိမ်ငွေ့နေခဲ့ပြီ

'ရိပ်ပဲလာမယ်ဆိုပြီးတော့' လို့ ကိုယ်ခေါင်းညိတ်ထားခဲ့သည် အဖြစ်တစ်ခုကို ထောက်ပြလာတာလည်း မလိုချင်။

မွေးနေ့နှင့်ဘုရားဖူး တိုက်ဆိုင်စွာ အချိန်တူဖြစ်နေရသည့်အတွက် စိတ်ညစ်နေမိတုန်းမှာ ရုပ်သွင်ပဲရောက်လာပြီး ဘုတာရုံကို ဧည့်သည် သွားကြိုချင်လို့ လိုက်ပို့ပေးပါဟု ပြောပြန်သည်။ ထို့ကြောင့် သူလိုက် လာခဲ့ရ၏။

"ဧည့်သည်က ဦးလေးအရင်းပါ ရိပ်ရယ်၊ ခေါ်လာမှာမဟုတ် သွင်က ဦးအောင်ကိုတွေ့ပြီး စကားပြောချင်တာ၊ ဦးလေးက သဘော ကောင်းတယ်။ သွင် ခုလိုအိမ်သားတွေကို ဂရုမစိုက်ဘဲ အပြင်မှာ တာကို ဘာဖြစ်လို့နေတယ်ဆိုတာ ပြောပြချင်တယ်။ မိဘဆွေမျိုး အကုန်လုံးက ပစ်ပယ်ကြရင်တောင် ဒီဦးလေးတစ်ယောက်က သွ ဘက်က အုပ်ထိန်းသူအဖြစ်ရှိနေပေးမယ်ဆိုရင် သွင် အားရှိတယ် အဲဒါကြောင့် အိမ်ကိုရောက်မသွားခင် သွင်က စကားပြောချင်တာ"

လက်ထပ်ကြဖို့ကိစ္စ ဆိုတော့လည်း သူလိုက်ခဲ့ရသည်။ တ တမ်းကျတော့ သူနှင့်သွင် ဘယ်လိုပဲသွားသွား လူတွေက ကွက်ကြ ကွက်ကြည့်။

တီးတိုးစကားသံတွေက ဘာတွေမှန်း သူမသိပေမယ့် သွင် မျက်နှာလေးနှင့် ...

"လူတွေက ခက်ပါတယ် ရိပ်ရယ်၊ သွင့်ကို ရိပ်နဲ့ မကောင်း ဖြစ်နေတယ်လို့ ပြောနေကြတာသိလား"





ကြားလိုက်တယ်ဆိုရင် သူ့မျက်နှာတစ်ပြင်လုံး ပူထူသွားသည်။

လူတွေ ဘာဖြစ်လို့ ဒီလောက်စပ်စုနေကြတာလဲဟု တွေးနေတုန်း မှာ သွင်က ကပ်ပြောလိုက်သဖြင့် အလန့်တကြား လှည့်ကြည့်လိုက်မိ သည်။

သွင်က သူ့ကိုမော့ကြည့်ကာ ဆံပင်ရှည်တွေကို လှလှပပလေး သပ်တင်လိုက်၏။ ပြီးမှ ရှေ့လမ်းဆီသို့ မျက်နှာလေး ပြန်လှည့်၍

"သွင်က မာမီတို့နဲ့မနေဘဲ သူငယ်ချင်းအိမ်မှာနေပြီး စေ့စပ်ကြဖို့ ကြိုးစားနေတာကို သွားပုပ်လေလွင့်တွေ ပြောနေကြတာ။ သွင် ရင်ဆိုင် နေရတဲ့ ပတ်ဝန်းကျင်ကို ရိပ်က ဘာမှမသိဘူး"

ခေါင်ရိပ်ကားကို လမ်းဘေးမှာချ၍ ရပ်ပစ်လိုက်မိသည်။

"အဲဒီစကားတွေကိုမသိပေမယ့် မသင့်တော်ဘူးဆိုတာတော့ ကိုယ် သိပါတယ်။ ကိုယ်တောင်မှတွေးမိရင် သွင့်မိဘတွေက ဘာဖြစ်လို့မတွေး ကြတာလဲ၊ တကယ်ဆို သွင်က ကိုယ့်အိမ်ထောင်ရေးအတွက် စွ[illegible]းဖို့ ဆုံးဖြတ်ရဲရင်တောင် မိဘအနေနဲ့ ဒီလောက်ပြတ်ပြတ်သားသား ပစ်မထား သင့်ဘူးလို့ ကိုယ်ထင်တယ်"

"ရိပ်ရယ် ..."

သွင်က သူ့ဘက်ကို တိုးကပ်ထိုင်လိုက်ပြီး လက်မောင်းမှာ မျက်နှာ လေးကပ်မှီသည်။

"သွင်က ဘယ်လောက်ထိ စွန့်စားထားရသလဲ ရိပ်မသိလို့လား ဟင်၊ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား။ အချစ်အတွက် အသက်ဆုံးခံပြီး အမျိုးကိုစွန့်ခဲ့တဲ့ ကသည်းမလေးလိုပဲ ရိပ်ကိုချစ်လို့ သွင်က အားလုံးကို အတိုက်အခံ လုပ်ပစ်ခဲ့တာ"

သွင်ရယ် ...၊ ခက်ပါလားလို့ ညည်းရင်း သူ ကျွင်မှာ ငြိမ်နေလိုက်မိ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သွင့်အတွက် ဘာလုပ်ပေးသင့်နေတာကို သိသည်။ မိန်းကလေး တစ်ယောက်၏ နစ်နာမှုကို ဦးစားပေးသင့်သည်။ ထို့ကြောင့် သွင့်ကို အမြန်ဆုံး လက်ထပ်လိုက်ဖို့ပဲ ဖြစ်သည်။

သို့သော် ...

"ရိပ်"

"ဟင်"

"သွင့်ကို ရိပ် ဘာဖြစ်လို့ သွေးအေးနေတာလဲဟင်၊ ဟိုတုန်းက ရိပ်ကို သွင်ကပဲ အလိုလိုက်နားလည်ခဲ့ရတာပါ။ သွင့်အချစ်ကို ရိပ် ဘာ ဖြစ်လို့ နားမလည်နိုင်တာလဲ"

"နားလည်ပါတယ် သွင်ရယ်၊ ကိုယ့်ဘက်က ..."

"ကိုယ့်ဘက်က အန်တီချော တစ်ယောက်တည်းပါ။ သွင် အတိုင် အခံလုပ်နေရတာက ဆွေမျိုးစုတစ်ခုလုံး ..."

"အဲဒါက မင်းအမြင်ပဲ သွင်၊ ကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိနေပေမယ့် စောစောက သွင်ပြောသလို ဒါဟာ ဆွေမျိုးစုနဲ့ ပတ်သက်နေတဲ့ အရေး တစ်ခု၊ ငှက်မနားမိသားစုအတွက်က ပိုအရေးကြီးတယ်။ ကိုယ့်ရဲ့ ဆုံးဖြတ် ချက်က ငှက်မနား ဆွေစဉ်မျိုးဆက်ရဲ့ ကံကြမ္မာပဲ"

"သွင်က ရိပ်အတွက် ရိပ်သဘောကျ ဆုံးဖြတ်ခဲ့ပြီးပြီလေ၊ ဘာလို့ သေးလို့လဲ"

ခေါင်ရိပ်က သွင့်မျက်နှာကို အကြာကြီး ငုံ့ကြည့်နေပြီးမှ သွင့်လက် ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။

"လိုသေးတယ် သွင်၊ ထင်းဖြစ်ဖို့အတွက် သစ်ပင်ကြီးတစ်ပင်လုံး လှဲဖို့မလိုပေမယ့် ဒါက သွေးသားပြဿနာ"

သွင့်မျက်နှာလေး တင်းခနဲဖြစ်သွားသည်။ ဆုပ်ကိုင်ထားသည့် သူ့ လက်ကို ဖယ်ချပစ်လိုက်ကာ ...





"ရှင်းရှင်းပြောပါ ရိပ်ရယ်၊ အခု သွင်က ဘယ်လိုနေရမှာလဲ၊ ရိပ် အတွက်လား၊ ပတ်ဝန်းကျင်ပြောသလို တံတွေးခွက်မှာ မျောဖို့ အသင့် ရှိနေပေးရတဲ့ ပန်းတစ်ပွင့်လား"

"ကိုယ် အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်မှာပါ။ တွေဝေတယ်ဆို ဘဲ့ စကားတွေနဲ့ ကိုယ့်ကို ခဏခဏတော့ မပုတ်ခတ်နဲ့ကွာ၊ အဲဒါတော့ နားလည်ပါ"

"အမြဲတမ်း နားလည်ပေးခဲ့တာပဲ ရိပ်ရယ်"

သွင်က ခပ်ရိရိပြောပြီး မဲ့လိုက်သည်။ ရုပ်သွင်သည် တစ်ခါတစ်ရံ သိုးငယ်လေးသဖွယ် အပြစ်ကင်း၍ သနားဖို့လည်း ကောင်းသည်၊ ချစ် စရာလည်း ကောင်း၏။

တစ်ခါတစ်ခါကျတော့ ကျားသစ်ဖို့မတစ်ကောင်လို ရဲရင့်ခက်ထန်နေ တတ်ပြန်သည်။ သူမ၏စရိုက်နှစ်မျိုးက ဖျက်ခနဲ ခေါင်းထောင်လာလိုက်၊ ဦးကျိုးဝပ်စင်းသွားလိုက်။

ဒါကို သူကတော့ နားလည်ပါသည်။ ရုပ်သွင်က နဂိုကတည်းက မာနကြီးတဲ့ အလှဘုရင်မလေးပါ။ သူ့ကြောင့်သာ အမျိုးမျိုး တွေဝေ ပျော့ညံ့နေခဲ့သည်ဟု ...

"ကိုယ်တို့ သွားရအောင်"

သူ ကားပြန်မောင်းတော့ ရုပ်သွင်က မူလနေရာမှာ မတ်မတ်လေး ပြန်ထိုင်၏။ မှန်ထဲကနေ ခေါင်ရိပ်ကို စူးစိုက်ငေးရင်း ဟိုတုန်းကတည်းက ရင်ထဲမှာ အုံ့ဖွဲ့နေခဲ့သည့် နားမလည်ခြင်းတို့ကို ဖြေချနေမိသည်။

"ရုပ်သွင် နင့်လူက လူတင်ပုံတုံးတာမဟုတ်ဘူး၊ သူ့အုပ်စုတွေက ဘုရားဒကာ၊ ကျောင်းဒကာတွေနော်၊ ဒီပုံစံကြီးနဲ့ ညားသွားရင် မျှင်းစရာ ကြီးဟာ"

ကိုယ့်အဖွဲ့က အားလုံး လွတ်လပ်ပျော်ရွှင်စွာ နေတတ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲဖြစ်သည်။ ရိပ်နှင့်သူမ ချစ်ခဲ့ကြတော့ အားလုံးက စကြမေး
သည်။

"ဟဲ့ နှင့်ကို သဝန်ချည်းပဲ တိုမနေဘူးလား"

"အေးလေ ရုပ်က ရွတင်းတင်း မှန်ကုတ်ကုတ်နဲ့ပဲ"

"သွားမစပါနဲ့ဟာ၊ အဲဒီတစ်ယောက်ကိုချစ်ရဖို့ တို့သူငယ်ချင်း ဘယ်လောက်လမ်းဖွင့်ခဲ့ရသလဲ သိလား။ ရှားပါးပစ္စည်းလေး မပြောကြပါနဲ့"

ဟု စတဲ့သူက စသည်။ ခေါင်ရိပ်က ရုပ်သွင်လှလို့ ကြည့်တတ်ပဲရှိသည်။ ခေါ်ပြောဆက်ဆံဖြစ်ဖို့ ရင်းနှီးပွင့်လင်းကြဖို့ ခြေလှမ်းစဖြစ်အောင် ဖန်တီးခဲ့သူကသွင်ပဲ ဖြစ်သည်။

သို့သော် စခဲ့တုန်းက ချစ်လွန်းလို့တော့ မဟုတ်ခဲ့ပါ။ ဒါတွေ သူငယ်ချင်းတွေက သိကြသည်။ ရုပ်သွင်ဆိုတာ လူအတော်များများ ပါးစပ်ဖျားတွင် ရာဇဝင်တွင်ခဲ့ဖူးသူ ဖြစ်သည်။

လှတာ၊ ချောတာ၊ ဖော်ရွေတာ အားလုံး၏အဆုံးတွင် သူမဟာ ဘာကိုမှ အလေးအနက်မရှိတဲ့သူ၊ ခေါင်ရိပ်ဆိုသည့် ယောကျ်ား သူ့ဘဝမှာ မရှိမဖြစ် လိုအပ်နေပြီမှန်း သိလာသည့် အချိန်ကျတော့လည်း သူမ ဘော်တော်ပင်ပန်းခဲ့ရသည်။

ဘယ်သူမဆို ကိုယ်ပေးသလောက်ပဲ ရတတ်ကြတာ မဟုတ်ဘူး လား။

ရိပ်ဟာ နူးညံ့သိမ်မွေ့သည်။ ငုံ့ညှာတတ်သည်။ ဒါပေမယ့် သူမ အပေါ်မှာ ပျာယာခတ်ခဲ့တာမရှိ။ ကိုယ့်ကိုယ်ကို အပြစ်တင်ရမလား ဒါမှမဟုတ် နောက်မှ အားပေးတိုက်တွန်းလာကြသည့် ကိုယ့်ဘက်က လူတွေကိုပဲ ဒေါသဖြစ်ရမည်လား။

ကားမောင်းနေသည့် ခေါင်ရိပ်က ငေးကြည့်ရင်း ကိုယ့် ရည်ရွယ် ချက်တွေအတွက် ရုပ်သွင် ရင်ပူနေမိသည်။ ကားက သူမကားပါ ဒါ





မယ့် နှလိုသွားဖြစ်တိုင်း သူမပဲ နေရာဖယ်ပေးရသည်။

'မင်းမောင်းနေတာကို ကိုယ် ဘေးကထိုင်မစီးချင်ဘူး' ဟု ခေါင်ရိပ်က ပြောခဲ့ဖူးသည်။ ဘယ်တော့မှလည်း မစီးခဲ့ပေ။

ပြည်မှာ စက်ဘီးတွေချည်းပဲ စီးကြတာဖြစ်သလို ရုပ်သွင်တို့လည်း ဘယ်ဖြစ်ဖြစ် စက်ဘီးနှင့် အုပ်စုလိုက် သွားကြတာ များသည်။

ခေါင်ရိပ်ကတော့ စက်ဘီးစီးတာ တစ်ခါမှ မမြင်ဖူးခဲ့သူ ဖြစ်သည်။ မေးကြည့်ခဲ့တုန်းက ...

"အိမ်မှာ စက်ဘီးကိုမရှိတာ သွင်ရဲ့၊ ဘိုးဘိုးက စက်ဘီးစီးတာ မကြိုက်ဘူးလေ၊ မိန်းကလေးဆို ပိုပြီးကြည့်ရဆိုးတယ်၊ အဆင်မပြေ ဘူးတဲ့"

သူ့ ဘိုးဘိုးပြောတာဆို ဘာဖြစ်ဖြစ် ခေါင်ရိပ်တို့က မှန်တယ်လို့ပဲ မြင်ထားတဲ့သူ။

"သွင်"

ကားက နေရာတကျ ထိုးရပ်သွား၏။ ဘူတာကိုရောက်ပြီ ဆိုမှပဲ သွင့်ခေါင်းထဲမှာ လာရင်းကိစ္စက ပြန်ဝင်လာသည်။

"မင်းပဲ သွားလိုက်တော့နော်၊ ဟိုမှာ ရထားဆိုက်နေပြီ၊ လူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေပြီ"

"ရိပ်လဲ လိုက်ခဲ့လို့ရပါတယ်၊ ဦးလေးက သဘောကောင်းပါတယ် ရိပ်ရဲ့"

"အင်း သွင်ပဲ အရင် ပြောဆိုကြည့်လိုက်ပါ။ ကိုယ်ဒီမှာပဲ နေခဲ့မယ်"

သွင် မျက်နှာမကောင်းဘဲဖြစ်သွားသည်။ သိပေမယ့် ခေါင်ရိပ် ကားပေါ်ကနေ ဆင်းလိုက်သည်။ သွင်က တစ်ဖက်က ဆင်းလိုက်ပြီး ...

"ဒါဆို သွင် သွားမယ်နော်၊ သိပ်လဲပြောဆိုဖို့ အချိန်ရမှာ မဟုတ်ပါ ဘူး။ မာမီတို့လာကြိုကြမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို တစ်မျိုးမထင်နဲ့နော် သွင်၊ ခုချိန်ထိ ကိုယ်က ဘေးလူပဲ ရှိသေးတယ်လေ၊ သွင်တို့ချင်း ဆွေးနွေးပြောဆိုကြတာက ကောင်းပါတယ်။ ပြီးတော့ သွင့်တို့အိမ်က တစ်ယောက်ယောက်ရောက်လာပြီး ကိုယ်နဲ့ပြောဆိုနေတာ မြင်သွားရင် မကောင်းဘူး"

ထားလိုက်ပါတော့ဆိုသည့် အပြုံးလေးနှင့် သွင်က ခေါင်းညိတ်သည်။ ဘူတာထဲကို ခြေလှမ်းလိုက်ပြီဆိုတာနှင့် သွက်သွက်လက်လက် ဖြစ်သွားခဲ့၏။ ခေါင်ရိပ် စားသောက်ဆိုင်တစ်ဆိုင်ဘေးနားက လှုရှင်သည် နေရာမှာ ရပ်နေလိုက်သည်။

အမြင်ဆာရုံထဲမှာ ရှုပ်ထွေးနေသည့် ခရီးသွားတွေ ကြိုသူတွေဟာ သူ့ရင်ထဲက ရှုပ်ထွေးမှုများနှင့် ဆင်ဆင်တူနေ၏။

ဘယ်သူဘယ်ဝါ ကင်ပွန်းတပ်ရမှန်းမသိ၊ ဘာတွေဖြစ်နေမှန်းမသိ။ ထိုစဉ် သူ့မျက်လုံးတွေက ဘူတာထဲက ပြေးထွက် လာသည့် လူရိပ် တစ်ရိပ်ဆီသို့ တန်းခနဲ ရောက်သွားလေသည်။

"ဟင် ...ကူး ..."

စိတ်ကူးရင့်၊ သူတစ်ကိုယ်လုံး ဆတ်ခနဲဖြစ်သွားသည်။ စိတ်ရော လူရော လှုပ်ရှားမှုကင်းမဲ့၍ တွေးငေးနေရာမှ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားရင်း ...

"ကူး ...ဟော့ နေဦး"

ကူးက ဂျင်းဘောင်းဘီနှင့် စပို့ရှပ်လေးပေါ်မှာ ဂျင်းဂျက်ကင် တစ်ထည် ထပ်ဝတ်ထားကာ အနက်ရောင်လက်ဆွဲအိတ်တစ်လုံးကို တစ်ဖက်ကဆွဲ၍ အားသွန်ခွန်စိုက် ပြေးထွက်လာတာဖြစ်၏။

"ကူး"

"ဟင် ..."

ခြေလှမ်းတွေရပ်ကာ ဖျက်ခနဲ လှည့်ကြည့်၏။ သူ့ကိုတအံ့တဩ





ကြီးကြည့်လိုက်ပြီး ချက်ချင်း ပြန်လှည့်၏။

"ကူး နေဦး"

"ဟိုမှာ ...ဟိုလူ ..."

ကူးက ရှေ့ကိုလက်ညှိုးထိုးပြပြီး တအားပြေးလိုက်သည်။

သူမှာရပ်နေခဲ့ရမှာလား၊ ကူးနောက် လိုက်ရမလား မသိတော့ဘဲ ခဏတရက် ငုတ်တုတ်မေ့သွားသည်။

မဖြစ်သေးပါဘူး၊ ချက်ချင်းဆုံးဖြတ်ကာ ကူးနောက်ကို ပြေးလိုက်ခဲ့မိသည်။

"ကူးနဲ့သူ့အဖေ အဆင်မပြေကြဘူးကွ၊ ကောင်မလေး သနားပါတယ်ကွာ၊ စာမေးပွဲတော့ ဖြေနိုင်တယ်၊ စိတ်လေပြီး လျှောက်လိမ့်နေပြီ"

ဟု ဇော်အောင့်ဆီက သတင်းရထားခဲ့သည်မို့ ကူးကို စိတ်ပူမိသည်။ မြင်လိုက်ရတာကလည်း ဘေးမှာ အဖော်မတွေ့ဘဲ တစ်ယောက်တည်း ချတ်သုတ်ခ။

တစ်သက်နဲ့တစ်ကိုယ် တိုက်ပုံအကျီတကားကားနှင့် ပြေးလွှားခဲ့ဖူးတာ ဒါပထမဆုံး။

"ဒီမှာ ...ဒီမှာ ..."

ကူးက ကားတစ်စီးဘေးမှာ သုံးလေးယောက်ရပ်၍ စကားပြောနေကြသည့် ယောကျ်ားများနားမှာ မောကြီးပန်းကြီး ရပ်သည်။

ပြီးတော့ သူမလိုပဲ အနက်ရောင်အိတ်ကို ပခုံးထက်မှာ ချိတ်ထားသည့် လူရွယ်မျက်နှာကို လက်ညှိုးထိုးကာ ...

"ခင်ဗျား အိတ်မှားသွားတယ် ဒီမှာ"

"ဘာလဲ ဘာလာရစ်ထာလဲ"

လူရွယ်က 'ဟုတ်များဟုတ်သလား' ဟု ကိုယ့်ကိုယ်ကို ပြန်စည်းစမ်းခြင်းမပြုဘဲ ကူးကို ငေါက်ဆတ်ဆတ် ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်နှာက ချက်ချင်းပြုံးကျသွားကာ ကူးကို စေ့စေ့စပ်စပ်ကြည့်လိုက်ပြီး ...

"တော်တော်လှတာပဲ မဆိုးဘူး"

"ရှင် ဘာစကားပြောတာလဲ"

ကူးက မျက်နှာကို ဆတ်ခနဲ ခါထုတ်မော့ကာ စူးစူးဝါး ဝါးကြည့်၏။ လက်ကပျော့တိပျော့ဖတ် အိတ်ကြီးကို မြှောက်ပြလိုက်ပြီး ...

"ဒီမှာ နင့်အမှိုက်အိတ်၊ အဲဒီအိတ်က ငါ့အိတ်၊ ပြန်ပေး"

ရထားပေါ်မှာ အတူတူထိုင်တာ မဟုတ်ပေမယ့် ဒီလူကို ကူး သတိထားမိခဲ့သည်။ လူကိုက ဘယ်အချိန်ကြည့်ကြည့် ရိုးသားတာ တစ်ချက်မှမရှိပေ။

လမ်းတစ်လျှောက်လုံး ကူးကိုပဲ ထိုင်လည်းကြည့်၊ ထလည်းကြည့်ဆင်းတော့ ကူးအိတ်ကို ဆွဲချဆင်းသွားသည်။ ရုပ်က စပ်ဖြဲဖြဲနှင့် ...

"ငါ့ရုပ်ကို သေချာကြည့်ပါဦး၊ အဲဒီလို လုပ်စားမယ့်ရုပ်လားဆိုတာ ..."

"အဲဒီရုပ်ပဲ၊ ဒီမှာ အိတ်ချင်း ဒီလောက်ကွာနေတာကို သိလျက်နဲ့ယူချသွားတာ ပြန်လဲပေး"

"ကူး ..."

ခေါင်ရိုပ် အနားရောက်သွားတော့ လူရွယ်အုပ်စုက အချဉ် ကြည့်နှင့်ကြည့်၏။

"ဘာဖြစ်လို့လဲ ကူး"

"ဒီမှာ ကူးအိတ်ကို ဆွဲချသွားတာ"

"မင်း မဟုတ်တာမပြောနဲ့"

စပ်ဖြဲဖြဲပြောင်ချော်ချော်ရုပ်တွေ ပျောက်ကာ ဒေါသတကြီးဖြစ်လာကြ၏။ သိက္ခာချအရှက်ရမှုနှင့် တရားပဲပြန်စွဲတော့မလိုလို။

"မင်းအိတ်ဆိုတာ ဘယ်လောက်ခိုင်လုံနေလို့လဲ၊ အပိုင်အနိုင်ကြီး





သာပြောနေတာ"

ခေါင်ရိုပ်က ကူးကို သူပြောသလို 'မင်း သေချာရဲ့လား' ဆိုသည့်ချက်လုံးများနှင့် ပြန်ကြည့်၏။ ကူးက ခါးလေးတစ်ဖက်ထောက်ကာ ...

"နင် သတ္တိရှိရင် အဲဒီအိတ်ကို အခုဖွင့်လိုက်လေ၊ ငါ့ အိတ်ကဂျပွန်ဒါးတံဆိပ်နဲ့၊ ဒီမှာ နင့်အိတ်စုတ်နဲ့ အရောင်တူ ပုံစံတူပဲဖြစ်မယ်အကွာကြီးပဲ"

"ဘာတွေပါလဲ ပြော"

လူရွယ်က ငေါက်ဆတ်ဆတ် ထပ်မေးသည်။ တကယ်ဆို လူလတ်ပိုင်းအရွယ်တွေဖြစ်ကာ ဘယ်လိုကြည့်ကြည့် ကူးထက် အသက်မငယ်နိုင်ပါ။

ဒါကို ကူးက တမင်ကာ တင်စီးချင်သည်မို့ နင်နဲ့ငါနဲ့ ပြောပစ်လိုက်ခြင်းဖြစ်၏။ ကူးက ခါးထောက်လျက်နှင့် ပခုံးနှစ်ဖက် ဆတ်ခနဲတွန့်ကာ ...

"အိတ်ထဲမှာ မိန်းမဝတ်ငါးစုံနဲ့ နှုတ်ခမ်းနီလေးဘူး၊ သွားတိုက်ဆေးဘူး၊ သွားပွတ်တံရယ် လက်သည်းညှပ်တစ်ခု၊ ကွတ်ကီးနှစ်ထုပ်၊ အရေးကြီးဆုံးက အတွင်းအိတ်ထဲမှာ ငွေခြောက်သိန်းတိတိပါတယ်"

ကူးက အပိုင်အနိုင်ပြောချလိုက်သည်။ ခေါင်ရိုပ် လှည့်ကြည့်တော့လူရွယ်တွေက ကူးကို စူတင်းတင်း ကြည့်နေကြ၏။

"ကဲ သူပြောပြီးပြီဆိုတော့ ဟုတ်၊ မဟုတ် မင်းတို့က အိတ်ကိုအခုရှေ့မှာဖွင့်ကြည့်လိုက်ပါ"

"ဒါ တရားလွန်တာပဲဗျ။ သူ့အိတ်ထဲမှာ ဘာတွေပါတယ် သူကသိမှာပေါ့။ သူ့အိတ်ကို သူများယူသွားတာလဲ ဟုတ်ချင်မှဟုတ်မှာပဲ၊ ဒါပေမယ့် ကျွန်တော်ယူခဲ့တာမှ မဟုတ်ဘဲ"

"ကဲပါကွာ မင်းမဟုတ်ဘူးဆိုလဲ ဖွင့်ပြလိုက်ပါ။ သူတို့ သံသယရှင်း

www.burmeseclassic.com



သွားတာပေါ့”

ဘေးကတစ်ယောက်က မချိုမချဉ်မျက်နှာနှင့် ပခုံးတွန့်ပြီး ဝင်ပြောသည်။ အိတ်လွယ်ထားသူက နှုတ်ခမ်းတစ်ချက်မဲ့၍ အိတ်ကို ပခုံးကနေ ဖြုတ်ချလိုက်သည်။ အားလုံးပဲ အိတ်ဖွင့်လိုက်ခြင်းကို စိတ်ဝင်စားစွာ ဝိုင်းကြည့်နေကြလေသည်။

လူရွယ်က အိတ်ဖွင့်ခါနီးမှ ကူးကို မိုက်ကြည့်ကြည့်၍ မဲ့လိုက်သေးသည်။ ပြီးမှ ...

“ဒီမှာကြည့်”

အိတ်ဇစ်ကို ဆွဲဖွင့်ပြလိုက်၏။

“ဟင် ...”

ကူး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ခေါင်ရိပ်မျက်နှာကွက်ခနဲပျက်ကာ ကူးလက်ကိုဆွဲ၍ သူ့နောက်သို့ ပို့ပစ်လိုက်သည်။

အိတ်ထဲမှာ ကူးပြောသလို မိန်းကလေးအသုံးအဆောင် ဆိုလို့ဘာတစ်ခုမှမရှိဘဲ ယောကျ်ားပုဆိုးတွေနှင့် ဘောင်းဘီရှည်၊ စပို့ရှပ်တွေ။

အားလုံးက လုံးထွေးထိုးကြိတ်ထည့်ထားပုံရကာ သန့်သန့်ရှင်းရှင်း ဘာမှမရှိပေ။ ဘာပဲဖြစ်ဖြစ် အခြေအနေက ကူးအတွက် မကောင်းနိုင်။

“ကဲ မင်း ဘယ်လိုရှင်းမလဲ ပြော”

လူရွယ်က အိတ်ကိုမြေပြင်ပေါ် ဘုတ်ခနဲပစ်ချကာ ခေါင်ရိပ်ရှေ့မှာ ခါးထောက်ရပ်၍ ကူးကို မေးဆတ်သည်။

“ဟုတ်တယ် အဲဒါ ဆော်ကားတာပဲ”

“ဆောရီးဗျာ၊ အဲဒီအတွက် ကိုယ်အနူးအညွတ် တောင်းပန်ပါတယ်၊ သူက ကိုယ့်ညီမလေးပါ”

ခေါင်ရိပ်က ကူးရှေ့ကနေ လူရွယ်တွေကို တောင်းပန်သည်။

ကူးက ငြိမ်မနေဘဲ ခေါင်ရိပ်ကို တိုးတိုက်ပြီး ရှေ့ထွက်လာကာ-





“မဟုတ်ဘူး၊ အဲဒါ တစ်ခုခုတော့ တစ်ခုခုပဲ၊ ကူးအိတ်ကို သူ ယူသွားတာ လုံးဝသေချာတယ်၊ သူမှာသူ့အစစ်”

“ဘာကွ”

“နေပါဦး”

လူရွယ်တွေက အုပ်စုလိုက် ရှူးရှူးရားရား ရှေ့တက်လာသည်။ ခေါင်ရိပ်က ကူးကို နောက်ဆွဲပို့ကာ သူပဲ ရှေ့က ဒိုင်ခံ၏။

“ပစ္စည်းပျောက်တဲ့လူကလဲ ငွေကော ပစ္စည်းတွေကောဆိုတော့ ပစ္စည်းချင်းဆင်တူယိုးမှားမြင်လို့ ပြောမှားဆိုမှား ဖြစ်တာပါကွာ၊ အဲဒါကို တောင်းပန်ပါတယ်၊ ကျေနပ်ကြပါ”

လူတွေက လူကောင်းပုံစံ မပေါက်ပေမယ့် ပစ္စည်းက သူတို့အိတ်ထဲမှာ ရှိမနေတာကို သူတို့က လက်တွေ့ပြသည်။

ကိုယ်က သူတို့ယူထားကြောင်း လက်တွေ့ဖမ်းမပြနိုင်တာမဟုတ်။

“ကျေနပ်ရအောင် ခင်ဗျားရဲ့ညီမပြောပုံကို ကြည့်ဦး”

အိတ်ကိုင်ထားသည့် လူက မကျေနပ်၊ ကူးကလည်း သူ့ နောက်ကနေ လက်သီးလက်မောင်းတန်းနေလျက် ...

“ပြောတယ်လေ ပြောတော့ ဘာဖြစ်လဲ၊ လက်တွေ့ဖမ်းမပြနိုင်လို့လည်လား၊ မသေချာဘဲနဲ့ ကိုယ့်ရှူးကိုယ်ပတ်မယ့်အလုပ် မလုပ်ဘူး”

“ဘာ”

လူရွယ်က ခေါင်ရိပ်နောက်က ကူးကို ဆွဲထုတ်ခေါ်တော့မလိုလို ခြေကားယား လက်ကားယား ဖြစ်လာ၏။ ကူးကလည်း တွယ်ကပ်နေပါ။ ခေါင်ရိပ်လက်နှင့် ကာထားသည့် နောက်မှနေ၍ မြေပြင်ပေါ် ကျသည့် အိတ်ကို ခြေထောက်နှင့် လှမ်း၍ ကန်ပစ်လိုက်သည်။

“ကူး ...မင်း ဘယ်လိုလဲ”



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရိုပ် ဘယ်လိုတားရမှန်း မသိတော့ကာ ဒေါသက ကူး ဆီကို ပြန်ရောက်၏။ ကူးက မျက်နှာလေးနီရဲလျက် ခါးထောက်ကာ ...

"သတ္တိရှိရင် နင်တို့သုံးယောက် ဖယ်လိုက်စမ်း။ နောက်ကားထဲ ငါရှာမယ်"

"ဘာဆိုင်လို့လဲ"

မျက်စိမျက်နှာတွေ ပျက်ကုန်ကြသည်။ ကူးပြောလိုက်တာ မှန်သွ ပြီမှန်း ခေါင်ရိုပ် သိလိုက်၏။ သို့သော် အကြီးအကျယ်တွေ မဖြစ် တော့သဖြင့် ...

"တော်ပြီ ကူး တော်ပြီ၊ ဘာဖြစ်ဖြစ် ကိုယ့်ဘက်ကပဲ သူ့အ တောင်းပန်တယ် ကျေနပ်ပါကွာ"

လူရွယ်က ခုနကလို ဒေါသတွေနှင့် မဟုတ်တော့ဘဲ ခေါင် ဖြေရှင်းလိုက်သည့်အတိုင်းမှာ သဘောထားကြီးစွာ ပြီးဆုံးပေ မည့် ပုံစံတွေနှင့်။

သူ ကူးကို ဆွဲခေါ်လာခဲ့သည်။ ကူးက တက်တခေါက်ခေ နှင့် နောက်ကို သမင်လည်ပြန်ကြည့်၍ အံကြိတ်နေရင်း

"ဟွန်း လူတွေကိုက မှခင်းရုပ်တွေနဲ့"

"ဟင် ...ဘာမှုခင်းရုပ်လဲ"

"ဘာမှုခင်းရုပ်ကမှာလဲ၊ အဲဒီမျက်နှာမျိုးတွေ မှုခင်းဂျာနယ်ထဲ မမြင်ဖူးဘူးလား။ ဘိန်းဖြူမှုတွေ၊ ခိုးမှုတွေနဲ့ စာလုံးမည်းကြီး အောက်မှ"

စိတ်ပျက်ရသည့်အထဲ သူ ပြုံးလိုက်မိသည်။ အနီးဆုံး တွေ့ မြင်းလှည်းတစ်စီး လှမ်းခေါ်ကာ ကူးကို တက်ခိုင်းလိုက်၏။

ဘူတာထဲမှာ ရုပ်သွင်ကျန်ခဲ့ပြီလို့ သတိရပေမယ့် မတတ် ရုပ်သွင်မှာ ကားပါသည်။ ပြီးတော့ ကူး ဘယ်ကနေ ဘယ်ကိုသွား





ဘာဖြစ်လာသလဲဆိုတာ သူသိချင်၏။ မေးမြန်းဖို့တွေရှိသေးသည့်မို့ ုပ်သွင်နှင့်အတူပြန်ဖြစ်တဲ့အထိ မစောင့်နိုင်တော့ပေ။

ကူးကတော့ ကိုယ့်မြို့ဒေသမှာ သွားလာရင်း ပြဿနာဖြစ်ရသလို ူကိုတွေ့တာလည်း ဝမ်းသာအားရဖြစ်သွားပုံမရှိ၊ ဘာကိုမှလည်း ကြောက်ရွံ့နေပုံမရှိ။

"တောက် ...သက်သက် သူခိုးက လူကိုဟာစ်သွားတာ"

တက်တခေါက်ခေါက် ဖြစ်နေဆဲ ...

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၆)

တစ်အိမ်လုံးကို ဝေ့ဝဲကြည့်သည်။ ပြီးတော့ ထသွားပြီ ပြတ
ပေါက်ကနေ ခြံထဲကို သေချာကြည့်ပြန်သည်။ ရေကူးကန်ကြီး
မြင်တော့ သွားလေးတွေပေါ်အောင်ပြုံး၏။

ဒီဘက်ကို ဖျက်ခနဲလှည့်လိုက်တော့ စူးစိုက်ကြည့်နေသည့် ခေါင်ရိ
မြင်ကာ ...

"ဆရာက တော်တော်ချမ်းသာတာပဲ၊ ဒါနဲ့များ ဘာဖြစ်လို့ ကျူ
ဆရာ လုပ်နေသေးလဲ၊ ဆရာဖေ့ဆီမှာပဲ ကပ်နေသလိုလို ဘာလိုလို"

ပြောပြီး သူ့ရှေ့မှာ အိခနဲထိုင်ချလိုက်သည်။ စားပွဲပေါ်မှာ အဆ
သင့်ရှိနေသည့် လိမ္မော်သီးတွေကို လှမ်းကြည့်၍ ...

"စားမယ်နော်"

ဟု ပြော၍ ကောက်ကိုင်လိုက်သည်။ ပြီးတော့ ...

"အိမ်မှာ ဘယ်သူမှမရှိဘူးလားဟင် ..."

"စိတ်ကူးရင့်"

"ဟင်"





"မင်းမှာ အရေးကြီးတာ ဘာမှမရှိဘူးလား"

"ဘာကိုလဲ"

"ရန်ဖြစ်ဖို့ရယ်၊ စားဖို့ရယ်၊ စပ်စုဖို့ရယ်ကလွဲပြီး နောက်ထပ် အရေး
ကြီးတာ တစ်ခုခု ..."

မေးပုံကြောင့် ကူးမျက်နှာကွက်ခနဲပျက်သည်။ မျက်ခုံးတန်းလေး
တွေ တွန့်နေကာ အမျိုးမျိုး ပြောင်းလဲနေပြီးမှ သူ့ကို ပြန်ကြည့်၍ ...

"အရေးကြီးတယ်ဆိုတာ ဘာကို ပြောတာလဲ၊ ရည်ရွယ်ချက်လား၊
ဘိုနားဒီနား အရေးပေါ်ကိစ္စ သေးသေးမွှားမွှား တစ်ခုခုလား"

သူ့မက ပြန်မေးနေသေးသည်။

"ကူးအတွက် အရေးကြီးဆုံးက ကူးလုပ်ချင်တာကို ချက်ချင်းလုပ်ခွင့်
ရဲ့ပဲ။ အခု ဒီခရီးကို ထွက်လာခဲ့တာ အရေးကြီးဆုံးပဲ၊ အခုထပ်ပြီး အရေး
ကြီးတာက ကူးမှာ သုံးဖို့ငွေမရှိတော့တာ။ အဲဒါကိုပြန်ရဖို့ ကြိုးစားတယ်လေ၊
ဆရာ့ကြောင့် လုံးဝဆုံးသွားပြီ။ နောက်ထပ် လောလောဆယ် အရေး
ကြီးတဲ့ တစ်စုံ တစ်ရာ မရှိသေးဘူး၊ဘာဖြစ်လို့လဲဆိုတော့ ငွေမရှိရင်မ
ဖြစ်တဲ့ အရေးကြီးဆုံးက ကူးရဲ့ရှေ့မှာ ဆရာရှိနေပြီဆိုတော့ မလိုသေးဘူး
လေ။ ဆရာ ဘာပြောချင်လို့လဲ၊ ကူးကို မရင့်ကျက်သေးတဲ့ ခပ်ပေါ့ပေါ့
မိန်းကလေးတစ်ယောက်လို ..."

"နေဦး၊ အဲဒီလောက်ဖြေဖို့ မလိုသေးဘူး၊ နောက်ထပ် မေးခွန်း
တွေပါ ပါကုန်ပြီ"

ခေါင်ရိပ်က စိတ်ပျက်သံနှင့်ပြော၍ အိမ်ထဲက ထွက်လာသည့်
ဒေါ်မိုးကို ခေါင်းညိတ်ခေါ်၏။

"ဒေါ်မိုး စားဖို့တစ်ခုခုလောက် သွားပြင်ပေးပါ"

"အေး ဒေါ်မိုး သွားပြင်လိုက်မယ်"

ကူးက ဒေါ်မိုးဆိုသည့် မိန်းမကြီးကို လိုက်ကြည့်ပြီး ခေါင်းငုံ့ထတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ညိတ်ကာ ...

"ကြီးကြီးစုနဲ့ တော်တော်တူတယ်နော်၊ သတိတောင်ရသွား[illegible]

"မင်း အခု ပြည်ကို ဘာလာလုပ်တာလဲ၊ ဘယ်သူ့ဆီလာတာ[illegible]

ကူးစကားကို စိတ်မဝင်စားသလို ခေါင်ရိုပ်က စကားဖြတ်မေး[illegible]

"ပြည်ကိုလာတာလို့ ဆရာ့ကို ဘယ်သူပြောသလဲ"

"ဘာ ..."

ကူးက 'ကိုယ့်ကိုယ်ကို တော်တော်အထင်ကြီးသလား' ဆိုသ[illegible]မျက်လုံးကလေးနှင့် သူ့ကိုစူးခနဲကြည့်၏။

"အဲဒီအိတ်ကြောင့်မဟုတ်ရင် ဆရာနဲ့တောင် တွေ့ဖို့မရှိဘူး [illegible]ဆရာက ဘူတာမှာ ဘယ်သူ့ကိုလာကြိုတာလဲ"

"ငါ့ကိုမင်းက ပြန်မမေးပါနဲ့၊ မင်း ဘယ်သွားမလဲဆိုတာ [illegible]ရန်ကုန်ကထွက်လာတာ မင်းအဖေနဲ့မင်းစိတ်ဆိုးလာခဲ့တာမဟုတ်လာ[illegible]

ဆရာဖော်အောင် ပြောပြတာပဲဆိုတာ သိနေသဖြင့် ကူး ဘာ[illegible]မမေးတော့ဘဲ ခေါင်းညိတ်လိုက်သည်။

"ဘယ်ကိုသွားမှာလဲ"

"မကွေး"

"အခု ငါနဲ့မတွေ့ရင် မင်း ဘယ်လိုလုပ်မလဲ"

"ဆရာနဲ့မတွေ့ရင် ကူးရဲ့အိတ်ကို ရအောင်ပြန်တောင်းမှာပေါ့။ [illegible]ကားထဲမှာ ကူးပစ္စည်းတွေရှိတာ ကူး သိတယ်၊ လူလိမ်တွေ ဟွန်း ..."

ကူးက ဒေါသတွေထဖြစ်နေပြန်သည်။ မျက်နှာလေးကို စူးစိုက်ကြ[illegible]ရင်း ကူး သူ့ဆီလိုက်လာတာ မဟုတ်နိုင်ဘူးဆိုတာတော့ ယုံကြည်[illegible]သည်။

ဒီကောင်မလေးကို သူအထင်ကြီးလို့မရပေမယ့် မညာတတ်[illegible]လေးကိုတော့ ယုံသည်။ အကြောက်အရွံ့နည်းသည်။ သူမစိတ်ရင်းကို[illegible]





ဘာဖြစ်ဖြစ် ပြောချရဲသည်မို့ ဖုံးဖိလိမ်ညာဖို့ သိပ်မရှိခဲ့တာဖြစ်နိုင်သည်။

"မင်းပြောပုံက ငါ့ကြောင့် မင်းရဲ့အိတ် ဆုံးရသလိုလိုပါလား"

"ဟုတ်တာပဲဟာ"

ကူးက သူ့ကို ဂရုမစိုက်စွာကြည့်၍ မဲ့သည်။ လိမ္မော်သီးကို ကျကျနနနွှာပြီး တစ်ခြမ်းကို ပေါင်ပေါ်တင်ထား၏။

"စားပွဲပေါ်ချထားပါလား၊ စားစရာကို"

အမြင်မတော်တော့ ခေါင်ရိုပ်ကလည်း ဝင်ပြောသည်။ ကူးက မျက်လွှာပင့်ကြည့်ကာ ...

"ကိုယ်ပါးစပ်ထဲကိုသွင်းမှာ ဘာဖြစ်လဲ၊ ကြမ်းပေါ်ချထားတာမှမဟုတ်တာ၊ ဘာလဲ ဆရာ စားချင်လို့လား"

ခေါင်ရိုပ်မျက်နှာ တင်းခနဲဖြစ်သွားသည်။ ဒီကောင်မလေးကိုက အချိုးမပြေပါလား။ သူသာ ကူးဆိုတာ ဘယ်လိုမိန်းကလေးမှန်း အစကတည်းက သိမထားခဲ့လျှင် ဒီလိုစကားမျိုးတွေကို သည်းခံဖို့ ဘယ်လိုမှမလွယ်။

"အမြင်မတော်လို့ ဆုံးမရင် မနာခံဘူး၊ မင်းနဲ့ စကားပြောရတာ အကုသိုလ်တော်တော်များတာပဲ"

"ဒါဆိုရင်လဲ မပြောနဲ့ပေါ့ ဆရာ၊ အိတ်ကို ထားလိုက်ပါတော့လို့ ဆရာအကြံပေးလို့ထားခဲ့ရတဲ့အတွက် ကူးကို မြန်မြန် သွားစေချင်ရင် ခရီးစရိတ် ခဏချေးလိုက်"

"ဘာ ..."

ကူးက လိမ္မော်သီး အမြွှာလေးတွေကို နွှာလိုက်၊ ပါးစပ်ထဲထည့်လိုက်နှင့် မျိုချချိန်ကော ရရဲ့လားမသိ။

မျက်နှာကို ဆတ်ခနဲခါ၍ ဆံပင်တွေသိမ်းပစ်လိုက်တာလည်းရှိသည်။ လက်ကလည်းပါ၏။ ထိုအခါ လိမ္မော်သီးနှင့် ဆံပင်ကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်ကနေရာမရဖြစ်ကာ လိမ္မော်သီးမြွှာလေးတွေက ဆံပင်ဖျား လေးတွေမှာ ကပ်တွယ်ကုန်သည်။

မြင်နေရသည့်သူများ ဖယ်ပေးရအခက်၊ မပေးဘဲနေတော့လည်း အမြင်မတော်။ ထို့ပြင် မျိုချချိန်မထားဘဲ တစ်မွှာပြီး တစ်မွှာ ထိုးသိပ် ထည့်နေသည့် ပါးစပ်ထဲမှာ လိမ္မော်သီးတွေ ဘယ်လောက်ပြည့်သိပ်နေ ပြီမသိပေ။

ပါးတစ်ဖက်မှာ ပူတင်းဖောင်းကားလျက် နှုတ်ခမ်းလေးတွေကို မရမကဖိပိတ်ထားနေပုံက အသည်းယားစရာ ဖြစ်လာသည်။

နှုတ်ခမ်းသားလေးတွေ စိုအိလှုပ်ခတ်လျက် ကလေးမဟုတ် သူငယ် မဟုတ် စားသောက်နေပုံက ပက်ပက်စက်စက်။

သူ ဒီတိုင်းထိုင်ကြည့်နေသည့် မျက်နှာတင်းတင်းကို ကူးက ပြန် ကြည့်ပြီး ကိုင်ထားသည့် လိမ္မော်သီးခွံတွေကို စားပွဲပေါ် ဖုတ်ခနဲ ပစ်ချ သည်။

နောက်ထပ် ဆံပင်ကို လက်နှင့်တစ်ချက် ခါထုတ်ပစ်လိုက်ပြီး မြန်မြန်ဆန်ဆန်ကြီး ဖိသိပ်မျိုချနေသည့် နှုတ်ခမ်းက မဲ့ရွဲ့ကာ..

"ရန်ကုန်နဲ့ပြည် အဝေးကြီးမို့လို့ တောင်းရခက်မှာစိုးလို့လား၊ ငွေ ရေးကြေးရေးကိစ္စ နည်းနည်းပါလာတာနဲ့ ငုတ်တုတ်မေ့သွားပြီ"

"ငွေရေးကြေးရေးကြောင့် ငုတ်တုတ်မေ့တာ မဟုတ်ဘူး၊ ခင်ဗျား မချိမဆံ့ဝါးမျိုနေပုံကို အံ့သြလို့ကြည့်နေတာ၊ မြင်လိုက်ရရင် ပြောစရာ ချည်းပဲ၊ ပြောတော့ မကြိုက်ဘူး"

"လာပြန်ပြီ ဆရာကကော ကူးကိုကြည့်ရင် ဘယ်လိုမျက်လုံးနဲ့ ကြည့်လဲ၊ နို့နံ့မစင်သေးတဲ့ မူကြိုကျောင်းသူလေးလို မိမနိုင်ဖမနိုင်နဲ့ တေလေဂျပိုးမိန်းမ ..."

"တော်စမ်း၊ ဘာတွေလျှောက်ပြောနေတာလဲ"





"ထိုင်ပြောနေတာ"

ကူးက တစ်ခွန်းမှမခံ၊ ရင်ထဲမှာ အနာခံကရှိနေသည်။ သူ ပြော သွားသည့် စကားတွေ ရင်ထဲမှာ သိမ်းထားခဲ့တာ အများကြီး ...။

"ကူး"

"ဘာလဲ"

ထူးတာ လူကိုမကြည့်ဘဲ မျက်လုံးက တစ်အိမ်လုံး လျှောက်ဝေ့ နေသဖြင့် ...

"ဘာရှာနေတာလဲ"

"ရေသောက်ချင်လို့"

"ဟိုဘက်ထောင့် အခန်းထဲသွား ရေခဲသေတ္တာရှိတယ်"

ကူးက ချက်ချင်းထသွားသည်။ ခေါင်ရိပ်အိမ်ကို သူ့အိမ်လိုများ ထင်နေသလားမသိ။

"ဘယ်မှာလဲ မတွေ့ဘူး"

လှမ်းအော်လိုက်ပုံက မညင်သာ။ ခေါင်ရိပ် ထရပ်လိုက်ပြီးမှ ဒေါ်မိုး ရောက်သွားမလားဆိုပြီး ခဏစောင့်ကြည့်နေမိသည်။

"ဘယ်မှာလဲ ရေဆာလှပြီ၊ ဆရာ ခေါင်ရိပ် ..."

ကြည့်စမ်း ခြေလှမ်းတွေက တလွှားလွှားနှင့် သူမဘေးသို့ ချက်ချင်း ရောက်သွားသည်။

"မင်း ဘာဖြစ်နေတာလဲ၊ အော်နေလိုက်တာ"

ခန်းဆီးစကို ဆွဲဖယ်လိုက်တော့ အပြင်ထွက်လာမလို့ လှည့်လိုက် သည့် ကူးနှင့်တိုက်မိတော့မလို ဖြစ်သွား၏။ ကူးသည် တကယ့်ကိုရေဆာ နေသလို မျက်နှာလေးနှင့် ရှုံ့မဲ့လျက် ...

"ရေဆာလို့ပါဆို ဘယ်မှာလဲ မတွေ့ဘူး"

"ဒီမှာ ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကူးလက်ကလေးကို ဆတ်ခနဲဆောင့်ဆွဲ၍ တစ်ဖက် လှည့်လိုက်တော့ ရေခဲသေတ္တာက သူ့မနောက်မှာ။

"ဟင် ...ရေခဲသေတ္တာကြီးကလဲ ခေါင်မိုးကိုထိတော့မယ်၊ ဒါကြီးကို ရေခဲသေတ္တာလို့မှမထင်ကာ၊ အကြီးကြီးပဲ"

အပြစ်ရှိသူလို မဲ့တဲ့တဲ့လေးပြော၍ ကူးက ဆံပင်တွေ ဖွပစ်သည်။ ခေါင်ရိပ်က ကိုယ်တိုင်ပဲ ရေတစ်ဘူးထုတ်ယူပြီး ဖန်ခွက်ထဲ ထည့်ပေးလိုက်သည်။

ရေကျတော့လည်း သောက်ချလိုက်တာ တအား။

"ဘာမှမစားခဲ့ရသေးဘူးလား"

ကူးပုံစံလေးကိုကြည့်နေရင်း ဒေါသတွေအစား ဂရုဏာစိတ်တွေ ဖြစ်လာခဲ့မိသည်။ ဆာလို့စားတာကို သူ ဆူခဲ့မိသည်။ သောက်ချင်လို့ အော်တာကို ဒေါသဖြစ်ခဲ့၏။ ကူးက ရေဘူးကို ပြန်ကမ်းပေးကာ ...

"ဟင့်အင်း ကူးက ခရီးဝေးမှ မသွားဖူးတာ၊ ရထားက မရပ်တော့ ဖြစ်သလိုစီးလာရသေးတယ်။ တစ်လမ်းလုံး သစ်သီးတွေ ချည်းပဲစားခဲ့တာ"

"ဝမ်းတွေသွားကုန်တော့မှာပဲ"

သူပြောနေတုန်းမှာ ဒေါ်မိုးအသံ ထွက်ပေါ်လာ၏။

"ရိပ်ရေ မိန်းကလေးအတွက် မြီးရှည်လုပ်ထားပြီးပြီကွယ့် စားရပြီ"

"ဟင် ..."

ကူးမျက်နှာလေး ဝင်းလက်သွား၏။ ခေါင်ရိပ်က ခေါင်းခါ၍ ...

"အဲဒါ ထားလိုက်ဦး ဒေါ်မိုး"

ဟု လှမ်းအော်ပြောလိုက်သည်။ ပြီးတော့ မကျေမနပ် မော့ကြည့်သည့် ကူးကိုငုံ့ကြည့်၍ ခါးထောက်လိုက်သည်။





"မင်းဗိုက်ထဲမှ သစ်သီးတွေကော၊ ရေခဲရေတွေကော၊ ခဏနေမှပဲ စားတော့၊ လာခဲ့ မေးစရာရှိသေးတယ်"

သူ ကူးလက်ကလေးကိုဆွဲ၍ ထွက်လာခဲ့သည်။ စိတ်ဟာ ဘာဖြစ်မှန်း မသိပါ။ ရန်ကုန်မှာထက် ပို၍ရင်းနှီးနေသလိုပင်။

ဒါမှမဟုတ် ကူးပုံစံလေးကပဲ သူ့အပေါ်မှာ ရင်းနှီးစွာ ဆိုးနွဲ့နေခဲ့တာကြောင့်လား၊ ကူးကလည်း သူခေါ်လာသည့်အတိုင်းပဲ ပါလာကာ ...

"ဘာမေးဦးမလို့လဲ၊ ဆရာမေးတာတွေ ကူး မခံချင်တော့ဘူးသိလား"

"ဘာဖြစ်လို့လဲ"

"လူကို ဆရာလုပ်နေတာပဲ"

ဆိုဖာတွေနားမှာ သူရပ်လိုက်ပြီး ပြုံးမိသည်။ ပြီးတော့ ကူး ဆံပင်မှာ ငြိတွယ်နေသည့် လိမ္မော်သီးခွံလေးတွေကို ဖယ်ရှားပေးရင်း ...

"မင်းပဲ ဆရာလို့ခေါ်နေတာလေ၊ ဆရာဆိုတာ ဆရာလုပ်ရမှာပဲ"

ကူးက ချက်ချင်း နှုးညံ့သွားပြန်သည့် ခေါင်ရိပ် မျက်နှာကို မော့ကြည့်သည်။ တိုက်ပုံအင်္ကျီ ပုဆိုးကွက်စိပ်နှင့် ဘယ်အချိန်ကြည့်ကြည့် ခေါင်ရိပ် အသွင်သဏ္ဍာန်က ရိုးအီသွားသည်မရှိ။

ဒီယောကျ်ားကို ကူး နောက်ထပ် အရှုံးမပေးချင်တော့ပါ။ သူနှင့် ပတ်သက်သည့် မရိုးသားသော ဘယ်လိုတစ်စုံတစ်ရာကိုမှ နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်အမူအရာဖြင့်သော်လည်းကောင်း မသိသာ မပေါ်လွင်စေရ။

"ကဲ ဒီမှာထိုင်၊ စကားစမြည်ပြောပြီး ခဏကြာတော့မှ ထမင်းစားခန်းထဲဝင်စားပေါ့"

ခေါင်ရိပ် ကူးကို တစ်ယောက်ထိုင်လေးမှာ ထိုင်စေပြီး သူက နှစ်ယောက်ထိုင် ဆိုဖာစွန်းမှာ ထိုင်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မကွေးမှာ ဘယ်သူရှိလို့လဲ၊ ဆွေမျိုးလား"

"ဟင့်အင်း၊ သူငယ်ချင်း"

"ဒီလောက် အဝေးကြီးသွားတာကို သူငယ်ချင်းအားကိုးနဲ့ မင်း သွားရဲသလား၊ ဟိုမှာ သူမရှိရင် ဘယ်လိုလုပ်မလဲ"

"ဖုန်းဆက်ချိန်းပြီးပြီ"

ကူးမျက်နှာလေးကိုကြည့်ပြီး သူ ပြုံးလိုက်သည်။ ဒီကောင်မလေး ကို ဒီတစ်ခါပြန်တွေ့မှ ဘာဖြစ်လို့ စိတ်ထဲမှာ ရင်းနှီးနေခဲ့မှန်းမသိပါ။ ပြီးတော့ တကယ်ပဲ၊ ကိုယ့်ညီမလေးတစ်ယောက်ကို မြင်သလို သူ့မှာ စိတ်ပူရ၊ ဒေါသဖြစ်ရနှင့် ...

"ဘာသွားလုပ်မှာလဲ၊ ဘယ်လောက်ကြာအောင်နေမှာလဲ"

"အဲဒါ ကူး ဘယ်လိုဖြေရမလဲ"

"ဖြေချင်သလိုဖြေ၊ မညာနဲ့"

"ဖေဖေနဲ့စိတ်ဆိုးပြီး ထွက်ခဲ့တာ၊ အဆင်ပြေသလောက်နေမှာပေါ့"

"အဆင်ပြေသလောက်ဆိုတာက အဲဒီမှာ မင်းသူငယ်ချင်း ဘယ်နှစ် ယောက်ရှိလို့လဲ"

"ရှိတော့ရှိသေးတယ်၊ ဒါပေမယ့် တည်းခိုနေထိုင်လောက်တဲ့အထိ မရင်းနှီးပါဘူး။ ဒါပေမယ့် ကူးကလည်း ခဏပဲနေမှာပါ။ အစကတော့ ကူး ဘယ်ထွက်သွားပြီမှန်းမသိဘူးဆိုပြီး ဖေဖေ စိတ်ညစ်သွားရင်ပြီးရော"

"ကောင်းသားပဲ"

ခေါင်ရိပ်က ငေါ့သည်။ ကူးက စူပုပ်ပုပ်မော့ကြည့်၏။

"ပြောရင် နားထောင်မလား"

"ပြောကြည့်"

ကူးက လက်ကလေးကိုပိုက်ပြီး ခပ်တည်တည်လုပ်နေတော့ ခေါင်ရိပ် က ရယ်သည်။ သူကိုယ်သူ ဆရာကြီးလိုလိုရှပ်နှင့် ...





"မင်း ငါမိန်းမနဲ့တည့်အောင်နေမယ်ဆိုရင် ဒီမှာ ကြိုက်သလောက် နေလို့ရတယ်"

"ဟင် ...ဘာ ..."

ကူး ဆတ်ခနဲဖြစ်သွား၏။ ခေါင်ရိပ်က မေးဖျားကို ဟိုတက်ဒီတက် ခပ်ကြိတ်ကြိတ်လုပ်ခတ်စေလျက် ...

"ဟုတ်တယ်၊ ငါက မကြာခင် မင်္ဂလာဆောင်တော့မှာ ဆိုတော့ မင်း ဒီမှာနေမယ်ဆိုရင် ငါ့မိန်းမနဲ့ သင့်မြတ်မှဖြစ်မှာပေါ့"

"ဝေးသေးတယ်၊ ဟွန်း ဆရာ့ဆီမှာ နေခွင့်ရဖို့ကို မိန်းမသားချင်း ပေါင်တင်ခံစရာလား၊ ကိုယ့်သူငယ်ချင်းအိမ်မှာကိုယ် ကျွမ်းထိုးနေနေ အေးဆေးပဲ"

"မင်းသူငယ်ချင်းက တစ်ယောက်တည်းနေတာလား၊ သူ့မှာ အဖေတို့ အစ်ကိုမောင်တွေတို့ မရှိဘူးလား။ သူများမိသားစုထဲမှာ မင်းတကယ် လွတ်လပ်မှာတဲ့လား၊ မညာနဲ့နော်"

ကူး မျက်မှောင်ကြုတ်လေးနှင့် ငြိမ်ကျသွားသည်။ ခေါင်ရိပ်က နှုတ် ခမ်းမဖွင့်ဘဲ ပြုံး၏။

"ဒီမှာ မိန်းမချင်း ဘာမှဖြစ်ဖို့မရှိဘူး၊ ငါက မင်းရဲ့ဆရာပဲ"

"ဘာဆရာလဲ မဟုတ်ဘူး"

"ဟင် ...မဟုတ်တော့ဘူးလား"

"မဟုတ်ဘူး၊ အခုက စပြီး ဆရာလို့ မခေါ်တော့ဘူး"

"ခေါ်ကြည့်ပါဦး"

"ဦးခေါင်ရိပ်"

ခေါင်ရိပ်က အပြုံးမပျက်ဘဲ စိုက်ကြည့်၏။ ကူးက ပြန်ကြည့်ပြီး ခစ်ခနဲရယ်သည်။ အိမ်ကထွက်လာတယ်ဆိုပြီး ဘာမှလည်း ပူပင်သောက ရောက်နေပုံမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူတွေအလယ်မှာ သူသာရောက်မသွားလျှင် ကိုယ့်အိတ်ကို ပြန်ရဖို့ မသေချာသလို သူ ဘာဖြစ်သွားနိုင်သလဲဆိုတာ မတွေးမိဘူးလား။

နောက်ထပ် ခရီးစရိတ် ထုတ်ပေးလိုက်ပြီး လွှတ်လိုက်ဖို့လည်း သူစိတ်မချတော့ပေ။

ဒါဟာ ကိုယ်နှင့်ရင်းနှီးခဲ့ဖူးသည့် မိန်းကလေးမို့ စေတနာ သက်သက်နှင့်ပါ။

"ဘယ်လိုလဲနေမလား"

"မနေပါဘူး"

"မင်းကို ငါက ခရီးစရိတ် မပေးလိုက်နိုင်ဘူး"

"နေပေါ့။ ထမင်းဆိုင်တစ်ဆိုင်မှာ ပန်းကန်ဝင်ဆေးပြီး ဖြစ်သလို သွားနေမယ်"

"မင်းပုံစံနဲ့ အလုပ်ပြုတ်မှာပဲ"

"နောက်တစ်ဆိုင်ပေါ့"

စိတ်ထဲက ပါကြတာမဟုတ်ဘဲ ပြောရင်း ရယ်မိကြသည်။ စာသင်ပေးနေတုန်းကလိုမဟုတ်ဘဲ ခေါင်ရိပ်မျက်နှာက နုသစ်ရွှေ့နေသည်။

မည်မည်ရရ ဘာမှလည်းမပြောဖြစ်ကြဘဲ ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားခဲ့ကြတာ မယုံနိုင်စရာပင်။

"ဆရာ တကယ် လက်ထပ်တော့မှာလား"

"ဟုတ်တယ်၊ လက်ထပ်ဖို့ဖြစ်နေတာကြာပြီသူနဲ့ငါ ..."

ခေါင်ရိပ်မျက်နှာမှာ ကြည်နူးရိပ်များ ပျောက်ကွယ်ကုန်သည်။ မပြောချင်ပေမယ့် ပြောသင့်သလောက်တော့ ပြောပြလိုက်ရသည်။

"သူက ကိုယ့်သဘောအတိုင်းပါပဲလို့ လျှော့ပေးခဲ့တော့လဲ ငါတွေဝေနေခဲ့တယ်။ လူတွေ ဝေဖန်ကြသလို သူ တကယ် အလျှော့ပေးတာ မဟုတ်ဘူးဆိုရင် ..."





စကားက ရှေ့မဆက်တော့ပါ။ ဒါပေမယ့် ကူး နားလည်လိုက်သည်။ ထိုအမျိုးသမီးကိုလည်း မျက်လုံးထဲမှာ မြင်ယောင်မိသည်။

ရန်ကုန်မှာ ကူးနှင့်ဆုံမိစဉ် 'ဆရာ့တိုက်ပုံအင်္ကျီ လာပေးတာပါ' ဆိုလို့ ပြုံးပြဖြစ်သွားသည့် မျက်နှာမှာ သဝန်တိုလောဘတွေနှင့်ဖြစ်၏။

တကယ်ဆို အဲဒါ လောဘတွေများလွန်းလို့ဖြစ်မှာ ...

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

နာရီကိုကြည့်တော့ ညဉ့်ဆယ်နာရီတိတိ။ လက်ကိုင်ဖုန်းကိုင်တဲ့ အကျင့်လည်း သူ့မှာမရှိပေ။ ဖုန်းတော့ထားပြီး ဘဘဓောကိုပဲ ပေးထား လိုက်တော့ သူ့လက်ထဲမှာ ဘယ်တော့မှ ဖုန်းမရှိဘဲဖြစ်သွား၏။

ရုပ်သွင်တစ်ယောက် ဘယ်လောက်မျှော်နေရှာမည်မသိ၊ ညနေက ဖုန်းဆက်ပြီး ဘူတာကနေပြန်သွားသည့်ကိစ္စကို မေးသေးသည်၊ ဒါတောင် သူ ညှော်သည်နှင့်တွေ့ပြီး ပြန်ခဲ့ရသည့်အကြောင်းပြောတော့ စိတ်ေ ကောက်ရှာပါ၏။

"ညကျရင်တော့ ဆက်ဆက်လာနော် ရိပ်။ မာမီတို့ဆီမှာ တခြား မိတ်ဆွေအများကြီးနဲ့ သိုက်သိုက်ဝန်းဝန်းလုပ်မှာ မဟုတ်ဘူး။ အစုက သူငယ်ချင်းအိမ်မှာဆိုတော့ အဲဒီက မိသားစုနဲ့ သွင်၊ သူငယ်ချင်းနှစ်ယောက် သုံးယောက်ပဲ။ ရိပ်နဲ့ဆို တစ်ဝိုင်းစာလောက်ပဲရှိမှာ။ ဦးလေးလည်း လာ မယ်ထင်တယ်၊ ဘူတာမှာ သွားတွေ့တဲ့ကိစ္စ အဆင်ပြေတယ် သိလား၊ မာမီ တို့နဲ့ ပြေလည်အောင် ကူညီမယ်တဲ့"





ရုပ်သွင်ပြောသမျှကို စဉ်းစားမိရင်း တံခါးကို ကိုယ့်ဟာကိုယ် သော့ ဖွင့်ဝင်ခဲ့လိုက်သည်။ သွင် လာစရာရှိလို့ အပြန်နောက်ကျတိုင်း အိမ်က တစ်ယောက်ယောက် ဒုက္ခရောက်မှာစိုး၍ သော့အမြဲယူသွားတတ်တဲ့ အကျင့်ပဲ ဖြစ်၏။

အန်တီချော အိမ်က ပြန်လာသည့်တောက်လျှောက်မှာ ရုပ်သွင် ချက်နှာကိုပဲ မြင်ယောင်ကာ နောက်နေ့ဘယ်လို ရှင်းပြချော့မော့ရမည် ကို စဉ်းစားရင်း ခေါင်းတွေပင်ပူလာသည်။ ထိုစဉ် အထဲဝင်လိုက်သည်နှင့် ညှိခန်းမီးကို ဖွင့်လိုက်တော့ ...

"ဟင် ..."

ဆိုဖာပေါ်မှာ ကူးက ခွေခွေခေါက်ခေါက်လေး။ နေ့လယ်က စား သောက်ပြီး အိပ်ချင်သည်ဟုဆိုကာ သူ့အတွက် ပြင်ပေးထားသည့် အခန်းထဲ ဝင်အိပ်နေသည်။

ခရီးပန်းလာလို့ထင်သည်။ ညနေ အန်တီချောတို့ အိမ်သွားခါနီးမှ ကူး နိုးလာတာတွေ့၏။

"ဒီနေ့တော့ အချိန်မရှိတော့ဘူး၊ မင်း မေမေ့အခန်းထဲက အဆင်ပြေ တာတစ်ခုခု ယူဝတ်လိုက်တော့၊ နောက်နေ့ကျတော့ အဝတ်အစားလေး ဘာလေးဝယ်ပေါ့"

ရေချိုးပြီး လဲစရာမရှိမှာစိုးလို့ သူမှာခဲ့သေးသည်။ အခု မြင်လိုက် တော့ ကူး ကိုယ်ပေါ်မှာ သူ့ရုပ်အင်္ကျီအဖြူနှင့် ညဝတ် ဘောင်းဘီပွပွ ကြီးရယ်။

ကြည့်စမ်း ဒီကောင်မလေး၊ မျက်နှာလည်းပူသွားသည်။ ဒေါသ ဖြစ်တာလားဆိုတော့လည်း မဟုတ်။

"ဟော့ ...ကူး ...စိတ်ကူးရင့် ထစမ်း"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးလေးနှစ်ဖက်ထပ်၍ ခေါင်းအုံးရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပုံရပေမယ့် သိပ်ကြာကြာ မန္တးလိုက်ရဘဲ ကူး ချက်ချင်း ထထိုင်သည်။

"ဆရာ ..."

"အခန်းထဲဝင်မအိပ်ဘဲ ဒီမှာ ဘာလုပ်နေတာလဲ"

"အိပ်မှမအိပ်ရဲတာ"

ကူးက မျက်လုံးတွေကို လက်ခုံနှင့်ပွတ်လိုက်၊ လက်ဝါးနှင့်ဖိလိုက် အိပ်ချင်မပြေ။

"ဘာဖြစ်လို့ မအိပ်ရဲတာလဲ။ မီးဖွင့်အိပ်တတ်ရင် ဖွင့်အိပ်ပေါ့ အကျႌ တွေကကော ဒါတွေ ဘာလို့ယူမဝတ်ရတာလဲကွ၊ မေမေ့အကျႌတွေ ..."

"အို ...မဝတ်ရဲပါဘူး"

"လာပြန်ပြီ"

မင်းကြောက်တတ်ဆိုတာ အံ့ဩစရာပါလားလို့ ပြောလိုက်ချင် သေးသည်။

ကူးက မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် တစ်အိမ်လုံး ဝေ့ကြည့်၍ ဆံပင်တွေဖွပစ်သည်။

"ဆရာက ဘာဖြစ်လို့ ကူးတစ်ယောက်တည်းထားပြီး ည နက်သန်းခေါင် ထွက်သွားတာလဲ၊ ခေါ်မိုးကလဲ ဒီမှာ ညမအိပ်ဘူးတဲ့၊ သူ အပြင်မှာနေတာဆို၊ မိုးလင်းမှ လာတာတဲ့"

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"ဦးစောဆိုတဲ့ ဘဘကြီးနဲ့ ကူးနဲ့ နှစ်ယောက်တည်း ..."

ကလေးဆိုးလေးလိုပြောပုံက နှစ်ယောက်တည်း၊ သူ ကူးရဲ့ ကိုလည်း ထုပစ်လိုက်ချင်၏။ ရယ်လည်း ရယ်ချင်သည်။

"ဘဘစောကို မင်းကကြောက်တယ် ဟုတ်လား"





"ဟုတ်တယ်"

"ဘဘစောက ဒီအိမ်မှာ ဆယ့်ငါးနှစ်သားကတည်းက ဖေဖေ့ကို ိုးထိန်းကျောင်းလာခဲ့တာ၊ ခုလဲ ငါ့ကို ထိန်းနေဆဲပဲ။ သူက စကားလဲ ပြောတတ်ဘူး၊ သစ္စာလဲရှိတယ်၊ ခုချိန်ထိ လုံးဝအိမ်ထောင်မပြုခဲ့ဘူး"

"ဟင် ..."

ကူး ဆိုဖာမှာ လက်နှစ်ဖက်ထောက်လျက် ဆတ်ခနဲ မတ်သွား ည်။ ပုံစံက ပိုကြောက်သွားသလိုမျိုး။

"လူပျိုကြီး ဟုတ်လား၊ အမယ်လေး ကြီးကြီးစု ပြောဖူးတယ်၊ ာကျိုးတွေက ဘယ်ဟာဆုပ်လို့မရမှ စိတ်လျှော့တယ်ဆိုလား"

"ဖွဲတစ်ဆုပ်ပါကွာ၊ မပြောတတ်ဘဲနဲ့"

ခေါင်ရိုပ် ရယ်လိုက်ရင်း တိုက်ပုံအကျႌကို ချွတ်သည်။ ကူးက ားမှားသွားသဖြင့် ပြုံးစိစိလေးနှင့် ...

"ဘာဖြစ်ဖြစ် ဆရာ နားလည်ရင် ပြီးတာပဲ။ သူ့ဟာသူ သစ္စာရှိတာ ဘာ မဆိုင်ဘူး။ တိုက်ကြီးထဲမှာ နှစ်ယောက်တည်း ကူး မအိပ်ရဲပါဘူး၊ ဘ်ကွယ်ရာဆိုတာက ..."

"ငါ့ကိုကျတော့ မင်းက ဂန့်ဒူးလို့ သဘောထားလိုက်သလား"

"အို ...ဘာဆိုင်လို့လဲ"

"ငါလဲ ယောကျ်ားပဲလေ၊ မကြောက်ဘူးလား"

"ဟင့်အင်း"

ကူးက ဆံပင်တွေပါသွားသည်အထိ ခေါင်းခါသည်၊ မရဲတရဲ မဟုတ်ဘဲ န်လေးတွေကပါ ရှုးရှုးရဲရဲနှင့် ယုံကြည်စွာ ...

"ယောကျ်ားပေမယ့် မကြောက်ပါဘူး၊ ဆရာ အဲဒီလိုမဟုတ်ဘူး ာ သိပြီးသား"

ခေါင်ရိုပ်က တိုက်ပုံအကျႌကို ဆိုဖာနောက်မှာ မှီတင်လိုက်ပြီး ရတစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး သွားယူလေသည်။

"ကူးလဲသောက်မယ်"

ဘူးအဖုံးဖွင့်နေတုန်း ကူးက ဆွဲယူလိုက်ပြီး မော့သောက်သည် ညဘက်မှာ ဖြူစင်ဝင်းနှစ်နေသည့် လည်တိုင်ရှင်းရှင်းလေးကို ေ လျက် စိုရဲသောနှုတ်ခမ်းသားလေးတွေ ဖွင့်ဟနေပုံကြောင့် ခေါင်း ဖျက်ခနဲ မျက်နှာလွှဲပစ်မိသည်။

ကူးပြောသည့် ဆိတ်ကွယ်ရာဆိုတာမျိုးကြောင့်လား၊ ရင်ထဲ နွေးခနဲ ရှိန်းမြသွား၏။ ဤသို့ သူတစ်ခါမှ မခံစားခဲ့ဖူးပါ။

ရုပ်သွင်နှင့် ခရီးအတူသွားဖြစ်ခဲ့သည်။ ညဘက် အပြန်နောက် ကာ ခုလိုပဲ ကိုယ့်အိမ်ထဲမှာ ရေသောက်၊ မုန့်စား အေးဆေးထိုင်ပြ ရုပ်သွင်က ပြန်သည်။

ဒီလို ညဥ့်နက်နက်မဟုတ်ပေမယ့် ဘာဘာစောကလည်း ခေါ် ထောင်ကြည့်ခဲ့သူ မဟုတ်ပေ။ သူနှင့်ရုပ်သွင် ဒီလို နှစ်ယောက်တ ပါပဲ။

ပြောရမယ်ဆိုလျှင် ဒီနေ့ထိ ရုပ်သွင်၏ ပါးကလေးတစ်ဖက် သူနမ်းခဲ့ဖူးပါသည်။ ယောကျ်ားပီသဖို့ စောင့်ထိန်းဖို့ လူကြီးတွေက ဆ လွန်းလို့ထင်သည်။

ရုပ်သွင်ကို သူနှစ်ယောက်တည်းတွေ့ဖို့ လူရှင်းသူရှင်းနေရာဆို မျိုးလည်း တစ်ခါမှ မချိန်းခဲ့ဖူးပေ။

လက်ကိုင် ပန်းဖက် ဆိုတာလောက်တောင်မှ ထိဖို့ကိုင်ဖို့ ရှိ အောင် အခြေအနေဖြစ်လာမှ၊ အခွင့်အရေးယူရုံ သက်သက်ဖြင့် သူ ေ တကာ ထိကိုင်တွဲသွားနေခဲ့တာ မရှိခဲ့ပါ။

ကူးနှင့်ကျတော့ မထင်မှတ်ဘဲ ရင်းနှီးနေခဲ့သည်။ ဖြစ်လာ အခြေအနေက တစ်မိုးအောက်တည်းမှာ အတူနေဖို့အထိ ...။





"ရော့လေ ဆရာ၊ ကူးက နှုတ်ခမ်းနဲ့ကပ်မသောက်ပါဘူး"

ရေဘူး ပြန်ကမ်းပေးတော့ မယူဘဲ သူယောင်နနဖြစ်နေသေး သည်။

"ကူး ရေဘူးလဲပေးမယ်"

သူ မယူဘူးထင်ပြီး ကူးက ရေခဲသေတ္တာဘက်လှည့်လိုက်၏။

"ရတယ် ပေး"

"ဒုတ်"

"အယ်"

ခေါင်ရိုပ်က ရေဘူးကိုကိုင်သည့် ကူးလက်ကိုဆွဲလိုက်သဖြင့် ရေဘူး နှစ်ယောက်ကြားထဲမှာ ဒုတ်ခနဲ ပြုတ်ကျလေသည်။

ရေတွေ ကြမ်းခင်းပေါ် စိုကုန်မှာစိုးကာ ကူး ကမန်းကတန်း ထိုင် လိုက်၏။ ခေါင်ရိပ်လည်း ဒီလိုပဲဖြစ်သည်။ နှစ်ယောက် ပြိုင်တူထိုင် မိကြပြီး နဖူးနဲ့မေးဖျားပင် တိုက်သွားပြန်သည်။

"အား"

"ကူး ..."

အရှိန်ကမသေး။ ကူး နဖူးလေးကိုအုပ်ကာ ဖင်ထိုင်လျက် လေး သွားရှာသည်။

သူလည်း ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။ မေးဖျားကို ဆောင့်မိ သွားချင်းရိုက်လျက် ခေါင်းတွေမူးနောက်သွား၏။

သို့သော် မိန်းကလေးမို့ ပိုနာလိမ့်မည်။

သူ ကိုယ့်ဒဏ်ရာကို သတိမထားနိုင်ဘဲ ကူးဘေးကို ရောက်သွားပြီး တကြီး ဆွဲထူလိုက်၏။

"ကူး တော်တော်နာသွားလား"

"နာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကူး မျက်ရည်တွေ မျက်ဝန်းမှာ ဝိုင်းနေ၏။ ဖိအုပ်ထားသည့် လက် လေးကို ဆွဲဖယ်လိုက်တော့ နဖူးပြင်မှာ နီရဲနေရှာသည်။

တစ်ဖက်သို့ လိမ့်ထွက်သွားသည့် ရေဘူးကလည်း ရေတွေ ပါသမျှ သွန်ထုတ်ပစ်ဖို့ တာဝန်ပြီးမှ ငြိမ်သက်ရပ်တန့်သွားခဲ့၏။

“ဆောရီးကွာ၊ စိတ်က ရေဘူးကိုပဲ လုံးဝရောက်သွားတာ”

“ကူးလဲ ရေစိုကုန်မှာစိုးလို့ပဲ ရတယ်”

ကူးက သူ့လက်ဝါးနဲ့ ပွတ်သပ်ပေးနေသည့် အဖြစ်ကြောင့် အ ခက်ကာ လက်ကိုဖယ်ချလိုက်ပြီး ထရပ်လိုက်၏။

ထိုစဉ်မှာ အပြစ်ရှိတာ ကူးပါပဲ။ ကမန်းကတန်းဖြစ်သွားသ ကိုယ့်ကိုယ်ကို သတိမထားလိုက်နိုင်ခင် ခေါင်ရိပ်ရင်ခွင်ထဲ ယိမ်းကျ ၏။

မျက်နှာနှစ်ခု ထိကပ်လျက် နှစ်ယောက်သား ထပ်လျက် ပြန် လေသည်။

နွေးအိနူးညံ့သော မိန်းမတစ်ယောက်၏ တစ်ကိုယ်လုံးကို ဝ ဆုံး သိမ်းကျုံးဖက်ထားလျက်နှင့် ခေါင်ရိပ် ကိုယ့်ကိုယ်ကို ဘာတွေ ကုန်မှန်းပင် မသိတော့ ...”

“ဆရာ လွှတ် . . . လွှတ်လေ”

ကူး သူ့လက်တွေကို အတင်းဖြုတ်ချဖယ်ပစ်ပြီး ထွက်ပြေးသွ သတိရသည်။

ရင်ဘတ်ထဲမှာ အသည်းတွေနှလုံးတွေ ကမြောက်ကမြန် ဖြစ်ကျ လားမသိ။

နေရာတွင် တစ်ယောက်တည်း ရပ်ကျန်ခဲ့ရင်း ရင်ခုန်သံတွေ ဆုံးမရခက်နေသည်။ အဓိပ္ပာယ်မရှိတာ၊ ကိုယ့်ကိုယ်ကို ဒေါသဖြစ် မိသည်။





ကူးကို မင်း ဘာဖြစ်လို့ ဖက်ထားခဲ့တာလဲ၊ မင်း အဲဒီလို ယောကျ်ား မျိုးလား။ ဘယ်လိုမှကို တွေးမရနိုင်၊ ကိုယ့်ချစ်သူ အပေါ်မှာတောင် သူ့ စိတ်က အလွန်တည်ငြိမ်နေခဲ့သည်ပဲ။

ငါဟာ ဧသွးဆူလွယ်တဲ့ယောကျ်ားလား အထပ်ထပ် ပြန်မေးမိ သည်။

သူ ဘယ်တုန်းကမှ ဒီလိုမဟုတ်ခဲ့ပါ။ ကူး ဘယ်လိုထင်သွားပြီလဲ။ ဆရာ့ကိုယုံတယ်လို့ စောစောကပဲ ပြောသွားခဲ့သည်။

အခု သူက ...

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ခြံရှေ့ကို လှမ်းမြင်ရသည့်အနေရာလောက်မှာပဲ မိန်းကလေး တစ်ယောက်ကို ဒေါ်ချောဇင် မြင်လိုက်၏။ ရုပ်အင်္ကျီလက်ရှည်အဖြူကို ကတ္တီပါအဝါပွင့်ထဘီနှင့် တွဲဝတ်ထားသည်။

ဆံပင် ခပ်ပါးပါးပျော့ပျော့လေးတွေက ပခုံးလောက်ပဲရှိသည်၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်လေးကို အဝေးကနေ မြင်နေရ၏။

ခြံရှေ့မှာကျကျနန လက်ပိုက်ရပ်လျက် 'ငှက်မနား' စံအိမ်ဟု ရေးထားသည့်ဆိုင်းဘုတ်ကိုပဲ မော့ကြည့်နေသလား၊ ခြံထဲကိုပဲ တစ်ခုခု ရှာဖွေနေသလားမသိ။

မျက်လုံးက ထိုမိန်းကလေးဆီရောက်ကာ ဒေါ်ချောဇင် သတိ တစ်ချက်လစ်သွားစဉ် ...

"ဒေါင် ...ဗျစ်"

"အမယ်လေး ...ကုန်ပြီ ...ကုန်ပါပြီ"

"ဟင် ..."

တစ်ခုခုကို တက်ကြိတ်မိပြီမှန်းသိလိုက်တော့ အားလုံးက လွန် သွားပြီဖြစ်၏။ လမ်းဘေးချုံထဲမှာ ဘာဝင်လုပ်နေမှန်းမသိသော အသက်





သုံးဆယ်ခန့်လူတစ်ယောက်က အော်ကြီးဟစ်ကျယ် ပြေးလာသည်။ ဒေါ်ချောဇင် ကားရပ်လိုက်ရ၏။

တစ်ခါတလေလဲ ကိုယ်တိုင် မောင်းလာမိပါသည်။ တစ်ခါ ပြဿနာ ဖြစ်ရသည်က စိတ်ပျက်ဖွယ်ပင်။

"အန်တီ ...အန်တီ့ ခင်ဗျား ဆင်းပါဦး၊ ဒီမှာ ကျူပ်ပစ္စည်းတွေကုန်ပြီ အားလုံးကုန်ပြီ"

ပစ္စည်းတွေကို ပြောမကောက်ဘဲ ထိုလူက ကားနောက် ပြေးလာ ပြီး ရပ်လိုက်သည့်ကားကို ဘေးကနေ ရိုက်ပုတ်ခေါ်သည်။

"အေးပါ၊ ငါဆင်းမလို့ဘဲ၊ ဖယ် ဖယ်"

တံခါးကိုဖွင့်လို့ရအောင် ထိုသူကိုဖယ်ခိုင်းပြီး ဒေါ်ချောဇင် ကား ပေါ်က ဆင်းလိုက်သည်။ နောက်မှာ ကျန်ခဲ့သည့်အရာကို ကြည့်လိုက် တော့ ကြေတွေကွဲကျကြေမွနေသော သံလင်ပန်းတစ်ချပ်နှင့် ကော်ပြန့် ကြော် ဆယ်ခုလောက်က ဘေးမှာ ပြန့်ကျဲနေသည်။

ပြီးတော့ ကားဘီးရာထင်နေသည့် ပလာတာအထပ် တစ်ထပ်နှင့် ဘေးမှာ မှောက်နေသော သကြားတစ်ဘူး။ ထို့နောက် အနီရောင် အရည်ပျစ်ပျစ်တွေနှင့် အချဉ်ရည်ဘူး ထင်သည်။

"ကြည့်ဦး ကုန်ပြီ၊ ဘာမှကို မရောင်းရသေးဘူး၊ အားလုံးကုန်ပြီ၊ လင်ဗန်းလဲသွားပြီ။ အဲဒါ ခင်ဗျားလျော်ပေး"

"အေးလေ၊ ငါ့ကားနဲ့ကြိတ်မိတာ ငါလျော်ပါ့မယ်၊ အဲဒါနဲ့ မင်းက ဗန်းကို လမ်းပေါ်မှာထားပြီး ချုံထဲဘာဝင်လုပ်နေတာတုံး"

"ချုံထဲဝင်နေမှတော့–အပေါ့အပါးသွားတာပေါ့ဗျ၊ ဘာဖြစ်ဖြစ် ခင်ဗျား အတိအကျ ပြန်လျော်ပေးရမှာပဲ"

ဒေါ်ချောဇင်က မျက်နှာတစ်ချက်မဲ့လျက် ခေါင်းညိတ်လိုက်သည်။ အရူးသည်ပုံစံကြည့်ရတာ ယောကျ်ားတန်မယ့် ရန်တွေ့ကောင်းပုံလည်း



www.burmeseclassic.com

www.burmeseclassic.com



ရသည်မို့ စကားများများ မပြောချင်တော့ပေ။

"ကဲ ကဲ မင်းပစ္စည်း ဘယ်လောက်ဖိုးရှိလဲ ပြော"

"တွက်ရဦးမယ်"

ဟု ပြောကာ ဈေးသည်ယောကျ်ားက မုန့်တွေကို လက်ညှိုးထိုး၍ အကြာကြီး တွက်ချက်နေသည်။ ဒူးထောက်ထိုင်နေရာကနေ ထရပ်လိုက်ပြီး ...

"မုန့်တွေကတော့ ငါးသောင်းပဲပေးပါ။ လင်မန်းနဲ့ ဘူးဖိုး၊ ခွက်ဖိုးကို တစ်သောင်းခွဲပေး၊ အားလုံး ခြောက်သောင်းခွဲ"

"ဟုတ်လား တော်ပြီလား"

"ဟင် ..."

ဈေးသည် ဟင်ခနဲ အသံထွက်လျက် လှည့်ကြည့်သည်။ ဒေါ်ချောခင်သည်း အနားမှာ လူရှိတာကို အသံကြားမှ သတိထားမိ၍ လှည့်ကြည့်မိ၏။

သူမ လှမ်းမြင်လိုက်တော့ 'ဂုဏ်မနား' ရှေ့မှာ ရပ်နေသည့် ကောင်လေး။ မျက်ခုံးတန်းသွယ်သွယ်လေးနှင့် သူမက စောစောက ဈေးသည် လို... လင်မန်းနှင့် အကြော်တွေနားမှာ ဆောင့်ကြည့်ထိုင်ချလိုက်ပြီး –

"ဒါ ငါးသောင်းဖိုးလား"

မော့လာသည့်မျက်နှာလေးက အထင်မြင်သေးသော မဲ့ပြုံးတို့နှင့် –

"အကောင်းကျန်တဲ့ကော်ပြန့်က ကိုးခုပဲရှိတယ်၊ ကားကြိတ်မိတာ ဒီမှာ အလွန်ဆုံး ငါးခုပေါ့"

"ကားကြိတ်ထားတဲ့ပစ္စည်းကို ဘယ်လိုလုပ် အတိအကျတွက်လဲ၊ ကိုယ့်လမ်းကိုယ်သွား ဝင်မရှုပ်နဲ့"

ဈေးသည်က အော်ကြီးဟစ်ကျယ် ထပြောသည်။ သူမက ဆတ်ခနဲ လှည့်ကြည့်ပြီး ခေါင်းညိတ်သည်။





"ဟုတ်ပြီ ခဏနေဦး"

ပစ္စည်းတွေကို ပြန်ငုံ့ကြည့်သည်။ နောက်ထပ် ပလာတာတွေကို ထပ်၍တွက်ကာ ...

"ဒီမှာနော် ပလာတာက ပုံပျက်ပေမယ့် အထပ်လိုက်ရှိသေးတာ ရေလို့ရတယ်၊ အားလုံး ဆယ်ခု"

ပြောပြီး ကော်ပြန့်ကြော်သုံးလေးခုကို စုယူချကာ သကြားဘူးနှင့် ထုချေပစ်၏။

"ကြေနေတာ ခန့်မှန်းလို့မရရင် အဲဒီလိုလုပ်လိုက်တော့ ရသွားတာပေါ့။ တွေ့လား ကြေကုန်တာ လေးခုစာလောက် ပဲရှိတယ်နော်"

ပြောပြီး နေရာမှ ထရပ်လိုက်ကာ ...

"ကော်ပြန့်ကြော်ဆယ်သုံးခုနဲ့ ပလာတာဆယ်ခု ဘယ်လောက်ရှိမှာလဲ၊ ဒါမစားဖူးတဲ့ပစ္စည်းတွေမှ မဟုတ်တာ၊ အားလုံးပေါင်းမှ အလွန်ဆုံး တစ်သောင်းမကျော်ဘူး၊ သေချာအတိအကျဆိုရင် ခြောက်ထောင် ခုနစ်ထောင်ပဲရှိမယ်၊ ဒါတောင် တွက်တဲ့အဖြေ မဟုတ်သေးဘူးနော်"

ဈေးသည်မျက်နှာက ညိုညစ်ညစ်ကနေ ကြေးနီရောင်သမ်းလာသည်။ ဒေါသနှင့်သူ မရှုနိုင်မကယ်နိုင် ဖြစ်လာပုံရ၏။ ဒေါ်ချောခင်ကတော့ ဘာမှဝင်မပြောပါ။

ခုမှ သေချာမြင်ဖူးပေမယ့် ထိုမိန်းကလေးကိုပဲ သဘောကျစွာ ကြည့်နေခဲ့မိ၏။ အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်လေးနှင့် ဆံပင်က ရှည်သည်၊ ရုပ်အင်္ကျီပွပွက လူငယ်စတိုင်လ် တမင်ဝတ်ထားတာဖြစ်မည်။

မရိုင်းမယဉ်လေးနှင့် ကြည့်ကောင်းနေသည်။

သူမပုံစံလေးက လူစွာဝင်လုပ်ချင်တာမျိုးလည်း မဟုတ်၊ ဈေးသည် လက်သီးဆုပ် ပြူးပြဲပြဲနေတာကိုလည်း ထိတ်လန့်သည့်ပုံမရှိ။

"ကော်ဘူးတစ်ဘူးမှ အလွန်ဆုံးပေးရရင် လေး၊ ငါးရာပေါ့၊ ကြေ



www.burmeseclassic.com

www.burmeseclassic.com



ရည်သုတ်လင်ပန်းတစ်ချပ်ကို တစ်သောင်းကျော် ပေးရတာလဲ မကြားဖူးပါဘူး၊ ထမင်းအုပ်နဲ့ လေးဆင့်ချိုင့်ကြီးတစ်လုံး သွားဝယ်တာတောင် တစ်သောင်း တစ်သောင်းမကျော်ဘူး။ ကူးကိုယ်တိုင် ဝယ်လာတာ၊ ရှင့် လင်ပန်း အပွင့်မပါ အရောင်မပါနဲ့ တစ်သောင်းကျော်တောင်းလိုက်တာ မလွန်ဘူးလား"

ပြောနေရင်း ကူးက မျက်နှာလေးကို တင်းပစ်သည်။ မြို့ကြီးပြကြီးမှာပဲ လူလိမ်လူကောက်မျိုးစုံနေတယ်မှတ်သည်။ နေရာတိုင်းမှာ ရှိနေပါလား။

"သကြားဖိုးတွေ အချဉ်ရည်ဖိုးတွေ အားလုံးတွက်တယ် ပဲထားပါဦး တော်ရုံတန်ရုံ ကိုယ်ရင်းထားတဲ့ဟာ ပြန်ရရင် တော်ရောပေါ့၊ ရှင်လဲ ရောင်းချပြီး ပြန်လာတာ အိတ်လဲ ဖောင်းနေပြီ"

ကူး မျက်လုံးဝေ့လိုက်တော့ ဈေးသည် မျက်နှာပျက်သွားသည်။ ဘာကိုပြောလိုက်မှန်း သတိရသည်နှင့် ပိုက်ဆံတွေ ထည့်ထားပုံရသည့် သွှရုပ်အကျီအိတ်ကို ကမန်းကတန်း ဖိပိတ်ပစ်လိုက်သည်။ ဒေါ်ချောဇင်က ဘေးကနေ ပြုံးနေသည်။

"ပြန်ကျန်လာတဲ့ပစ္စည်းတွေ မဟုတ်ဘူးလား၊ အိမ်မှာစားဖို့ပဲ ဖြစ်ဖြစ် လွှင့်ပစ်ခဲ့မှာဖြစ်ဖြစ် ရှင့်အတွက် တစ်ခုခုထဲကနေ မပင်ပန်းဘဲ သူ့အတွက် ကျအတိုင်း အလျော်ရရင် ကျေနပ်ဖို့ ကောင်းတာပေါ့၊ ဘာဖြစ်လို့ လောဘကြီးနေတာလဲ"

"လောဘကြီးကြီး မကြီးကြီး နင်နဲ့ဘာဆိုင်သလဲ၊ ငါက နင့်ဆီက တောင်းနေတာလား၊ ပစ္စည်းတစ်ခု ကိုယ့်ကြောင့် ပျက်စီးသွားရင် အဟောင်းလဲ အသစ်ဝယ်ပေးရမှာပဲ၊ အကျိုးကို အကောင်းပြောလဲ ပြောတဲ့အတိုင်း ပေးရမှာပဲ"

"ပေါ်တင်ကြီးပါလား"





"ဟုတ်တယ်၊ ယာဉ်ကြီးနဲ့ယာဉ်ငယ် ပြဿနာဖြစ်ရင် ယာဉ်ကြီးက အပြစ်ကြီးတာ၊ ပြီးတော့ အခုက သက်သက်ကြီး ဝင်ကြိတ်ပစ်လိုက်တာလေ"

"သက်သက်ဝင်ကြိတ်ရအောင် ဒါက ရှင်တို့အိမ်က ထမင်းစားခန်းမှ မဟုတ်တာ၊ လမ်းမပေါ်မှာလေ၊ မျက်လုံးမကောင်းရင် ပါဝါလေး ဘာလေး သုံးကြည့်ဦး၊ ကားဘီးရာလမ်းကြောင်းပေါ် တမင်တကာ ချထားတာကို ဟွန်း ..."

ကူး စကားလုံးတွေ ပျော့ပျောင်းလို့မရတော့ပါ။ လာကြည့်ခဲ့တုန်းကတော့ ဘာတွေဖြစ်ကုန်တာလဲဆိုပြီး စပ်စုတတ်တဲ့ ဝါသနာလေးကြောင့်ဖြစ်သည်။

မြင်လိုက်ရတာက မတရားသဖြင့် ...

"ရန်ကုန်မှာဆို ဒါမျိုးတွေလုပ်စားနေကြတာ တစ်ပုံကြီးပဲ၊ ဒါပေမယ့် ရှင့်လိုတော့ မသိသာဘူး၊ ဒီလို အိုးနင်းခွက်နင်း ပညာမစုဘဲ လုပ်စားရင် ဟန်ဆောင်လိမ်လည်မှုနဲ့ ထောင်ပါချပစ်လို့ရတယ်။ လူလိမ်တွေကို အထင်မသေးနဲ့ ရှင့်ထက် အများကြီး မှင်မောင်းကောင်းတယ်"

"ဟုတ်တယ်၊ မှင်မောင်းကောင်းပေမယ့် ပျက်စီးတဲ့သူနဲ့ ဖျက်ဆီးတဲ့သူ ငါပြောတဲ့အတိုင်း သူပေးရမှာပဲ၊ အန်တီပေးဗျာ ကြာတယ်"

ကူးကို မနိုင်တော့ ဈေးသည်က ကူးလို အရစ်ရှည်ချင် ပုံမရသော ဒေါ်ချောဇင်ဘက်ကို လှည့်သွား၏။

ကူးက ခေါင်းခါပြလိုက်ပြီး ဒေါ်ချောဇင် ပိုက်ဆံအိတ် ကိုင်ထားသည့်လက်ကို ဆွဲထားလိုက်သည်။ ထိုအခါကျမှ ကူးနှင့်ဒေါ်ချောဇင် မျက်လုံးချင်းဆုံမိကြကာ ....

"မပေးနဲ့ အန်တီ၊ ခြောက်သောင်းခွဲကြီး ပေးစရာလား၊ ပေါ်တင်ကြီး လာညှစ်နေတာ၊ ပိုပိုမိုမို နှစ်သောင်းပဲ ပေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ....ဘယ်ရမလဲ မရဘူး"

ထိုစဉ် ခြံထဲကမောင်းထွက်လာသည့် ခေါင်ရိုပ်၏ကားက ခပ်လှမ်းလှမ်းမှာ ရပ်သွား၏။

"ဘာတွေဖြစ်နေတာလဲ"

ဟု တစ်ယောက်တည်း ရေရွတ်ရင်း ကားပေါ်ကနေ ဆင်း လိုက်သည်။ ပထမက သူ ကူးကိုပဲမြင်သည်။ ဒီကောင်မလေး ဘာပြဿနာ ရှာပြန်ပြီလဲ။

စိုးရိမ်စိတ်နဲ့ ဆင်းထွက်လိုက်ကာမှ ကူးရဲ့ဘေးမှာ ဒေါ်ချောဇင် ကို မြင်လိုက်တာဖြစ်သည်။

"ဒီမှာ ရှင် အဲဒီလင်ပန်းကိုကောက်ပြီး ကြိုက်တဲ့နေရာ သွားတိုင် ခြောက်သောင်းခွဲ လုံးဝမရဘူး။ လူတွေကိုများ အချဉ်မှတ်လို့ ဟွန်း"

"ကူး . . .မင်း ဘာဖြစ်နေတာလဲ၊ အန်တီချော . . ."

"ရိုပ်"

အန်တီချောဟုခေါ်သံနှင့် "ရိုပ်" ဆိုတာကို ကြားလိုက်ကာ ကူးက ရောက်လာသည့်ခေါင်ရိုပ်နှင့် အနားက အမျိုးသမီးကြီးကို တစ်လှည့် စီကြည့်သည်။

ဒေါ်ချောဇင်ကလည်း ခေါင်ရိုပ် 'ကူး' လို့ ခေါ်လိုက်တာကို ကြား လိုက်သည်။ ကူးနှင့်ဒေါ်ချောဇင် တစ်ယောက်ကို တစ်ယောက် ကြည့် လိုက်မိကြ၏။

ဈေးသည်ကလည်း ခေါင်ရိုပ်ကိုမြင်တော့ ပျာပျာသလဲဖြစ်သွားကာ ...

"ဟာ . . .ငကမ်းနားကိုယ်တော်လေး ဒီလိုပါ ကျွန်တော့် ဈေးဗန်း ကို ကားတက်ကြိတ်မိတာ ဒီက အန်တီ . . ."

စာမေ့ကလိုမဟုတ်တော့တဲ့ လက်ညှိုးထိုးပုံကာပဲ အားပျော့ခွေးနာ။

"အန်တီချောနဲ့ ဘာဖြစ်လို့လဲ၊ ဒါ ကျွန်တော့်အဒေါ်ပါ၊ လူကို တိုက်မိ





သေးလား"

ဈေးသည်ကို ခေါင်ရိုပ်ကတော့ သိပုံမပေါ်သေး၊ ဈေးသည်က တော့ ပျာပျာသလဲရှင်းပြနေကာ ...

"လူကို မတိုက်မိပါဘူး ဈေးဗန်းကိုပဲ နင်းတာ၊ အဲဒါ ကျွန်တော်က ဈေးရင်းလေးပဲ တောင်းတာပါ"

"ဟွန်း . . .ချက်ချင်း"

ဟု ကျယ်ကျယ်ပြောပြီး ကူးက မဲ့ရွဲ့နေသည်။ ဒေါ်ချောဇင်က ဘာမှအကျယ်တဝင့်မပြောတော့ဘဲ ငွေသုံးသောင်း ထည့်ပေးလိုက်၏။

"ခင်ဗျား ရပြီလား"

ခေါင်ရိုပ်က ထပ်မေးတော့ ဈေးသည်က ကျေကျေနပ်နပ် ခေါင်း ညိတ်ပြီး ထွက်သွားလေသည်။

"အန်တီချောကားနဲ့တိုက်မိတာဆိုမင်းက ဒီမှာ ဘာလုပ်နေတာလဲ"

သုံးယောက်တည်းကျန်ခဲ့တော့မှ ကူးဘက်ကို လှည့်လာသည်။ ကူးက ဒေါ်ချောဇင်ကိုကြည့်ကာ

"အန်တီက ဆရာ့ရဲ့ . . ."

"ဟုတ်တယ် အဲဒါ ငါ့ဒေါ်လေး၊ ဒေါ်ချောဇင်တဲ့"

"နေပါဦး သားရဲ့၊ မင်းက ဘယ်တုန်းက ဆရာဖြစ်သွားတာလဲ"

ဒေါ်ချောဇင်က သဘောကျသည့်မျက်နှာနှင့် မေးဆတ်မေးသဖြင့် ခေါင်ရိုပ်က ခပ်လွယ်လွယ်ပဲ ပြောပြလိုက်သည်။

"သူက ဖော်အောင့်တပည့်ပါ၊ ဟိုကောင် ဂိုက်ဒ်လုပ်နေတုန်း ပြဿနာ တက်လို့ ကျွန်တော် ခဏဝင်သင်တာ"

"ရန်ကုန်မှာသိကြတာပဲ၊ ဒါဆို အခု သမီးက . . ."

"နေဦး အန်တီချော၊ အဲဒါတွေ အိမ်ထဲကျမှ မေး၊ သူနဲ့ လိုက်ခဲ့ဦး ဦးကိုကိုဦး ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ်၊ မိုးချုပ်လောက်မှ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မှာပါ"

"ဩော် . . သမီးက ရိပ်ရဲ့ညည်သည်ကိုး၊ ကောင်းတာပေါ့ကွယ်
အန်တီလာတိုင်း အိမ်မှာ ရိပ်ရှိမနေရင် ဒီအတိုင်းပဲ ထိုင်စောင့်နေရတာ
ခုတော့ စကားပြောဖော်ရတာပေါ့"

ဒေါ်ချောဇင်က ကူးလက်မောင်းလေးကို တရင်းတနှီး ဆုပ်ကိုင်ပြီး
ကူး မအီမလည်လေး ပြုံးရင်း ခေါင်ရိပ်ကို လှည့်ကြည့်သည်။

ထိုအမျိုးသမီးကြီးကို ခေါင်ရိပ်နှင့်ပတ်သက်နေမှန်း သူမ မသိခဲ့ပေ
ဈေးသည်ယောကျ်ားတစ်ယောက်နှင့် ခွန်းကြီးခွန်းငယ်တွေ ပြိုင်
ဆိုင်ရန်ဖြစ်နေခဲ့မိသည့် ကိုယ့်ပုံစံ ဘာတွေ ဖြစ်သွားပြီလဲ။

ကူးကိုကြည့်၍ ခေါင်ရိပ်က ပြုံးသည်

စွာတေးမလေး . . . ကောင်းတယ်၊ များများရှက်ပါစေ။

★ ★ ★





အခန်း (၂၉)

အိမ်ပြန်လာတယ်ဆို ကြားလိုက်ရသည့်စကားကြောင့် ခေါင်ရိပ်
အံ့တသြဖြစ်သွားလေသည်။

ကူးနှင့် အန်တီချော ဘယ်လိုနေကြမလဲလို့ စိတ်ပူပြီး သူ အမြန်ဆုံး
ည့်ပြန်လာခဲ့တာဖြစ်သည်။ မြင်လိုက်ရသည့် မြင်ကွင်းက ကူးရဲ့ဘေး
 အန်တီချော . . .

ပူးပူးကပ်ကပ်လေးထိုင်ကြလျက် ကူးမျက်နှာပေါ်က ဆံစတွေကို တယု
ယ သပ်တင်ပေး၍ ပြုံးနေလိုက် သဘောတကျ မြတ်မြတ်နိုးနိုး...။

"ရိပ်ရေ ကူးက သူ့အဖေနဲ့ စိတ်အခန့်မသင့်လို့ ထွက်လာတာ
တော့ အန်တီချော ခေါ်သွားလိုက်မယ်။ မင်းဆီမှာလဲ ကူး ကြာကြာ
င် မသင့်တော်ဘူး၊ ဒီကသွားပြီး သူ အိမ်မပြန်ချင်လို့ တခြားထွက်
းတော့ကော ကောင်းမလား"

သူ့ကို မြင်လိုက်တာနှင့် ထိုစကားကို တန်းပြောသည်။ ကူးက
ည်း ပြုံးလို့ရယ်လို့။

"သမီး အန်တီ့ဆီမှာ ပျော်သလောက်နေလို့ရတယ်။ အန်တီ့မှာ သား
း မရှိဘူးကွယ့်၊ အိမ်ဖော်တစ်ယောက်နဲ့ အန်တီ နှစ်ယောက်တည်း
တာ၊ ခြံစောင့်ကတော့ အပြင်မှာလေ။ သမီးရဲ့ ဖေဖေ့ကို အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြားပေးပါဆိုလဲ အန်တီ အကြောင်းကြားပေးမယ် ဘယ်လိုလဲ"

"မနေပါစေ အန်တီ၊ အဲဒါ နောက်မှပဲ စဉ်းစားတော့မယ်၊ ဆ... ကူး အန်တီနဲ့ လိုက်သွားမယ်နော်"

သူ ဆိုဖာမှာ ထိုင်ချလိုက်ရင်း ခေါင်းညိတ်လိုက်ရသည်။ ရ... တရက် အစီအစဉ် ရှိထားတာမို့လို့လား၊ ဒါမှမဟုတ် အုံဩနေတုန်း... လား ကိုယ့်ကိုယ်ကိုလည်း ဘာမှန်းမသိပါ။

ကူး လိုက်သွားမည်ဆိုတော့ စိတ်ထဲမှာ နိုးလိုးခုလုကြီး။ ဒေါ်ဒေ... ဇင်က ကူးမျက်နှာလေးကို ငဲ့ကြည့်ပြီးရင်း လက်ဖဝါးလေးကိုလည်... တွေးဆုပ်ထား၏။

"ဆရာလို့ မခေါ်ပါနဲ့ကွယ်၊ ဆရာတပည့်လဲဖြစ်ဖူးတယ်၊ သား... ခုံခုံတည်တည်၊ သမီးက နုနုငယ်ငယ်လေး။ အသက်လဲ ကွာတယ်... တော့ ကိုကိုလို့ခေါ်ပေါ့"

ခေါင်ရိပ်နှင့်ကူး မျက်လုံးချင်းဆုံသွားကြသည်။ ကူးက မျက်... လေးနှစ်ဖက်ပင့်၍ပြုံးသည်။

သူ့မျက်နှာကြီး နီနေမလား၊ ညိုပုပ်ပုပ် ဖြစ်နေမလား။ တင်... ကတော့ သေချာပါသည်။

ကူးကတောင် အမူအရာမပျက်တဲ့ဟာ သူ ဘာဖြစ်သွားတာ... ပုံမှန်အတိုင်းဖြစ်အောင် မျက်နှာခပ်လွှဲလွှဲနှင့် ကိုယ့်ကိုယ်ကို ပြုပြင်... ရသည်။

အန်တီချော ဘယ်လိုဖြစ်နေတာလဲ။

မြတ်နိုးလိုက်ရတဲ့ ယဉ်ကျေးမှု ဝတ်တာစားတာ သွားလာ နေ... တာ ဘာမဆို ယဉ်ကျေးမှု၊ သိမ်မွေ့မှု ....

ကူးက ချစ်စရာလေးပေမယ့် ပါးစပ်ကလည်း မယဉ်၊ လူကလည်... ယဉ်။





ဒါပေမယ့် လောလောဆယ် ကူးကိုယ်ပေါ်မှာ ဝတ်ထားတာက... တော့ ရိုင်းမှမရိုင်းဘဲ။

သူ့ရုပ်အကျီလက်ရှည်နှင့် မေမေ့ထဘီနှင့်ဆိုတော့ အန်တီချော... မျက်လုံးမှားသွားတာ ဖြစ်နိုင်သည်။

"မေမေ့အကျီပဲ ဝတ်ပါလား၊ ငါ့အကျီ မင်းဝတ်တာ သူများမြင်လို့... ကောင်းဘူး"

ဟု သူ ပြောသေးသည်။ ကူးက နားမထောင်ပေ။

"ဟင့်အင်း၊ သေပြီးတဲ့လူရဲ့ အဝတ်တွေ ကူး မဝတ်ရဲဘူး၊ ညကျ... ဘာတောင်းနေရင် ဘယ်လိုလုပ်မလဲ၊ ထဘီပဲ မနက်ပိုင်း ဝတ်မယ်၊ ညကျ... မဝတ်ဘူး"

ဒီတိုင်းပဲ ပြောပြီး သူ့အကျီ သုံး၊ လေးထည်ကို ယူထားသည်။

သူလည်းမအားလပ်သည်မို့ ကူးကို အဝတ်အစားဝယ်ဖို့ လိုက်... ပို့နိုင်။

ပိုက်ဆံပေးလိုက်ပြီး လွှတ်လိုက်ဖို့ရာလည်း ကူးတစ်ယောက်တည်း... ကို သူ ဘယ်နေရာဖြစ်ဖြစ် စိတ်မချနိုင်ဘဲဖြစ်နေသည်။ ရောက်လေရာ... မှာ ပြဿနာရှာတဲ့ ကောင်မလေး။

ထို့ကြောင့် ကူးကို အန်တီချော ဒီပုံစံလေးအတိုင်း မြင်ခွင့်ရသွား... ဘာဖြစ်၏။ ရန်ကုန်မှာ ကူးနေပုံများ ပြလိုက်ချင်ပါရဲ့။

အတွေးနှင့် နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွား၏။ ကူးကလည်း... ...သည်။

'အန်တီချော ကူးကို ဘာဖြစ်လို့ ဒီလောက်သဘောကျသွားတာလဲ' ...သည့် နားမလည်နိုင်မှုနှင့် ခေါင်ရိပ် လည်နင်နေတာကို တွေးမိ၏။ ...တယ်မဟုတ်လား၊ ကိုယ့်ကုသိုလ်နဲ့ကိုယ်'။

စကားမပြောဘဲ မျက်ဝန်းလေးစောင်းကြည့်ပြီး မသိမသာပြုံးလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ နှစ်ယောက်သား နားလည်နေကြသည့် အရွဲ့အစောင်းများနှင့် မျက်လုံးချင်း စစ်ခင်းနေကြတာကို ဒေါ်ချောဇင်က သတိမထားမိပေ။

"ကဲ ဒီညတော့ နေလိုက်ဦး။ မနက်ကျ အန်တီ လာခေါ်မယ် သမီးက လိုက်မှာမဟုတ်လား"

"လိုက်မှာပေါ့"

"အေး ကောင်းတယ်၊ အန်တီ ဦးစောနဲ့ ပြောစရာလေးရှိလို့ သွားမယ်"

ဒေါ်ချောဇင်က ပြောပြောဆိုဆို နေရာမှထသွားကာ ဦးစောကို ခေါ်သည်။ ဘာတွေပြောလိုက်မှန်းမသိဘဲ ဦးစောက အပေါ်ထပ်သို့ သုတ်သုတ်တက်သွား၏။

ပြန်ဆင်းလာတော့ လက်ထဲမှာ အပြာရောင်သားရေဖုံးနှင့် ဖိုင်တွဲ အထူကြီး ပါလာသည်။

ခေါင်ရိပ်က သမင်လည်ပြန်လှည့်ကြည့်ရင်း ထိုဆီသို့ ထသွားမည် ပြင်လိုက်ပြီးမှ မသွားတော့ဘဲ ဒီဘက်ပြန်လှည့်၏။

"ကူး"

"ဟင်"

"မင်း အန်တီချောနဲ့ လိုက်နေရင် ရန်ကုန်မှာလို ရှော့ပင်တွေ၊ စကားတွေ မပတ်ရဘူးနော်"

ကူးက ဘာမှမပြောဘဲ သူ့ကို ပြန်ကြည့်နေသည်။

အန်တီချောက သိမ်သိမ်မွေ့မွေ့နေတာကို ကြိုက်တယ်၊ မင်းက ဒီတိုင်းမြင်သွားလို့ သူ ကျေနပ်သွားတာ၊ ဟိုမှာ ပုံစံပြောင်းမသွားနဲ့"

"ကူးကတော့ လွတ်လပ်သလိုနေမှာပဲ၊ ဘာဖြစ်လို့လဲ ဆရာ အန်တီ မကျေနပ်လဲ ကူးက နေစရာသွားစရာမရှိတဲ့လူမှ မဟုတ်တာ"

"ကြည့် မင်း အဲဒီလို အချိုးမပြေလို့ ဘယ်ဖြစ်ဖြစ် စိတ်မချတာ ဟိုဒီလျှောက်သွားနေတာနဲ့ အုပ်ထိန်းသူတစ်ယောက်နဲ့နေတာ ဘယ်





ဟာ သိက္ခာရှိသလဲ၊ မင်းကို နေစရာ သွားစရာ မရှိတဲ့လူမို့ အဆင်ပြေအောင် နေခိုင်းတာမဟုတ်ဘူး။ ဘယ်မှမသွားစေချင်လို့"

ကူးက ရူးရူးစိုက်စိုက်ကြည့်နေရင်း မျက်မှောင်ကြုတ်သည်။

"မင်းအဖေနဲ့ အဆင်မပြေသမျှ အန်တီချောနဲ့နေပါ။ ဘာဖြစ်ဖြစ် အဆင်ပြေအောင်နေတတ်ရင် မကောင်းဘူးလား၊ အထူးသဖြင့် မိန်းကလေးတစ်ယောက်အတွက် အနေအထိုင်မတတ်ဘူးလို့ အပြောခံရရင် ဘယ်လောက်ဆိုးသလဲ"

ကူးက သူပြောနေတာကို ဘယ်လိုသဘောပေါက်သွားသည် မသိဘဲ ပြုံးစိစိလေး ဖြစ်သွားကာ ...

"ကိုကို ..."

ပြုံးခနဲကြီး ထခေါ်လိုက်သဖြင့် ခေါင်ရိပ် အိုးတိုးအမ်းတမ်းဖြစ်သွားမိသည်။

"အဲဒီလိုခေါ်ရင် ဆရာက ကြိုက်မှာမို့လို့လား"

"ပြဿနာမရှာနဲ့၊ ကြိုက်သလိုခေါ်"

ပြော၍ သူ ထရပ်လိုက်သည်။ ကူးက နှုတ်ခမ်းလေးစူပစ်လိုက်၍ မော့ကြည့်၏။

"ကြိုက်သလိုခေါ် ဆိုပေမယ့် ကူးကတော့ ကိုကိုလို့ခေါ်ရပြီ၊ ဆရာကျတော့ မင်းနဲ့ငါနဲ့ ပြောနေမှာ"

"ဘာ"

ခေါင်ရိပ် မျက်မှောင်ကြုတ်သွားပြီးမှ ပြုံးလိုက်ကာ ...

"ပြောပါဦး ငါက ဘယ်လိုပြန်ပြောရမလဲ"

"ညီမလေးကို ကိုကိုက ဘာညာပေါ့"

"တော်ပြီလား"

အသည်းယားလာသည်နှင့် ကူး နဖူးလေးကို လက်ခုံနှင့် ခွမ်းပုတ်"



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်မိသည်။ ကူးက ရယ်နေ၏။

ဘာမှန်းမသိဘဲ ထိုအချိန်ခဏလေးမှာ ခေါင်ရိပ်ရင်ခွင်တစ်ပြင်လုံး ကြည်နူးချမ်းမြေ့သွားခဲ့၏။

ဘာလဲ၊ တော်တော့်ကို ထူးဆန်းသည့်အဖြစ်လို့ ပြောရမည်လား။ ကူးနဲ့သူ ဟိုမှာတုန်းက ဆရာနှင့်တပည့်လို ဆက်ဆံခဲ့ကြတာ တည်တည်ကြည်ကြည်ကြီးပါ။

ဖွတ်ထွက်လာတော့လည်း အကြောင်းတိုက်ဆိုင်တိုင်း မကြာခဏ သတိရမိတတ်သည်မှလွဲ၍ ထူးထူးခြားခြား ခံစားနေခဲ့ရတာမရှိ။

အခု ပြန်ဆုံလိုက်ကြစဉ်မှာ အထူးတလည် ရင်းနှီးချစ်ခင်ခဲ့ဖူးကြ သည့်လူတွေလို ကူးကလည်း သူ့ကိုပြောရဲဆိုရဲဖြစ်နေသည်။ အိမ်မှာ ဆိုးနေလိုက်တာ သူနှင့် တစ်စုံတစ်ရာ ပတ်သက်နေသူတစ်ယောက်လို –

ညီမငယ်လေးနှင့်လည်းတူနေသည်၊ တစ်ခါတစ်ခါ မျက်နှာတွေ ပုံ့ရှုံ့ တွေ့ရခြင်းနှင့် ဘာမှန်းမသိ ဖြစ်သွားလောက်အောင်လည်း ပြောရဲနေပြန်သည်။

သူ့ရင်ထဲမှာလည်း ကူးကို ရင်းနှီးနေသည်။ ဆိုးနေတာကို ခွင့်လွှတ် နေမိ၏။ တစ်အိမ်တည်းမှာ သွေးသားမတော်ဘဲ ကြာရှည်ထားဖို့ မသင့် တော်တာကို သိနေလျက်နှင့် မျက်စိအောက်က ပျောက်သွားတာနှင့် ကူး တစ်ခုခု အန္တရာယ်ဖြစ်တော့မလို စိုးရိမ်ပိုကာ ဘယ်မှမလွှတ်လိုက်နိုင်

ဘယ်နေ့ဥမှာ ဘယ်တုန်းက ဘယ်လိုငြိတွယ်ချည်နှောင်လာခဲ့ကြ သည့်ကြိုးလဲ။

လောကမှာ ဆုပ်ကိုင်စွပ်စွဲလို့မရသော ဖြစ်မှုတွေ များပြားစွာရှိနေ သေးသည်ဆိုလျှင် ကူးကို သူ သံယောဇဉ်ပိုခဲ့မိသည့် ဖြစ်မှုဟာ ဘယ်လို ပုဒ်မမျိုး တပ်သင့်သလဲ။

**အကောင်းဆုံးသည် အားလုံးကို သူ့အတိုင်းပဲထားလိုက်ဖို့...**

★ ★ ★

ရွှေသမင်စာပေ



အခန်း (၃၀)

"ဟင်...ဒီမှာ နားဆွဲလေးတစ်ဖက်ပါလား၊ ဘယ်သူ့ဟာလဲ"

အိမ်ပေါ်ကို နှစ်ယောက် အတူတက်ခဲ့ကြပြီး ရပ်သွင်က ဆိုဖာမှာ ဝင်ထိုင်သည်။ ခေါင်ရိပ်က တိုက်ပုံအင်္ကျီချွတ်ရင်း တောက်လျှောက် ဝင်ခဲ့သည်။

ရပ်သွင် ပြောသံကြောင့် လှည့်ကြည့်လိုက်တော့ သူမ လက်ထဲမှာ အနီ ရောင်နားဆွဲလေးတစ်ဖက်က တလှုပ်လှုပ် ခါယမ်းနေသည်။မျက်လုံး ချင်းဆုံလိုက်မိစဉ် ရပ်သွင်မျက်လုံးတို့က အလွန်အမင်းချောက်ချား၍ ဘပ်အပ်စွပ်စွဲပြီးသား အကြည့်များနှင့် ...

"ပြောလေ ရိပ်"

"အဲဒါ ညည်သည်လေ၊ အန်တီချောဆီလာတာ၊ အန်တီချော မရှိ သေးတာနဲ့ ဒီမှာ နှစ်ရက် သုံးရက် နေသွားတာ"

"ဘာ ...နှစ်ရက် သုံးရက် ဟုတ်လား"

ရပ်သွင်က နားဆွဲကိုကိုင်လျက် နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ သူ့နားထိလျှောက်လာ၍...

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အရပ်မြင့်မြင့် ဖြူဖြူချောချောလေးလား၊ နှာတံပေါ်ပေါ် နှုတ်ခမ်းရဲရဲလေးနဲ့ မျက်လုံးလေးတွေက နက်မှောင်လက်တောက်နေတာပဲတဲ့ တော်တော်လှတဲ့ကောင်မလေးဆိုတာ ..."

ဘာမှမဟုတ်လောက်တာလေးကို ရုပ်သွင်မျက်နှာက ငိုချလိုက်တော့မလို ဖြစ်နေသဖြင့် တိုက်ပုံကို ပခုံးပေါ်လွှဲတင်လိုက်ပြီး သူမြန်ကြည့်မိသည်။

ရုပ်သွင်က နားဆွဲကို လက်ဖဝါးထဲမှာ ထည့်ဆုပ်ထားရင်း ငုံ့ကြည့်ကာ ...

"သွင့်ကို ပြောတဲ့လူက သေချာပြောတာ၊ ဘူတာကနေ ရိပ် ပြန်သွားတဲ့အဖြစ်ကို ဘာဖြစ်လို့ဆိုတာ သွင်က ကြားပြီးသားပါ"

"ဟုတ်ပါတယ်၊ ကိုယ်ကလဲ ညှို့သည်နဲ့တွေ့လို့ ပြန်လာခဲ့ရတယ်လို့ မင်းကို ပြောခဲ့တာပဲ၊ ချောတာတွေ လှတာတွေ ပါလာတာ ကိုယ်ဆိုင်လို့လား။ သွင် အခု သူ မရှိတော့ဘူး။ အန်တီချောဆီမှာနေတာ ကိုယ်တို့ နှစ်ယောက်အတွက် ဘာဖြစ်သွားနိုင်လို့လဲ"

"ဘာမှမဖြစ်နိုင်ပေမယ့် ..."

ရုပ်သွင်က စကားမဆက်ဘဲ နားဆွဲကို ငုံ့ကြည့်ပြန်သည်။ သူမှာ ပြောတာ ကြားလိုက်ကတည်းက ရန်ကုန်ကို သူမလိုက်သွားစဉ်မှာ 'တိုက်ပုံအင်္ကျီမေ့ကျန်ခဲ့လို့'ဆိုပြီး လာပေးသည့် မျက်နှာလေးတစ်ခု တွေးမိခဲ့သည်။ တော်တော်ချစ်ဖို့ကောင်းပါသည်။

မျက်နှာမှာ ဘာမှလိမ်းခြယ်မထားသည့် ခပ်ပြောင်ပြောင်လေးက မွတ်အိနေသည်။ နှုတ်ခမ်းနီရဲရဲဆိုးထားသော နှုတ်ခမ်းသားလေးတွေ တင်းပြည့်နထွေးလျက် ...။

ကိုယ်နှင့်ကျတော့ အသက်ချင်းလည်းကွာသည်၊ နသစ်နေပုံချင်းက ဘာမှမဆိုင်။ ပြီးတော့ ပြင်ဆင်ခြယ်သမှုတွေနှင့် ယှဉ်လိုက်တော့





သူမလေးကိုမြင်တာနှင့် ကိုယ့်မှာသာ သိမ်ငယ်စိတ်တွေဖြစ်ခဲ့ရသည်။ ထိုစဉ်ကလည်း 'ကိုယ်စာသင်ပေး နေတဲ့ချာတိတ်'ပါ ဆိုသည့် မဖြေချင်သော ဝါကျတစ်ကြောင်းနှင့်ပဲ သူမ ဆက်မမေးနိုင်ဘဲ ဖြစ်ခဲ့သည်။

ခုကျတော့ တပည့်ဆိုတဲ့ ချာတိတ်က ဘာဖြစ်လို့ ဒီထိပါလာတာလဲ။

မိန်းကလေးမိတ်ဆွေသူငယ်ချင်းဆိုလို့ မရှိသလောက် ရှားခဲ့သော ခေါင်ရိပ်၏ပတ်ဝန်းကျင်မှာ ရုပ်သွင်က နေရာအပိုင်ရထားတာကို တစ်မြို့လုံး သိထားကြသည်။

နှစ်ယောက် လက်ထပ်ဖို့ သေချာပြီဖြစ်တာလည်း အားလုံးအသိ။ အခု နောက်ထပ် ခေါင်ရိပ်ဘေးမှာ မိန်းမငယ်လှလှလေး တစ်ယောက် ထပ်ရှိလာတော့ "သတိထားမိတာက" ပိုမြန်သည်။ ဒါဟာ ရန်ကုန်မြို့တော် မဟုတ်ပါ။

ဘာလုပ်လုပ် လူသိမြန်သည်။ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် ကြာရှည်ဖုံးထားလို့မရ။ ဒါကို သူမ မမေးဘဲ မျိုသိပ်ထားခဲ့သည်။ ဟိုနေ့တွေကလည်း ဒီကိုရောက်မှမရောက်ခဲ့ဘဲ။

ခေါင်ရိပ်နှင့်ကောင်မလေးတစ်ယောက် တွဲသွားတယ်ဆိုတာ အိမ်မှာ တည်းခိုမည့်ဧည့်သည်မှန်းလည်း မသိခဲ့ပေ။

ခုကျတော့ နှစ်ရက်သုံးရက်တောင် နေသွားသည်တဲ့၊ ပိုဆိုးတာက ထိုမိန်းကလေးဟာ ဒေါ်ချောခင်ကျေနပ်နှစ်သက်သည့် မိန်းကလေး ...

"ရိပ်"

"ဟင်"

"အဲဒီမိန်းကလေးက ရန်ကုန်က မဟုတ်လားဟင်"

ထပ်မေးလိုက်တော့ ခေါင်ရိပ်က ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ကိုယ့်ဆီလာတာတော့မဟုတ်ဘူး၊ အခု အန်တီချော



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပါသွားပြီး ဘာဖြစ်လို့ လျှောက်မေးနေတာလဲ သွင်ရယ်၊ တစ်ယောက်နဲ့တစ်ယောက် လက်ထပ်ဖို့ထိ ဆုံးဖြတ်ပြီးကြကာမှ အဲ့ဒါတွေက မင်းနဲ့ကိုယ့်အတွက် ဘာတွေ အကျိုးထူးမှာမို့လို့လဲ”

“ရိပ်ရယ်”

ရပ်သွင်က ပြောချင်သောစကားတွေကို မချိမဆံ့ မျိုသိပ်နေရင်း ပင့်သက်ရှိုက်သည်။ အချစ်ရဲ့ပုံဆောင်ခဲ အမျိုးမျိုးကို ခေါင်ရိပ်ထက် သူမက ပိုသိသည်။

နှစ်ရှည်လများ ဖွဲ့စည်းအုံဖွဲ့ လာခဲ့ကြတိုင်း မြဲတတ်သလား။ တကယ်ချစ်ကြသလား။ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက် ခဏလေးအတွင်းမှာ အရူးအမူးချစ်သွားကြတာတွေကော မရှိလို့လား။

ရန်ကုန်မှာ နှစ်ယောက်ကို ခဏလေးပဲ မြင်ခဲ့ရပေမယ့် ဒီကောင်မလေးအပေါ်မှာ ရိပ် အလိုလိုခွင့်လွှတ်နေတာတွေကို သူမမြင်ခဲ့သည်။ ရိပ်ကို ဒီကောင်မလေး ဘယ်လိုဆိုးနွဲ့နေသလဲဆိုတာတွေက သိသာနေ၏။ သိပ်ကိုလှတဲ့ကောင်မလေးပဲ။

ရိပ်နှင့်သူမ လက်ထပ်ဖြစ်ဖို့အတွက် ကိုယ့်ဘက်က ဘယ်လိုကြိုးစားနေရတာ ကိုယ်သာအသိဆုံး။ ထိုစဉ်မှာ ဖုန်းသံမြည်လာတာကို ကြားလိုက်ရသည်။

ရိပ် ခြေလှမ်းပြင်လိုက်စဉ် ဦးစော နောက်ဖေးကတက်လာကာ ဖုန်းကိုင်လိုက်၏။ သို့သော် နားထောင်လိုက်သည်နှင့် သူ့ကိုလှည့်ကြည့်ကာ —

“လူလေး မောင်ဇော်အောင့်ဆီက ...”

ဇော်အောင့်ဆီကလို့ အသံကြားသည်နှင့် ရပ်သွင်နေရာမှာပဲ မလှုပ်မယှက်ရပ်လျက် နားစွင့်ထားလိုက်ပြီးသား ဖြစ်သွားသည်။

ဖုန်းက လှေကားအဆင်း စာကြည့်ခန်းရှေ့မှာမို့ သူမ ရပ်နေသည့်နေရာနှင့် သိပ်မကွာပေ။





ဦးစောက ရပ်သွင်ကို ခပ်တည်တည်တစ်ချက်ကြည့်၍ နောက်ဖေး ပြန်ဆင်းသွား၏။ ဟိုတုန်းကဆို ရပ်သွင် ဒီလို ဝင်ထွက်ခွင့်မရပါ။

‘ငှက်မနား’ မိသားစုအားလုံးထဲမှာ သူမကို လိုလားသူ တစ်ယောက်မှ မရှိသည့်အပြင် ဘဏ္ဍာထိန်းဆိုသည့် ဦးစော ကိုယ်တိုင်က မလိုလားသောမျက်ဝန်းများနှင့် အချိန်ပြည့်။

တံခါးဝမှာ နှုတ်ဆက်လှည့်ပြန်ခဲ့တာတောင် ဦးစောနှင့်ဆုံမိသည့်အခါတိုင်း ဒီမျက်လုံးအဏ်ကို ခံရမြဲဖြစ်သည်။

အခုနောက်ပိုင်း ခေါင်ရိပ် ရန်ကုန်က ပြန်ရောက်လာတော့မှ ...

“ဟုတ်တယ်၊ ငါ့ဆီမှာတော့မဟုတ်ဘူး။ အန်တီချော ခေါ်သွားတယ်ကွ”

“.....”

“အေး မင်း အဲ့ဒါ သူ့အဖေကို အခြေအနေနည်းနည်း ပြောပြလိုက်ကွာ၊ ကူးက သူ့အဖေကို ရှုံချင်နေတဲ့ပုံပဲ၊ ဘာပဲဖြစ်ဖြစ် ဒီမှာရှိနေတာတော့ အသိပေးသင့်တယ်လေ”

“.....”

“အေးပါ အဲ့ဒါလဲ ငါ လာပါ့မယ်”

“.....”

“လက်ထပ်ဖြစ်မှာကွ ခေ့စပ်မနေတော့ဘူး”

ဖုန်းပြောနေရင်း ရပ်သွင်ကို ခေါင်ရိပ် လှည့်ကြည့်လိုက်မိသည်။

မျက်လုံးချင်းဆုံလိုက်တော့မှ မျက်လွှာချပစ်ကာ ရပ်သွင်က ဆိုဖာတွေဆီ ပြန်လျှောက်သွား၏။ အပြောင်သား အဖြူရောင် ကိုယ်ကျပ်နှင့် ဆံပင်ရှည်တွေကို နောက်မှာ ဂျပန်ဆံထုံးပုံ ခပ်ဖြိုင်ဖြိုင် သိမ်းတင်ထားသည်။

ကုပ်သားဝင်းဝင်းလေးက အတော်ကိုဟိုက်ချထားသည့် အကျႌ



www.burmeseclassic.com

www.burmeseclassic.com



ထက်မှာ ထင့်ရှားစွာ မြင်နေရ၏။ ပြီးတော့ အဖြူရောင် အပြောင်သား ကိုယ်ကျပ်ကြောင့် ရေစိုစိုပေါ်ကို မှန်ရောင် ထိုးထားသလို ကိုယ်လုံးက အရှိအတိုင်း လှုပ်လီလှုပ်လဲ့ နွဲ့ခါနေသည်။

ခေါင်ရိပ် မျက်နှာလွှဲပစ်လိုက်မိသည်။ ကိုယ့်ချစ်သူ လှနေတာကို မကြိုက်တဲ့သူ ရှိပါ့မလား။ ဒါပေမယ့် ဒါ ငါ့ချစ်သူကွလို့ ကြွေးကြော်ပြီး သွားလေရာ အိတ်ထဲကောက်ထည့်သွားလို့ရတာမှမဟုတ်ဘဲ။

မိန်းကလေးတစ်ယောက်၏ ရုပကာအလှကို ယစ်မူးပြီး မျက်လုံး ကျွတ်ကျမတတ် လိုက်ငေးကြတဲ့ယောက်ျားတွေကိုကော 'ဒါ ကျွန်တော့် ချစ်သူ၊ မကြည့်ပါနဲ့" လို့ အမိန့်ပေးလို့ ရမလား။ သိပ်လှနေရင်လည်း ကိုယ်ပဲငေးချင်သည်၊ ညို့ငင်တာ၊ ဖြားယောင်းတာ ဘာဖြစ်ဖြစ် ကိုယ့်တစ် ယောက်ပဲ ပိုင်ချင်သည်။

ဒီလောက်လှနေပါလျက်နှင့် ပက်ပက်စက်စက် ပေါ်လွင်နေတာ ဘယ်ယောက်ျားက သဘောကျမှာလဲ၊ပြောပြခဲ့ဖူးပါသည်။

"သွင်ရယ် မင်း လှပါတယ်၊ ဒီထက်ပိုပြီး ပေါ်လွင်အောင် ဝတ်တာ စားတာတွေ လျှော့ပါကွာ၊ ကိုယ့်လူကြီးတွေ သဘောမကျတာက ယဉ် ကျေးမှုတွေ ဘာတွေ ပါချင်ပါလိမ့်မယ်၊ ကိုယ် သဘောမကျတာက အဲဒါ တွေနဲ့မဆိုင်ဘူး။ ကိုယ့်ချစ်သူကို တခြားတစ်ယောက် မျက်လုံးတဝင်းဝင်းနဲ့ လိုက်ကြည့်တာကိုမကြိုက်တာ။ ကိုယ်သဝန်တိုတာကို မင်း ရိုးရိုးလေး နားလည်ပါ။ ဘာသာရေးတွေ အယူအဆတွေနဲ့ လုံးဝ မပတ်သက်ဘူး"

ဟိုတုန်းကတည်းက သူ သေချာပြောပြထားဆီးခဲ့ဖူးသည်။ သူမက နားမထောင်ခဲ့ပါ။

"ရိပ်ကို သွင်က နားလည်ပါတယ်၊ ဒါပေမယ့် ရိပ်ရယ် ငှက်မနား မိသားစုနဲ့ သွင်တို့အခြေအနေက အရမ်းကွာနေတာ လူတိုင်းသိတယ် သွင့်ကို ရိပ်တို့ဘက်က ဘယ်လိုမှလက်မခံနိုင်ဘူးဆိုတဲ့အဖြစ်တွေကို





လဲ သိနေကြတာပဲ။ အဲဒီအနေအထားမှာ သွင်က ငှက်မနားမိသားစု လက်ခံလာအောင် အကြိုက်လိုက်ပြီး ပြုပြင်နေတယ်။ ပြောင်းလဲနေ တယ်ဆိုတာမျိုးတွေ ထပ်ပြီး အပြောမခံချင်တော့ဘူး။ သွင်တို့ကလဲ ရိပ်တို့လောက် မချမ်းသာပေမယ့် ယောက်ျားတစ်ယောက်ကို ဒီလို အညွှန့်ခံ ဖြားယောင်းနေရလောက်အောင် မနိမ့်ပါဘူး။ ဟုတ်တယ်မဟုတ်လား"

ရပ်သွင်၏မာနက ထိုသို့ဖြစ်သည်။

မညီညာသောတေးသွားတွေကြားထဲမှာ နှစ်ပါးသွားကနေရပေ မယ့် ရပ်သွင်နှင့်သူ ဘယ်တုန်းကမှ ဟန်ချက်မညီခဲ့ပေ။

ကိုယ်ထိုင်လျှင် သူမထမည်၊ ကိုယ်က လက်မြှောက်နေလျှင် သူမ က ကခုန်နေမည်၊ နှစ်ပါးသွားတော့ နှစ်ပါးသွားပဲ၊ ဒါပေမယ့် ရှေ့ သွားနောက်လိုက်ညီသော နှစ်ပါးသွားမျိုးမဟုတ်။

ရပ်သွင်ဆိုလျှင် မြင်လိုက်တာနှင့် ခါးခါးသီးသီးဖြစ်ကုန်ခဲ့ရတာ လည်း ဒီလိုဝတ်စားနေထိုင်တတ်ပုံတွေကြောင့် ဖြစ်၏။

လက်ထပ်ဖို့ နှစ်ဦးသဘောတူ ခေါင်းညိတ်ဆုံးဖြတ်ခဲ့ပြီးပါပြီ။ ရက် လည်း သတ်မှတ်လိုက်ပြီဖြစ်၏။

သို့သော် မတင်မကျများစွာရှိနေသည့်ထဲမှာ သူကတော့ ရပ်သွင် သူ့အတွက် စွန့်လွှတ်လိုက်လျှော့ပေးခဲ့တာ တစ်ခုတည်းကိုပဲ ကြည့်ခဲ့ လိုက်တာဖြစ်သည်။

ရပ်သွင်ကတော့ အကြီးမားဆုံးဟုထင်ရသော ထိုပြဿနာတစ်ခု ဆိုသာ လိုက်လျှော့ခဲ့တာဖြစ်လျက် ကျန်တာ ဘာပြောပြော ခေါင်းမရှိခဲ့ သလို ခေါင်းလည်းမညိတ်။ လောကမှာ မြင်နေရသည့်အရာအားလုံး ထက် မမြင်နိုင်တာတွေက ပိုပြီး အရေးပါအရာရောက်တယ်ဆိုတာ သူမ မသိတာလား၊ ဂရုမစိုက်တာလား။ မောတော့မောရပါ၏။

ဖုန်းချလိုက်ပြီး သူ ရပ်သွင်ရှိရာကိုလျှောက်လာခဲ့၏။သူကော့ ပြန်ပို့ရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမည်။ ထိုစဉ် ဦးစောရဲ့အသံကို ကြားလိုက်ရသည်။

"လူလေး ဘယ်သွားမလို့လဲ၊ မနေ့က ချိန်းထားတဲ့ ဧည့်သည်တွေ လာကြမှာမဟုတ်လား၊ လေးနာရီလေ"

သူ ခြေလှမ်းတုံ့သွားပြီး နာရီငုံ့ကြည့်လိုက်မိ၏။ လေးနာရီထိုးဖို့ ဆယ်မိနစ်ပဲလိုတော့သည်။ ရပ်သွင်က ထိုင်နေရာမှ ထရပ်လိုက်ကာ ...

"ရိပ် မအားရင်လဲ နေခဲ့လေ၊ သွင်လဲ သွားစရာရှိသေးတယ်၊ ရိပ်ကို ပြောရမှာ အားနာလို့"

"ဟင် ..."

သွင်က ပွင့်လင်းသောအပြုံးလေးနှင့် ဦးစောကိုလည်း လှမ်းကြည့်ကာ

"တကယ်ပါ သွင် သွားတော့မယ်"

ဟုနှုတ်ဆက်ပြီး စလင်းဘက်လေး ပခုံးပေါ် ပြန်ချိတ်သည်။

"ရပါတယ်၊ ဆယ်မိနစ်လောက် ရသေးတဲ့ဟာ ကိုယ်လိုက်ပို့မယ်"

ရိပ်က ချက်ချင်း ပြန်လှည့်သည်။

သွင့်ကိုပြန်ပို့ဖို့ဟာ ဧည့်သည်တွေ ရောက်နေမလားဟု တွေးမိပြီး အိမ်ကိုဝင်လာခဲ့တာဖြစ်သည်။ ပြီးတော့ ကူးများ ရောက်နေမလားဟု တွေးမိတာလည်းပါသည်။

ဘာပဲဖြစ်ဖြစ် ဦးစော တားဆီးလိုက်လို့ သွင် တမင်တကာ အကြောင်းပြပြီးပြန်ဖို့ ကြိုးစားလိုက်တာမှန်း သူသိသည်။

နှစ်ယောက်အတူထွက်သွားကြတော့ ဦးစောက ခေါင်းရိပ် နောက်က ပါလာသည်။ သူတို့ ကားထဲဝင်လိုက်ကြသည်အထိ ရပ်ကြည့်နေပြီး တံခါးနှစ်ဖက်ကို ဆွဲစေ့လိုက်၏။ မျက်ဝန်းများက ရပ်သွင်ထံ စူးတ ရောက်သွားသည်။

"မင်းကို မလိုလားနေတာ မသိဘူးလား" ဟု ပြောလိုက် သည့်အတိုင်း ...

★ ★ ★





အခန်း (၃၁)

"ဘာဘစော ကိုကိုကော"

"ရှိတယ် သမီး၊ ခုနကပဲ ရေချိုးပြီး ဝင်သွားတာ"

မေးသံလည်းကြားသည်၊ ဘာဘစော ဖြေလိုက်တာကိုလည်း ကြားသည်။ မြန်မြန်ဆန်ဆန်ကြီး အခန်းရှေ့ရောက်လာမည်လို့တော့ မထင်လိုက်ပေ။

"ကိုကို"

"ဟင် ခဏ"

ခဏလို့တားလိုက်ပေမယ့်ကူးက အခန်းထဲဝင်လာပြီဖြစ်၏။

ချိုင်းပြတ်စွပ်ကျယ်အဖြူနှင့် ကချင်ပုဆိုးအဝါရောင်ကို ဝတ်ထားသည့် ခေါင်းရိပ်ပုံစံက ရေချိုးပြီးစမို့ ရှင်းသန့်ချောမွေ့နေ၏။

ခေါင်းဖြီးထားပေမယ့် ဆံစပ်တချို့တွေမှာ ရေစိုနေတာတွေ ရှိနေသေးသည်။

"ကိုကိုက ချောသားပဲ၊ ဘာဖြစ်လို့ တိုက်ပုံအကျီနဲ့ အမြဲနေတာလဲ၊ ဘောင်းဘီရှည်မဝတ်ချင်ရင်တော့ စပို့ရှပ်တို့၊ ရှပ်လက်တိုတို့ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ရင်ရတာပဲ။ ကိုကို ဘာဝတ်ဝတ် ကြည့်ကောင်းမှာပါ"

ခေါင်ရိပ်က ဘီးကိုမှန်ရှေ့က ကလပ်လေးပေါ် လှမ်းတင်လိုက်ပြီး ဒီဘက်လှည့်၍ ...

"အနီတီရှော ဘာပြောခိုင်းလို့လဲ၊ အပြင်ထွက်လေ"

ကူးက အခန်းတံခါးကို လက်ကမလွှတ်သေးဘဲရှိရာမှ အကုန်ပွင့်သွားအောင် တွန်းဖွင့်ပစ်လိုက်သည်။

"အန်တီ မခိုင်းပါဘူး၊ ကူးဘာသာလာတာ၊ ကိုကို ဘယ်မှမသွားတော့ဘူးလား"

နှစ်ယောက်အတူ အပြင်ထွက်လာတော့ ကူးက သူ့ကိုမော့ကြည့်၍မေးသည်။

"သမီးက ဒီမှာ ထမင်းစားသွားမလား"

ဒေါ်မိုးက ထမင်းစားခန်းထဲက ထွက်လာပြီး မေးသည်။ ကူးက ဒီမှာလည်း နေဖူးခဲ့သည်။ ခုလည်း ဒေါ်ချောဇင်နှင့်နေတာမို့ မိသားစုလို သတ်မှတ်ထားခဲ့၏။

"ဟင့်အင်း မစားဘူး ဒေါ်ဒေါ်မိုး၊ ကူး ပြန်မှာ။ ကိုကို ဘယ်မှမသွားတော့ဘူးလား"

နောက်ထပ် မေးတော့မှ ခေါင်ရိပ်က မျက်မှောင်ကြုတ်ကာ ...

"မသွားပါဘူး ဘာဖြစ်လို့မေးနေတာလဲ၊ မိုးပဲချုပ်တော့မယ်၊ ဖုံစက အပြင်သွားဖို့ ပြင်ထားတဲ့ရုပ်ပေါက်နေလို့လား"

"အမယ်လေး ခေါင်းဖြီးတာနဲ့ပဲ ကြီးကျယ်ပြနေပြန်ပြီ၊ မသွားဘူးဆို ပြီးတာပဲ"

ကူးက ဆိုဖာမှာ ဆောင့်ခနဲ ထိုင်ချလိုက်ပြီး လိမ္မော်သီး တစ်လုံး ကောက်ကိုင်လိုက်ပြန်သည်။

"ဒါက ဘာလုပ်မလို့လဲ"





"ဟင်...လိမ္မော်သီးလေ၊ စားစရာကိုင်မှတော့ စားဖို့ပေါ့"

ကူးက လိမ္မော်သီးကို ခပ်ရွရွ မြောက်ပြပြီး ဖြေပုံက ထော်လော်ကန့်လန့်။

"စားစရာပေမယ့် မစားနဲ့၊ ထမင်းမစားခဲ့ရသေးဘူး မဟုတ်လား၊ ထမင်းဝင်စားသွား။ သွားရေစာစားလဲ တော်ရုံစားတာမဟုတ်ဘူး၊ သစ်ဥသစ်ဖုဆိုတာ ထမင်းစားပြီးမှ နည်းနည်းပါးပါး စားရတာ"

"ကူးမှ ထမင်းမစားချင်တာ"

ကူးက နှာခေါင်းရှုံ့ပွပွနှင့် မျက်နှာငံ့ပြောနေရင်း လိမ္မော်သီးကို အခွံခွာသည်။

"မရဘူး မစားနဲ့ဆို မစားနဲ့ဘဲ၊ ဟိုမှာနေရင် ဟိုကစကားနားထောင်၊ ဒီကိုလာရင် ဒီကစကားပဲ"

ပြောပြောဆိုဆို ခေါင်ရိပ်က ကူးလက်ထဲက လိမ္မော်သီးကို ဆွဲယူပစ်လိုက်ကာ ...

"ဒေါ်မိုး ထမင်း နှစ်ယောက်စာ ပြင်လိုက်"

ဟု လှမ်းပြောလိုက်၏။

"ဟာ ...ကိုကို မရဘူး၊ ကူးက စက်ဘီးနင်းရင် ထမင်းစားထားလို့ သုံးဝမရတာ၊ ဗိုက်အောင့်တတ်လို့"

ကူး ချွေခနဲခုန်ထကာ ဟျာဟျာသလဲငြင်းသည်။ ခေါင်ရိပ်က မျက်လုံးကြီးပြူးလျက် ...

"ဘာ ...စက်ဘီးနဲ့လာတယ်၊ မင်းက ဒီကို စက်ဘီးနဲ့ လာတာပေါ့"

"အင်းလေ ဘာဖြစ်လို့လဲ"

"စက်ဘီး ဘယ်ကရတာလဲ"

"ဝယ်တာပေါ့၊ ကူးဘာသာ လက်စွပ်ရောင်းပြီး ဝယ်လိုက်တာ"

ကြည့်စမ်း၊ ကိုယ်ပေါ်မှာ လက်စွပ်နှစ်ကွင်း ဟန်းချိန်းလေးနဲ့ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ပျော့လေးတစ်ကုံးမှာ လက်စွပ်တစ်ကွင်း တကယ်မရှိတာ။

ဒီလောက်ထိ ထင်ရာလုပ်ရသလား။ ဒေါသတွေက ရဟတ်ယာဉ်လက်ချားလို ခဏလေးမှာပဲ အရှိန်တက်လာသည်။

“မင်းကို အန်တီချော ဘာမှမပြောဘူးလား”

“ဆူတော့ဆူတာပေါ့ ကိုကို့ကလို ပြူးပြူးပြဲပြဲကြီးတော့ မဟုတ်ဘူး၊ အန်တီမသိဘဲ ဘယ်မှမသွားနဲ့တဲ့ ဒါပဲ”

“ခုကော”

“ပြောလာတာပဲ၊ ကိုကို့ဆီလာတာ ဘာဖြစ်လို့လဲ”

“ကမ်းနားလမ်းနဲ့ဒီနဲ့ကို မင်းက နေဝင်မိုးချုပ် စက်ဘီးနဲ့လာတာလား။ ကိုယ့်ကိုယ်ကို ညှို့သည်ဆိုတာကော သတိရရဲ့လား၊ မရဘူး အဲ... စက်ဘီး ဒီမှာထားခဲ့၊ မင်းကို ဘာဘစော လိုက်ပို့လိမ့်မယ်”

“ဟင့်အင်း။ ကူးဘာသာပြန်မယ်၊ စက်ဘီးစီးချင်လို့ပါဆိုမှ”

ကူးက ခေါင်းရိုပ် အတင်းတားမည်စိုးကာ ပြောရင်း ပြေးထွက်သွားတာ... ချက်ချင်း တံခါးနားရောက်၏။

“စိတ်ကူးရင့် မင်း ရပ်နေစမ်း”

“ဟာ-ဒုက္ခပါပဲ”

ကူးက ခြေလေးတစ်ဖက်ဆောင့်လျက် လက်လည်းခါသည်... ဆံပင်တွေကိုပါ ဖွပစ်၏။ အပြင်မှာ မှောင်နေပြီဖြစ်သည်၊ ဒီတိုင်း ပြန်သွား... လို့ သူ ဘယ်လိုမှ ခွင့်မပြုနိုင်။

ပြီးတော့ ဇော်အောင် ဖုန်းဆက်တုန်းက တစ်ဆက်တည်း ... မှာလိုက်တာက ကူးရဲ့ဖေဖေဆီကို သတင်းရောက်နေရောပေါ့။

ဒီမှာ ကူးရှိနေတယ်လို့ အသိပေးပြီးကာမှ တစ်စုံတစ်ရာဖြစ်သွား... ရင် ဘယ်လိုလုပ်မလဲ။

“ကားနဲ့ ပြန်ပို့မယ်”





“မပြန်ဘူး။ ကူး စက်ဘီးဝယ်ထားတာ စီးချင်လို့ဥစ္စာ၊ ကိုကိုနော် အန်တီတောင်မှ ဘာမှမပြောဘူး စက်ဘီးပဲစီးမယ်”

ကူးက နှုတ်တစ္ဆုတ် ခေါင်းခါရင်း စက်ဘီးဒေါက်ဖြုတ်သည်။ နောက်ဆုံးတော့ သူပဲ အလျှော့ပေးလိုက်ရကာ ...

“မင်းတစ်ယောက်တည်းတော့ မဖြစ်ဘူး ပေး နောက်ကတက်”

ကူးမျက်နှာလေး ချက်ချင်း ဝင်းလက်သွားသည်။

ပြည်မြို့၏ ညမီးရောင်များနှင့် ခေါင်ရိပ်နောက်မှာ ထိုင်လိုက်ရင်း အားလုံးက လှပသာယာနေလေသည်။

“ကိုကို”

“ဟင်”

“ကိုကို့ကို အန်တီကပြောတော့ စက်ဘီးမစီးတတ်ဘူးဆို”

“အားလုံး ဘယ်သူမှ စက်ဘီးစီးခဲ့ကြတာမဟုတ်ဘူး၊ ဘိုးဘိုးတို့ကိုက စက်ဘီးစီးတာကို မကြိုက်ဘူး”

“ဘာဖြစ်လို့လဲ”

“သူတို့စိတ်ကူးနဲ့သူတို့ပေါ့”

“ကိုကိုက မသိအောင်သင်ထားတာပေါ့ ဟုတ်လား”

“သင်တယ်လဲမဟုတ်ပါဘူး”

ခေါင်ရိပ် စက်ဘီးစီးပုံက အမြဲစီးနေကျလို ကျွမ်းကျင်ငြိမ့်ညောင်းနေလေသည်။ ပြီးတော့ အရပ်ကြီးကမြင့်မြင့်နှင့် သူဟာသူ စက်ဘီးတတ်သွားတယ်ဆိုတာလည်း ဖြစ်နိုင်သည်။

စက်ဘီးယိုင်သွားတာနှင့် ခြေထောက်ထောက် လိုက်ရုံပဲရှိတာ၊ ဟိုလဲ ဒီလဲ လဲဖို့လည်းမရှိ။

လေတဟူးဟူးနှင့် လမ်းမကြီးထက်မှာ ခေါင်ရိပ်ကိုယ်မှ ဆပ်ပြာမွှေးနံ့ကြောင့်လည်း ပို၍ကြည်နူး၏။ မထင်မှတ်ဘဲ ကိုယ်... ဘာကျ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ လိုက်လျှောနေခဲ့ကြသည့် ခေါင်ရိုပ်နှင့် ဒေါ်ချောဇင်တို့ နှစ်ယောက်ကြားမှာ ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩမိသည်။

ဒီခရီးကို ထွက်လာခဲ့တာ စိုးရွံ့မှုတွေ မရှိခဲ့ပေမယ့် မရေရာခဲ့ပေ။ သူငယ်ချင်းအိမ်မှာ မိသားစုတွေကများသည်။ ထိုအိမ်မှာ အဆင်မပြေလျှင် ဘယ်ကိုဆက်သွားမည်ဆိုတာလည်း မရေရာခဲ့ဘဲ ထွက်ခဲ့တာ ဖြစ်၏။

နောက်ကျတော့ ဘယ်တုန်းကမှ စိတ်ကူးမပြည့်ခဲ့တာတွေဟာ သူ့အလိုအတိုင်း သူမအတွက် အားလုံး ဖြစ်နေခဲ့သည်။

တစ်ခုတော့ ကြီးမားစွာ ဆုံးရှုံးခဲ့ပါသည်။ ကိုကို လက်ထပ်တော့မည်တဲ့။

"ကိုကို"

"ပြော"

"မပြောတာတော့ဘူး"

"ဘာဖြစ်တာလဲ"

"ဟင့်အင်း"

ကူးရင်ထဲမှာ နင့်သွားခဲ့ရသောခံစားချက်ကလည်း မထင်မှတ်စွာဘဲဖြစ်လေသည်။ 'ကိုကို လက်ထပ်တော့မှာဆို' လို့ မေးလိုက်တော့လည်း 'ဟုတ်တယ်' လို့ ဖြေမှာပဲလေ။

ဒါဆို ကူးတို ဘာဖြစ်လို့ ကိုကို အလိုလိုက်နေတာလဲ။ ညီမလေးလိုဆိုရအောင် ကူးက ကိုကိုညီမလေးမှမဟုတ်တာ၊ တပည့်ဆိုတာလည်း ခဏလေးပါပဲ။ ကိုကိုက ဘာသဘောတွေနဲ့ လဲ၊ ကူးကတော့ —

"ကိုကို"

"ပြောလေကွာ ဘာလဲ၊ ဒီမှာ မောရတဲ့အထဲ"

စက်ဘီးနင်းရင်း စိတ်မရှည်သံနှင့်ပြောတော့ ကူးက နောက်ကနေ ခေါင်ရိုပ်ခါးကို လက်နှစ်ဖက်နှင့် သိုင်းဖက်ထားလိုက်ကာ . . .





"မောတဲ့အသံလဲ မဟုတ်ဘဲနဲ့"

"ကူး ..."

ရုတ်တရက် စက်ဘီးက ခါယမ်းသွားသည်။

နောက်ကနေ လက်နှစ်ဖက် ထပ်ဆက်ထားမိအောင်ဖက်ကာ ကူးက သူ့ကျောပြင်မှာ မျက်နှာလေးနှင့် တိုးတိုက်နေသည်။

"ကူး မင်း ..."

"ကိုကိုကလဲ ကူး ဖက်ထားချင်လို့ စက်ဘီး ရပ်မပစ်နဲ့နော်၊ လုံးဝ မရပ်နဲ့"

စိတ်ထဲမှာရှိနေတာကို ကူးက ဘယ်တော့မှ ကြာရှည်ထိန်းချုပ်ထားခဲ့တာမရှိ။ ဒါပေမယ့် ဒါဟာ နောက်ဆုံးပါပဲ၊ သူမ ကိုယ့်ကိုယ်ကိုယ် အားလည်လိုက်ပြီဖြစ်၏။

ခေါင်ရိုပ်ကို သူမ ချစ်ခင်စွဲလမ်းနေမိပါပြီ။ သူ ဘယ်လို သဘောတွေနဲ့ အလိုလိုက်အရေးပေးနေမှန်းမသိသော်လည်း ကူး သာယာမိသည်။

ဒီလို အလိုလိုက်ယုယမှုတွေကို ထာဝရ ပိုင်ဆိုင်ချင်နေပြီ။ ဒါပေမယ့် ဖြစ်မှမဖြစ်နိုင်တော့တာ၊ တစ်သက်လုံးမှာ ကြေကွဲ ခြင်းဝေဒနာကို ထိထိမိမိ ခံစားဖူးသောအခါ သူမအတွက် ကုဖို့ ဆေးကမရှိ သူမ ဘာဖြစ်လို့ ကိုကို့ကို နောက်ကျမှ ဆုံစည်းခဲ့ရတာလဲ။

ခေါင်ရိုပ်ကိုယ်တိုင် ကိုယ့်စိတ်ကို ဘယ်လိုဖြစ်သွားမှန်းမသိလောက်အောင် ရင်ထဲမှာ ပရမ်းပတာကြီးဖြစ်သွားခဲ့သည်။

တင်းကျပ်စွာဖက်ထားခြင်းခံရကာ ဘယ်လိုမှ ဥပေက္ခာပြုလို့ မရဘဲ ရှင်တွေခုန်နေသည်။

ဘယ်လိုခံစားမှုမျိုးဆိုတာ ဘယ်လိုမှ မပြောတတ်အောင် ဖြစ်နေခဲ့သည်။ ရည်းစားထားခဲ့သမျှမှာ ဤသို့ သူ မလှုပ်ရှားခဲ့ဖူးဆိုလျှင် ယုံကြပါ့



www.burmeseclassic.com

www.burmeseclassic.com



မလား။ ကူး ဘယ်လိုသဘောတွေနဲ့ လုပ်နေတာလဲ၊ ဒီအပြုအမူမှာ ဘယ်လောက် အန္တရာယ်ကြီးမှန်းကော သိရဲ့လား။

"ကိုကို"

"....."

"ကူး ပြန်တော့မယ်"

"ဘာ ..."

စက်ဘီးရပ်လိုက်ခြင်းက ခြေထောက်တစ်ဖက် ထောက်လိုက်သည်နှင့် ပြီးမြောက်သွား၏။

"အဲဒီအတိုင်းပဲနေပါ ကိုကို"

ကူးက လက်နှစ်ဖက်ကို တင်းအောင်ဆွဲကျုပ်၍ သူ့ကို နောက်လှည့်ခွင့်မပေးဘဲထားသည်။ ဖက်ထားတာကိုလည်း မလျှော့။ ကျော ပြင်မှာ ပါးကလေးကပ်ထားလျက်နှင့် ...

"ကူး ဒီမှာ မပျော်တော့ဘူး သိလား"

"မပျော်တော့ဘယ်ကိုသွားဦးမှာလဲ၊ မင်းလျှောက်သွားမှာစိုးလို့"

"လျှောက်သွားနေရတာက ပိုပြီးပျော်စရာကောင်းတာ ကိုကို ကိုကို့စေတနာတွေကို ကူး မလိုချင်ဘူး"

"ငါပြောတာက မင်းကို ..."

"ကူး ရန်ကုန်ကိုပဲ ပြန်မှာပါ"

ခေါင်းရိပ်ထံမှ စကားသံ တိတ်ကျသွားသည်။ ဘာဖြစ်လို့လဲဆိုတာ သူ သိလိုက်ပြီဖြစ်၏။ ဒီအချိန်မှာ သူ ဘာမှမတတ်နိုင်တော့ပါ။

ဘယ်လိုတန်ဖိုးကြီးတဲ့အရာပဲဖြစ်ဖြစ် လက်ခံရယူပြီး ထုပ်ပိုးသိမ်းဆည်းစရာနေရာ မရှိတော့သည်က အမှန်ပဲဖြစ်သည်။

သို့သော် ရင်ထဲမှာတော့ နင့်နေခဲ့၏။ ကူးကို သူ မပြန်စေချင်သော ဒါဟာ သံယောဇဉ်ဖြစ်သွားခဲ့ခြင်းပဲ ဖြစ်လိမ့်မည်။ သူမ လိုချင်တာ





တော့ ပေးဖို့မရှိ။ စက်ဘီးလက်ကိုင်မှာတင်ထားသည့် လက်တစ်ဖက်ကိုဖြုတ်၍ ကူးလက်ကလေးကို ထပ်အုပ်ကိုင်လိုက်သည်။

"ဟင့်အင်း မကိုင်နဲ့"

ကူးက သူ့လက်ကိုခါချပစ်၏။ ပြီးတော့ ဖက်မြဲဖက်ထားကာ ...

"ဒီတိုင်း ခဏလေးငြိမ်ငြိမ်နေပေးရင်ရပြီ ကိုကို၊ ကူးကို ဘာမှမပြောပါနဲ့ ပေးလဲမပေးနဲ့၊ သူများသနားတဲ့ဘက်မှာ ကူး ဘယ်တော့မှ မနေဘူး။ အထူးသဖြင့် ကူးရဲ့နှလုံးသားက ပိုပြီးမာနကြီးတယ်၊ ကူးကို ကိုကို အထင်မသေးဘူးဆိုရင် ကျေနပ်တယ်၊ ဘာမှပေးဖို့မလိုဘူး"

ညဥ့်လေပြေက တိုးဝှေ့တိုက်ခတ်သံဖြစ်၏။ ငြိမ်သက်သွားခဲ့သော နှလုံးသားကို၏ ပင့်သက်ရှိုက်သံက လေပြည်ထဲမှာ လွင့်လွင့်လဲလဲ ဖြစ်နေခဲ့သည်လား ...၊ ဒါမှမဟုတ် မာနနဲ့ ခေါင်းထောင်နေနိုင်ဖို့ ကြိုးစားနေသည်လား ...။

ခေါင်းရိပ် လက်နှစ်ဖက်သည် စက်ဘီးလက်ကိုင်မှာပဲ တင်း(?)စွာဆုပ်ထားရင်း တစ်ကိုယ်လုံးဟာ သက်မဲ့ရုပ်တစ်ရုပ်လို ငြိမ်သက်နေနေခဲ့လေသည်။

ကူးရင်ထဲမှတော့ မရင်းနှီးခဲ့ဖူးသည့် ရင်ခုန်သံတွေ နှိပ်စက်လျက် . . .

ကိုကို့ကို ချစ်တယ် . . . ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

ကိစ္စတစ်ခုနှင့် သစ်စက်ဝင်းထဲကို ညရှစ်နာရီလောက်မှ ထသွားခဲ့သည်။ အပြန်ကျတော့ ကိုးနာရီခွဲနေပြီဖြစ်၏။

နာရီကိုကြည့်၍ ရုပ်သွင်ဆီကို ဝင်ရကောင်းမလား၊ မကောင်းလားကားမောင်းရင်း စဉ်းစားလိုက်မိသည်။ ထွက်လာခဲ့တုန်းကတော့ အပြန်လှည့်ဝင်မည်၊ မနေ့က ဒက်ရှ်ဘုတ်ပေါ်မှာ ကျန်ခဲ့သည့် မင်္ဂလာဝတ်စုံရွေးဖို့ ဘောင်ချာကျန်ခဲ့တာကို ပေးမည်ဟု ...

အပြန်မှာ အချိန်လင့်သွားတော့ သူတစ်ယောက်တည်း အိမ်မှာနေရသည့် ရုပ်သွင်အတွက် သူ ဝင်သွားလို့ သင့်တော်ပါ့မလားဟု တွေးမိ ရင်းစဉ်းစားသည်။

မင်္ဂလာကိစ္စကို မြန်မြန်လုပ်ဖြစ်ဖို့ ဆုံးဖြတ်လိုက်တာကလည်း သူမင်္ဂလာ ငဲ့လို့ပါပဲ။ မိဘဆွေမျိုးတို့ကို စုံကန်ပြီး သူ့အတွက် စွန့်စားခဲ့ကာမှ သူ့ဖို့ တွေကြားမှာ ဒီထက်ပို၍ သူ ပစ်မထားသင့်တော့ဟု ယူဆမိသည်။

ထို့ကြောင့် စဉ်းစားသင့်တာတွေ ရှိနေသေးသည့်ကြားက အနှီ ချော အစ ဘာဘာညာ အဆုံး ဘယ်သူကမှ သဘောမတူဘဲနှင့် ...





မင်္ဂလာရက် သတ်မှတ်ခဲ့သည်။

မင်္ဂလာပွဲကို ရုံးတက်လက်မှတ်ထိုးပြီး အနည်းအကျဉ်း အကျွေးအမွေးလေးနှင့် အကျဉ်းချုံးဖို့ သူ ဆွေးနွေးတော့လည်း ရုပ်သွင်က လက်ခံခဲ့ရှာသည်။

"ဘာပဲဖြစ်ဖြစ် မင်္ဂလာပွဲကို သွင့်ဘက်က အကြီးအကဲတစ်ယောက်ယောက် တက်လာအောင်လို့ သွင် ကြိုးစားမယ်သိလား၊ သဘောတူတူ မတူတူ မင်္ဂလာပွဲကိုတော့ တက်ပေးရမှာပဲ"

သွင်ကပြောခဲ့သေးသည်။ သူ့ဘက်ကတော့ သွင့်ဘက်ကလူကြီးတွေနှင့် အဆင်မပြေချင်ပါ။ လူတွေများတော့ စကားများတာပဲရှိသည်။

ဒါကို သူ မလိုချင်ပေ။ တကယ်တမ်းကျတော့ သူနှင့်ရုပ်သွင်ရဲ့ကံ အိမ်ထောင်ရေးဟာ အချစ်ထက် ငှဲညာစာနာမှုတွေသာ ပိုမိုနေခဲ့တာ ဖြစ်ပေမည်။

စားကောင်းသောက်ဖွယ်များဖြင့် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသော်လည်း အငွေ့အသက်မဲ့နေပြီဖြစ်သည့် အေးစက်စက် ထမင်းပွဲကြီးလို ...

"ဟင် ..."

ကားကို ရုပ်သွင်နေသည့်လမ်းထဲ ကွေ့လိုက်ကာမှ ထိုခြံရှေ့မှာ ကားတစ်စီး။ အိမ်က ခြံသိပ်မကျယ်သော တစ်ထပ်တိုက်လုံးချင်းလေး ဖြစ်သည်။

ပေါ်တီကိုကလည်း နိမ့်နိမ့်သေးသေးလေးပဲဖြစ်ကာ တိုက်ပိုင်ရှင်၏ကားနှင့် ရုပ်သွင်စီးသည့်ကား နှစ်စီးထိုးထားလိုက်တာနှင့် နေရာပိုကျိုတော့ပေ။

ပို၍သေချာသည်က ဒီကားကို သူမှတ်မိနေသည်။ ရုပ်သွင်တို့အိမ် အကား။ ခေါင်ရိုပ် ကားကို အရှိန်နည်းနည်းချပြီး ဆက်မောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သူကားကိုတော့ ဘယ်သူမှ မှတ်မိမှာ မဟုတ်တာကို အတပ်သိနေ၏။

အဘယ်ကြောင့်ဆိုသော် ဒါ သူမောင်းနေကျကား မဟုတ်ပေ။ တစ်နေ့ညက ကူးကို လိုက်ပို့ပြီးအပြန်မှာ အန်တီချောကားကို မောင်းပြန်လာခဲ့တာဖြစ်သည်။ နောက်နေ့ အန်တီချော ခရီးသွားတော့ ကားကို ပြန်မပေးဖြစ်ခဲ့။

ကားကို ဖြည်းဖြည်းလိမ့်ခဲ့ရင်း ထိုနားက ဖြတ်တော့ ခြံရှေ့ကားနားမှာ ရပ်နေသည့်သူတွေက ထင်ရှားလာသည်။

ရုပ်သွင်၏ညီမ ရွှေစင်ဖူးနှင့် အဒေါ်ဖြစ်သည့် ဒေါ်သီတာလွင်၊ ဟိုဘက်တစ်ယောက်က ရုပ်သွင် မိတ်ဆက်ပေး၍ သိခဲ့သော အိမ်ရှင်ဒေါ်ချစ်တင်။ သူကားကို တစ်ချက်ပဲကြည့်ကာ စကားပြောမပျက်။

"မင်္ဂလာကိစ္စ မြန်မြန်ပြီးမှပဲ အန်တီ၊ မဟုတ်ရင် မာမီ နှလုံးရောဂါ ရနိုင်တယ်"

"အမယ်လေး မပူပါနဲ့ ရွှေစင်ရယ်၊ ရုပ်သွင်ပဲဟာ ..."

"ဟား ဟား ဟား"

"အဲဒီမိန်းမ သိပ်ခြေရှည်နေတယ်၊ ပြန်လာရင် ပြောပြလိုက်နော် အန်တီ၊ မနက်ကို ဆက်ဆက်လာခဲ့လို့၊ မာမီ မျှော်နေတယ်လို့"

"အေးပါ"

ဘေးက မှောင်ရိပ်မည်းမည်းထဲ တိုးဝင်လာခဲ့ပြီးမှ ရပ်တန့်သွား၏။ နောက်မှာ တိုးသက်ပျောက်ကွယ်ကျန်ခဲ့သည့် စကားသံတွေက နားစည်ထဲမှာ ကြွမ်းတမ်းစွာ ရိုက်ပုတ်နှိပ်စက်နေကြသည်။

ဘာတွေလဲ၊ ဘာတွေပြောနေကြတာလဲ၊ ဒီအချိန်ကြီးကျမှ ရုပ်သွင်ကကော ဘယ်ကိုသွားနေတာလဲ။

စတီယာရင်ကို ဖိဆုပ်ထားရင်း ရင်ထဲမှာ ခါးခါးသီးသီး ဖြစ်လာ





သည်။ ဒီအဖြစ်တွေကို သူ မဖြစ်ချင်ခဲ့တာ၊ မကြားချင်ပါဘူးဆိုမှ ကြားလာခဲ့ရသည်။

ခေါင်းကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်သော်လည်း ခေါင်းထဲကနေ ဘယ်မှရောက်မသွားပါနဲ့လား ...၊

မင်း ဘာလဲ ရုပ်သွင် ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဘာမှပြုပြင်လို့မရတော့ဘူး ဘဘစော၊ အန်တီချောကလဲ ကျွန်တော် ဒီစကားပဲပြောမှာ၊ သူနဲ့ကျွန်တော် လက်ထပ်ဖို့ရက်က နီးစပ်တဲ့ မိတ်ဆွေအသိုင်းအဝိုင်းတွေကြားမှာ အခိုင်အမာရှိနေခဲ့ပြီးပြီ ယောက်ျားတစ်ယောက်အနေနဲ့ ကျွန်တော့်ဘက်က သစ္စာပျက်လို့ မဖြစ်ဘူး"

မင်္ဂလာချိန်ရောက်တဲ့အထိ ဘဘစောက တဖျစ်ဖျစ် ညည်းညူနေခဲ့သည်။

"လူလေးရယ်၊ မင်းကို တို့တွေ အများကြီးယုံကြည်ခဲ့တာ။ မင်းရဲ့ ဘိုးဘိုး၊ ဘေးတော်၊ ဘီတော်တွေလက်ထက်ကတည်းက မြဲခဲ့ကြတဲ့ သရဏဂုံသုံးပါး မင်းကျမှ ..."

ဘဘစော မျက်ရည်တွေလည်နေခဲ့သည်။

"မင်းရဲ့ရုပ်သွင်က ဖြောင့်မှန်မှုမရှိခဲ့ဘူး လူလေး။ မင်းနဲ့ လက်ထပ်ဖြစ်ဖို့အတွက် သူရိုးသားဟန်ဆောင်နေတာ၊ သူ့ဆွေမျိုးမိဘတွေ အားလုံး ကြိတ်ကြံနေကြတာ မင်းကလွဲရင် အားလုံး သိနေကြပါတယ်ကွယ်"





'ကျွန်တော်လည်း သိနေခဲ့တာပါပဲ'လို့ သူ မပြောဖြစ်ခဲ့ပါ။

ရင်ထဲမှာ အခိုင်အမာ ဆုံးဖြတ်ထားနိုင်ခဲ့တာ တစ်ခုပဲရှိသည်။ ထိုအရာသည် သူတစ်ယောက်တည်း ဖြစ်ရုံမျှမက နောက်ဆုံး သွေးတစ်စက်ပဲကျန်ပါစေ သူ့သွေးဟာ ဗုဒ္ဓဘုရားရှင်၏ တရားတော်အတိုင်း ရှင်သန်နေရမည်။ ဗုဒ္ဓတရားတော်နှင့်ပဲ သူသေဆုံးမည်။

တခြားလူတွေ ဘာဖြစ်လို့ သူ့ဘက်က ဒီတစ်ခုကို ခိုင်မာစွာ ဆုံးဖြတ်ခဲ့သည်။ အညာခံလိုက်ရရင်တောင်မှ ကိုယ်မညံ့ဘူးဆိုတာတော့ သိရမည်။

ဆုံးဖြတ်ထားပြီးဖြစ်သည် ခြေလှမ်းတို့က တွန့်ဆုတ်မနေခဲ့ပါ။ မင်္ဂလာရက်နားကပ်မှ သူ့ဘက်က အေးစက်သွားခဲ့တာကို ရုပ်သွင်ကလည်း ရိပ်မိသည်။ သူ့အလိုကျ အားလုံးလိုက်လျောနေခဲ့ပေမယ့် အယုံအကြည်မဲ့သွားခဲ့ပြီဖြစ်သည့် ခေါင်းရိပ်ကတော့ ကိုယ့်ဘက်က ဝတ္တရားကျေဖို့သာ ...။

ညဘက် ဧည့်ခံပွဲမလုပ်တော့တဲ့ မင်္ဂလာခန်းမကြီးထဲမှာပဲ ရှေ့နေကြီးများရှေ့မှာ လက်မှတ်ထိုးမည်။ အကျွေးအမွေးတစ်ခါတည်း လုပ်မည်။ ထိုအစီအစဉ်ကြောင့် လက်မှတ်မထိုးခင်ကတည်းက ပရိသတ်က တော်တော်လေး စုံပြည်နေပြီဖြစ်သည်။

သဘောမတူဘူးဆိုပေမယ့် ဒေါ်ချောဇင်နှင့်ဦးစောလည်း ခေါင်းရိပ်ဘက်က လူကြီးအဖြစ်ရောက်ရှိနေခဲ့သလို ရုပ်သွင်ဘက်မှာလည်း ရုပ်သွင်၏ဖခင်မှလွဲလျှင် အမေနှင့် ညီအစ်ကို မောင်နှမ ဆွေမျိုးအားလုံး မျက်နှာစုံညီ ရှိနေကြသည်။

တစ်ဖက်နှင့်တစ်ဖက်က ရန်စောင်နေကြတာမျိုးတော့ မဟုတ်သလို သိုသော် ပြုံးရွှင်ဖော်ရွေစွာ ရှိနေကြတာလည်း မဟုတ်။

ရုပ်သွင်၏အစ်မနှင့် ညီမတွေအကုန်လုံးမှာ ရတနာတွေ ပြိုးပြက်



www.burmeseclassic.com

www.burmeseclassic.com



လက်လျက်သမီးကို ငဲ့ညှာထောက်ထားပြီး တက်ရောက်လာရသလို မျက်နှာထားများကတင်းနေ၏။

ဒေါ်ချောဇင်ကတော့ ရင်ညွန့်အောက်ထိရှည်သော ပလက်တီနမ်ကြိုးပျော့တစ်ကုံးနှင့်နောက်တွဲဆံထုံးရိုးရိုးမှာ စိန်ပန်း ခိုင်လှလှလေး ထိုးစိုက်ထား၏။ တခြားကြိုး ပြိုးပြက်ပြက် ဘာမှမပါပေ။

မင်္ဂလာပွဲကြီးမဟုတ်သောကြောင့် သတို့သား သတို့သမီး ထိုင်ဖို့ နေရာမထားဘဲ ထိုဘက်မှာ ရှေ့နေကြီးတွေ ထိုင်သည်။ ပရိသတ်ဘက်မှာ ထိုင်ခုံနှစ်လုံးနှင့် ခေါင်ရိပ်နှင့်ရုပ်သွင်က နေရာယူဖို့လာသည်။ ဒေါ်ချောဇင်က နေရာမှထရပ်လိုက်ကာ ...

"သား ..."

ခေါင်ရိပ်လက်ကို ဆုပ်ကိုင်ထားလိုက်ပြီး ...

"နောက်ထပ် မင်္ဂလာဆောင်ဖို့ပြောရင် သဘောမတူပါနဲ့"

ပေါ်တင်ပဲ အများရှေ့မှာ ပြောလိုက်သည်။ ခေါင်ရိပ် ခေါင်းညိတ်လိုက်တာမဟုတ်ဘဲ မျက်နှာလွှဲချခေါင်းငုံ့ပစ်၏။

သတင်းစကားတွေ အမျိုးမျိုးထွက်လာနေသည်က ချားချ်ကျောင်းမှာ မင်္ဂလာထပ်ဆောင်ဖို့ ရုပ်သွင်တို့ဘက်က စီစဉ်ထားပြီးပြီတဲ့။

ခေါင်ရိပ်ဘက်က ငဲ့ညှာနေတာကို သိသာလေ ခြေလှမ်းကျဲလာကြလေ။ အနေအထားအားလုံးက သိသာပေါ်လွင်ခဲ့ပါပြီ။

ဒါပေမယ့် ခေါင်ရိပ် အားလုံးရှေ့မှာပဲ လူကြီးမင်းများ ရှေ့မှောက်သို့ လျှောက်သွားခဲ့လေသည်။

ဟိုဘက်ဒီဘက် စားပွဲရှည်နှစ်တန်းမှာ မျက်နှာချင်းဆိုင်နေရာ အပြည့်ရှိနေပြီဖြစ်သည့် မိတ်ဆွေအကုန် တိတ်ဆိတ် ငြိမ်သက်စွာ ကြည့်နေကြ၏။

* * *





အခန်း (၃၄)

'ခြိမ့်' မင်္ဂလာခန်းမရှေ့မှာ အဖြူရောင်ကားလေး ထိုး ရပ်သွားသည်။ စိန်မှုန်ကလေးများကျဲလျက် သေးမျှင်သော သိုင်းကြိုးကလေးတွေ လှပစွာ ယှက်သွယ်နေသည့် ဒေါက်မြင့်ဖိနပ်တစ်ရန်ကို စီးနင်းထားသည့် ခြေထောက်တစ်ဖက်။

ကားတံခါးပွင့်သွားပြီး ပြည့်တင်းဖြူနုနေသည့် ခြေ ထောက်လေး တစ်ဖက် အရင်ကျလာသည်။ ပြီးနောက် နောက်တစ်ဖက် ...။

ညို၏မီးရောင်များထဲမှာ ခြေထောက်နှစ်ဖက်ချလိုက်တာနှင့် အားလုံး ပြီးပြည့်စုံသွားသလို ကားပါကင်အတွက် တာဝန်ယူထားသူ ပါးစပ်အဟောင်းသားနှင့် ငေးနေခဲ့၏။

သူမ အပြင်ကို ထွက်လိုက်တာနှင့် သူလည်း ထရပ်လိုက်မိသည်။ ကားကို နေရာချပေးဖို့မဟုတ်ဘဲ အယောင်ယောင်အမှားမှားနှင့် ဖြစ်သည်။ ခဲပုပ်ရောင်လက်နေသော ပိုးပျော့ဝတ်စုံနှင့် သူမဝတ်ထားသော ရိုးရိုးလေးပါပဲ။

ဆန်းနေသည်က လည်ကပ်လက်ပြတ်လေးနှင့် ခြေဖမိုးပေါ် ထိ အိတ်တွဲပုံကျနေအောင် ချုပ်ထားသည့်ဝတ်စုံ။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်ပေါ်မှာ ကောက်ကြောင်းလေးတွေအတိုင်း ကပ်ချပ်နေသည်။ ခြေသလုံးနားကျမှ ပျော့ဖတ်ပုံချထားတာ ဖြစ်၏။

ပြီးတော့ကျစ်လိမ်တွေးခဲနေအောင် ဆွဲထားသည့်စိန်လုံးတွေက ချက်လောက်ထိကျကာ တဖျပ်ဖျပ် လှဲတောက်နေသည်။

လက်အိတ်မပါဘဲ လက်ချောင်းလေးတွေက ဖွေးနုလှပနေ၏။

စိန်တိုက်ကြော်ပြာသလိုလက်ချောင်းတွေ၊ လက်ကောက်ဝတ်တွေမှာ စိန်တွေခဲနေအောင် ဝတ်ထားပေမယ့် ခပ်ရိုင်းရိုင်းနှင့်ပဲ လှနေသည်။

ရိုင်းသည့်အလှပေါ်မှာ ပဝါတင်ထားမှန်း သိသာရုံပဲရှိသော အလွန်ပါးလျှသည့် ပဝါရှည်တစ်ထည်ကို ပခုံးမှသိုင်းခြုံထားသည်။

နုငယ်လှပသော မျက်နှာလေးသည် ဆံထုံးတွေဘာတွေ ဘာမှမရှိဘဲ ဒီတိုင်းထားသည့်ဆံပင်တိုလေးတွေကြောင့် ပို၍ ချစ်စရာကောင်းနေသည်။

ဒီနေ့ အထဲမှာ ကျင်းပနေသည်က မင်္ဂလာပွဲကြီး မဟုတ်ပါ။ ဒါပေမယ့် ညည့်ခံပွဲတော့ ရှိနေတာလည်း မှန်နေသည်။

နောက်ထပ် ဒါပေမယ့်တစ်ခုက ထိုညည့်ခံပွဲမှာ သတို့သမီး ကိုယ်တိုင်တောင်မှ ဤမိန်းကလေးလို ပြည့်စုံထည်ဝါမှုမရှိတာ သေချာနေ၏။

ကားနေရာချသူသည် ခြောက်သွေ့သွားသည့် လည်ချောင်းထဲကို တံတွေးတစ်ချက် မရှိမဆုံ မျိုချနေရင်း ရှေ့တိုးလာ၏။

မိတ်ကပ်ရောင်စုံ နေရာကျအောင် ခြယ်ထားတာမဟုတ်ဘဲ အတော်လှပနေသည့်မျက်နှာလေးကိုငေးရင်း အနားရောက်သွားတော့ သူမက ကားသော့ကိုမပေးဘဲ ဖိဆုပ်ထားကာ ...

"ကားမှ သိပ်မရှိတာ ကျွန်မကားကို ဒီမှာပဲ ထားပါရစေ"

"ဗျာ"

"ကျွန်မ ချက်ချင်းထွက်လာမှာ"





နောက်ထပ်ဗျာမှာ အသံတွေတိမ်ဝင်သွား၏။ သူမက ညည့်ခံပွဲထဲကို လှည့်ဝင်သွားပြီဖြစ်လေသည်။

ခြေထောက်ကလေးတွေကိုပဲ သူ လိုက်ငေးနေမိသည်၊ ခြေလှမ်းများအတိုင်း ကူးရဲ့ရင်ခုန်သံတွေ ဆူညံလာသည်၊ ရှေ့တိုးလေ ရင်တွေခုန်လေနှင့်၊

"မပြန်ပါနဲ့သမီးရယ်၊ သမီးကိုကို လက်ထပ်တော့မှာ သိရဲ့လား"

"ဒီပွဲမှာ သမီးမရှိလို့မဖြစ်ဘူး"

"ဘာမှ ဂရုစိုက်ဖို့မလိုဘူး၊ တို့တွေက စင်ပေါ်ကလူ"

"သမီး လာဖြစ်အောင်လာရမယ်"

ကူး လက်ဖျားတွေ အေးစက်လာ၏။ ခန်းမ၏ အဝင်ဝရောက်တော့ ခေါင်းရိုပ်နှင့်ရုပ်သွင်တို့၏ ကျောပြင်တွေကို တန်းခနဲမြင်ရသည်။ ,

လက်မှတ်ထိုးရုံပဲဆိုပြီး ပရိသတ်က မနည်းပါလား။

သတ္တိရှိပါသည်ဆိုသော ကူးရင်ထဲမှာ ကြေကွဲသော၊ ရှက်ရွံ့သော နွံ့ယင်မှုများဖြင့် ခြေလှမ်းက ရှေ့မဆက်နိုင်။

သွားလေ စိတ်ကူးရင့်၊ ရောက်နေပြီ ဆက်သွား။ နောက်ထပ် ခြေတစ်လှမ်း၊ ပြီးတော့ တရွေ့ရွေ့ ဆက်လှမ်းလာခဲ့၏။

ကိုကို ဘယ်လိုဖြစ်သွားမလဲ၊ ရင်ထဲမှာ ကျဉ်ခနဲထိရှသွား၏။ မချစ်တတ်ခဲ့သည့်ရင်ကို ကတိမ်းကပါးဖြစ်အောင် စိတ်ကူးယဉ်စရာတွေ ပေးခဲ့ပြီး သူကတော့ လွတ်လွတ်ကျွတ်ကျွတ် နှုတ်ဆက်ရက်သည်။

ကြေကွဲနာကျင်သည့် နှုတ်ခမ်းလွှာလေးကို ဖိကိုက်ထားရင်း စည်းမှန်မှန် ထွက်ပေါ်လာသည့် သူမ၏ ဒေါက်မြင့်ဖိနပ်သံက အားလုံး ငြိမ်သက်လွှမ်းမိုးသွားခဲ့သည်။

ပရိသတ်၏မျက်လုံးတွေက သူမထံ စုပြုံလာကြသည်။ တံခါးဝ မျက်နှာမူလျက်ရှိနေသော ရှေ့နေကြီးတွေ နှုတ်ဖျားမှာ မင်္ဂလာ စာဖတ်သလို တခမ်းတနားပြောဖို့ ဟောဖို့ ပြင်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေလည်း ရပ်တန့်သွား၏။ ဒေါက်ဖိနပ်သံက စိတ္တဇဆန်ဆန် စည်းချက်မှန်နေသည်။

ထူးခြားချက်ရှိနေပြီကို သတိထားမိလိုက်သည့်အချိန်မှာပဲ ခေါင်းရိုက်နားထဲသို့ မကြားရက်ဖွယ် ခေါ်သံသဲ့သဲ့လေး တုန်လှုပ်စွာ တိုးဝင်လာ၏။

"ကို ...ကို ..."

"ဟင် ..."

သူ့ကိုယ် တစ်ချက်မတ်သွား၏။ လက်မှတ်ထိုးဖို့ ကိုင်ထားပြီးသည့် ဘောလ်ပင်နိက စာရွက်ပေါ် ပြန်ကျလာသည်။

ရပ်သွင်နှင့်သူ အကြည့်ချင်းဆုံလိုက်၏။ ထို့နောက် သူ မျက်ခွံထရပ်ကာ နောက်ကိုကြည့်လိုက်မိသည်။

"ကိုကို"

"ကူး"

ကူး တစ်ကိုယ်လုံးကို သူ မယုံနိုင်စွာ ငေးကြည့်နေမိသည်။ ဒီ ညနေ ခရီးသွားတော့မှာမို့ သူ့မင်္ဂလာပွဲကိုလည်း မတက်နိုင်တော့ပါ ဟု ကူး ကိုယ်တိုင် သူ့ကိုပြောခဲ့သည်။

အလုပ်တွေရှုပ်နေသည့်ကြားက ညနေက သူ အန်တီချောဆီကို ဖုန်းဆက်မေးခဲ့သေးသည်။

"ပြန်ဖို့ ပြင်နေတယ်" တဲ့။

ကူးနှင့်စကားပြောချင်သေးပေမယ့် မပြောတာဘဲကောင်းသည် ဟုယူဆကာ ရင်နာနာနှင့်ပဲ ဖုန်းကိုချထားခဲ့မိသည်။

ခု ဘယ်လိုရောက်လာတာလဲ ...။

ကူးက ရှေ့ကို တစ်ချက်မှမတွန့်ဘဲ ဆက်လျှောက်လာခဲ့သည်။ သက်မောင်းသားနုနုမှာ ပြောင်လက်လှပသော လက်ကိုင်အိတ်လေး ချိတ်လျက် ညာဘက်လက်ဖဝါးထဲမှာ စာရွက်လိပ်တစ်လိပ်နှင့် —





ခေါင်းရိုက် စူးစိုက်ကြည့်နေခဲ့သည်က ကူး၏မျက်ဝန်းလေးတွေထဲကိုသာ ...။

ကိုယ်မှာဆင်ထားသည့် ရတနာများနှင့်အပြိုင် ကူးမျက်ဝန်းထဲမှာ ပြိုးပြက်လက်နေသည်က မျက်ဝန်းနှင့်အပြည့်ရှိနေသော မျက်ရည်များ ပဲဖြစ်သည်။

"ကိုကို သိပ်ရက်စက်တယ်၊ လေ့ကစားသုံးထစ်ဆင်းရင် လူ့ဖျို့ပြန်ဖြစ်တယ်ဆိုတဲ့ ယောက်ျားမာနနဲ့ တကယ်ဆုံးဖြတ်သွားတာပေါ့နော်"

"ကူး ... မင်း ..."

"ဟင့်အင်း"

ကူးက သူ့ကို အပြောမခံ။ ဆံပင်တွေဝိုက်ပါသွားသည်အထိ ခေါင်းကို ခါယမ်းပစ်လိုက်သည်။ ပါးပြင်ထက်သို့ ကြွေဆင်းလာကြသော မျက်ရည်တွေက တာတမံကျိုးသလိုပင်။

"ရန်ကုန်မှာ ကူးနဲ့ကိုကို လက်ထပ်ပေါင်းသင်းခဲ့ကြတာ ကိုကိုဘက်က ဘယ်သူမှမသိပေမယ့် ကူးဘက်က တခမ်းတနား အတည်ပြုထားခဲ့ကြတာ ..."

"ဟင် ..."

"အို ... ကြည့်စမ်း"

"ရှိပ်"

ညှိပရိသတ်အသံတွေကြားထဲမှာ ဝုန်းခနဲ ထရပ်လိုက်သော ရပ်သွင်အသံက စူးစူးဝါးဝါး ထွက်ပေါ်လာ၏။

ကျွတ်စီ ကျွတ်စီ ဖြစ်ကုန်ကြသည့် လူသံတွေထဲမှာ ကူးက အံကြိတ်၍ လေသံကိုမြှင့်သည်။

"လုပ်လိုက်ပါ ကိုကို၊ ကူးတို့ မိန်းမသားဘက်က ဒီလောက်ပဲ ဘတ်နိုင်ကြတယ်။ ဒီပွဲကို ကူး ဖျက်ချင်တယ်၊ ဖျက်ဖို့လာတာ၊ ကူးကို



www.burmeseclassic.com

www.burmeseclassic.com



တရားဝင်လက်ထပ်ခဲ့ပြီးမှ နောက်ထပ်လက်ထပ်ဖို့ ကြိုးစားတာ ဘယ်သူမှားတာလဲ"

"ကူး ... မင်း ဘာတွေပြောနေတာလဲ၊ ကျွတ် ..."

ခေါင်ရိပ် ဘာကိုမှ နားမလည်နိုင်တော့ပေ။ ကူး မဟုတ်တာတွေ လာပြောနေမှန်း သိသည်။ လူတွေသူ့ကို အထင်မြင်သေးစွာ ဝိုင်းဝန်းကြည့်နေကြတာကိုလည်း သိနေလျက်နှင့် ကူးကို စိတ်မဆိုးနိုင်ရက်ဘဲ ဖြစ်နေခဲ့၏။

လုပ်ချင်ပြီဆို ဘာမှမစဉ်းစားဘဲ ဖွတ်ပြော၊ ဖွတ်လုပ်တတ်သည့် ကူး အကျင့်ကို သိထားသဖြင့် စိတ်ပျက်မိခြင်းထက် ပိုမိုသည့်ဒေါသက ဖြစ်မလာ။

ကြီးကျယ်ဆိုးရွားသော စကားတွေကို ကူးက လွယ်လွယ်လေး ပြောတတ်သည်။ ဘယ်လောက်အရေးကြီးတဲ့အဖြစ် ကိုမဆို ဂရုမစိုက်တတ်။

ကူးကို သူ အပြစ်မပေးရက်ဘဲ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ခြင်းတွေသာ ဖြစ်နေခဲ့လျက် ...

"ရိပ် ... ရိပ် ဘာဖြစ်လို့ ငြိမ်နေတာလဲ၊ အဲဒါ မဟုတ်ဘူးဆိုတာ သွင်သိတယ်နော်"

"ဘာကိုမဟုတ်တာလဲ၊ ဒီမှာ လက်ထပ်စာချုပ်ပါတယ်၊ ကိုကိုနဲ့ ကူး လက်ထပ်ခဲ့ပြီးသား"

"မဟုတ်ဘူး၊ ညည်း ...ညည်း သက်သက် ..."

"ဟော့ နေဦး"

ဒေါ်ချောဇင် နေရာမှ ထရပ်လိုက်သည်။ ကူးက ဒေါ်ချောဇင် ဘက်ကို ဆတ်ခနဲလှည့်ကာ ...

"အန်တီ အန်တီ ကူးကို ညာတာပါ၊ ကူး ကိုကို့နောက်ကို လိုက်ခဲ့ရတာ လွယ်လွယ်ကူကူ မဟုတ်ပါဘူး"

"အဲဒါ ညည်း ..."





ရပ်သွင်က မြဲထားသည့်ပဝါကို ကြမ်းတမ်းစွာ ဆွဲဖြုတ်ပစ်ကာ ကူးရှေ့ရောက်လာ၏။

သိထားတာတွေကို ပြောမလို့၊ ဒါ ဟုတ်မှမဟုတ်ဘဲ။ သို့သော် ဒေါ်ချောဇင်က လက်ညှိုးထိုး၍ တားဆီးကာ ...

"ခဏနေဦး၊အဲဒါကို ဖြေရှင်းရမှာရိပ်ကိုယ်တိုင်ပဲ၊ရိပ် "

"မဆိုင်ဘူး၊ ရိပ်နဲ့သူနဲ့က ရိုးရိုးသားသား ..."

"လျှောက်မပြောနဲ့"

ကူးက နားနှစ်ဖက်ပိတ်၍ အော်ပစ်လိုက်၏။ ကိုင်ထားသည့် စာချုပ်လေး လျှောခနဲ လွင့်ကျသွားသည်။ အားလုံးပဲ စာချုပ်ကို လိုက်ငုံ့ကြည့်ကြ၏။

ပြန့်လျက်သားကျသွားသည်က လက်ထပ်စာချုပ် တကယ်ပဲဖြစ်နေသောကြောင့် အားလုံး၏ သနားကြင်နာခြင်းတွေက တရှိက်ရှိက်ငိုကြွေးနေသည့် ကူးထံသို့ ရောက်ရှိသွားကြလေသည်။

"ကိုကိုက ကူးရဲ့ယောကျ်ား၊ အရှက်မရှိရင်လဲ ယူကြပါ၊ ကူး ဘယ်လိုမှ သည်းမခံနိုင်လို့ ရောက်လာခဲ့တာ၊ ကူး လုပ်နိုင်တာ ဒါပါပဲ"

ကူး နေရာမှ ချာခနဲ လှည့်ပြေးခဲ့သည်။

"ဒါ လုံးဝကို ယုတ်မာတဲ့လုပ်ရပ်ပဲ၊ ကျွန်မတို့သမီးက နာမည်ပျက်ခံရတဲ့ အပျိုစင်နနထွတ်ထွတ် ..."

"ဟုတ်တယ်၊ လုံးဝ မကျေနပ်ဘူး"

နောက်မှာ ရုတ်ရုတ်သဲသဲတွေ ထဖြစ်ကုန်လေသည်။ ကူး ရှက်ကြောက်နှင့်သီးသော ခံစားချက်များဖြင့် ပြေးထွက်လာခဲ့တာ နားတွေ ချက်လုံးတွေ ကန်းကုန်ပြီလားမသိ။

သေချာတာတစ်ခုက မင်္ဂလာပွဲ ပျက်ပါပြီ။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

ဘာတွေဖြစ်ကုန်ခဲ့ပြီလဲ၊ ကိုကို ဘယ်လိုဒေါသတွေ ထမ်း ပိုး အံကြိတ်နေမလဲ။ ရှက်လည်းရှက်ပါသည်၊ ရင်ထဲမှာလည်းနာနေသ

မျက်ရည်တွေက ဘယ်လောက် ပွတ်ဖျက်ချနေနေ ရပ်တန့် ခဲ့သည်မရှိ။ တကယ်ဆိုရင် ကူး ဘယ်တော့မှ ဒီလို သိက္ခာမဲ့မိမှာ မ ပါ။ ပြန်မယ်ဆိုသည့် ဆုံးဖြတ်ချက်ကို ချခဲ့ပြီးကာမှ …

"မပြန်ပါနဲ့ဦး သမီးရယ်၊ သမီးလဲ သမီးရဲ့ ကိုကို့ကို သံယော ရှိနေတာပဲ၊ အန်တီ့ကို ကူညီပါ။ ဒီမင်္ဂလာပွဲ ဖြစ်မြောက်သွားလို့ ဘ မှ မဖြစ်ဘူး။ ယောကျ်ားလေးဆိုတာ ဘယ်လောက်မာနကြီးကြီး ဓာတ်ခိုင်မာပါစေ မယားပြောတော့ တစ်ညတဲ့။ ဟိုဘက်က သိပ်လ အုပ်စု၊ နောက်ပိုင်းမှာ ရိပ်ဟာ သူတို့ကြိုးဆွဲတဲ့အတိုင်းကသွား သူတို့ မှာ အစီအစဉ်တွေရှိနေပြီးသား သမီးရဲ့"

ပြောနေရင်း အမျိုး၊ ဘာသာကိုချစ်သော ဒေါ်ချောဖင်မျက် နီမြန်းမြန်းဖြစ်လာသည်။ အသံတွေ တုန်လာ၏။

"တကယ်ဆို သားလေးကလဲ ယောကျ်ားပီသတဲ့စိတ် ရှိ အချစ်ဆိပ်တက်ပြီး မိုက်တာမဟုတ်ဘူး၊ အဲဒါကို အန်တီသိတယ်။ 





မဟပ် မရိုးသားကြတာကို မသိခင်ကလဲ သူ့အတွက် မိန်းကလေးက စွန့်စား ခဲ့တယ်လေဆိုပြီး ညာတယ်၊ အခုလဲ သူ မျက်နှာမကောင်းဘူး သမီး၊ ဒါတွေ ကို သူ နည်းနည်းတော့ ရိပ်မိနေပြီဆိုတာ အန်တီသိတယ်။ ရိပ်မိခဲ့တဲ့ အချိန်မှာ လက်ထပ်တော့မယ့်သတင်းက ဟိုးလေးတကြောကြော် ဖြစ်နေ ခဲ့တယ်။ သား ဒီလောက်မမိုက်ဘူး၊ သိသိနဲ့ သူ ဇွတ်တိုးဖို့လုပ်နေတာ၊ နောက်ဆုံး သမီးရယ် သူချစ်သူနဲ့ မင်္ဂလာပွဲ ပျက်သွားလို့ တစ်သက်လုံး အန်တို့ကို သေခန်း ဖြတ်သွားပါစေ ကိုယ့်ဘာသာတရားကို မကျိုး ပေါက်အောင် စောင့်ရှောက်နိုင်ခဲ့တယ်ဆိုရင် ကျေနပ်ပြီ"

ဒေါ်ချောဖင်က အမျိုးမျိုး တောင်းပန်ခဲ့သည်။ ကူးရင်ထဲမှာလည်း အမျိုး၊ ဘာသာကို ချစ်သည့်စိတ်တော့ အပြည့်ရှိနေပါသည်။ ဒါဟာ ကူညီသင့်သည့်ကိစ္စ ဟုတ်သလား၊ မဟုတ်ဘူးလား ဆိုတာကို တွေးနေ ဖို့သက် ကိုကို ဒီလိုပုံစံနှင့် ကျဆုံးသွားရမှာကို ကူး မနှစ်မြို့နိုင်။

သို့သော် ဒီလိုပုံစံကြီး သရုပ်ဆောင်ပေးဖို့ကျတော့ …

"သမီးရယ် သမီးလေး နစ်နာမယ်ဆိုတာ အန်တီ တွေးမိ ဘယ်။ သမီးက ဒီမြို့သူလဲ မဟုတ်ဘူး၊ ပြီးတော့ ဘာသာရေးကို ထည့်တွက် ပေးပါ။ သမီးကိုကို တစ်ဘဝလုံးကို ညာတာပါ၊ သူ သိပ်ချစ်လွန်းလို့ မဟုတ်ဘူးဆိုတာကို အန်တီ သိတယ်။ သမီးကို စိတ်ဆိုးရင်တောင်မှ ပက်ပက်စက်စက် ဒေါသထွက်ပေါက်ကွဲမှာမဟုတ်ဘူး၊ ဒါ သေချာ တယ်။ ဟိုတစ်နေ့ညက စက်ဘီးနဲ့ သမီးကို သူ ပြန်ပို့တာမြင်ကတည်း က သမီးအပေါ် သူ ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ အသိသာ ကြီးပါ။ ဘာဖြစ်လို့လဲ သိလား၊ ငယ်ငယ်ကတည်းက ဒီနေ့ထိ ဇွတ် ကျယ် ချိုင်းပြတ်နဲ့ ဘယ်တော့မှ အပြင်ထွက်ဖူးတာ မရှိခဲ့ဘူး၊ စက်ဘီးဆိုရင် စီးတတ်မှန်းတောင် အန်တီ မသိပါဘူး။ သမီးလေး ဘယ်လောက် ဆိုးဆိုး သူ ခွင့်လွှတ်တယ်၊ သမီးကို စိုးရိမ်ပူပန်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချောဇင် ပြောပြတော့မှ ထိုညက ကိုကိုနှင့်သူမအဖြစ်ကို သတိရလိုက်မိသည်။ ရင်ဖွင့်လာသည့်အထဲမှာ ဒေါ်ချောဇင်ဟာ ကူးကို သူမဆီမှာခွဲထုတ်ခေါ်ထားလိုက်ကတည်းက ခေါ်ထိုပ်ရဲ့ သံယောဇဉ်ကို သိနေခဲ့ကြိုး

"ပြီးတော့လေ သမီးကို မြင်မြင်ချင်းပဲ အန်တီ ချစ်ခဲ့တယ်၊ အဲဒီတကယ်ပါ၊ သမီး ဘယ်လိုဝတ်ဝတ် ဘယ်လိုနေနေ အန်တီ့သဘောအယူအဆနဲ့ မကိုက်ညီတာတွေရှိတာတောင် 'လူငယ်ပဲလေ' လို့ သဘောထားပြီး ခွင့်လွှတ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် သမီးရယ် ရုပ်သွင်ကို မုန်းလို့လဲမဟုတ်ပါဘူး၊ ကိုယ်နဲ့ ကိုးကွယ်မှုမတူတဲ့ ဘာသာကွဲ တစ်ယောက်နဲ့လက်ထပ်တာကိုပဲ လက်မခံနိုင်တာ။ တခြားဆင်းရဲချမ်းသာ နှုန်းဝဲဖြစ်လာပြီဆိုရင် 'သူနဲ့ဖူးစာပါတာကိုး' ဆိုတဲ့ အတွေးနဲ့ ဖြေလိုက်မှာပါအခု မဖြေနိုင်ဘူး၊ သူ့ကို လက်ထပ်ခွင့်မပြုနိုင်ဘူး။ အန်တီတို့အမိန့်ပေးတားမြစ်ရလောက်အောင် သူ့ကို လွှမ်းမိုးလို့ မရတော့ဘူးသမီးရဲ့၊ သမီး ကူညီပါ။ အန်တီ အနူးအညွတ် တောင်းပန်တာပါကွယ်ဒီပွဲပျက်ပြီးသွားရင် သမီးက ဒီလိုကူညီခဲ့တာဆိုတဲ့အကြောင်း၊ တကယ်တော့ ဘာမှမဟုတ်ဘူးဆိုတဲ့အကြောင်း အန်တီ ဖွင့်ချရဲတယ်"

အဲဒါတွေကြောင့် ကူး ခေါင်းညိတ်ခဲ့တာ။ ကိုကိုကတော့ ကူးကို အထင်သေးပြီးရင်း သေးပြီပေါ့၊ ရှက်လိုက်တာ၊ မျက်တောင်တွေမှာ ပွတ်သုတ်၍လွန်းလို့ မျက်ရည်နဲ့ရောထွေးကျွတ်ပါလာဖို့ နီးစပ်နေပါပြီ၊ လောလောဆယ်အငိုတိတ်အောင်ပင် ကိုယ့်ကိုယ်ကို မတားဆီးနိုင်ပေ။ အင်္ခနဲ တစ်ရှိုက်မှာ ကိုယ်က သိမ့်ခနဲတုန်သွားသည်။ လက်စွပ်တွေ တစ်ကွင်းပြီးတစ်ကွင်းဖြုတ်ချရင်း ရှိုက်ရင်းနှင့် ကူးတစ်ယောက်တည်း အခန်းထဲမှာ ဖြစ်ချင်တိုင်းဖြစ်နေသည်။လက်ကောက်ဝတ်မှာ သုံးထပ်လောက်ဆင့်ပတ်ထားသည့်စိန် ခွေတွေကျတော့ သော့နှင့်မို့ ရုတ်တရက် ဖွင့်လို့မရ။

ဒီပစ္စည်းတွေကို ချပေးခဲ့ပြီး ဒေါ်ချောဇင် ထွက်သွားခဲ့သည်။





"သမီး လာခဲ့နော်၊ လုံးဝ မကြောက်နဲ့၊ သမီးလာမှဖြစ်မှာ"

တဖွဖွပြောကာ ကူးရဲ့ပါးလေးကိုလည်း နမ်းခဲ့သည်။ အမှန်တကယ်ဝန်ခံရပါလျှင် ခြေလှမ်းစလိုက်တုန်းက စိတ်ဟာ တွေ့ရေး သက်သက်နှင့်ဖြစ်သည်။ ကိုကို့ကိုသတို့သားအဖြစ် သတို့သမီးဘေးမှာ တွဲလျက်မြင်လိုက်ရသည့်စာမှာတုပ်လျှိုးနေခဲ့သည့် နာကျင်မှုက ပြင်းပြင်းထန်ထန်လှုပ်ခါသွားသည်။

ရင်နာခြင်းကို တီတီပပခံစားလိုက်ရပြီး မျက်ရည်တွေကအတုမဟုတ်ခဲ့ပါ။ တလိုက်လိုက်ဆို့နင့်စွာပြောခဲ့သော စကားသံတွေမှာ ဟန်ဆောင်ထားသည့်အတိုင်း မဟုတ်၊ ကူး တကယ်ငိုခဲ့သည်။ တကယ်ကြေကွဲပြီး တကယ်ပြောခဲ့မိတာဖြစ်သည်။ အဆိုးဆုံးဟာ မာနဖြင့်ဖုံးလွှမ်း၍ တစ်သက်လုံးမေ့လိုက်တော့မည်ဟု ဆုံးဖြတ်ပြီးမှ ဘယ်တော့မှမတောင်းခံ ဘယ်သောအခါမှ ကိုကို့မသိစေရဆိုသည့် အတ္တဖြင့်ကျောခိုင်းလုလုမှာ ကူးနေရာမှာ အရှုံးကြီးပြတ်ထိုင်ချလိုက်မိသည်။ငါ ကိုကို့ကို ပြောခဲ့မိပြီ ဒါ သရုပ်ဆောင်ရုံသက်သက်မှမဟုတ်ဘဲ၊ ကိုယ် မရိုးသားခဲ့တာ ကိုယ့်ကိုယ်ကိုပဲသိသည်၊ ထိုအခါ နောက်ထပ်ဆုံးဖြတ်ရပြန်သည်။

အန်တီချောပြန်လာလျှင် ဒီညပဲ သူမကိုထွက်ခွာခွင့်ပြုဖို့ ကားရထား၊ သင်္ဘော ဘာနဲ့ပဲဖြစ်ဖြစ်၊ ပြည်မြို့ကနေထွက်ခွာခြင်းကိုပဲ သူမလိုလားနေသည်။

"မင်းမှတ်ထားလိုက်ပါ ငါ့မှာ ချစ်သူရှိတယ်"

တစ်ခါကြေညာ၍ ကူးကို ရက်စက်ခဲ့ဖူးသည်။

"ကိုကို့ မင်္ဂလာပွဲကို ကူးလာနိုင်မှာမဟုတ်တော့ဘူး။ မနက်ဖြန်ညနေဆို ကူးလစ်ပြီ" ပျက်သလို ချော်သလိုပုံစံဖမ်း၍ ကူးပြောခဲ့တုန်းကကိုကိုတစ် ချက်မှ မတားခဲ့ပါ။

"မင်္ဂလာပွဲရက်ကျမှ မင်းက ပြန်ချင်တာဆိုတော့ မင်းကို ငါလိုက်ပို့နိုင်မှာမဟုတ်ဘူး" တဲ့။

အဲဒီအချိန်မှာလည်း ကိုကိုပြန်သွားတော့ ကူး မျက်ရည်တွေလည်



www.burmeseclassic.com

www.burmeseclassic.com



ရင်း အံကြိတ်နေခဲ့ရသည်။

မင်္ဂလာပွဲကျလည်း ထိတ်လန့်ခြောက်ခြားနေသည့် ကိုကို့ မျက် နှာသည် ကူးကို မယုံနိုင်စွာ၊ အထင်မြင်သေးစွာ စူးစိုက်ကြည့်လျက်

"ကူး မင်းဘာတွေပြောနေတာလဲ"

စိတ်ပျက်ညစ်ညူးစွာ ရှုံ့မဲ့လို့လေ၊နောက်ထပ် ကူး ကိုကို့စကားလုံး တွေကို မကြားချင်တော့ပါ။ ဒေါသတွေ မောဟတွေနဲ့ ကူးဆီကို ရောက် လာမီ အန်တီရှင်းပြခဲ့သည် ထား။ ကိုကိုကတော့ အထင်သေးနေမှာပါပဲ။

ထို့ကြောင့် မိုးမလင်းမီ ကူးသွားဖို့ ဆုံးဖြတ်လိုက်သည်။

အဝတ်စားထည့်၍ သိမ်းဆည်းစရာလည်း ကိုယ်ပိုင်ဘာမှမရှိ၊

နောက်ဆုံး ခရီးဇရိတ်တောင်းသည့်အခါကျမှ လက်ကိုင်အိတ် လေးတစ်လုံး အန်တီ့ဆီမှာတောင်းပြီး ဖြစ်သလို ထွက်ဖို့ ဆုံးဖြတ်လိုက်၏

ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်တော့ ဝတ်စုံက 'သမီးစိတ်ကြိုက်ပုံစံအပ် ခဲ့' လို့ အန်တီကိုယ်တိုင် အမြန်ချုပ်ပေးထားသည့် ဝတ်စုံ ဒါကည်း ကိုယ့်ပစ္စည်း မဟုတ် စိန်ကုံးတွေ လက်စွပ်တွေစုပုံချွတ်ထားပြီး ချွတ်လို့မရသည့် လက် ကောက်စိန်ရွှေတွေကို ဒီတိုင်းထားလိုက်သည်။ အန်တီပြန်လာလျှင် ဒါတွေ ပြန်အပ်ပြီးသွားတော့မည်။ ဒီဆုံးဖြတ်ချက်ကို နောက်ထပ်ဘယ် တော့မှ မပြင်တော့ဖို့လည်း၊ ဆုံးဖြတ်ပြီးရင်း ဆုံးဖြတ်၍ ကူးအံကြိတ်သည်

အကျီလဲဖို့ ချိတ်မှာ သေချာချိတ်ထားသည့် သူမ ဝတ်လာခဲ့သော ဂျင်း ဘောင်းဘီနဲ့ ဝတ်စုံလေးကို သွားဖြုတ်စဉ်မှာ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ဘယ်လိုတယ်ပုံပြည့်ကျပ်လာခဲ့မှန်းမသိတော့ပါတော့ ကူးမငိုပါရစေနဲ့တော့

အကျီချိတ်ကို ကိုင်ပြီးမှ လက်ကို ဖြန့်ချ၍ မျက်ဝန်းတို့ကို မှိတ် ပစ်မိသည်။ လိမ့်ဆင်းလာသည့် မျက်ရည်တို့ကို ခပ်ကြမ်းကြမ်း ပွတ်သုတ် နေမိစဉ် အန်တီချော ပြန်လာပြီဆိုသည့် ကားသံက နားထဲဝင်လာ၏

ဘာတွေပြောပြော နားမထောင်နဲ့ နောက်ထပ်တားလည်း မနေနဲ့ —





ဟိုလူကြီးနင့်ကို လာရှင်းမှာ အထင်သေး အမြင်သေး လာပြောဦး မှာ စိတ်ကူးရင့် လုံးဝမလျှော့လိုက်နဲ့ နင်ပြန်တော့။

နောက်က တံခါးဖွင့်လိုက်တာကိုသိကာ ကူး ဒီဘက်လှည့်လိုက်တာ အန် တီ့ကို ပြောဖို့ စကားတွေ ပါးစပ်ထဲမှာတစ်လုံးအပြည့်နဲ့ ဖြစ်၏။ သို့သော်

"ဟင်"

ကူး တစ်ကိုယ်လုံး ဆစ်ခနဲ တုန်သွားသည်။

"ကိုကို"

ကြေးနီရောင် ဖျော့ဖျော့ ပိုးပုဆိုးနှင့် အကျီအဖြူ တိုက်ပုံအဖြူ ကို ပခုံးတစ်ဖက်မှာ ဖြစ်သလိုချိတ်ကိုင်ထားသည်။အန်တီဘယ်မှာလဲ ကိုကို့ပုံစံက မင်္ဂလာပွဲမျက်ပြီး ဒီကိုတိုက်ရိုက် ရောက်ချလာတာမှန်းသိသာနေ သည်။ ကူး ဒေါခနဲဖြစ်သွားပြီးမှ မျက်နှာကို ပြန်မော့သည်။

"ဘာလာလုပ်တာလဲ သွား ထွက်သွား ..ကူးဘာမှ မလုပ်ဘူး ဘာမှမပြောခဲ့ဘူး ...အန်တီအံကူအညီတောင်းလို့သိလား ..သွား"

ရက်တာကော၊ နာကျည်းတာတွေကော ရုပြုကာ ကူး မျက်လုံးထဲမှာ ဘာမှမမြင်ကမူးရှူးထိုးပြေးသွားကာ ခေါင်းရိုပ်ရင်ဘတ်ကို အတင်းတွန်း ထုတ်သည်။

"ကူး"

"မခေါ်နဲ့"

"ဘယ်လိုဖြစ်နေတာလဲ နေဦး"

"ဟင့်အင်း ဟင့်အင်း ၊မပြောနဲ့ ရှင်ကြီးပြောသမျှ ခံနေရအောင် ဒီက ရှင့်ကိုတစ်ဖက်သတ် ကြိုက်နေတဲ့ မိန်းမ မဟုတ်ဘူး သွားနော်ထွက်သွား"

သူ့ကိုလည်း တွန်းသည်၊ တံခါးကိုလည်း ပြန်ဖွင့်ဖို့ ကြိုးစား၏။ ဒါပေမယ့် ကူးဘာမှလုပ်လို့မရဘဲ တံခါးက ဂျိမ်းခနဲ ပြန်ပိတ်၏

ခေါင်းရိုပ်သည် တံခါးကိုကျောနှင့် ကပ်မှီထားကာ ကူးပခုံးလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ကို တင်းကျပ်စွာဖိဆုပ်ကိုင်ထားလိုက်၏။

"ကူး"

"ဟင့်အင်း"

"ဒီမှာ ကိုယ့်ကို ကြည့်စမ်း"

ရှိုက်နေရင်း ခါယမ်းနေသည့် ခေါင်းလေးငုံ့ကျသွားသည်။ နားနှင့်ဖက်ကိုပိတ်ကာ ကူးက နည်းနည်းမှမော့မလာခဲ့ပေ။

"အန်တီချော ကိုယ့်ကို အားလုံးပြောပြလိုက်တယ်"

ရှန်းနေ့ဝဘတွေ ငြိမ်သက်သွားမှ ကူး မေးဖျားလေးကို သူမော့ယူလိုက်သည်။

"ဒီက ဘာမှမပြောရသေးဘူး ဘာဖြစ်တာလဲ"

ပြုံးနေသည့် ခေါင်ရိုပ်မျက်နှာကို ကူးက စူးစိုက်ကြည့်သည်။ ခေါင်ရိုပ်က မျက်ရည်စိုနေသည့် ပါးပြင်လေးကို မျက်ရည်သုတ်ပေးပြီးတော့လည်း ရှန်းဖယ်မသွားဘဲ တယုတယပွတ်သပ်ပေးကာ ..

"ကိုယ် ဒေါ်သတွေ သိပ်ပြင်းသွားမှာပဲလို့ ထင်နေတယ်မို့လား"

ကူး မဖြေရသေးဘဲ ခေါင်ရိုပ်က ပြုံးလိုက်ပြီး ...

"ဒေါသဖြစ်လို့ ဘယ်လိုမှ မရဘူး။ မင်းကိုမြင်လိုက်ရတော့ ကိုယ်နှင့်ချင်သွားတာ ရင်ထဲမှာ ဆွေးသွားတာ၊ အဲဒါဘာဖြစ်လို့လဲသိလား၊ ဘယ်သိမလဲ ကိုယ်လည်း ကိုယ့်ကိုယ်ကို မသိခဲ့ဘူး။ မင်္ဂလာပွဲပျက်သွားခဲ့တဲ့အတွက် ကိုယ်ဘာမှဖြစ်မသွားဘူး ဆိုတာတော့ သေချာတယ်၊ မငိုနဲ့တော့"

"အန်တီကော"

"ကျန်ခဲ့တယ်လေ၊ သူတို့ဘက်ကရလိုမှုတွေ အရမ်းများတော့ အဲဒါတွေကို ရှင်းပေးရဦးမှာ၊အန်တီက ဘာတွေနဲ့ပဲ လဲယူရ ယူရ အားလုံးပြီးပြတ်သွားအောင် သူလုပ်မှာပဲ၊ တကယ်တော့ ကိုယ်အယူအဆ မှားတာပါ၊ ယောက်ျားတစ်ယောက်ရဲ့ ကတိသစ္စာကိုတည်ဖို့ အားလုံးကို စတေး





လိုက်သလိုဖြစ်သွားခဲ့တယ်"

"ကိုကို အသည်းကွဲသမားကြီးတော့ ဖြစ်သွားမှာပါ"

"မဖြစ်ပါဘူး"

ခေါင်ရိုပ် မျက်နှာက တည်ကြည်လေးနက်နေသည်။ ကူးကို ဖိကိုင်ထားသည့် လက်တို့ကို အသာလေးဖယ်ချကာ မှန်တင်ခုံရှေ့ကိုလျှောက်သွား၏။

ကူး ပုံချထားသည့် စိန်ကုံးတွေကိုကောက်ကြည့်ပြီးမှ ပြန်ချသည်။ ပြီးတော့ ကူးကိုလှည့်မကြည့်ဘဲ ...

"အချစ်ကို မင်းနားမလည်သေးဘူးလို့ ကိုယ်ထင်တယ်၊ ဘာကြောင့်မုန်းတယ်ဆိုတာ အကြောင်းပြလို့ရပေမယ့်၊ ဘာကြောင့် ချစ်တယ်ဆိုတာမှာ အကြောင်းပြချက်မရှိဘူး။ သူနဲ့ ပတ်သက်ပြီး ကိုယ့်ရင်ထဲမှာ ထိခိုက်ကွဲရှခြင်းဘာမှမဖြစ်ခဲ့တဲ့၊ အချိန်ကျမှအချစ်ကို ကိုယ် စိတ်ဝင်စားရမှန်းသိတာ၊ အချစ်ဟာ သာယာပျော်ရွှင်ခြင်းဆိုရင် စိတ်ပျက် ငြီးငွေ့ခြင်းတွေနဲ့ လုံးထွေးနေရတဲ့ လူတစ်ယောက်ကို အချစ်ကြီးတဲ့သူ လို့ပြောမလား"

မေး၍ ဒီဘက်လှည့်လာတော့ ကူး ခေါင်းခါလိုက်၏။

"မသိဘူး"

"သိချင်လား"

ကူးက ခေါင်းပဲခါလျက်

"မသိချင်ဘူးကိုကို ဒီနေရာမှာ 'အ' တတ မိန်းမတစ် ယောက်ဖြစ်နေတာပဲ ကောင်းပါတယ်"

ကူး မျက်နှာလေးတွေက စူးရှရဲရင့်လာသည်။ ပျော်လင့်၍ ချစ်ခဲ့သော ချစ်၍ နာကျင်ခဲ့ရသော အေးစက်ခက်ထန်ခြင်းများမှာ မျက်ရည်တွေ တရစ်ရစ်တက်လျက် ခေါင်ရိုပ်ကို အကြာကြီးစိုက်ကြည့်နေ၏။

"ချော်လဲရောထိုင် စကားတွေပြောပြီး ငါးမရရေချိုးပြန်တာမျိုးသော်ပါနဲ့ ကိုကို၊ ကူးဟာ ကလက်တက်တက် ပေါ့ပျက်ပျက်နေတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဖြစ်ခဲ့ရင်တောင် ခပ်ညှံ့ညှံ့ အပေါစားအချစ်တွေကို ကိုးကွယ်နေဖို့အထိ မမိုက်မဲဘူး"

"ကူး မင်း မင်းဘယ်လိုပြောလိုက်တယ်"

ခေါင်ရိပ် ကူး ဘက်ကို မျက်ခုံး လှည့်လာသည်။ လျှောက်ချလာသည့် ခြေလှမ်းများက ကူးထံမှတစ်စုံတစ်ရာဖြင့် ရစ်ပတ်ဆွဲငင်ယူလိုက်သည့်နှယ်။

သူ အနားရောက်သွားတော့ ကူးက နောက်ဆုတ်ရပ်လိုက်၏။

"ကိုကို စိတ်ဆိုးသွားသလား မုန်းလိုက်ရင် ပိုကောင်းပါတယ်။ ကူးက မိုးမလင်းခင် ဒီကထွက်သွားဖို့ ဆုံးဖြတ်ထားပြီးသား ..."

ကူး မျက်နှာလေးကို မမြင်ဘူးခဲ့သူလို ခေါင်ရိပ်ငေးနေမိသည်။

ကူးက ပါးပြင်တစ်ဖက်မှာ ဖြတ်စီးကျလာသည့် မျက်ရည်ကို လက်ခုံနှင့် ဖိသုတ်ပစ်လိုက်၏။

"ကူးဘဝက ရှုံးရှုံးမိုက်မိုက်နဲ့ ကိုကို့အပေါ်မှာ မရိုးသားတာဖြစ်ခဲ့ဖူးတယ်ထင်တယ်။ ဒါပေမယ့် အန်တီ ဒီအကူအညီကိုတောင်းလာတဲ့ အချိန်မှာ ကူးကိုယ့်ကိုယ်ကို လိပ်ပြာသန့်ရဲ့လားဆိုတာ သေချာမှ ခေါင်းညိတ်ခဲ့တာ၊ ယောကျ်ားတစ် ယောက်ကို ကူး အဲဒီလောက်ထိ ..."

"တော်တော့ ..."

သည်းခံနားထောင်နိုင်စွမ်းက ဒီမှာပဲ ကုန်ဆုံးခဲ့သည်ထင်၏။ခေါင်ရိပ်က တိုက်ပုံအင်္ကျီကို ကူး၏ မွေ့ရာထက်သို့လွှဲပစ်လိုက်၍ တက်ခေါက်သည်။

"မင်းဘက်ကိုကျတော့ အဲဒီလိုအဖြစ်မျိုးရောက်သွားမှာ သိပ်စိုးသလားကူး ဒါဆိုရင် ကိုယ်ကဘာလဲ ပေါင်းသင်းလက်ထပ်ထားတဲ့ ဇနီးမယားရှိနေမိလျက်နဲ့ နောက်ထပ်သူများသမီးပျိုကို စော်ကားဖျက်ဆီးဖြိုခွဲ ကောင်လားကိုယ်အဲဒီလို လူစားမျိုးလား"

"ဘာဖြစ်ဖြစ်လေ ဒီ့ထက်ပိုဆိုးသွားနိုင်တဲ့ ကိုကို့ရဲ့ လွတ်မြောက်မှု တစ်ခုအတွက်ဒီလိုပဲ အဖြစ်မသင့်ရင်ခံရမှာပေါ့ ကိုကို့အတွက် ကူးကတော့





ဘာဖြစ်ခဲ့သလဲ"

"ဟုတ်ပြီ မင်းနဲ့ကိုယ် ဆတူပေးဆပ်လိုက်ရတယ်ထားတော့ မင်း ခရီးသွားလမ်းသွားရင်း ကြုံကြိုက်တဲ့ မင်္ဂလာဆောင်တစ်ခုမှာ ဒီလို ကူညီဖို့ဖြစ်လာတိုင်း ကူညီမှာပဲလား"

ကူးနှုတ်ခမ်းတွေပွင့်ဟသွားသည်။ခေါင်ရိပ်ကိုကြည့်ရင်းအံ့ဩတ်၏။

"မေးတာကိုဖြေပါ၊အဲဒီအလုပ်မျိုးကိုခရီးသွားဟန်လွှဲမင်းလုပ်တတ်လား"

"ကိုကို မစော်ကားနဲ့နော်"

ကူး အသားဆတ်ဆတ်တုန်ကာ ခေါင်ရိပ်ကိုယ်ကြီးကို သူမ တစ်ကိုယ်လုံးနှင့် ပစ်တိုက်ပစ်လိုက်၏။

ခေါင်ရိပ်ယိမ်းယိုင်သွားသည်။ နောက်ထပ်ထုရိုက်လာသည့် လက်သီးဆုပ်လေးတွေကို မိမိရရ ဖမ်းဆွဲထားလိုက်တော့ ...

"စော်ကားခံရတာ မင်းစာနာရမှန်းသိသွားပြီလား"

ကူး ပခုံးလေးနှစ်ဖက်ကို ခပ်ကြိတ်ကြိတ်ဆောင့်ခါပစ်၍

"မင်း ကူညီတယ်ဆိုတာ ဝတ္ထုရေးတော့ဝတ္ထုရေးပဲ၊ ဒါပေမယ့် ဘာဖြစ်လို့ကူညီခဲ့တာလဲ"

ကူး နှုတ်ခမ်းလေးကိုဖိကိုက်၍ မျက်နှာလွှဲထားလျက်မှ ပြန်စောင်းကြည့်၏။ အလွန်အမင်းချဉ်တူးမုန်းတီးနေသည့်အကြည့် . . .

"ဖြေလေ မင်းမဖြေနိုင်ဘူးမို့လား ငါပြောမယ်နားထောင်ချစ်တတ်လာပြီဆိုရင် ဘယ်လိုသိက္ခာပဝါနဲ့မှ မင်းဖုံးဖိဟန်ဆောင်ထားလို့မရဘူး။ ခံ့ပါးကမပြောလည်း မျက်လုံးမှာရှိတယ်။ မင်းရဲ့ အမူအရာတွေ မင်းပွင့် သင်းခဲ့သမျှတွေအားလုံးမလိုချင်ဘဲလည်း ငါက ယူထားခဲ့ရတာ၊ ခေါင်း ခါနေခဲ့တုန်းက မရမက ပေးထားခဲ့တာ ဘယ်သူလဲ မသိသလိုလိုတတ် သလိုလိုပုံနဲ့ မဖြစ်နိုင်တာကို ရှေ့တိုးချင်တာကော၊ အဲဒါ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကူး မျက်နှာကို ဆတ်ခနဲ လွှဲပစ်သည်။ ခေါင်ရိပ်က ပခုံးနှစ်ဖက်ကနေ ကူး မျက်နှာလေးပြန်လှည့်ပါလာအောင် အတင်းအကျပ်ဆွဲလှည့်၏။

"ခုကျမှ ခပ်ညှံ့ညှံ့အချစ်တွေ၊ အပေါစားအချစ်တွေနဲ့ မင်းသိပ်တတ်နေပါလား ကူး ...ဟင် ငါ့မှာနကိုကျတော့ ပက်ပက်စက်စက်စော်ကားတယ်။ မင်းကျတော့ အားလုံးအမှန်တရားတွေချည်းပဲလား"

"မမှန်ဘူး ကူးလည်းမှားတာပဲ၊ ဒီထဲမှာ ဝင်ပါမိတာကိုက မှားတာ။ အဲဒါကြောင့် ခုလို အထင်သေးအမြင်သေးအပြောခံရတာ၊ ဒီကောင်မလေး ငါ့ကိုကြိုက်နေတာ၊ ခိုက်နေတာဆို ပြီးတော့ . . ."

"ကြိုက်နေတယ်ထင်ပြီး မင်းကို ငါ စော်ကားခဲ့ဖူးလား"

ကူးမဖြေနိုင် ...

"အထင်အမြင်သေးတဲ့ မျက်လုံးနဲ့ ကြည့်ဖူးလား၊ ဘာအခွင့်အရေးတွေ ယူခဲ့ဖူးသလဲ အထင်သေးခဲ့တာလား၊စော်ကားခဲ့တာလား မင်းနည်းနည်းပြန်တွေးဦး"

"ဟင့်အင်း မသိဘူး မပြောပါနဲ့တော့ ..ကူးကိုဖယ်လွှတ်"

"မလွှတ်နိုင်ဘူး မင်းအတွက် ငါ့ခေါင်းထဲ ရင်ဘက်ထဲမှာ ဘယ်အဆင့်ထိနေရာပေးထားခဲ့သလဲသိလား ...မလိုချင်လဲ ယူထားခဲ့ရတဲ့ မင်းရဲ့ပေးသမျှတွေအားလုံး ဘယ်လောက်ထိ စူးနစ်နေခဲ့တာကော မင်း သိရဲ့လား"

"မသိချင်ဘူး"

"မသိချင်လည်းပြောရမှာပဲ..မင်းလည်း ခရီးသွားလိုဟန်သရုပ် ဆောင်ပေးမှာမဟုတ်သလို ငါကလည်း လူတိုင်းကို ခွင့်လွှတ်ပေးမှာမဟုတ်ဘူး ကူး မင်းလိုပဲ၊ မင်းရင်ထဲကအတိုင်းပဲ ကိုယ့်ချစ်သူနဲ့ ရွှေလက်တွဲကြဖို့ ပျော်စရာ အကောင်းဆုံးအချိန်ကို ဖျက်ဆီးခံရရင် မင်းခွင့်လွှတ်နိုင်မလား"

မျက်ဝန်းတို့ကြာမြင့်စွာ ဆုံဆည်းနေခဲ့ကြသည်။ ခေါင်ရိပ် လက်တွေ တဖြည်းဖြည်းပြေကျသွားကာ လက်ဖျားလေးနှစ်ဖက်ဂျမှ ဖျစ်ညှစ်





ထွေးချုပ်ထားလျက် ...

"ကိုယ့်ရဲ့ အချစ်စိတ်တွေဘယ်ဘက်မှာ ပိုနေခဲ့သလဲဆိုတာမင်း မတွေးမိဘူးလား ကူးရယ်"

ကူးခေါင်းတွင်တွင်ယမ်းရင်း ဆုပ်ကိုင်ထားသည့် သူ့လက်ထဲကနေ ရုန်းသည်။ ဘယ်လိုမှ မလွတ်မြောက်ခဲ့ပါ။

"အချစ်မှာ ဘာကန့်သတ်ချက်မှမရှိပါဘူး ချာတိတ်ရယ် မင်္ဂလာပွဲပျက်သွားပြီဆိုတာ သေချာတဲ့အချိန်မှာ ကိုယ့်ရင်ခုန်သံတွေ မြန်လာတာ မင်းအတွက်ပဲ မွန်းကျပ်ပိတ်လှောင်နေတဲ့ ကိုယ့်ရင်ထဲမှာလင်းသွားတယ်။ အဝေးကြီးရောက်သွားပြီလို့ထင်ခဲ့တဲ့ မင်းနဲ့နီးစပ်ဖို့ မျှော်လင့်ချက်တွေကို ဖမ်းဆုပ်မိပြီး ပျော်သွားတယ်။ ကိုယ့်ကိုမင်းမသိပေမယ့် အန့်ချော်ချော သိတယ်။ ကိုယ် ဘာကြောင့် ဒီလိုဆုံးဖြတ်တာလဲဆိုတာကိုသိပြီး ကို အတွက် သူလဲ ဆုံးဖြတ်ထားခဲ့တယ်တဲ့"

ကူးမေးဖျားလေးကို အတင်းမော့ခိုင်းပြီး ခေါင်ရိပ်ကစိုက်ကြည့်၏။

"ဘာလဲသိလား တကယ်လို့ ဒီပွဲကို မင်းရောက်မလာဘူးဆိုရင်လည်း သူကိုယ်တိုင်ဖျက်ဖို့လေ ..."

"ကျွန်မ ဒီပွဲကို ချီးမြှင့်ဖို့တက်လာတာမဟုတ်ဘူး။ ဖျက်ပစ်ဖို့တက်တာလို့ ရင်ဘတ်ထဲမှာ စကားတွေထည့်ထားပြီးသားတဲ့ ဘာဖြစ်ဖြစ် ဒီပွဲပျက်မှာ မဟုတ်ဘူး။ ကိုယ့်ကြောင့်မဟုတ်တဲ့ ပျက်စေမှုနည်းတွေလေ၊မင်းကိုထပ်သိစေချင်တာက အန်တီချော မင်းကိုဒီအကူအညီလိုချင်တာတစ်ခုအတွက်နဲ့ ခုလိုဆက်ဆံခဲ့တာမဟုတ်ဆိုတာပဲ ကိုယ်တို့အားလုံးမင်းကို ချစ်ခဲ့ကြတာ မြဲပါတယ်၊ အထင်မြင်သေးတာ ဟန်ဆောင်ခဲ့တာ ဘာမှမရှိဘူး"

ကူး မျက်တောင်ဖျားလေးတွေမှာ စိုကပ်နေဆဲရှိသည့် မျက်ရည်တွေကိုခေါင်ရိပ်က လက်မနဲ့အသာလေးတို့သုတ်ပေးရင်း . . .

"မင်း အချစ်ကိုစိတ်မဝင်စားနိုင်သေးဘူးဆိုတာ ကိုယ်သိတယ်။ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ ပြောဆိုရင်းနှီးခဲ့သမျှတွေကလည်း ယယ်သူပီပီ ရှုသွပ်နေရသမျှ ကိုယ့်ဘက်က တစ်ဖက်သတ် ဖြစ်နေတာပဲဆိုတာလည်း ကိုယ့်ကိုယ်ကိုနား လည်နေတာပဲ ဘယ်အချိန်ဖြစ်ဖြစ်မင်းကို သိပ်ချစ်စရာကောင်းတဲ့ကလေး ဆိုးလေးဆိုတဲ့အမြင်ထက်ကိုယ်မပိုခဲ့ဘူး။အထင်သေးဖို့ အခွင့်အရေးပျူပြီး ချော့လဲရာတိုင်ဖို့ဆိုတာ အဝေးကြီးပဲနားလည်လား။ ဒါပေမဲ့အခု အဲဒီလိုမြ မပေးနိုင်တော့ဘူး။ အချစ်ကိုမင်းသိနေတာပဲ ကိုယ့်ရင်ထဲမှာခပ်ညှုံ့ညှုံ့အချ တွေလား အငြိုးအချစ်တွေလား နောက်ထပ်တစ်ခါခန့်မှန်းကြည့်ပါဦး"

ကူးပါးပြင်လေးနှစ်ဖက် ရဲနဲ့ဖြစ်သွားသည်၊ ရင်ထဲမှာ ထုံမွှကျုပ်ခဲနေသမျှ ပြေကျလုလုမှာ အချိန်ကို သတိရလိုက်မိသည်။ ကူး လှည့်ကြည့်လိုက်တော့ ခေါင်ရိုပ်က လိုက်ကြည့်ပြီး ပြုံးလိုက်၏။

"ဆယ့်တစ်နာရီထိုးပြီး ဘာလဲ ကိုယ့်ကိုနှင်မလို့လား"

"အန်တီကော"

"ကိုယ်ပြန်မသွားရင် သူလာမှာ မဟုတ်တော့ဘူး"

"ဟင်"ကူးဖျက်ခနဲ မော့ကြည့်သည်။ မျက်ဝန်းလေးတွေကို ကြည့်ပြီး ခေါင်ရိုပ်က မျက်ခုံးတစ်ချက်တွန့်ပစ်ကာ ..."

"မင်းနဲ့ ကိုယ်လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခဲ့ပြီးသားလေ"

"မဟုတ်ဘဲနဲ့"

ဟိုတုန်းက ကူး လေသံလေးပြန်ဖြစ်လာတော့ ခေါင်ရိုပ်အားပါးတရ သည်။ ပြီးတော့ လက်ဖဝါးလေးကို တစ်ချက်ဖျစ်ပြီးမှလွှတ်၍ လွှဲယမ်းကို သည့်တိုက်ပုံအင်္ကျီကို သွားပြန်ယူသည်၊ အိတ်ထဲကိုနှိုက်ယူလိုက်တော့ကူး တိုင် လက်မှတ်ထိုးပြီးမှ သဘာဝကျကျကိုင်သွားခဲ့သည့် လက်ထပ်စာချု

စာချုပ်မှာ အန်တီက ခေါင်ရိုပ်၏ လက်မှတ်ကို တစ်ထပ်တည်းကျအော ထိုးထားခဲ့၏။ အားလုံးဟာ အမှတ်တမဲ့ကြည့်လိုက်ကြချိန်မှာ သဘာ ကျဖို့ပဲဖြစ်မည်။သို့သော် ကူးကိုယ်တိုင် လက်မှတ်ထိုးခဲ့တာက အသေအချာ





ခေါင်ရိုပ်စာချုပ်ကိုကိုင်ပြီး ပြန်လျှောက်လာတော့ ကူး ဟိုဘက် လှည့်နေလိုက်သည်။

မျက်နှာကိုငုံ့ချထားကာ နဖူးက ဆံပင်ကိုသပ်သလိုလို၊ နားရွက် နောက်ကိုပဲ သိမ်းတင်နေသလိုလိုနှင့် လက်နဲ့ပါ ကွယ်ထား၏။

ခေါင်ရိုပ်က ကူးမျက်နှာရှေ့ ထိတာမင်လာရပ်ပြီးစာချုပ်ကို မျက်လုံး အောက်ရောက်အောင် ထိုးပြသည်။

"စာချုပ်အရ မင်းကို ကိုယ်ပိုင်တယ် အဲဒါ သိတယ်မို့လား"

"ကိုကိုနော်"

ကူးဒီဘက်ပြန်လှည့်တော့ ခေါင်ရိုပ်က ကူးလက်ကလေးကိုဆတ်ခနဲ ဆွဲကာ ...

"မရဘူး"

"အို"

ပခုံးနှစ်ဖက်ကနေဆွဲယူကာ မျက်နှာချင်းထိလုမတတ်ကပ်ပစ်လိုက်၏။

"အပြင်မှာ ဒေါ်သိန်းကိုတံခါးပိတ်လိုက်ပြီး အိပ်တော့လို့ ပြောခဲ့တယ်"

"ဘယ်လို"

"စာချုပ်မှာ ကိုယ်လက်မှတ်ထပ်ထိုးမယ် ပိုပြီးထူးခြားသွားတာပေါ့ မင်း ပိုင်ဆိုင်ခွင့်ရဖို့အန်တီချောကော ကိုယ်ကောလက်မှတ်ထိုးယူရတာလေ"

"ဘာဆိုင်လို့လဲ အဲဒါတမင်လုပ်ခဲ့ကြတာ ကိုကိုသိသားနဲ့"

"ကိုယ့်အတွက်ကတော့ အမှတ်တရပဲ ဟိုအရဝ်ညည်းစား ထားခဲ့တုန်း မဟုတ်ဘူး ခံစားချက်ချင်းက ဘာမှကိုမ ဆိုင်တော့တာ၊ မင်းကို ခုံးရှုံးမခံနိုင်ဘူး ကိုယ့်အတွက် ကိုယ်ကြိုးစားခွင့်ရှိနေပြီဆိုတာ သိလိုက်ရတဲ့အချိန်မှာပဲ မျက်စိအောက်က နောက်ထပ်ပျောက် သွားလို့ စိုးရိမ် လိုက်ရတာညတွင်းချင်း ကိုယ်လိုက်ခဲ့တာကို ကြည့် အဲဒီလို ကိုယ်လောဘကြီးမိလို့ပဲ မင်းကိုယ့်ကို အထင်လွဲခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲဒါကြောင့်လည်း ထွက်ပြေးတော့မယ့်မင်းခြေလှမ်းတွေကို အုပ်မိခဲ့တာပေါ့ ပြောမယ်နားထောင် မင်းဘယ်မှသွားလို့မရတော့ဘူး"

ကူး ထိတ်ထိတ်လန့်လန့်ဖြစ်လျက် အိပ်ခန်းကို လှည့် ကြည့်သည်။ ခေါင်ရိပ်လက်တွေကို အတင်းပဲဖယ်ချရုန်းရင်း . . .

"ဟင့်အင်း ကူး ကူး အဲဒီလိုမဖြစ်ချင်သေးဘူး ... ကိုကိုနဲ့"

"လက်ထပ်ပြီးပြီပဲ ချာတိတ်ရဲ့ မင်းကိုကိုယ်က အတင်းအကျပ်သိမ်းပိုက်မှာမှ မဟုတ်တာ၊ ဒါပေမယ့် ကိုယ်ဒီညမင်းနားမှာပဲနေမှဖြစ်မှာ"

"ဟင်"

"မင်းငြင်းလို့မရအောင်လေ၊ မနက်ဖြန် အန်တီချောနဲ့ တိုင်ပင်ပြီး မင်းအဖေနဲ့ဆက်သွယ်မယ်။ တခမ်းတနား လက်ထပ်ပြီးမှ မင်းကိုကိုယ် ..."

"ကိုကို"

"ပြော"

"ချက်ချင်းကြီးမကောင်းပါဘူး ကိုကို၊ ရပ်သွင်နဲ့"

"အဲဒါထည့်မပြောနဲ့ကွာ အခုချက်ချင်း စီစဉ်ပေမယ့် ရန်ကုန်နဲ့ ပြည်နားဖောက်ကြောင်းလမ်းမှာနဲ့ မင်္ဂလာကိစ္စ ဖြစ်မြောက်ဖို့နဲ့အချိန်တွေကြားထဲမှာကြာဦးမှာ။ မင်းကို ကိုယ်ဘယ်လိုစိတ်ချရမှာလဲ ကလေးကိုမုန့်ပေးကြိုက်ရတာထက်ကိုယ့်အဖြစ်ကဆိုးတယ်။ ဒီအချိန်မှာမှ မင်းကို ပိုင်မထားရင်၊ နာမည်ပျက်ရှိသွားခဲ့ပြီဖြစ်တဲ့ ကိုယ့်ဘက်မှာ မင်းကို လွှမ်းမိုးဖို့ ဘယ်လိုအင်အားသုံးနိုင်မှာလဲ"

ရှက်သွေးဖြန်းနေခဲ့သည့် ကူးမျက်နှာလေး တင်းခနဲဖြစ်သွား၏။

"စိတ်ကစားတတ်တဲ့အရွယ် မယုံကြည်ရဘူးထင်ရင်လည်း စိတ်ကူးမယဉ်နဲ့တော့ ကိုကိုအချစ်မှာအမြဲပေါ်အမည်းတင်ထားရုံနဲ့ သေချာတာမဟုတ်ဘူး ဒီလက်မှတ်ကိုသိပ်အားကိုးနေရင် ကိုကိုရင်ကွဲနာကျသွားမှာပဲ"

ခေါင်ရိပ် မျက်မှောင်ကုတ်သွားသည်။ ပြီးတော့မှ ခပ်မဲ့မဲ့ပြုံးလိုက်ကာ





"ဟုတ်တယ် စိတ်ကစားတတ်တဲ့အရွယ်လို့ပဲ ထင်ထားတာ လက်မှတ်ကိုအားကိုးလို့ မဟုတ်ပေမယ့် ကိုးတယ်ကွာ ...နောင်အခါ ဘာဖြစ်ဖြစ် လောလောဆယ် မင်းစိတ် ကစားတဲ့ကောင်က မင်းရဲ့ ခေါင်ရိပ်ဆိုတဲ့ကောင်ဖြစ်ခွင့်ရရင် တော်ပြီ...ကိုယ်ပိုင်ပြီးထားရင် ခြေတွေလက်တွေကို ကြိုးနဲ့တုပ်၊ အခန်းထဲထည့်ပိတ်ထားမယ်။ ညမနက်မှာ ပါးစပ်က လေးပဲဖွင့်ပြီး ကိုယ်တိုင်ထမင်းခွံ့ကျွေးမယ်။ ညဘက်မင်းအနားမှာနေလို့ . . .၊ အချိန်ကျမှ ကြိုးတွေဖြည်ပြီး ..."

"ကိုကိုနော် ...ကဲ"

"ဟား ဟား ဟား"

နှုတ်ခမ်းကိုက်၍ တစ်ဖက်လှည့်နေလို့လည်းမရဘယ်လိုမှ စိတ်ဆိုးနေလို့မရတော့ဘူး ကူးကိုကိုရင်ဘတ်ကို ရှက်ရှက်နဲ့ ထုပစ်လိုက်မိသည်။

"ချစ်ဖို့ကောင်းတယ်"ဟု တိုးတိုးလေးပြောပြီးခေါင်ရိပ်က ကူးပခုံးလေးကို သိမ်းဖက်လိုက်၏။

"ကိုကို့ကို ပြန်ချစ်မယ်မို့လားဟင်"

ကူးဘာမှမပြောရသေးခင် နာရီတံခါးဖွင့်သံလေးကြားလိုက်ရကာ။

"ကူ ကူ ..ကူး ...ကူး"

အသံလာရာသို့ နှစ်ယောက်သားမော့ကြည့်လိုက်တော့ နံရံကပ်နာရီအိမ်လေးထဲမှာ ချိုးကလေးနှစ်ကောင် ခေါင်းကလေးတွေပြူထွက်ပြီးသံပြိုင်ကူနေကြ၏။

"တွေ့လားကိုယ့်ရင်ခုန်သံတွေဆူညံလာတိုင်းအဲဒီအသံအတိုင်းပဲမြည်တာ"

"ဘယ်လို"

"ဟုတ်တယ် မင်းနဲ့ထိတွေ့ရင်းနှီးနေရတာမှ ဘစ်ယောက်တည်းနေတွေခုန်နေတိုင်း ရင်ထဲမှာ ချိုးတွေကူနေတာပဲ"

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ...ရင်ထဲမှာ ကူး ကူး ကူး ကူး နဲ့လေ"

"သွားပါ"

ကူးရယ်တော့ မို့တက်လာသည့် ပါးလေးတစ်ဖက်ကိုခေါင် ရိပ်က ဖွဖွလေးဆွဲလိမ်ပစ်သည်။

"အချစ်ဆိုတာ ရင်ခုန်သံတွေနဲ့ပဲဆိုင်တာ ကူးရဲ့ ... မင်းနဲ့ကျမှ ကိုယ့်ရင်တွေအကြမ်းဗရမ်း ခုန်တတ်လာတာ။ မင်းကိုယ့် အနားမှာ ရှိနေတဲ့အချိန်မှာ ဆူညံနေတယ်။ တစ်ယောက်တည်း မင်းကိုတွေးမိပြီး သတိရနေတဲ့အခါကျတော့ တသိမ့်သိမ့်တငြိမ့်ငြိမ့် ဖြည်းဖြည်းမှန်မှန်လေးခုန်နေတယ်။ ရင်ခုန်သံတွေ အမိန့်ပေးတဲ့အတိုင်း ကိုယ်က နာခံခဲ့တာ၊ မင်းကိုပဲ ချစ်ရမယ်၊ မင်းတကယ်ချစ်နေတာသူပဲလို့ရင်ခုန်သံတွေက လက်ညှိုးထိုးခဲ့တာပဲ"

"ရင်ခုန်သံတွေကို ဒီနေ့ကျမှကြားရတာလား ကိုကို"

"မလှောင်ပါနဲ့ ချာတိတ်ရယ် ဒီအဖြစ်ဟာ ကိုယ့်ဘဝ အတွက် အကြီးမားဆုံးအမည်းစက်ကြီးပဲ၊ ဆုံးဖြတ်ခဲ့တဲ့အတိုင်း ဆိုရင် ရင်ထဲမှာ ဘာဖြစ်နေနေ ကိုယ်လက်ထပ်မှာပဲ။ ဘယ်တော့မှ ကိုယ်ကစပြီး သစ္စာမဲ့တာမျိုးမဖြစ်ချင်လို့"

ကူး မျက်လွှာလေးချပစ်သည်။

"ကူးနားလည်ပါပြီ ဒါပေမယ့် ကူး ..."

"မချစ်နိုင်သေးဘူးဆိုရင်လည်း ကိုယ်စောင့်ပါမယ်။ အခု အဖြစ်အပျက်တွေကို မင်းဘယ်လိုမှ ချက်ချင်းမေ့ပျောက်ပစ်လို့ရမှာ မဟုတ်ဘူး။ ဒါကကိုယ့်အဖြစ်နဲ့ ကိုယ်ပဲကွာ၊ မင်းအချစ်ကို အချစ် နဲ့ သိမ်းပိုက်နိုင်အောင် ကိုယ်ကြိုးစားမှာပါ ...ဒါပေမယ့် ရန်ကုန်မပြန်ခင် ကိုယ့်ကိုယ် လက်ထပ်ခွင့်ပြုပါ၊ပြုမယ်မို့လားဟင်"

"ကူးကိုလွှတ်ပါ"





ခေါင်ရိပ်က လွှတ်ပေးလိုက်တာမဟုတ်တဲ့ နည်းနည်းလေးဖြည်ချလိုက်ပြီး

"ဖြေလေ"

"ကိုကိုအပြင်ထွက်"

"လက်ထပ်စာချုပ်ကရှိနေပြီးသားကွ ...မင်းခွင့်ပြုတာ လိုချင်လို့ ကိုယ်တောင်းဆိုနေတာပဲ။ အနားမှာနေတော့ ကိုယ့်ကိုမယုံဘူးလား။"

"ကိုကိုကလဲ"ကူးက မျက်စောင်းလေးထိုး၍ ဟိုဘက်လှည့်ပစ်၏။

"ဖြေလေ"

"မဖြေချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကိုကိုရှိနေတာကို ရှက်လို့"

"မင်းကိုယ့်ခါးကို တအားဖက်ပြီးနောက်တနေ ငြိမ်ငြိမ်နေပါ။ နောက်မလှည့်ပါနဲ့ အမိန့်တွေပေးနေတုန်းက ကိုယ်နားထောင်ခဲ့ရတာပဲ"

"ဟာ မသိဘူး သွား" ကူး ရှက်ရှက်နဲ့ လှည့်ပြေးသည်။ တံခါးနားရောက်တော့ တံခါးကသော့ချထားလျက် ....

"ဟင်"ကူးနောက်လှည့်ကြည့်လိုက်လျှင် ခေါင်ရိပ်က ရယ်ကျဲကျဲနှင့် နှခေါင်းတစ်ချက်ပွတ်ကာ ...

"သဘောပေါက်သွားပြီလား"

"ဘာလဲ"

"မင်း ဘယ်မှထွက်သွားခွင့်မရှိတော့ဘူးဆိုတာ..."

"သွား ကိုကို့ကို မုန်းတယ်"

"တကယ်ပြောတာလား"

"ကိုကိုနော်"

ခေါင်ရိပ် ရှေ့တိုးလာတော့ ကူး တံခါးနားကနေ ဖျတ်ခနဲလှည့်ပြေး၏။ သုန်းဆွဲလိုက်တာ လက်ဖျားလေးကို မိမိရရ ဆုပ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ကူးမျက်ဝန်းလေးတွေ ထိတ်လန့်ပျာယာခတ်ကာ ဆွဲယူလိုက်သည့်နောက်သို့ ယိုင်ဆင်းသွားသည့် ကိုယ်ကို ထိန်းလို့ မရ။

ခေါင်ရိုပ်သည် ကူး၏ ကိုယ်လုံးလေးကို မြတ်နိုးတပ်မက်စွာ သိမ်းကျုံးထွေးဖက်လျက် ...

"ချစ်တယ်"

ပထမဆုံးနမ်းခဲ့ဖူးသည့် ပါးကလေးတစ်ဖက်ကိုပဲ မြတ်မြတ်နိုးနိုး နမ်းသည်။

"ဆောရီး" လို့ ပြောခဲ့ဖူးသော အမှတ်တမဲ့ ရင်ခုန်ခြင်းနှင့် ဘာမှမဆိုင်

ကိုကိုသည် ကူး၏ နားသယ်စပ်ဆံစကလေးများမှ နဖူးပြေပြေ ထိတပ်မက် ယုယစွာနမ်းရှိုက်ခဲ့သည်။ အရိုင်းဆန်ဆန် အနမ်းများနှင့် ဟုတ်တဲ့ ကိုဘိုးအချစ်က ခန့်ခန့်ညားညားရှိ၏။ မခူးရက်မခြွေရက်ဖြစ်သည် ပြီးတော့ ကူးရဲ့ နဖူးပြင်မှာ သူ့ပါးနှင့် ဖိကပ်ဖက်တွယ်ရင်း . . .

"သိပ်ချစ်တယ်"

မျက်ဝန်းများကို ပိတ်ယှက်ထားရင်းဖြင့် ရင်ခုန်သံများရဲ့ အဓိပ္ပာယ်ကို နားခံဖို့အသင့်ရှိနေခဲ့ကြသည်။

ဤမှန်သော သစ္စာတရားကြောင့် ကျွန်တော်ကျွန်မတို့သည် . . .

ပရိသတ်အတွက် ထာဝရ

လရောင်ကျူးရင့်

ဝေဖန်အကြံပြုစာများကိုရွှေသမင်စာပေ
အမှတ်(၃၉)၊၄၄လမ်းသို့ပေးပို့နိုင်ပါသည်။

ရွှေသမင်စာပေ